
# ပိုးကျော်သူ

ဖျိုင်းမညိုး

(ဇတ္တဗ္ဗ ဓာတ်သိမ်းပိုင်း)



ပထမအကြိမ်

၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလ

အုပ်ရေ ၅၀၀

တန်ဖိုး ၃၅-ကျပ်

အဖုံးရိုက်

ဦးကျော်မိုးစိန် (မြ-၀၃၁၃၇)
အောင်သာပုံနှိပ်တိုက်
၁၇၂၊ ၃၁-လမ်း၊ ရန်ကုန်။

ထုတ်ဝေသူ

ဦးထွန်းရှိန် (မင်းလွင်) (မြ-၀၁၂၈၅) ပန်းစုံမြိုင်စာသဘင်
၈၄၃၊ အောင်သစ္စာ ၃-လမ်း၊
၄-ရပ်ကွက်၊ သာကေတ၊ ရန်ကုန်။

ပုံနှိပ်သူ

ဦးပါကြီး (မြ-၀၁၉၅)
ဆန်းသစ်စပုံနှိပ်တိုက်
၅၀၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။

“ဆွေမြင့်ကျော်”

# မိုးကျော်သူ

---

ဗျိုင်းမည်း

( စတုတ္ထ ဇာတ်သိမ်းပိုင်း )

"ဆုမွန်ကျော်" စာပေ

## တစ်ကိုယ်တော်ခရီး

လေပြည်လေညှင်း ဝေ့ယမ်း တိုက်ခိုက်လာသည်။

မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များ သင်းပျံ့လာသည်။

'အား....ကျွတ်....ကျွတ်'

ညည်းညူသံနှင့်အတူ လုထင်း လူးလွန့် လှုပ်ရှားလာလေသည်။

မျက်လုံး ဖွင့်ကြည့်လိုက်လျှင် ပန်းပင်များကြား ရွက်ကြွေတောထဲ၌လဲကျနေသည်ကိုတွေ့ရလေသည်။

လူးလိမ့်ထရန် ကြိုးစား လိုက်သောအခါ တစ်ကိုယ်လုံး နာကျင်သွားလေသည်။

ထို့ကြောင့်ပြန်လည် လဲလျောင်းနေလိုက်၏။

အတော်ကလေးကြာအောင် လဲလျောင်းနေပြီးမှ လူးလိမ့်ထရန်ကြိုးစားလိုက်၏။

ဖြည်းဖြည်းချင်း လူးလွန့်ရင်း ထထိုင်နိုင်ခဲ့၏။

ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်လျှင် တောင်ကုန်း အောက်ခြေပန်းတောထဲ၌ ရောက်ရှိနေသည်ကို တွေ့မြင်ရလေသည်။

တောင်ကုန်းပေါ်သို့ မော့ကြည့်လိုက်သည်။

ချင်းသက်ထင်းက သူ့အား တိုက်ခိုက် လိုက်ခြင်းကြောင့် တောင်ကုန်းအောက်သို့ လှိမ့်စဉ် ကျလာခဲ့ရသည့် အဖြစ်ကိုလည်း ပြန်လည်အမှတ်ရလာသည်။

အဘယ့်ကြောင့် သူ့အား တိုက်ခိုက်ခဲ့သည်ကို စဉ်းစား၍ မရပါချေ။

ချင်းသက်ထင်းသည် အန္တရာယ်များ ဝိုင်းရံနေပြီ ဖြစ်၍ တမင်သူ့အား အန္တရာယ်စက်ကွင်း အပြင်ဘက် ရောက်အောင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း တဖြည်းဖြည်း ဆင်ခြင် လာမိလေသည်။

အနီရောင် ဝတ်ဆင်ထားသည့် မိန်းကလေး များသည် သူတို့အား လုံးဝအလွတ်ပေးမည် မဟုတ်သည်မှာ သေချာ၏။

ယခု....

သူကြ လွတ်မြောက် လာခဲ့သည်ဆိုလျှင် ချင်းသက်ထင်း မည်သို့ရှိမည်နည်း။

ချင်းသက်ထင်း၏ အခြေအနေ ဆိုးဝါး သွားနိုင်သည်ဟု တွက်ဆမိလာလေသည်။

ထို့ကြောင့်....



နာကျင်မှုကို အောင့်အည်းခံကာ ပန်းပင်များ ကြားမှ တိုးထွက်လာပြီး၊ တောင်ကုန်းပေါ် တက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင် လမ်းဘေး မြက်ခင်းပေါ်၌ လဲကျနေသည်ကို တွေ့မြင်လိုက်ရလေသည်။

လုထင်း ထိတ်လန့်အံ့ဩသွားသည်။

'အစ်ကိုကြီး'

အော်ခေါ်ရင်း ပြေးလွှားသွားလေသည်။

မှန်ပေသည်။

လဲကျနေသူမှာ ချင်းသက်ထင်းဖြစ်၏။ တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲနေသည်။

လုထင်း ကပျာကယာပွေ့ထူလိုက်၏။

ချင်းသက်ထင်း ပျော့ခွေနေပါ၏။

'အစ်ကိုကြီး....အစ်ကိုကြီး'

လုထင်း အော်ခေါ်လိုက်၏။

မကြာပါချေ။

ချင်းသက်ထင်း လူးလွန့်လှုပ်ရှားလာသည်။

လုထင်း ဝမ်းသာသွား၏။

'အစ်ကိုကြီး....ဘယ်လို ဖြစ်ရတာလဲဟင်'

'အင်း....အင်း'

ချင်းသက်ထင်း ညည်းညူရင်း မျက်လုံးဖွင့်လာသည်။

လုထင်းက....

'အစ်ကိုကြီး....အစ်ကိုကြီး'

'ညီလေး....အင်း....အစ်ကိုကြီး ပြောတာ နားထောင်ပါ'

ချင်းသက်ထင်း၏ စကားသံ တိုးတိုးထွက်ပေါ်လာ၏။

လုထင်းက သူ၏ပါးစပ် အနီးသို့ကပ်ကာ နားထောင်လိုက်လေသည်။

ထိုအခါ....

ချင်းသက်ထင်းက လေသံသဲ့သဲ့ဖြင့်....

'ညီလေး၊ သိုင်းကျမ်း သေသေချာချာ လေ့လာပြီး လေ့ကျင့်ပါ။ ပန်းပေါင်းစုံ နန်းတော်ကို ဘယ်တော့မှ ပြန်မလာပါနဲ့၊ အစ်ကို့ဆရာနဲ့ တွေ့ရင်....'

သူ၏စကားသံတဖြည်းဖြည်း တိမ်ဝင်သွားလေသည်။

'အစ်ကိုကြီး....အစ်ကိုကြီး'

လုထင်း အထိတ်တလန့် အော်ခေါ်လိုက်၏။

သို့သော်....

သူ၏ စကားသံကို ချင်းသက်ထင်း ကြားနိုင်တော့မည် မဟုတ်ပါချေ။

ချင်းသက်ထင်းကား ခေါင်းငိုက်စိုက်ကျကာ သေဆုံးနေပြီ ဖြစ်လေသည်။

လုထင်းရင်ထဲ လှိုက်လှိုက်လှဲလှဲဖြစ်လာသည်။

ချင်းသက်ထင်းမှာ သူ့အပေါ် စေတနာထား ကူညီခဲ့သူ ဖြစ်လေသည်။

သေးခုက္ခ အန္တရာယ်များကြားမှ မကြာခဏ ကယ်ထုတ်ခဲ့ဖူးလေသည်။



သူ၏အသက်ကို အကြိမ်ကြိမ် ကယ်တင်ခဲ့သော်လည်း သူက ကျေးဇူး တုံ့ပြန်နိုင်ခြင်း မရှိပါချေ။

လုထင်း အံကြိတ်လိုက်သည်။

'အစ်ကိုကြီးရဲ့ရန်သူကို ကျွန်တော် ရှာဖွေသုတ်သင်ပစ်ပါ့မယ်လို့ ကတိပေးပါတယ်'

ဟု တိုင်တည်ပြောဆိုလိုက်သည်။

ပြီးလျှင်....

တောင်ခြေရင်း၌ပင် တွင်းတူးကာ ချင်းသက်ထင်း၏ အလောင်းကို မြှုပ်နှံလိုက်သည်။

ပြီးလျှင်....

ချင်းသက်ထင်းအား မည်သူမျှ အနှောင့်အယှက် မပေးနိုင်နိုင်ရန် မြေပုံပေါ်၌ အမှတ်အသားမလုပ်ဘဲ ထားလိုက်၏။

ပန်းပေါင်းစုံ နန်းတော်တည်ရှိရာ တောင်ကုန်းပေါ်သို့ မော့ကြည့်လိုက်၏။

သူ၏ရင်ထဲ ခံပြင်းဒေါသဖြစ်သည့် စိတ်များ ထကြွလာ၏။ အံကို တင်းတင်းကြိတ်ရင်း....

'ပန်းပေါင်းစုံနန်းတော်ကို တစ်နေ့ ငါဖျက်ဆီးပစ်မယ်'

ဟု ကြုံးဝါးလိုက်သည်။

ထို့နောက်....

ချာခနဲလှည့်ကာ ထွက်သွားလေသည်။

ပန်းပေါင်းစုံနန်းတော်ကား အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီ ဖြစ်၏။

လုထင်းမှာ အိမ်မှထွက်လာကတည်းက တစ်ယောက်တည်း ဖြစ်ခဲ့ရသလို ယခုလည်း တစ်ယောက်တည်း ခရီးဆက်ရဦးမည် ဖြစ်သည်။

မည်သည့်နေရာ သွားရပါမည်နည်း။

အသက်ရှင်နေပါလျက် ဘဝ၌ အဓိပ္ပာယ်ကင်းမဲ့သူ တစ်ယောက်ပမာ ဖြစ်နေရပြီ မဟုတ်ပါလား။

## လောဘသားကောင်

သမားတော် တန့်ဟန်က လင်ဗန်းထဲမှ ပန်းကန်လုံးကို ငုံ့ကြည့်လိုက်၏။

ပန်းကန်လုံးထဲ၌ အစိမ်းရောင် စေးပျစ်ပျစ်အရည်များရှိပြီး ဆိုးဝါးသော အနံ့အသက်များ ထွက်ပေါ်နေ၏။

သမားတော် တန့်ဟန် သဘောကျစွာ ပြုံးလိုက်သည်။

ဤဆေးရည်သည် သူကိုယ်တိုင် ကြိုချက်ထားသော ဆေးရည် ဖြစ်သည်။

အတွင်းဒဏ်ရာ ရရှိနေသော ရောဂါဝေဒနာရှင်အား ကုသပေးရန် အကောင်းဆုံး ဆေးရည်တစ်ခွက် ဖြစ်သည်။

ဤဆေးရည် သောက်သုံးပြီးပါလျှင် နန်းကုန်းစိမ်း၏ ရောဂါဝေဒနာ ထူးထူးခြားခြား သက်သာလာမည် ဖြစ်လေသည်။

သို့သော်....

နန်းကုန်းစိမ်းမှာ အစွမ်းအထက်ဆုံး ဆေးဝါးများ သောက်သုံးရသည့်တိုင်အောင် လူကောင်းပကတိ ဖြစ်လာတော့မည် မဟုတ်။

မကြာမီ သေဆုံးသွားရမည်ဟု နားလည်သဘောပေါက်ထား၏။

နန်းကုန်းစိမ်း၏ အသက်မှာ သူ၏လက်တွင်း၌ ရှိနေကြောင်း ကောင်းစွာခံယူ နားလည်ထား၏။

သူက သေဆိုလျှင်သေ၊ ရှင်ဆိုလျှင်လည်း ရှင်ရမည် မဟုတ်ပါလား။

* • *

သမားတော် တန့်ဟန်က လင်ဗန်းကို ကိုင်ကာ အခန်းတွင်းသို့ လှမ်းဝင်လိုက်သည်။

အခန်းထောင့်၌ ခုတင်တစ်လုံးရှိပြီး ခုတင်ပေါ်ဝယ် နန်းကုန်းစိမ်း လဲလျောင်းနေသည်ကို တွေ့ရသည်။

နန်းကုန်းစိမ်း ခြေသံကြားသဖြင့် မျက်လုံး ဖွင့်ကြည့်လာသည်။



သမားတော် တန့်ဟန်က ပြုံးပြလိုက်သည်။

'ခင်ဗျား နိုးနေပြီကိုး'

'ဟုတ်တယ်၊ ကျုပ်ကို ဆေးကုပေးရလို့ ခင်ဗျား ပင်ပန်းနေပြီနော်'

'အိုဗျာ....မိတ်ဆွေအပေါင်းအသင်း အချင်းချင်း ကူညီရတာ ပင်ပန်းတယ် မဆိုနိုင်ပါဘူးဗျာ'

သမားတော် တန့်ဟန်က ပြုံးချိုစွာဖြင့် ပြောသည်။

'ကဲ....ဆေးသောက်ရအောင်၊ ဒီဆေးတစ်ခွက် သောက်ပြီးရင် ခင်ဗျား သက်သာသွားမှာပါ'

သမားတော် တန့်ဟန်က နန်းကုန်းစိမ်းအား ပွေ့ထူလိုက်သည်။

• * *

နန်းကုန်းစိမ်းကို ကျောမှီ၍ရအောင် ခေါင်းအုံးများ ခုပေးလိုက်သည်။

ပြီးလျှင်....

ဆေးရည် ခပ်နွေးနွေးကို တိုက်ကျွေးလိုက်၏။

နန်းကုန်းစိမ်းက ဖြည်းဖြည်းချင်း တစ်ကျိုက်ပြီးတစ်ကျိုက် သောက်လိုက်၏။

တစ်ခဏအကြာတွင် ဆေးရည် တစ်ပန်းကန်လုံး ကုန်သွားသည်။

ထိုအခါမှ သမားတော် တန့်ဟန်က နန်းကုန်းစိမ်းကို ပြန်လည် လှဲနေရန် ပြုလုပ်ပေးလိုက်၏။

နန်းကုန်းစိမ်းက လဲလျောင်းရင်း မျက်လုံးမှိတ်ထားလိုက်၏။

အနည်းငယ် လှုပ်ရှားလိုက်သည်နှင့် မောဟိုက်နွမ်းနယ်နေ၏။

သမားတော်တန့်ဟန်က သူ့အားကြည့်ကာ သဘောကျစွာ ပြုံးလိုက်သည်။

* * *

'ခင်ဗျား ဘယ်လိုနေသေးလဲ၊ သက်သာရဲ့လား'

ဟု မေးလိုက်၏။

နန်းကုန်းစိမ်း မျက်လုံးဖွင့်ကြည့်လာသည်။

မောဟိုက်နွမ်းနယ်သော လေသံဖြင့်....



'သက်....သက်သာပါတယ်ဗျာ'

'ဒါထက် ကျုပ်ပြောတာကို ဘယ်လိုသဘောရသလဲ'

'ဘာ....'

'ကျုပ်အတွက် ခင်ဗျား ပြန်ပြီး ကူညီမယ် မဟုတ်လား'

နန်းကုန်းစိမ်း၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက် တောက်ပလာသည်။

သမားတော် တန့်ဟန်အား စိုက်ကြည့်ရင်း....

'လက်စသပ်တော့ ခင်ဗျားက ကျုပ်ကို ကုသပေးနေတာ ဒါကြောင့်ကိုး'

သမားတော် တန့်ဟန် ပြုံးလိုက်သည်။

'ခင်ဗျားကြိုက်သလို ပြောပါတော့၊ ခင်ဗျား မရှိတော့တဲ့ နောက်ပိုင်း ဘာများ အသုံးဝင်ဦးမှာလဲ၊ ကျုပ်လက်ထဲ ရောက်တော့ကော ဘာထူးဦးမှာမို့လဲဗျာ'

'ဘာ....ဘာပြောတယ်'

'မိတ်ဆွေအချင်းချင်းပဲဗျာ၊ ခင်ဗျားရဲ့ သိုင်းပညာတွေကို တမလွန်အထိ ယူသွားတော့မှာလား'

နန်းကုန်းစိမ်း ပြုံးလိုက်သည်။

'ကျုပ်ရဲ့ပညာတွေ ကျုပ်ရဲ့သမီးကို ပေးလိုက်ပါပြီဗျာ'

'ဘာ....'

'စိတ်ချ၊ ကျုပ်ရဲ့ပညာတွေ တိမ်မြုပ်ပျောက်ကွယ်သွားမှာ မဟုတ်ပါနဲ့ဗျာ'

'ခင်....ခင်ဗျား'

'ဟား....ဟား....ဟား....'

နန်းကုန်းစိမ်း ရယ်မောလိုက်သည်။

သမားတော်တန့်ဟန် မျက်နှာပျက်သွားသည်။

အံတင်းတင်းကြိတ်ရင်း....

'ဒါ....ဒါဖြင့် ခင်ဗျားက ကျုပ်ကို အချိန်ဆွဲထားတာပေါ့ ဟုတ်လား'

နန်းကုန်းစိမ်း ဘာမှမပြောပဲ ပြုံးနေလေသည်။

သမားတော် တန့်ဟန် ဒေါသူသွားလေသည်။

ထိုင်ရာမှ ငုန်းကနဲ ထရပ်လိုက်သည်။

နန်းကုန်းစိမ်းအား လက်ညှိုးငေါက်ငေါက်ထိုးယင်း ....

'ခင်ဗျား သေသို့သာ မြင်ထား'

'ကာက်စသပ်တော့ ခင်ဗျားက သိုင်းသုံးကွက်ကျမ်းကို လိုချင်လို့ ကျုပ်ကို ပြုစုနေတာကိုး၊ မိတ်ဆွေ ဝတ္တရားအရမှ မဟုတ်တာ၊ ဟား ဟား ဟား .... ခင်ဗျား နောက်ကျသွားပြီဗျ'

'တောက်'

သမားတော် တန့်ဟန် တက်ခေါက်လိုက်သည်။

သူ၏ လက်တစ်ဘက် ရှေ့သို့ ဆန့်ထုတ်ကာ နန်းကုန်းစိမ်းအား ရိုက်ချလိုက်လေသည်။

နန်းကုန်းစိမ်း ပြုံးနေ၏။

လက်တစ်ဘက်ဆန့်ထုတ်ကာ ပြန်လည် တိုက်ခိုက်လိုက်လေသည်။ သူက ရှိသမျှအင်အားကို အကုန်ထုတ်ကာ ခုခံလိုက်ခြင်း ဖြစ်လေသည်။

'ဝုန်း'



ကျယ်လောင်သောအသံ တစ်ချက် ထွက်ပေါ်လာလေသည်။

နန်းကုန်းစိမ်း၏မျက်နှာ ရှုံ့မဲ့သွားလေသည်။

ခုတင်ပေါ်သို့ ပက်လက်လန် လဲကျသွားလေသည်။

သူ၏ပါးစပ်မှ သွေးများ မွှက်ခနဲ အန်ထုတ်လိုက်၏။

အကြော တစ်ချက်နှစ်ချက် ဆွဲငင်ကာပြီး မလှုပ်မယှက် ငြိမ်သက်သွား၏။

သမားတော် တန့်ဟန်လည်း နောက်ဆုတ်သွား၏။

သူ၏ခန္ဓာကိုယ် တုန်ခါနေ၏။

'ဝေါ့'

ပါးစပ်မှသွေးများ မွှက်ခနဲ အန်ထုတ်လိုက်လေသည်။

နန်းကုန်းစိမ်းကို စိုက်ကြည့်ရင်း....

'ခင်....ခင်ဗျား'

နန်းကုန်းစိမ်းကား စကား တစ်ခွန်းမှ မပြောနိုင်တော့ပါချေ။

သမားတော် တန့်ဟန်၏တိုက်ခိုက်မှုကို ခွန်အားကုန် အသုံးပြု ခုခံလိုက်ခြင်းကြောင့် မခံနိုင်တော့ဘဲ သေဆုံးသွားခြင်းဖြစ်လေသည်။

သူ၏တုံ့ပြန်မှုကြောင့် သမားတော် တန့်ဟန်သည်လည်း အတွင်းဒဏ်ရာ ရရှိသွားလေတော့သည်။

သမားတော် တန့်ဟန် အံကြိတ်လိုက်သည်။

နန်းကုန်းစိမ်းအနီးသို့ လျင်မြန်စွာ ချဉ်းကပ်သွားပြီး လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

နန်းကုန်းစိမ်းကား မည်သို့မျှ တုံ့ပြန်နိုင်ခြင်း မရှိတော့ပါချေ။

သမားတော်တန့်ဟန်မှာ အတွင်းဒဏ်ရာ ရရှိသည့်ကြားမှ ဒေါသအလျောက် နောက်ထပ်လက်ဝါးတစ်ချက် ရိုက်ချလိုက်သည်ဖြစ်ရာ ခွန်အားများ ကုန်ခမ်းသွားပြီး လဲကျမလို ဖြစ်သွားရလေသည်။

သူက အားတင်းကြိုးစားရင်း နန်းကုန်းစိမ်း၏ ကိုယ်ပေါ်၌ ရှာဖွေကြည့်လိုက်လေသည်။

အတန်ကြာ ရှာဖွေလိုက်သော်လည်း မည်သည့်ပစ္စည်းမှ မတွေ့ရပါချေ။

သမားတော် တန့်ဟန် မကျေမနပ် ဖြစ်သွားလေသည်။

'တောက်....ခင်ဗျားက လက်ဦးအောင် လုပ်ခဲ့တာကိုး၊ ဟွန်း ခင်ဗျားသမီးလက်ထဲ ပေးလိုက်ပေမယ့် ကျုပ်ကရအောင်မယူနိုင်ဘူးများ ထင်နေသလား၊ ခင်ဗျားသမီးကို သုတ်သင် ရှင်းလင်းပြီး သိုင်းသုံးကွက် သိုင်းကျမ်းကို ကျုပ်ရအောင်ယူပြမယ် ဆိုတာ မှတ်ထား'

ဟု ကြုံးဝါးလိုက်သည်။

သူ၏စကားကို နန်းကုန်းစိမ်း ကြားနိုင်တော့မည် မဟုတ်ပါချေ။

နန်းကုန်းစိမ်းသည် သမီးဖြစ်သူ နန်းကုန်းယန်အား ယုံကြည်စိတ်ချထား၏။

နန်းကုန်းယန်အား သမားတော် တန့်ဟန်က အန္တရာယ်ပေးလျှင် သမားတော်တန့်ဟန်ကို ဆုံးမပစ်မည်ဟု ယုံကြည်သည်။



ထို့ကြောင့်....

နန်းကုန်းယန်အား ပေးလိုက်သည်ဟု တမင်ပြောလိုက်ခြင်း ဖြစ်သည်။

ထို့အပြင်....

သမားတော် တန့်ဟန် သတိမပြုမိမီ ခွန်အားကုန်အသုံးပြုကာ ခုခံတိုက်ခိုက်လိုက်၏။

သမားတော် တန့်ဟန်သည်လည်း အတွင်းဒဏ်ပြင်းထန်စွာ ရရှိသွားမည်ဟု ယုံကြည်ထားလေသည်။

သူ၏အတွေး မမှားပါချေ။

သမားတော် တန့်ဟန်လည်း အတွင်းဒဏ် အပြင်းအထန်ရရှိသွားလေသည်။

သို့သော်....

သူသည် သမားတော်တစ်ယောက် ဖြစ်သည်နှင့်အညီ ဒဏ်ကြေ ဆေးလုံးများ ချက်ချင်းသောက်ချလိုက်သဖြင့် အသက်ဆုံးရှုံးမည့်ဘေးမှ လွတ်မြောက်သွားခဲ့ရလေသည်။

သမားတော်တန့်ဟန် အသက်ရှင်နေခြင်းသည် နန်းကုန်းယန် အတွက် အန္တရာယ် ဖြစ်လာစေမည် မဟုတ်ပါလား။

သမားတော်တန့်ဟန်က သိုင်းသုံးကွက် သိုင်းကျမ်းအား ရှာမတွေ့သည့်နောက်ဆုံး အခန်းတွင်းမှ လှည့်ထွက်ခဲ့၏။

အခန်းဝသို့ရောက်လျှင် ပြေးဝင်လာသူတစ်ယောက်နှင့် ဝင်တိုက်မိမလို ဖြစ်သွားရရှာလေတော့သည်။

အခန်းတွင်းသို့ လူတစ်ယောက် ပြေးဝင်လာလေသည်။
ထိုလူမှာ နန်းကုန်းစိမ်း၏တပည့် ချီကန်း ဖြစ်လေသည်။
ချီကန်းသည် ခုတင်ပေါ် လဲကျနေသည့် နန်းကုန်းစိမ်းကို မြင်လျှင် အခြေအနေကိုချက်ချင်း နားလည်အဘောပေါက်သွား၏။

သမားတော်တန့်ဟာန်ကိုကြည့်ကာ....
'သူ သေသွားပြီလား'
ဟု မေးလိုက်လေသည်။
သမားတော်တန့်ဟာန် ခေါင်းညိတ်လိုက်သည်။
'ဟုတ်တယ်'
ချီကန်း သက်ပြင်းချလိုက်သည်။

သမားတော် တန့်ဟန်အား ဦးညွှတ်ရင်း....

'သမားတော်ကြီးရဲ့ဆန္ဒ ပြည့်ဝသွားပြီထင်တယ်'

သမားတော်တန့်ဟန် ခေါင်းယမ်းလိုက်သည်။

'ကျုပ် နောက်ကျသွားတယ်'

'ဗျာ....'

'သူက နန်းကုန်းယန်ကို ပေးလိုက်တာ ကျုပ်မသိခဲ့ဘူး'

'ဟင်....သူ....သူက'

'သူ ဘယ်ကိုသွားတယ်ဆိုတာ မင်းသိသလား'

'သိတယ်၊ သူက မိုးကြိုးလှိုဂိုဏ်းကို သွားလိမ့်မယ်၊ ဂိုဏ်းချုပ်ကျင်းခုံးနဲ့ ဆွေးနွေးပြီး ရွှေကျားပျံ ဟုတ်အိမ်း၊ အနောက်နဂါးကျိုကုံတို့နဲ့ တွေ့လိမ့်မယ်၊ ပြီးတော့ ရှင်ပျော်ပျော်အဘိုးအိုကို သုတ်သင် ရှင်းလင်းပစ်လိမ့်မယ်'

သမားတော်တန့်ဟန် ခေါင်းညိတ်လိုက်သည်။

'ကောင်းတယ်၊ ကျုပ်တို့ မိုးကြိုးလှိုဂိုဏ်းကို သွားကြမယ်'

'သူ့ဆီက သိုင်းသုံးကွက်ကျမ်းကို ယူဖို့လွယ်ပါ့မလား'

'လွယ်ပါတယ်ကွာ'

သမားတော်ကြီးတန့်ဟန် သဘောကျစွာ ပြုံးလိုက်သည်။

'သူက တို့အကြောင်း သိဦးမှာမဟုတ်ဘူး၊ ဒါကြောင့် သူ့ကို ပရိယာယ်ဆင်ပြီး ရှင်းပစ်ရမယ်၊ အခု ငါက နန်းကုန်းစိမ်းလက်ချက်ကြောင့် အတွင်းဒဏ်ရာရထားတယ်၊ ခရီးဝေးသွားလို့ရမှာ မဟုတ်ဘူး၊ မင်းက သူ့ကိုသွားခေါ်ပါ'

နန်းကုန်းစိမ်း သေသွားပြီဆိုရင် သူ ချက်ချင်း လိုက်လာမှာပဲ'



ချိုကန်း၏မျက်နှာတွင် ထူးခြားသည့် အရိပ်အယောင်များ ပေါ်လွင်လာလေသည်။

သမားတော်တန့်ဟန်ကို အကဲခတ်ကြည့်လိုက်ပြီး....

'သိုင်းသုံးကွက်ကျမ်းဟာ နန်းကုန်းယန်ဆီမှာ ပါသွားတယ်ဆိုတာ သေချာလို့လား'

'သေချာပါတယ်ကွာ'

'ဒါဖြင့် သိုင်းသုံးကွက်ကျမ်း မရမှာ မပူရတော့ဘူးပေါ့'

'ဟုတ်တာပေါ့ကွာ'

'ဟား....ဟား....ဟား'

သမားတော်တန့်ဟန် သဘောကျစွာ ရယ်မောလိုက်လေ၏။

ချိုကန်းက ဦးညွှတ် ဂါရဝပြုလိုက်သည်။

တဆက်တည်းပင် အကောင်းပကတိ ငြိမ်နေသေးသောလက်ကို ဆန့်တန်းကာ တိုက်ခိုက်လိုက်လေသည်။

အလင်းရောင်တစ်ချက် ဝင်းလက်သွား၏။

ချိုကန်း၏လက်ထဲ၌ ဓားတစ်လက်ပါလာပြီး ထိုဓားမှာ သမားတော်တန့်ဟန်၏ရင်၌ တန်းတန်းမတ်မတ် စိုက်ဝင်သွားလေသည်။

သမားတော်တန့်ဟန် ကြောင်အမ်းအမ်း ဖြစ်သွား၏။

ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း နောက်ကျသွားချေပြီ။

'အား....'

စူးစူးရှရှ တစ်ချက်အော်လိုက်ပြီး နောက်ဆုတ်သွားလေ၏။

ချိုကန်းလည်း ချက်ချင်း နောက်ဆုတ်လိုက်သည်။

သမားတော်တန့်ဟန်က သူ့အား မျက်လုံးပြူးကာ ကြည့်လိုက်ပြီး....

'မင်း....မင်းလူယုတ်မာ'

ချီကန်း ပြုံးလိုက်သည်။

'ကျုပ်ကလူယုတ်မာ ဟုတ်လား၊ ခင်ဗျားကကော ဘယ်လောက်များ ကောင်းလို့လဲ၊ ကျုပ်ဆရာကို သတ်ပစ်လိုက်တယ် မဟုတ်လား၊ ခင်ဗျားက မိတ်ဆွေအပေါ် သစ္စာဖောက်ခဲ့တာပဲ၊ ခင်ဗျားအပေါ် ကျုပ်က သစ္စာဖောက်တာ အဘများ ဆန်းဦးမှာမို့လဲဗျာ'

'ဟား...ဟား...ဟား'

စကားဆုံးလျှင် သဘောကျစွာ ရယ်မောလိုက်သည်။

သမားတော်တန့်ဟန် အံတင်းတင်း ကြိတ်ထားလိုက်လေသည်။

ချီကန်းသည် သူနှင့်ပူးပေါင်းခဲ့ပြီး နန်းကုန်းစိမ်းအကြောင်း သတင်းပေးခဲ့၏။

နန်းကုန်းစိမ်းထံ၌ သိုင်းသုံးကွက် သိုင်းကျမ်းရှိသည်ကို ချီကန်းပြောပြ၍ သမားတော်တန့်ဟန် သိခဲ့ရခြင်းဖြစ်၏။

သိုင်းသုံးကွက်ကျမ်းမှာ သိုင်းလောက 'လူထူးလူဆန်း ရှောင်ကေ့'၏ မူပိုင် သိုင်းကျမ်းဖြစ်လေသည်။

လူထူးလူဆန်းရှောင်ကေ့သည် သိုင်းလောက၌ ကျင်လည်ကျက်စားရင်း လူသုံးယောက်နှင့် တွေ့ဆုံရင်းနှီးခဲ့ရာ ထိုလူသုံးယောက်အား သိုင်းပညာအနည်းငယ် သင်ကြားပေးခဲ့သည်ဟု သိုင်းလောက ဆိုစကား ရှိခဲ့လေသည်။



သိုင်းသုံးကွက်ကျမ်းအား လက်ဝယ်ပိုင်ဆိုင်ရပါက သိုင်းလောက၌ ပြိုင်ဘက်ကင်းသိုင်းသမား ဖြစ်လာနိုင်သည် ဟူသော သတင်းများကြောင့် သိုင်းလောကသားများ လိုချင်မက်မောကြလေသည်။

ချီကန်းသည်လည်း ဆရာဖြစ်သူ နန်းကုန်းစိမ်းထံ၌ သိုင်းသုံးကျမ်းရှိနေသည်ဟု သိလျှင် သမားတော်တန့်ဟန်နှင့် ပူးပေါင်းကာ အရကြံစည်ခဲ့ခြင်း ဖြစ်၏။

နန်းကုန်းစိမ်း နာမကျန်းဖြစ်သည့်တိုင် သုတ်သင်ရှင်းလင်းဖို့ လွယ်မည်မဟုတ်ကြောင်း နားလည်ထားရာ သမားတော်တန့်ဟန်နှင့် ပူးပေါင်းခဲ့ခြင်း ဖြစ်၏။

ယခုတော့ နန်းကုန်းစိမ်း သေဆုံးသွားပြီ ဖြစ်လေသည်။

သမားတော်တန့်ဟန် သည်လည်း မကြာမီ သေဆုံးသွားရတော့မည် ဖြစ်လေသည်။

ချီကန်းက နောက်ဆုတ်သွားပြီး သမားတော်တန့်ဟန်အား စိုက်ကြည့်နေ၏။

သမားတော်တန့်ဟန်က ရင်ဝ၌စိုက်ဝင်နေသည့်ဓားကို ဆွဲနုတ်လိုက်သည်။

ချီကန်းကို စေ့စေ့ကြည့်ရင်း....

'မင်း သေဖို့သာပြင်ထား'

အော်ငေါက်ကာ ရှေ့တိုးလာလေသည်။

ချီကန်းက နောက်ဆုတ်သွား၏။

သမားတော်တန့်ဟန် ရှေ့သို့ တစ်လှမ်းချင်း တိုးလာသည်။

သို့သော် သူ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားပြီး ဒူးညွှတ် ကျသွားလေ၏။

အခွင့်အရေး စောင့်ကြည့်နေသည့် ချိကန်း လျှပ်တစ်ပြက် လှုပ်ရှားလိုက်လေသည်။

ရှေ့သို့ လျှပ်တစ်ပြက် ခုန်ဝင်သွားပြီး ကန်ကျောက်လိုက် သည်။

သမားတော်တန့်ဟန်မှာ လုံးဝ မရှောင်နိုင်ပါတော့ချေ။

ချိကန်း၏ ခြေထောက်အန်ချက်သည် သူ၏ ဦးခေါင်းကို တန်းတန်းမတ်မတ် ထိမှန်သွားလေသည်။

'အွပ်...'

'ား...'

သမားတော်တန့်ဟန် နောက်သို့ လွင့်စဉ်သွား၏။

သူ၏ဦးခေါင်း၌ သွေးချင်းချင်း နီရဲသွားလေသည်။

ယခုတစ်ကြိမ် ကြမ်းပြင်ပေါ် လဲကျသွားပြီး ပြန်ထမလာ နိုင်ပါတော့ချေ။

တစ်ချက်နှစ်ချက် လူးလွန့်လိုက်ပြီး လုံးဝ ငြိမ်သက်သွား၏။

နန်းကုန်းစိမ်း သေဆုံးသွားရသည့်နည်းတူ သမားတော် တန့်ဟန်သည်လည်း သေဆုံးသွားပြီဖြစ်သည်။

နန်းကုန်းစိမ်းကို လည်းကောင်း၊ သမားတော်တန့်ဟန်ကို လည်းကောင်း၊ ချိကန်းကိုလည်းကောင်း သိုင်းလောကသား များက လူတော်လူကောင်းများ၊ ကြည်ညို လေးစားထိုက်သူ များဟု သတ်မှတ် လက်ခံထားကြလေသည်။



တကယ်တမ်း လူတော်လူကောင်း ဟုတ်မဟုတ် မည်သူက သိနိုင်မည်နည်း။

လူတော်လူကောင်း (သို့မဟုတ်) လူဆိုး လူယုတ်မာဆိုရာ၌ တစ်ခါတစ်ရံ အသွင်နှင့်အမြင် လွဲမှားနေတတ်သည့် သဘော များ ရှိနေသည်မဟုတ်ပါလား။

ချိကန်း သဘောကျစွာ ရယ်မောလိုက်သည်။

ပေါ့ပါးသွက်လက်သော ခြေလှမ်းများဖြင့် အခန်းတွင်းမှ ထွက်သွား၏။

သူ၏ခြေလှမ်းများသည် မိုးကြိုးလှံဂိုဏ်းသို့ ဦးတည်နေပေ တော့သည်။

* * *

မိုးကြိုးလှံဂိုဏ်း။

မိုးကြိုးလှံဂိုဏ်းမှာ သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားသည့် သိုင်းအဖွဲ့ အစည်းတစ်ခု ဖြစ်လေသည်။

မိုးကြိုးလှံဂိုဏ်းချုပ် ကျင်းခုံးသည် အသက်ဆယ့်ခြောက်နှစ် အရွယ်ကပင် သိုင်းလောက၌ စတင် ခြေချကာ ကျင်လည် ကျက်စားခဲ့သည်။

သူ၏ အသက် နှစ်ဆယ်ကျော်အရွယ် ရောက်လာလျှင် သိုင်းလောက၌ ထင်ရှားသူ ဖြစ်လာသည်။

အသက် သုံးဆယ်ကျော်၌ မိုးကြိုးလှ ဂိုဏ်းကို အင်အား ငါးဆယ်ခန့်ဖြင့် စတင်တည်ထောင်ခဲ့ရာ ယခု အသက် ခြောက်ဆယ်နီးပါးရှိချိန်၌ မိုးကြိုးလှ ဂိုဏ်းသည် လျှမ်းလျှမ်းတောက် ကျော်ကြားပြီး လူသိများလှသည့် အဖွဲ့အစည်းတစ်ခု ဖြစ်လာပြီ ဖြစ်လေသည်။

ဂိုဏ်းချုပ်ကျင်းခုံးသည် အခန်းတွင်းဝယ် မိုးကြိုးလှ ပညာ လေ့ကျင့်နေသည့် သားဖြစ်သူ မင်းသားလေး ကျင်းစိန်ကို ကြည့်ကာ သဘောကျစွာ ပြုံးလိုက်သည်။

မင်းသားလေးကျင်းစိန်၏သိုင်းပညာမှာ တစ်နေ့တက်တစ်နေ့ တိုးတက်လာပြီ ဖြစ်လေသည်။

ဤအတိုင်း ဆက်ပြီး လေ့ကျင့်သွားမည်ဆိုလျှင် မကြာမီ မိုးကြိုးလှ ပညာကို အုံးခန်းတိုင်အောင် တတ်မြောက်သွားမည် ဖြစ်သည်။

မိုးကြိုးလှ ပညာ အုံးခန်းတိုင်အောင် တတ်မြောက်သွားလျှင် သိုင်းလောက၌ မားမားမတ်မတ် ရပ်နိုင်မည်ဖြစ်သည်။

မင်းသားလေးကျင်းစိန်ကို ကြည့်ရင်း နက်နဲ သိမ်မွေ့သော ပြဿနာရပ်များ ဖြေရှင်းစရာ ကျန်နေသေးကြောင်း တွေးလာမိ၏။

ထို့ကြောင့် လှည့်ထွက်လာခဲ့လေသည်။

အပြင်ဘက်ရောက်လျှင် ကျူးဟန်ကောင်း လှမ်းလာသည်ကို တွေ့မြင်လိုက်ရ၏။



ကျင်းခုံး ပြုံးလိုက်သည်။

ကျူးဟန်ကောင်းက ကျင်းခုံးကို မြင်လျှင် ဦးထောက် ဂါရဝပြုလိုက်လေသည်။

ကျင်းခုံးက....

'အတော်ပဲ၊ မင်းကို ငါ ခိုင်းစရာရှိသေးတယ်'

'အမိန့်ရှိပါ ဂိုဏ်းချုပ်ကြီး'

'စေဒပေသမား လုယူကျင်းကို မင်းသိတယ်မဟုတ်လား'

'ဟုတ်ကဲ့၊ သိပါတယ်'

'ကောင်းပြီ၊ မင်း သူတို့ဆီကို သွားရလိမ့်မယ်'

'ဟုတ်ကဲ့'

ကျင်းခုံး ပြုံးလိုက်သည်။

သူ၏မျက်နှာတွင် ရက်စက်ကြမ်းကြုတ်သည့် အရိပ်အယောင်များ ပေါ်လွင်လာလေသည်။

ကျူးဟန်ကောင်းကို ကြည့်ကာ....

'သူတို့က ငါ့သားကို သားမက်ဖမ်းချင်နေကြတယ်၊ ဒါကို ငါ သဘောမကျဘူး'

ကျူးဟန်ကောင်းက ဘာမှ မပြောဘဲ သေသေချာချာ နားစိုက်ထောင်နေ၏။

ကျင်းခုံးက ဆက်ပြောလိုက်သည်။

'ငါ့သားကို ဆရာကြီးနန်းကုန်းစိမ်းရဲ့ သမီးနဲ့ လက်ဆက်ပေးမယ်လို့ ငါစိတ်ကူးထားတယ်၊ မင်း သူတို့ဆီကို သွားပြီး အကျိုးအကြောင်း ပြောပြလိုက်ပါ၊ သူတို့ လက်ခံတယ်ဆိုတာပဲ

ငါ ကြားချင်တယ်၊ သူတို့လက်ခံအောင် မင်း ဘာမဆို လုပ်နိုင်တယ်'

ကျူးဟန်ကောင်း သဘောကျစွာ ပြုံးလိုက်သည်။

ကျင်းခုံး ဆိုလိုသည့် သဘောအဓိပ္ပာယ်ကို သူ ကောင်းစွာ နားလည်လိုက်ပြီဖြစ်၏။

ဦးညွှတ်ရင်း....

'စိတ်ချပါ ဂိုဏ်းချုပ်ကြီး၊ သူတို့ကျိန်းသေ လက်ခံစေရပါမယ်'

'မင်းကို ငါ ယုံတယ်'

'ကျွန်တော် အယ်တော့....'

'အခုပဲသွား....'

'ကောင်းပါပြီ'

ကျူးဟန်ကောင်းက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

ထို့နောက် ချာခနဲလှည့်ကာ ထွက်သွားလေသည်။

ကျင်းခုံးက သူ့အား စိုက်ကြည့်ရင်း လှမ်းပြောလိုက်၏။

'သူတို့က သဘောတူ လက်ခံတယ်ဆိုပြီး နောက်တော့မှ ငါ့သားရဲ့ မင်္ဂလာပွဲမှာ ကဖျက်ယဖျက် လုပ်လာမှာကို ငါ သဘောကျနိုင်မှာမဟုတ်ဘူး၊ တစ်ခုခုဖြစ်လာရင် မင်းတာဝန်ပဲ'

ဟု လှမ်းပြောလိုက်၏။

ကျူးဟန်ကောင်း၏ခြေလှမ်း တုန့်ခနဲ ရပ်သွားသည်။

ကျင်းခုံဘက်လှည့်ကာ ဂါရဝပြုလိုက်သည်။



'စိတ်ချပါ ဂိုဏ်းချုပ်ကြီး၊ သူတို့က အနှောင့်အယှက်ပြုမယ့် စကား တစ်ခွန်းတောင် မပြောစေရဘူးလို့ ကျွန်တော် ကတိပြုပါတယ်'

'ဟား....ဟား...ဟား'

ကျင်းခုံး သဘောကျစွာ ရယ်မောလိုက်သည်။

လက်တစ်ဖက် ဝှေ့ယမ်းပြလိုက်ရာ ကျူးဟန်ကောင်းလှည့်ထွက်သွားလေတော့၏။

ကျူးဟန်ကောင်း မြင်ကွင်းမှ ကွယ်ပျောက်သွားသည်နှင့် ကိုယ်ရံတော်တစ်ယောက် လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ကိုယ်ရံတော်သည် ကျင်းခုံးရှေ့၌ ဒူးထောက် ဂါရဝပြုလိုက်ပြီး....

'ဂိုဏ်းချုပ်ကြီးခင်ဗျား၊ ဧည့်သည်တော်တစ်ယောက်ရောက်လာပါတယ်'

ဟု အစီရင်ခံလိုက်လေသည်။

ကျင်းခုံး မျက်မှောင်ကုတ်သွား၏။

ကိုယ်ရံတော်ကို စိုက်ကြည့်ရင်း....

'ဘယ်သူများလဲ'

ဟု မေးလိုက်သည်။

ကိုယ်ရံတော်က....

'သိုင်းဆရာကြီးနန်းကုန်းစိမ်း၏သမီး နန်းကုန်ယန်ပါ'

ထိုစကားကြားလျှင် ကျင်းခုံး၏မျက်နှာ ချက်ချင်းပြုံးရွှင်သွားလေသည်။

'ဟော....သူရောက်လာတာကိုး၊ ဟန်ကျလိုက်တာ၊ ဟော....သူ့ကို ကောင်းကောင်းမွန်မွန် ဧည့်ခံထားလိုက်ပါ၊ ကျုပ်အခုပဲ ထွက်လာခဲ့မယ်'

'အမိန့်အတိုင်းပါ ဂိုဏ်းချုပ်ကြီး'

ကိုယ်ရံတော်က ဦးညွှတ်ဂါရဝပြုပြီး ပြန်ထွက်သွား၏။

ကျင်းခုံးက မုတ်ဆိတ်မွေးများကို လက်ဖြင့်မွတ်သပ်လိုက်ပြီး မင်းသားလေးကျင်းစိန် သိုင်းပညာ လေ့ကျင့်နေသည့်အခန်းဆီသို့ လှမ်းကြည့်လိုက်လေတော့သည်။

* * *

ကောင်းကင်ပေါ်ဝယ် လဝန်းထိန်ထိန်သာနေသည်။

လရောင်မှာ ပန်းဥယျာဉ်အတွင်းသို့ ဖြာကျနေ၏။

လုယုကျင်းက ပန်းပွင့်လေးများကို ငေးမောကြည့်နေ၏။

ယခုတလော စာပေရေးပွဲ့ရာ၌ လည်းကောင်း၊ ကဗျာ လင်္ကာ ရေးစပ်ရာ၌လည်းကောင်း ဥာဏ်ကရိုဏ်းမကျ မပီမပြင် ဖြစ်နေ၏။

ထို့ကြောင့်....



ထိုသို့ဖြစ်ရသည့် အကြောင်းရင်းကား မာကူးတို့သားအမိကြောင့် ဆိုလျှင် မှားမည်မဟုတ်ချေ။

ဇနီးမာကူးနှင့် သမီး လူဝမ်းဝမ်းတို့၏ အတ္တလွန်ကဲမှုကြောင့် သူ၏သား လုထင်းမှာ ဤနေရာမှ ထွက်သွားခဲ့ရသည်။

လုထင်း ဘယ်ရပ်ဘယ်ဝယ် ရောက်နေပြီကို မသိပါ။

လုဝမ်းဝမ်းနှင့် မာကူးသည် မင်းသားလေးကျင်းစိန်၏အကူအညီဖြင့် လုထင်းကို သတ်ပစ်ရန် ကြံစည်းဦးမည်ဖြစ်ကြောင်း နားလည်ထား၏။

သူက တားဆီးနိုင်မည့်နည်းလမ်း ရှာမတွေ့ခဲ့ပါချေ။

ထို့ကြောင့်လည်း တစ်နေ့မှ စိတ်ချမ်းသာမှု မရရှိခြင်းဖြစ်ပေတော့သည်။

လုထင်း အကြောင်း တွေးတောရင်း ငေးမောနေစဉ် အနောက်ဘက်မှ ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လုယုကျင်း လှည့်ကြည့်လိုက်သည်။

ထိုအခါ....

သူ့ထံ ခပ်သွက်သွက် လှမ်းလာနေသည့် ဇနီးသည် မာကူးအား တွေ့မြင်လိုက်ရလေသည်။

လုယုကျင်း မျက်မှောင်ကုပ်သွား၏။

မာကူးက လုထင်းကိစ္စနှင့်ပတ်သက်ပြီး သူတို့ စကားမပြောကြသည်မှာ အတော်ကြာပြီဖြစ်သည်။

ယခု သူ့ထံလာနေသည်မှာ အကြောင်းတစ်ခုခုရှိ၍ ဖြစ်ရမည်ဟု ချက်ချင်း တွက်ဆမိလေသည်။

မာကူးသည် သူ့ရှေ့သို့ရောက်လာလျှင် ချိုသာစွာပြုံးပြ လိုက်လေသည်။

လုယုကျင်း သက်ပြင်းချလိုက်သည်။

မာကူးအား သူက မြတ်နိုးသဖြင့် လက်ထပ်ယူခဲ့သည်မဟုတ် ပါလား။

မာကူးအပေါ် အယ်သောအခါမှ အချစ်လျော့သွားမည် မဟုတ်ပါချေ။

မာကူးကို အကဲခတ်ကြည့်လိုက်ပြီး....

'ညီမ အကြောင်းတစ်ခုခုများ ရှိနေလို့လားဟင်'

ဟု မေးလိုက်လေသည်။

မာကူး ခေါင်း ညိတ်လိုက်သည်။

'ဟုတ်တယ် အစ်ကို'

'ပြောပါဦး'

'မိုးကြိုးလု ဂိုဏ်းချုပ်က ဖိတ်ခေါ် လိုက်လို့ပါ'

လုယုကျင်း အံ့သြသွားသည်။

'အာ မိုးကြိုးလု ဂိုဏ်းချုပ်က ဖိတ်ခေါ်ခိုင်းတယ် ဟုတ် လား၊ ဘာကိစ္စများ ရှိနေလို့လဲ'

'သားရေး သမီးရေးအတွက်ပါ'

'ဩော်....သမီးအတွက်ကိုး'

လုယုကျင်း သက်ပြင်းချလိုက်သည်။

လုဝမ်းဝမ်းနှင့် မင်းသားလေးကျင်းစိန်တို့ မေတ္တာမျှနေကြ သည်ကို သူသိရှိထားလေသည်။



သိုင်းလောကသားများနှင့် မပတ်သက်လိုသော်လည်း၊ သမီး ဖြစ်သူနှင့် ဇနီးတို့ကို ပြောမရသဖြင့် လက်ပိုက်ကြည့်နေခဲ့ရခြင်း ဖြစ်သည်။

မင်းသားလေးကျင်းစိန်အား သဘောမကျသည့်တိုင် သမီး စိတ်ချမ်းသာလျှင် ပြီးရောဟု သဘောထားခဲ့လေသည်။

ယခု မင်္ဂလာကိစ္စအကြောင်း ပေါ်လာပြီဖြစ်သည်။

လုယုကျင်း မျက်မှောင်ကုတ်လိုက်ပြီး...

'နေပါဦး၊ မင်္ဂလာကိစ္စ မနက်မှပြောလို့ မဖြစ်ဘူးလား၊ ဘယ်နှယ် ညကြီးအချိန်မတော်'

မာကူး ပြုံးလိုက်သည်။

'မိုးကြိုးလု ဂိုဏ်းချုပ်ဟာ နာမကျန်း ဖြစ်နေတယ်၊ ဒါ ကြောင့် အချိန်ရှိတုန်း စီစဉ်စရာရှိတာ စီစဉ်ရအောင် ဖိတ်ခေါ်ဖို့ အကြိုလွှတ်လိုက်တာပါ။ နေ့ရယ် ညရယ် ရွေးနေလို့မဖြစ်ဘူး၊ ကိုယ်ကလည်း သမီးရှင်မဟုတ်လား'

'အေးလေ တို့က သမီးရှင်ကိုတော့ ပြောစရာရှိရင် သူတို့ပဲ တို့ဆီကို လာပြောရမယ်မဟုတ်လား၊ တို့က သွားစရာမသိပါ ဘူး၊ တို့သွားရင် သူတို့အထင်သေးသွားမှာတော့ စိုးရိမ်ရသေး တယ်'

မာကူး မကျေမနပ်ဖြစ်သွားလေသည်။

'အို... သူက မိုးကြိုးလု ဂိုဏ်းချုပ်ဆိုတော့ သူ့ကို လေးစား ရမယ် မဟုတ်လား အစ်ကိုကြီးရဲ့'

'ဘာ...'

လုယုကျင်း၏စကားသံ ဟိန်း၍ထွက်လာသည်။

မာကူးက....

'မိုးကြီးလွှ ဂိုဏ်းချုပ်နဲ့ ခမည်းခမက်တော်ရမှာ တယ်လောက် ဂုဏ်သိက္ခာရှိသလဲ အစ်ကိုကြီး စဉ်းစားဦးမှပေါ့'

'တွေး'

လုယုကျင်းက တံတွေးတွေးလိုက်သည်။

မာကူး၏မျက်နှာ နီရဲသွားသည်။

လုယုကျင်းကို စိုက်ကြည့်ရင်း....

'ရှင်....ရှင်က ဘာသဘောလဲ'

'ငါ့သဘောကတော့ သူတို့ခေါ်တိုင်း မသွားနိုင်ဘူး၊ တွေ့ချင်ရင် ငါ့ဆီကို လာခဲ့ခိုင်းလိုက်၊ မင်းအထင်ကြီးတိုင်း ငါ အထင်ကြီးနိုင်ဘူး၊ သိုင်းလောက သားတွေနဲ့လဲ ငါ မပတ်သက်ချင်ဘူး'

မာကူး အံကြိတ်လိုက်လေသည်။

'ရှင်...ရှင်ဘာကြောင့် သမီးအတွက် ကဖျက်ယဖျက်လုပ်ချင်ရတာလဲ၊ ဘာလဲ ရှင့်သားကြောင့် မဟုတ်လား'

'မဟုတ်ဘူး၊ မင်းတို့လုပ်တာ နည်းလမ်းမကျလို့'

'ဒါတွေ ကျွန်မနားမလည်ဘူး၊ သမီးလေး စိတ်ချမ်းသာတာ ရှင်ကြည့်မလား၊ ဒါမှမဟုတ် သမီးလေး စိတ်သောက ရောက်ရတဲ့ အဖြစ်မျိုး ဖြစ်စေချင်သလား၊ ရှင်သာသဘောမတူဘူးဆိုရင် ကျွန်မတို့သားအမိမျက်နှာကို ဘယ်တော့မှ တွေ့ရမယ် မထင်နဲ့၊ ကျွန်မတို့ ဒီကထွက်သွားမှာပဲ'

လုယုကျင်း မျက်နှာပျက်သွားသည်။



မာကူးမှာ ဒေါသကြီးလွန်းသူဖြစ်ကြောင်း သူကောင်းစွာ နားလည်ထား၏။

သူက လိုက်လျောခြင်းမပြုလျှင် အမှန်တကယ် ထွက်သွားမည် ဖြစ်လေသည်။

လုယုကျင်း အခက်ကြုံသွား၏။

မာကူးကို အတန်ကြာ ငေးကြည့်ပြီးမှ သက်ပြင်းချကာ...

'အင်း.... မင်းရဲ့ သဘောပေါ့'

ဟု ပြောလိုက်လေသည်။

မာကူးက...

'ကောင်းပြီ၊ ရှင် အခုချက်ချင်း အဝတ်အစားလဲပြီး ထွက်လာခဲ့ပါ၊ ကျွန်မတို့ အိမ်ရှေ့က စောင့်နေမယ်'

ဟု ခပ်ထန်ထန် ပြောလိုက်ပြီး ချာခနဲ လှည့်ကာ ထွက်သွားလေသည်။

လုယုကျင်း ပခုံးတွန့်လိုက်သည်။

နောက်ဆုံး သူ့သားလျှော် အလျှော့ပေးခဲ့ရသည် မဟုတ်ပါလား။

ထိုင်ရာမှထကာ အိမ်ထဲဝင်ပြီး အဝတ်အစား လဲလိုက်သည်။

ထို့နောက် အိမ်ရှေ့သို့ ထွက်လာခဲ့လေသည်။

အိမ်ရှေ့၌ မြင်းလှည်းတစ်စီး ရပ်ထားသည်ကို တွေ့ရ၏။

မြင်းလှည်းပေါ်၌ မာကူးနှင့် လုဝမ်းဝမ်းတို့မှာ အကောင်းဆုံး အဝတ်အစားများ ဝတ်ဆင်ထားပြီး အလှပြင်ထားကြသည်ကို တွေ့ရ၏။

လုယုကျင်းကိုတွေ့လျှင် မာကူးက...

'မြန်မြန်လာစမ်းပါ၊ ဒီမှာ စောင့်နေရတဲ့လူ အားနာဖို့ကောင်းလို့'

ဟု ဆိုး၍ အမြဲစတင်လိုက်၏။

လူယုကျင်းက မြင်းလှည်းပေါ်၌ ရပ်နေသူကို လှမ်းကြည့်လိုက်၏။

ထိုလူမှာ မိုးကြိုးလှ ဂိုဏ်းချုပ် ကျင်းခုံး၏ ညာလက်ရုံး ကျူးဟန်ကောင်း ဖြစ်ကြောင်း မှတ်မိလိုက်၏။

ကျူးဟန်ကောင်းက သူ့အား ဦးညွတ်ကာ မြင်းလှည်းပေါ်တက်ရန် ခြေဟန်လက်ဟန် ပြလေသည်။

လူယုကျင်း မြင်းလှည်းပေါ် လှမ်းတက်လိုက်သည်။

ကျူးဟန်ကောင်းက မြင်းလှည်းတံခါး ပိတ်လိုက်၏။

ထို့နောက် မြင်းလှည်းမောင်းသူ နေရာသို့ ခုန်တက်ကာ စတင် မောင်းနှင်လိုက်၏။

'ခွပ်ခွပ်.... ခွပ်ခွပ်'

မြင်းခွာသံများ၊ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်လာလေသည်။

ကျူးဟန်ကောင်း မောင်းနှင်ကာ မြင်းလှည်းမှာ လူယုကျင်း၏ ခြံဝင်းအတွင်းမှ ဖြည်းဖြည်းမှန်မှန် မောင်းနှင်ထွက်ခွာသွားလေတော့သည်။

• • •



ဓာလေ

လရောင် ဖြာကျနေသည်။

မြင်းလှည်းကလေးသည် သာယာလှပသော တောင်ကုန်းတစ်ခုပေါ်သို့ ရောက်လာ၏။

လမ်းမှာ တဖြည်းဖြည်း မြင့်မားမတ်စောက်လာသည်။

မြင်းလှည်းအရှိန်လည်း နှေးကွေးသွား၏။

တဖြည်းဖြည်း မတ်စောက်မြင့်မားသည့် တောင်ပေါ်သို့ ရောက်ရှိလာသည်။

လမ်းဘေး တစ်ဘက်တစ်ချက်တွင် နက်ရှိုင်းသော ချောက်ကမ်းပါးကြီးများ ရှိနေပါ၏။

လူယုကျင်းက မြင်းလှည်းပြတင်းပေါက်မှ ခေါင်းပြူကြည့်လိုက်၏။

မတ်စောက်နေသည့် အနေအထားကို မြင်လျှင်...

'ဟင်... ဒါက မိုးကြိုးလှ ဂိုဏ်းကိုသွားတဲ့လမ်း မဟုတ်ပါလား၊ ဟေ့... မင်း ဘယ်ကိုသွားမလို့လဲ'

ဟု အော်မေးလိုက်၏။

လုဝမ်းဝမ်းနှင့် မောကူးတို့လည်း ခေါင်းပြူကြည့်လိုက်ကြ၏။

မောကူးက...

'ဟင်... ဒါက ပေတစ်ထောင်ကျော်တောင်ပဲ၊ ဒီတောင်ပေါ်မှာ လူနေအိမ်ခြေမရှိတာ၊ ဘယ်လိုဖြစ်တာတုန်း'

လုဝမ်းဝမ်းက...

'မိုးကြီးလှ ဂိုဏ်းကို သွားမယ်ဆို၊ ဘယ်လိုလုပ်ပြီး ဒီကို ရောက်လာတာလဲ၊ ဦးလေး… ဒါက ဘာလုပ်တာလဲ'

သူတို့ မကျေမနပ်ဖြင့် ဝိုင်းပြောကြလေသည်။

* *

ကျူးဟန်ကောင်း ပြုံးလိုက်သည်။

မြင်းလှည်းကို ရပ်တန့်လိုက်ပြီး အောက်သို့ ခုန်ဆင်းလာ၏။

မာကူးက မြင်းလှည်းတံခါး တွန်းဖွင့်ရန် ဟန်ပြင်လိုက်၏။

သို့သော် ကျူးဟန်ကောင်းက အပြင်ဘက်မှ လက်ဖြင့်ဖိကာ ပိတ်ထားလိုက်သည်။

'သိပ်ပြီး လှုပ်လှုပ်ရှားရှား မလုပ်ပါနဲ့ဗျာ၊ တော်ကြာ မြင်းလှည်းမှောက်ပြီး ချောက်ထဲကျသွားပါဦးမယ်၊ ဟိုဘက် ကိုလဲ ကြည့်ကြစမ်းပါဦး'

လုဝမ်းဝမ်းက တစ်ဘက်တံခါးဖွင့်ကာ ဆင်းရန် ဟန်ပြင် နေ၏။

သို့သော် တံခါးဖွင့်လိုက်သည်နှင့်…

'အမယ်လေး…'



ရင်ထိတ်ကာ နောက်ပြန်ဆုတ်လိုက်ပြီး တံခါးပြန်ပိတ် လိုက်၏။

အကြောင်းကား…

တစ်ဘက်တွင် နက်ရှိုင်းသော ချောက်ကမ်းပါးကြီး ရှိနေ သည် မဟုတ်ပါလား။

ကျူးဟန်ကောင်းက…

'ဂိုဏ်းချုပ်ကြီးက ပြောလိုက်တယ်ဗျ၊ မင်းသားလေးကျင်းစိန် ဟာ ဆရာကြီးနန်းကုန်းစိမ်းရဲ့သမီး နန်းကုန်းယန်နဲ့ လက်ထပ် တော့မှာမို့ ခင်ဗျားတို့ အနှောင့်အယှက်မပေးကြပါနဲ့၊ ပေးရင် ဒုက္ခရောက်သွားပါလိမ့်မယ်တဲ့၊ ကဲ… ခင်ဗျားတို့ ဘယ်လို သဘောရသလဲ'

ထိုစကားကြားလျှင် လုဝမ်းဝမ်နှင့် မာကူးတို့ ကြက်သေ သေသွားကြလေသည်။

မမျှော်လင့်သောစကားမို့ မယုံကြည်နိုင်အောင် ဖြစ်သွား ကြ၏။

မာကူးက…

'ဘာ…ဘာပြောတယ်၊ မင်းသားလေးကျင်းစိန်က နန်းကုန်း စိမ်းနဲ့ လက်ထပ်မယ်ဟုတ်လား၊ သူက ကျုပ်သမီးအပေါ် မေတ္တာသက်ဝင်နေတာပဲ၊ လက်ထပ်ယူမယ်လို့ ကတိပေးထား ပြီးပြီ၊ သူတို့နှစ်ယောက် မေတ္တာမျှနေကြတာကို လူတိုင်းသိကြ တာပဲ'

ဟု မကျေမနပ် ပြောလိုက်လေသည်။

ကျူးဟန်ကောင်း ခေါင်းယမ်းလိုက်သည်။

'မင်းသားလေးကျင်းစိန်က ခင်ဗျားသမီးကို သဘောမကျတော့ဘူးဗျ၊ ရှင်းလင်းပြောတာ'

လုဝမ်းဝမ်းသည် ဒေါသကြီး အော်ပြောလေသည်။

ရုတ်တရက် ဖြစ်ပေါ်လာသည့် အခြေအနေကိုကြည့်ကာ လုယုကျင်း သဘောကျစွာ ရယ်မောလိုက်လေတော့သည်။

'ဟား...ဟား...ဟား'

သူ၏ ရယ်မောသံကျယ်ကျောင်စွာ ထွက်ပေါ်လာခြင်းကြောင့် ကျူးယန်ကောင်းပင်လျှင် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

လုယုကျင်းအား နားမလည်နိုင်စွာကြည့်ကာ...

'ခင်ဗျား ဘာလုပ်တာလဲ'

ဟု မေးလိုက်သည်။

လုယုကျင်းက...

'သဘောကျလို့ပါ'

'ဘာ...'

'ကြော်...ကျုပ်သမီးက မိုးကြိုးလုံ့ဂိုဏ်းက မင်းသားလေးနဲ့ရမှ ဂုဏ်ရှိတယ်လို့ထင်နေတာ အခုတော့ ဘယ်နှယ်ရှိစ၊ ကျုပ်တော့ အခုလို ဖြစ်သွားတာ သဘောကျတယ်၊ ဒါမှ သူတို့သားအမိ နောင်ကြဉ်သွားမယ်လေ'

ကျူးယန်ကောင်း မှါးဝပ်အဖြောင်းသား ဖြစ်သွားခဲ့သည်။

လုယုကျင်းအား နားမလည်နိုင်စွာ ကြည့်လိုက်သည်။



လုယုကျင်းက...

'မင်းတို့ဂိုဏ်းချုပ်ကို ပြောလိုက်ပါ၊ အခုလို မင်္ဂလာဘိစ္စဖျက်သိမ်းလိုက်တာကို ကျုပ်သဘောကျပါတယ်လို့၊ ကျေးဇူးလဲတင်ပါတယ်လို့'

'ခွင်...ခင်ဗျား'

ကျူးယန်ကောင်း မည်သို့ပြောရမှန်းမသိ ဖြစ်နေ၏။

လုယုကျင်းက...

'ဒီအကြောင်းပြောဖို့ ဒီနေရာ ခေါ်လာစရာ မလိုပါဘူး။ အိမ်မှာပြောလဲ ရပါတယ်၊ ကျုပ်သိပ်ဝမ်းသာတယ်၊ မာနီမာန တောင်လွှားနေတဲ့ ကျုပ်ဇနီးနဲ့ သမီးတို့ ဘဝ်ခန်းစာရသွားတာပေါ့ဗျာ၊ ကဲ...ကျုပ်တို့ကို ပြန်ပို့ပါတော့'

ထိုစဉ် လုဝမ်းဝမ်း ကြားဝင်အော်ပြောလိုက်သည်။

'ရှင်တို့ဂိုဏ်းချုပ်ကို ပြောလိုက်၊ သူ့ရဲ့သားက ကျွန်မကို လက်ထပ်မှာ ဘာကြောင့်သဘောမတူနိုင်ရတာလဲ၊ ဘတ္တီဂိုဏ် တစ်ခြားမိန်းကလေးနဲ့ ပေးစားကြည့်။ ကျွန်မအကြောင်း ကောင်းကောင်းကြီး သိသွားစေရမယ်'

မာကူးကလည်း....

'ဟုတ်တယ်၊ မိုးကြိုးလုံ့ဂိုဏ်းဟာ သိုင်းလောကမှာ မျက်နှာမပြရဲအောင် ဖြစ်သွားစေရမယ်'

သားအမိနှစ်ယောက် ဝိုင်းရန်း ကြိမ်းမောင်းလိုက်ကြသည်။

ကျူးယန်ကောင်းမှာ လုယုကျင်း၏စကားကြောင့် စိတ်သဘောထား ပြောင်းလဲသွားကာနီးမှ မာကူးနှင့် လုဝမ်းဝမ်းတို့ စကားကြားလျှင် ပြတ်သားစွာ ဆုံးဖြတ်နိုင်ခဲ့တော့သည်။

သဘောကျစွာ ပြုံးလိုက်ပြီး....

'စိတ်ချ ခင်ဗျားတို့ အနှောင့်အယှက် မပြုနိုင်အောင် ကာကွယ်ရမယ်လို့ ဂိုဏ်းချုပ်ကြီးက မှာလိုက်ပါတယ်'

ထိုစကားကြားလျှင် လုယုကျင်း ရင်ထိတ်သွားလေသည်။ ကျူးဟန်ကောင်းကို စိုက်ကြည့်ရင်း....

သူ၏စကားသံမှာ ဒေါသတကြီး အော်ပြောနေကြသော မာကူးနှင့် လုဝမ်းဝမ်းတို့၏စကားသံအောက်ဝယ် ဖုံးလွှမ်း ကွယ်ပျောက်သွားလေတော့သည်။

'ရှင်တို့ဂိုဏ်းချုပ်က လူယုတ်မာပဲ၊ ကျွန်မ ကောင်းကောင်းကြီး အရှက်ခွဲပြမယ်'

'မင်းတို့မင်းသားလေးကို ပြောလိုက်စမ်း၊ ငါ့သမီးကို ပစ်သွားရင် လူတောထဲ တစ်သက်လုံး မျက်နှာမပြရဲအောင် ဖြစ်သွားမယ်လို့'

ကျူးဟန်ကောင်း ပခုံးတွန့်လိုက်သည်။

'အင်း....ခင်ဗျားတို့ မကျေမနပ်ဖြစ်ကြတယ်လို့ ဂိုဏ်းချုပ်ကြီးကို ကျုပ်ပြန်ပြောပြလိုက်ပါမယ်ဗျာ'

စကားဆုံးလျှင်ခါးမှဓားကို လျှပ်တစ်ပြက် ဆွဲထုတ်လိုက်သည်။

လုဝမ်းဝမ်း၊ မာကူးနှင့် လုယုကျင်းတို့ ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

'အား....'

'အမယ်လေး'

စူးရှစွာ အော်ဟစ်လိုက်ကြသည်။



ကျူးဟန်ကောင်း တဟားဟား ရယ်မောလိုက်သည်။

သူ့ဓားဖြင့် လုယုကျင်းတို့အား တိုက်ခိုက်လိုက်ခြင်း မဟုတ်ပါချေ။

မြင်းလှည်းနှင့် မြင်းလှည်းဆွဲမြင်းများ ဆက်စပ်ချည်နှောင်ထားသည့်ကြိုးများကို ခုတ်ဖြတ်ပစ်လိုက်ခြင်း ဖြစ်လေသည်။

'တောက်....တောက်....တောက်'

ကြိုးများ ပြတ်ကုန်သည်။

မြင်းနှစ်ကောင် ဟီလိုက်ပြီး ရှေ့သို့ ကဆုန်ပေါက် ပြေးသွားကြ၏။

မြင်းများ ပြေးထွက်သွားလျှင် မြင်းလှည်းမှာ အရှိန်ဖြင့် ယိမ်းထိုင်သွားလေသည်။

ကျူးဟန်ကောင်းက မြင်းလှည်းကို ပခုံးစောင်းဖြင့် တိုက်ကာ တစ်ဘက်သို့ တွန်းထုတ်လိုက်ပြီး ဘေးသို့ ခုန်ထွက်လိုက်လေသည်။

'ဝုန်း'

မြင်းလှည်းမှာ ဘေးသို့ လဲကျသွားသည်။

'အမယ်လေး'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာ၏။

မြင်းလှည်းအိမ်မှာ ချောက်ကမ်းပါးအတွင်းသို့တလိမ့်လိမ့်ကျဆင်းသွား၏။

အောက်သို့ကျရာ လမ်းတစ်လျှောက်ဝယ် ကျောက်တုံးကျောက်ခဲများနှင့် တဝုန်းဝုန်းမြည်အောင် ဆောင့်မိတိုက်မိပြီး မြင်းလှည်းမှာ တစ်စစီ ဖြစ်သွားလေသည်။

'ဟား....ဟား....ဟား'

ကျူးယန်ကောဒ်း သဘောကျစွာ ရယ်မောလိုက်လေ၏။

*  *  *

လုထင်း၏တစ်ကိုယ်လုံး နာကျင် ကိုက်ခဲနေ၏။

ဘယ်ချိန်ဘယ်နေရာရောက်သည်ကို သူမသိပါတော့ချေ။

ပန်းပေါင်းစုံနန်းတော်မှ ထွက်လာပြီးသည့်နောက် ခရီး တည့်ရာ လျှောက်သွားနေခဲ့လေသည်။

ရက်အတန်ကြာသွားပြီးမှ အရှေ့ဘက်တွင် မြို့ကလေးတစ် မြို့ ရှိနေသည်ကို တွေ့လိုက်ရ၏။

လုထင်း ဝမ်းသာသွားသည်။

မြို့ကလေးဆီသို့ ဦးတည်လျှောက်သွားလေသည်။

မြို့ကလေးသို့ရောက်လျှင် တည်းခိုခန်းတစ်ခန်း ရှာဖွေပြီး အခန်းတစ်ခန်း ငှားရမ်းလိုက်လေသည်။

သူ၏အဝတ်အစားများ ညစ်ပတ်ပေကျံနေကာ စုတ်ပြဲနေ ပြီဖြစ်၍ မြို့ထဲထွက်ကာ အဝတ်အစားတစ်စုံ ဝယ်ယူလိုက်၏။

ထို့နောက် ညမိုးချုပ်သွားလျှင် တည်းခိုခန်းသို့ပြန်ကာ အိပ် စက် အနားယူလိုက်၏။



ညဉ့်နက်သည့်တိုင်အောင် အိပ်မပျော်ပါချေ။

အိပ်ရာထဲ၌ တလူးလူးတလိမ့်လိမ့်ဖြင့် ဟိုကိုသည်သည် တွေး တော စဉ်းစားနေပြီးမှ ချင်းသက်ထင်း ပေးလိုက်သည့် စာအုပ် ကလေးကို သတိရလာသည်။

ထို့ကြောင့် ထုတ်ယူကြည့်လိုက်သော်လည်း စိတ်ပါလှသည် ကားမဟုတ်ပါချေ။

စာအုပ်ကလေးကို ဟိုလှန်သည်လှန် ဖတ်ကြည့်လိုက်သည်။ ပထမဆုံး စာမျက်နှာကို လှန်မိလျှင်....

'ဤသိုင်းကျမ်းသည် သိုင်းသုံးကွက်ကျမ်း ၏ ပထမသိုင်းကွက်အား ရေးသားပြုစုထား သော သိုင်းကျမ်းဖြစ်သည်။ ကြိုးစား လေ့လာ ကျက်မှတ်ပါလေ...ဤသိုင်းကျမ်း၌ ဆင့်ပွား သိုင်းကွက် ခုနစ်ဆယ့်နှစ်ကွက် ရှိသော်လည်း အားလုံး စုပေါင်းရောယှက်လိုက်လျှင် သိုင်း ကွက်တစ်ကွက်သာ ရှိသည်။ ထို့ကြောင့် ပထမ သိုင်းကွက် သိုင်းကျမ်းဟု ခေါ်သည်။ ကြိုးစား ပါလေ'

ဟု ရေးသားထားလေသည်။

လုထင်း စိတ်ဝင်စားသွားသည်။

'ထူးဆန်းလှချေလား၊ သိုင်းကွက် ခုနစ်ဆယ့်နှစ်ကွက်ကို ရော ပေါင်းလိုက်ရင် သိုင်းကွက်တစ်ကွက်တည်း ဖြစ်လာတယ်ဆိုပါ လား'

တွေးရင်း ရှေ့ဆက်ဖတ်ကြည့်လိုက်သည်။

ဖတ်ရင်းဖတ်ရင်း စိတ်ဝင်စားလာသည်။

သိုင်းကျမ်းထဲ၌ ပါသည့်အတိုင်း ပြုလုပ်လေ့ကျင့်လိုက်လေသည်။

လက်တွေ့လေ့ကျင့်ကြည့်သောအခါ ပို၍ သဘောပေါက်နားလည်သလိုရှိလာသည်။

လုထင်း အားတက်သွားသည်။

'ငါလေ့လာကြည့်မယ်၊ အစ်ကိုကြီး ချင်းသက်ထင်းပေးခဲ့တာတူးခြားလို့ပဲ ဖြစ်ရမယ်၊ ဒီသိုင်းကွက်တွေကို လေ့ကျင့်တတ်မြောက်သွားရင် ငါ့ကိုယ်ကို ခုခံကာကွယ်နိုင်လိမ့်မယ်လို့ သူယုံကြည်ရတယ်၊ ဘာပဲဖြစ်ဖြစ် ငါလေ့လာမယ်'

သူ့ကိုအားကျ၍ ကြိုးစား လေ့ကျင့်လိုက်လေသည်။

သိုင်းလက်များကို လေ့ကျင့်ရင်း စိတ်ပါလက်ပါ ရှိလာ၏။

နောက်ဆုံး ညောင်းညာလာသဖြင့် ရပ်နားလိုက်သောအခါ....

'အောက်အီးအီးအွတ်'

အဝေးမှ ကြက်တွန်သံများ ထွက်ပေါ်လာပြီး အရှေ့ဘက်မှ အရုဏ်ဦး၏ ရောင်နီများပင် ပေါ်ထွက်လာပြီဖြစ်ကြောင်း တွေ့မြင်လိုက်ရလေသည်။

* * *

နေရောင်ခြည်များ ထွက်ပေါ်လာပြီ ဖြစ်လေသည်။

နံနက်ခင်းလေပြည်သည် ပြတင်းပေါက်ကို ကျော်ဖြတ်ကာ အခန်းတွင်းသို့ တိုးဝင်လာလေသည်။

ပြတင်းပေါက်၌ရပ်နေသည့် လုထင်း၏ရင်ထဲ အေးမြသွားပြီး တစ်ကိုယ်လုံး လန်းလန်းဆန်းဆန်း ဖြစ်လာသည်။



လုထင်းက အသက်ကို အားရပါးရ ရှူရှိုက်လိုက်သည်။

ထိုစဉ်....

'ဒေါက်....ဒေါက်....'

တံခါးခေါက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လုထင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

စောစောစီးစီး မည်သူက တံခါးလာခေါက်နေပါသနည်း။

အခန်းတံခါးဆီသို့ ခပ်သွက်သွက်လှမ်းသွားပြီး....

'ဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

သူ၏ စကားသံနှင့် မရှေးမနှောင်းတွင်....

'ဆရာလေး၊ အပြင်မှာ ဆရာလေးကို တွေ့ချင်တဲ့ ဧည့်သည်တစ်ယောက် ရောက်နေပါတယ်'

ဆိုင်လုလင်၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လုထင်း မျက်မှောင်ကုတ်သွား၏။

သူ့အား တွေ့ချင်သူမှာ မည်သူဖြစ်ပါသနည်း။

ချင်းသက်ထင်းမှလွဲပြီး မိတ်ဆွေဟူသည် မရှိပါချေ။

လုထင်း စဉ်းစားလိုက်၏။

နောက်ဆုံး ထွက်တွေ့ရန် ဆုံးဖြတ်လိုက်ပြီး တံခါးဖွင့်လိုက်သည်။

အပြင်ဘက်၌ ဆိုင်လုလင် ရပ်နေပါ၏။

'ဧည့်သည်က ဧည့်ခန်းထဲမှာ စောင့်နေပါတယ် ခင်ဗျာ'

ပြောပြီး လမ်းပြခေါ်သွားလေသည်။

လုထင်း နောက်ကလိုက်သွား၏။

မကြာပါချေ။

ဧည့်ခန်းထဲသို့ ရောက်ရှိသွားလေသည်။

ဧည့်ခန်းတွင်းသို့ ရောက်လျှင် လူတစ်ယောက်ရပ်နေသည်ကို တွေ့လိုက်ရ၏။

ထိုလူမှာ အပြာရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး လက်ထဲ၌ ယပ်တောင်တစ်ချောင်း ကိုင်ထား၏။

စာပေသမားအသွင်ရှိပြီး မျက်နှာ ပြုံးရွှင်နေလေသည်။

ထိုလူကိုမြင်လျှင် လုထင်း ကြက်သေသေသွားရ၏။

'ဟင်...ဦးလေးဟန်ကျိန်း'

ဟု လွှတ်ခနဲ ခေါ်လိုက်မိလေသည်။

မှန်ပေသည်။

ထိုလူမှာ သူ့ဖခင်၏တပည့် စာပေသမား ဟန်ကျိန်းဖြစ်နေသည် မဟုတ်ပါလား။

စာပေသမားဟန်ကျိန်း ရယ်မောလိုက်သည်။

'ဟား...ဟား...ဟား၊ သခင်လေးကို မနေ့ညကတည်းက မြို့ထဲမှာ တွေ့လိုက်တယ်၊ သခင်လေးမှ ဟုတ်ရဲ့လား မသေချာတာနဲ့ စောင့်ကြည့်နေခဲ့တာ၊ အခုတော့ သခင်လေးအစစ်ဆိုတာ ယုံကြည်သွားပါပြီဗျာ'

'ဦးလေးဟန်ကျိန်း ဘာ လိုလုပ် သည်ကိုရောက်နေတာလဲ'

ဟန်ကျိန်း၏မျက်နှာ ညှိုးကျသွားလေသည်။



သူက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး....

'ကျုပ်တို့ လူရှင်းတဲ့နေရာမှာ သွားကြရင်ကောင်းမယ်'

ဟု ပြောလိုက်၏။

လုထင်း သဘောတူလိုက်လေသည်။

'ကောင်းသားပဲ သွားကြမယ်လေ'

ပြောပြီးလျှင် တစ်ညတာတည်းခိုခ အတွက် ငွေရှင်းပေးလိုက်သည်။

ထို့နောက် စာပေသမား ဟန်ကျိန်းနှင့်အတူ လိုက်သွားလေသည်။

သူတို့နှစ်ယောက် လူရှင်းသည့်နေရာ ရှာဖွေရင်း မြို့စွန်ဘုန်းကျောင်းတစ်ခုသို့ ရောက်ရှိသွားကြလေသည်။

ထိုကျောင်းအရှေ့ဘက်၌ မြက်ခင်းပြင်တစ်ခုရှိပြီး ဘုန်းကျောင်းသို့လာသူများ အမောဖြေ အနားယူနိုင်ရန် ခုံတန်းလျားကလေးများ ပြုလုပ်ထားရှိလေသည်။

သူတို့နှစ်ယောက် ခုံတန်းလျားတစ်ခုပေါ်၌ ထိုင်လိုက်ကြ၏။

ပတ်ဝန်းကျင်ဝယ် လူသူကင်းရှင်းနေပါ၏။

အရိပ်ကောင်းလှသော သစ်ပင်ကြီးများ ဝိုင်းရံနေလေရာ အေးမြသာယာနေ၏။

ကျေးငှက်ကလေးများ၏ ဘာသာဘာဝ တေးသီချင်း သီကြွေးသံများလည်း ကြားနေရလေသည်။

မျက်နှာချင်းဆိုင် ထိုင်ချမိလျှင် ဟန်ကျိန်းက စတင် မေးမြန်းလိုက်လေသည်။

'နေပါဦး၊ သခင်လေး ဘယ်ကဘယ်လို သည်ကိုရောက်လာတာလဲ၊ ဆရာကြီးဝမ်းတုန်နဲ့အတူ ဒုက္ခရောက်သွားတယ်လို့ ကျုပ် ထင်မှတ်နေတာ'

'ကျွန်တော် လွတ်မြောက်လာပါတယ်၊ ဦးလေးဝမ်းတုကို တော့ ဖမ်းမိသွားကြပါတယ်'

'သခင်လေး အိမ်ကို ပြန်ရောက်သေးတယ်ပေါ့'

'ဟုတ်တယ်'

'သခင်မကြီးက....'

ဟန်ကျိန်း စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားသည်။

သူ၏မျက်နှာတွင် ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်များ ပေါ်လွင်လာ၏။

လုထင်းလည်း ပင့်သက်ရှိုက် လိုက်မိ၏။

သူ၏မိခင်မှာ သေဆုံးသွားပုံကို ပြန်လည်မြင်ယောင်လာလေသည်။

သူ၏မိမှာ မေတ္တာခြံဝင်းပိုင်ရှင်နှင့် ယဉ်မင်းဝါးတို့ လက်ချက်ကြောင့် သေဆုံးသွားခဲ့ရ၏။

ယခု မေတ္တာခြံဝင်းပိုင်ရှင်နှင့် ယဉ်မင်းဝါးတို့ သေဆုံးသွားကြချေပြီ။

လုထင်း တွေးတောစဉ်းစားနေစဉ် ဟန်ကျိန်း၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ဟန်ကျိန်းက....

'သခင်မကြီးက မေတ္တာခြံဝင်းကို အောင်သွယ်ဖို့ ကျုပ်ကို စေလွှတ်လိုက်ပါတယ်၊ ရှမ်းရှမ်းဆိုတဲ့ မိန်းကလေးကို ကျုပ်က



ခေါ်လာခဲ့မယ်လို့ ကတိပေးခဲ့ပါတယ်၊ ဒါပေမယ့် တကယ်တမ်း သူတို့ကိုမနိုင်ဘဲ ကျုပ်ရဲ့လက်တစ်ဘက် ကျိုးခဲ့ရပါတယ်၊ ကျုပ်လဲ ရက်တာနဲ့ သခင်မကြီးကို အကျိုးအကြောင်း ပြောပြီး တာနဲ့ ခြေဦးတည့်ရာ ထွက်လာခဲ့တာပါ'

စာပေသမားဟန်ကျိန်း ပျောက်ဆုံးသွားရသည့် အကြောင်း ရင်းကို ယခုမှ နားလည်သဘောပေါက်သွား၏။

လုထင်းက ဟန်ကျိန်းအား အကဲခတ်ကြည့်ရင်း....

'ဒါဖြင့် မေမေတို့ မေတ္တာခြံဝင်းကို သွားတော့ ဦးလေး လိုက်မသွားခဲ့ဘူးပေါ့'

ဟန်ကျိန်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်လက်တစ်ဘက် ကျိုးသွားတော့ လိုက်လို့ မဖြစ်တော့ပါဘူး'

'မေမေတို့ သေဆုံးသွားတာကော ဦးလေးသိသလား'

'ကျုပ်မသိခဲ့ပါဘူး၊ သခင်မကြီး မေတ္တာခြံဝင်းကို သွားတာနဲ့ ကျုပ်လဲ ခြေဦးတည့်ရာ ထွက်လာခဲ့တာပါ၊ နောက်မှ တောင်မြို့ချောင်းတစ်ဘက်မှာ နေသူတွေကို ဆိုင်းလောက သားတွေ စုပေါင်းချေမှုန်းလိုက်ကြတယ်၊ သခင်မကြီးလဲ သေဆုံးသွားပြီဆိုတဲ့ သတင်း ကြားခဲ့ပါတယ်၊ ဒါကြောင့် မပြန်တော့ဘဲ ဇာတ်မြုပ်နေခဲ့တာပါ'

လုထင်း သက်ပြင်းချလိုက်၏။

ယန်ကျိန်း ပြန်မသွားခြင်းက မှန်ကန်သည်ဟု လက်ခံထား၏။

သသာ နှံသွားလျှင် ယခုလို အသက်ရှင်နေနိုင်တော့မည် မဟုတ်ပါချေ။

'ဦးလေး ပြန်မသွားတာ မှန်ပါတယ်ဗျာ၊ ဒို့မဟုတ်ရင် ရန်သူလက်ချက်ကြောင့် ဒုက္ခရောက်သွားမှာပါပဲ၊ ဒါထက် အခု ဦးလေး ဘယ်မှာနေသလဲ၊ ဘာတွေလုပ်နေသလဲဟင်'

'ကျုပ်ရဲ့သင်္ဘောက ပြန်ကောင်းသွားအောင် ကုသခဲ့ရတယ်၊ ပြီးတော့ သိုင်းပညာ နဂိုအတိုင်း ပြန်ဖြစ်အောင် ကြိုးစား လေ့ကျင့်ခဲ့တယ်လေ၊ အခုတော့ အရင်လို ပြန်ဖြစ်နေပါပြီ၊ ဆရာကြီး ဝမ်းတုကို သွားပြီးကယ်တင်မလားလို့ စိတ်ကူးသွားတယ်၊ သခင်လေးကော ဘယ်လိုသဘောရသလဲ'

လုထင်း ဝမ်းသာသွား၏။

'ဟုတ်တာပေါ့၊ ဦးလေးဝမ်းတုကို ကယ်တင်ရမှာပဲ'

'ဒါဖြင့် ကျုပ်တို့ သွားကြရအောင်'

'ကောင်းသားပဲ'

သူတို့နှစ်ယောက် ထိုင်ရာမှ ထလိုက်ကြ၏။

ထိုစဉ်မှာပင် ခြေသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

သူတို့နှစ်ယောက် ရင်ထိတ်သွား၏။

ချက်ချင်း ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်လေသည်။

ထိုအခါ အနီရောင်ဝတ်ဆင်ထားသူ ဆယ့်လေးငါးယောက်နှင့် ယက်နက်ကိုယ်စီ ဆွဲကိုင်ကာ ပြေးလွှားလာကြသည်ကို တွေ့လိုက်ရ၏။

'ရန်သူ'



ဟန်ကျိန်း၏ နှုတ်ဖျားမှ လွတ်ခနဲ ထွက်သွား၏။

လုထင်း ပိုပြီး ထိတ်လန့်သွား၏။

အနီရောင် ဝတ်ဆင်ထားသူများမှာ သူတို့အနီးသို့ ရောက်လာပြီး ဝိုင်းရံထားလိုက်ကြသည်။

လုထင်း သတိထားလိုက်သည့်အခါ ရှောင်တိမ်းသွားနိုင်စွမ်း မရှိတော့ချေ။ ဟန်ကျိန်း သက်ပြင်းချလိုက်သည်။

'သခင်လေး ကျုပ်နောက်မှာနေပါ၊ ဘာမမကြောက်နဲ့၊ သူတို့ကို ကျုပ်ဆုံးမလိုက်ပါမယ်'

ဟု ပြတ်သားသော လေသံဖြင့် ပြောလိုက်သည်။

လုထင်း အံကြိတ်ကာ....

'ခင်ဗျားတို့ ဘယ်သူတွေလဲ'

ဟု မေးလိုက်လေသည်။

သူ၏စကားသံနှင့် မရှေးမနှောင်းတွင် ဝိုင်းရံထားသူများ အတွင်းမှ ခန္ဓာကိုယ် ထွားကျိုင်းသန်မာသူတစ်ယောက် ရှေ့သို့ လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူ၏ လက်ထဲ၌ အနီရောင်ပန်းပွားများ တပ်ဆင်ထားသော လှံတစ်လက် ကိုင်ဆောင်ထား၏။

ထိုလူက လုထင်းအား စိုက်ကြည့်ရင်း....

'လုထင်း မင်းဘယ်ပြေးမလဲ'

ဟု အော်ငေါက်လိုက်သည်။

ထိုလူကိုမြင်လျှင် လုထင်းရင်ထဲ လှုပ်ရှားသွား၏။

'ခင်... ခင်ဗျား'

ထိုလူ သဘောကျစွာ ပြုံးလိုက်သည်။

'ဟဲ...ဟဲ...ဟဲ မင်းက ငါ့ကို မှတ်မိသေးတာကိုး၊ အရင်တစ်ခါ ငါ့တို့လက်ထဲက လွတ်သွားပေမယ့် အခုတော့ လွတ်မယ် မထင်နဲ့၊ မင်းကို လက်ရဖမ်းပြီး သခင်လေးဆီကို ခေါ်သွားရမယ်'

ထိုလူမှာ မိုးကြိုးလှ ဂိုဏ်းမှ ကိုယ်ရံတော်တစ်ယောက် ဖြစ်လေသည်။

တစ်ချိန်က မင်းသားလေးကျင်းစိန်၏ အမိန့်ဖြင့် လုထင်းအား သုတ်သင်ရှင်းလင်းရန် ကြိုးစားခဲ့သူဖြစ်လေသည်။

ထိုစဉ်က လုထင်းမှာ ထွက်ပြေးရင်း သချိုင်းမြေသို့ရောက်ရှိသွားရာ ချင်းသက်ထင်းက ကယ်တင်ခဲ့သည်။

လုထင်း သက်ပြင်းချလိုက်သည်။

ယခု သူတစ်ယောက်တည်း မဟုတ်တော့ဘဲ စာပေသမား ဟန်ကျိန်းနှင့်အတူ ရှိနေ၏။

သူကိုယ်တိုင်လည်း ဆိုင်းပညာ အသုံးပြုလိုစိတ် ရှိနေပြီ မဟုတ်လား။

လုထင်းက ထိုလူကို စိုက်ကြည့်လိုက်ပြီး....

'မိုးကြိုးလှ ဂိုဏ်းနဲ့ ကျုပ်ဟာ ဘယ်လိုရန်ငြိုးရန်စမှ မရှိပါဘူးဗျာ၊ ဒါကြောင့် ကျုပ်ကို ဒုက္ခမပေးပါနဲ့လို့ တောင်းပန်ပါတယ်'

'ဟား...ဟား....ဟား'

ကိုယ်ရံတော်က သဘောကျစွာ ရယ်မောလိုက်လေသည်။ ဟန်ကျိန်း မကျေမနပ်ဖြစ်သွား၏။



'သခင်လေး၊ သူတို့ဘာမှ ပြောစရာမလိုဘူး၊ ကျုပ် ဆုံးမလိုက်မယ်'

ပြောပြီး ရှေ့သို့ လှမ်းထွက်လိုက်လေသည်။

ကိုယ်ရံတော် မဲ့ပြုံးပြုံးလိုက်ပြီး....

'ဘယ်သူက ဆုံးမနိုင်မယ်ဆိုတာ ကြည့်ကြသေးတာပေါ့'

စကားဆုံးလျှင် လက်ဝေ့ယမ်းပြလိုက်သည်။

သူ၏တပည့်များက ချက်ချင်း ဖြာသံပေးကာ ဝိုင်းရံ တိုက်ခိုက်လိုက်ကြ၏။

မိုးကြိုးလှ ဂိုဏ်းသားများ လှံတံကိုယ်စီဖြင့် ပြေးဝင်လာကြသည်ကို တွေ့မြင်လျှင်၊ စာပေသမား ဟန်ကျိန်းက....

'သခင်လေး နောက်ဆုတ်လိုက်'

ပြောပြီး လုထင်းအား ဘေးသို့ တွန်းထုတ်လိုက်၏။

သူကိုယ်တိုင်မူ ရှေ့သို့ ခုန်ထွက်ကာ ရင်ဆိုင်တိုက်ခိုက်လိုက်သည်။

ဟန်ကျိန်းမှာ လုထင်းမိခင် ဝမ်းလျှန်၏ ယုံကြည်အားကိုးရသော တပည့်တစ်ယောက် ဖြစ်လေသည်။

အတွေ့အကြုံကြွယ်ဝပြီး သိုင်းပညာ ထူးချွန်သူလည်း ဖြစ်သည်။

ဟန်ကျိန်းက ပြေးဝင်လာသူတစ်ယောက်၏လှံကို လုယူလိုက်ပြီး ထိုလှံကိုပင် ပြန်လည်ဝေ့ယမ်းကာ တိုက်ခိုက်လိုက်၏။

သူ၏ တိုက်ခိုက်ပုံမှာ လျှင်မြန်သွက်လက်ပြီး အားမာန်ပါလှပေသည်။

ထိပ်တိုက် ရင်ဆိုင်မိသည်နှင့်....

'အား...'

'အင့်...'

'အယ်...'

မိုးကြိုးလု ဂိုဏ်းသားသုံးယောက်မှာ ၊ ဟန်ကျွန်း၏ လက်ချက် မိအာ မြေပေါ်သို့ ဒွေခနဲ ဒွေခနဲ လဲကျသွားကြလေသည်။

ဓေါင်းဆောင်ဖြစ်သည့် ကိုယ်ရံတော်မျက်လုံး ပြူးသွား၏။ ဟန်ကျွန်းမှာ ဓေသူမဘတ်မှန်း ရိပ်မိသွားလျှင်၊ သူကိုယ်တိုင် တိုက်ပွဲအတွင်းသို့ ခုန်ဝင်လိုက်သည်။

ကိုယ်ရံတော် ခုန်ဝင်လာလျှင်၊ တိုက်ပွဲအခြေအနေတစ်မျိုး ပြောင်းလဲသွား၏။ ဟန်ကျွန်းမှာ ရှုံးနိမ့်သွားခြင်း မရှိသော်လည်း၊ အနိုင်တိုက်ခိုက်ရန်မူ ခဲယဉ်းသွားသည်။

ကိုယ်ရံတော် အပေါ်အဝေ ရန်သူ အယ်နှစ်ယောက်နှင့် တစ်ယောက်အည်း ရင်ဆိုင်ရာ၌ လက်ရည်ညီမျှသည့် အနေအထားသာ ရှိတော့၏။

ထိုစဉ် ကိုယ်ရံတော်က...

'ဟေ့... မင်းတို့နှစ်ယောက် လုထင်းကို သွားဖမ်းလိုက်စမ်း'

ဟု ကျန်သည့်နှစ်ယောက်ကို လှည့်ကာ အမိန့်ပေးလိုက်လေသည်။

ထိုအခါ မိုးကြိုးလု ဂိုဏ်းသားနှစ်ယောက်သည် လုထင်းထံ ပြေးဝင်သွားကြ၏။



ဟန်ကျွန်း ရင်ထိတ်သွား၏။ လုထင်းမှာ သိုင်းပညာ မတတ်မြောက်ခဲ့။ သိုင်းပညာကို စိတ်မဝင်စားကြောင်း ကောင်းစွာ နားလည်ထား၏။

ထို့ကြောင့်....

'သခင်လေး သတိထား'

အော်ပြောရင်း လုထင်းထံပြေးသွားရန် ဟန်ပြင်နေသည့် မိုးကြိုးလု ဂိုဏ်းသားနှစ်ယောက်ထံ ခုန်ဝင်တားဆီးလိုက်၏။

လတ်တလော ဒုက္ခရောက်မည်ကို စိုးရိမ်နေခြင်းကြောင့် အန္တရာယ်ကိုပင် အမှုမထားနိုင်ပါတော့ချေ။

ကိုယ်ရံတော်လည်း အခွင့်အရေးကို လက်လွှတ်မခံဘဲ လှံဖြင့် ထိုးသင်းတိုက်ခိုက်လိုက်လေသည်။

ဟန်ကျွန်း ထိတ်လန့်သွား၏။

'မရှောင်ဘဲဆက်၍ ခုန်ဝင်သွားပါလျှင်၊ ကိုယ်ရံတော်၏ လှံချက်ကြောင့် သူအသက်ဆုံး ဒုက္ခရောက်မည်မှာ သေချာလှသည်။

ထို့ကြောင့် ခန္ဓာကိုယ်တွန့်လိမ်ကာ ဘေးသို့ ရှောင်လိုက်ရ၏။

'သခင်လေး နောက်ဆုတ်လိုက်'

ဟုသည့် အသောတကြီး အော်ပြောလိုက်သည်။

လုထင်း နောက်ဆုတ်လိုသော်လည်း၊ အချိန်မရတော့ချေ။ အန္တရာယ်ကျရောက်လာပြီဖြစ်သောရာ အမှတ်မထင် တစ်သလုံးကြီးဖွားလေ ကျင့်ခဲ့သည့် သိုင်းကွက်များ ထုတ်ဖော်အသုံးပြုရင်း ခုခံလိုက်သည်။

သူက သိုင်းကွက်ထုတ်ဖော်လိုက်သည်နှင့်....

'ဝှန်း'

'အား'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

မိုးကြိုးလုံ့ဂိုဏ်းသားနှစ်ယောက်မှာ အနောက်ဘက်သို့ လွင့်စဉ်သွားကြလေတော့သည်။

ဟန်ကျိုင်းမှာ မျက်လုံးပြူးသွား၏။

'သခင်လေး'

ဟု လွှတ်ခနဲ ခေါ်လိုက်သည်။

ကိုယ်ရံတော်လည်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

လုထင်း သိုင်းပညာမတတ်သည်ကို သူလည်း သိရှိထားသည်မဟုတ်ပါလား၊ လုထင်းမှာ သူ၏လက်နှစ်ဘက်ကို မယုံကြည်နိုင်စွာ ပြန်ကြည့်နေမိ၏။

တစ်ညတာလေး ကျင့်ပေးခဲ့သည့်အကျိုးကျေးဇူးကိုလက်တွေ့ခံစားလိုက်ရပြီ ဖြစ်သည်။

သူ အံ့သြနေစဉ်မှာပင်.....

'ယား....'

ကျယ်လောင်သော ငြာသံပေးသံနှင့်အတူ ကိုယ်ရံတော်က လှံတံဖြင့် တရကြမ်း ဝင်ရောက် တိုက်ခိုက်လာလေတော့သည်။

'သခင်လေး နောက်ဆုတ်လိုက်'

ဟန်ကျိုင်းက လုထင်းအတွက် စိုးရိမ်သွားပြီး ခုန်ဝင်လာသည်။



သို့သော် သူ ရှေ့တိုးလာ၍မရအောင် မိုးကြိုးလုံ့ဂိုဏ်းသားများက ဝိုင်းရံ တိုက်ခိုက်လိုက်ကြလေသည်။

ဟန်ကျိုင်း ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

'သေပေတော့'

အော်ငေါက်ယင်း တရကြမ်း တိုက်ခိုက်လိုက်ရာ....

'အား....'

'အင့်'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများ ဆက်တိုက် ထွက်ပေါ်လာသည်။

မိုးကြိုးလုံ့ဂိုဏ်းသားသုံးယောက် မြေပေါ်သို့ အတုံးအရုံး လဲကျသွားကြလေတော့သည်။

ဟန်ကျိုင်းက အတားအဆီးများကို ရှင်းပြီး လုထင်းဘက် လှည့်ကြည့်လိုက်၏။

ထိုအခါ ! ကိုယ်ရံတော်များ မြေပေါ်လဲကျနေသည်ကိုအံ့သြဖွယ်ရာ တွေ့မြင်လိုက်ရလေတော့သည်။

လုထင်း ရင်ထိတ်သွားသည်။

ကိုယ်ရံတော်များမှာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အချိန်အတွင်း သူ၏ရှေ့သို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

ကိုယ်ရံတော်၏လက်ထဲမှလှံတံသည် သူ၏ရင်ဝသို့တည့်မတ်စွာ တိုးဝင်လာ၏။ လုထင်းရင်ထဲ အေးစိမ့်သွားသည်။ ကမျာကယာ ဒူးကွေးကာ ခန္ဓာကိုယ်ကုန်လိန်ပြီး ရှောင်တိမ်းလိုက်ရ၏။

ထိုအခါ လှံတံမှာ သူ၏ခေါင်း ပွတ်ကာသီကာ ဖြတ်ကျော်သွား၏။ လှံသွားမှာ သူ၏အကျီကို စုတ်ပြဲသွားစေခဲ့သည်။

ကိုယ်ရံတော်၏လှံမှာ လှံသွားအောက်၌ လခြမ်းပုံအသွားအကောက်တစ်ချောင်း ပါရှိ၏။ လှံသွားဖြင့် ရှေ့သို့ ထိုးသွင်းနိုင်သကဲ့သို့ လခြမ်းပုံအသွားအကောက်ဖြင့် ချိတ်ဆွဲခြင်း၊ ခုတ်ချခြင်း ပြုလုပ် တိုက်ခိုက်နိုင်အောင် စီစဉ်ထားခြင်း ဖြစ်လေသည်။

ထိုးသွင်းချက် ထိရောက်မှုမရှိသည်ကိုမြင်လျှင် လှံကိုတအားပြန်လည် ဆောင့်ဆွဲလိုက်လေသည်။

ထိုအခါ သွားအကောက်မှာ လုထင်း၏နောက်ကျောသို့ တိုးဝင်လာလေတော့သည်။ လုထင်းခေါင်းချေးဖြစ်လာသည်။ ရှေ့သို့ ဝမ်းလျားထိုးချလိုက်ပြီး ကိုယ်ရံတော်၏ဝမ်းပိုက်သို့ ဦးခေါင်းဖြင့် ပစ်တိုက်လိုက်၏။

ယခုတစ်ကြိမ် ရင်ထိတ်သွားရသူမှာ ကိုယ်ရံတော်ဖြစ်၏။

သူ၏လှံအကောက်က လုထင်းအား မထိမီ လုထင်း၏ဦးခေါင်းဆောင့်ချက်ကြောင့် ပြင်းထန်စွာ ဒဏ်ရာရရှိသွားမည်ကို တွေးမိလေသည်။



နောက်ဆုတ်ရှောင်မည်ဆိုလျှင် လုထင်းက ဆက်၍တိုက်ခိုက်လာမည်ဖြစ်၏။

အကောင်းဆုံးနည်းလမ်းမှာ လှံတံကို လက်လွှတ်ကာ လက်ဝါးစောင်းဖြင့် ခုတ်ချတိုက်ခိုက်ခြင်း ဖြစ်သည်ဟု တွေးမိ၏။

ထို့ကြောင့် လှံတံကိုလက်လွှတ်ကာ လက်ဝါးစောင်းဖြင့် လုထင်း၏ဦးခေါင်းကို ခုတ်ချလိုက်လေသည်။

လုထင်းက ချက်ချင်း ခါးကွေးကာ ဦးခေါင်းကို မြေကြီးနှင့် ထိအောင် ငုံ့လိုက်သည်။ လက်နှစ်ဘက် မြေပေါ်ထောက်ကာ ကင်းမြီးကောက်ကောင်သည့်အနေအထားဖြင့် ကိုယ်ရံတော်၏ ဦးခေါင်းအား ခြေထောက်နှစ်ချောင်းဖြင့် တရစပ်ကန်ကျောက်လိုက်လေသည်။

သူကားချင်းသက်ထင်းပေးလိုက်သည့် သိုင်းကျမ်း၌ ပါဝင်သော သိုင်းကွက်များအတိုင်း တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

ကိုယ်ရံတော်မှာ လုထင်းက ယခုလို မနားတမ်း တိုက်ခိုက်လာနိုင်မည်ဟု မထင်မှတ်မိခဲ့ပါချေ။

ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း နောက်ကျသွားချေပြီ။

လုထင်း၏ ခြေထောက် ကန်ချက်မှာ ကိုယ်ရံတော်အား တန်းတန်းမတ်မတ် ထိမှန် သွားလေတော့သည်။

‘ဂုန်း....’

‘အား....’

ကိုယ်ရံတော်၏ စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်။

သူ၏ခန္ဓာကိုယ် အပေါ်သို့မြောက်တက် သွားပြီး မြေပေါ်သို့ အရုပ်ကြိုးပြတ် ပြုတ်ကျ သွားလေတော့သည်။

• • •

ကိုယ်ရံတော်မှာ မြေပေါ်၌ မလှုပ်မယှက် လဲကျနေပြီဖြစ်လေသည်။

မိုးကြိုးလုံ့ဂိုဏ်းသားများ ထိတ်လန့် သွားကြသည်။

ဆက်၍ မတိုက်ဝံ့ကြတော့ဘဲ နောက်ဆုတ် သွားကြ၏။

ဟန်ကျိုန်းသဘောကျသွား၏။

လုထင်းထံ ခပ်သွက်သွက်လှမ်းလာပြီး....

'သခင်လေး ဘယ်ဆိုးလို့တုန်း၊ သိုင်းပညာ တတ်မြောက်နေပြီပဲ'

ဟု ချီးကျူးစကား ပြောလိုက်သည်။

လုဆင်း ပြုံးရုံသာ ပြုံးနေ၏။

ယခုလို တိုက်ခိုက်နိုင်လိမ့်မည်ဟု ကိုယ့်ကိုယ်ကိုယ် မထင်မှတ်ခဲ့ပါချေ။



ခြေလက်များ အလိုလို တုံ့ပြန် လှုပ်ရှားပြီး အန္တရာယ်မှ ရုန်းထွက်သည်ကို အံ့သြနေ၏။

ထို့ကြောင့် ဟန်ကျိုန်းအား မည်သို့ ပြောရမှန်းမသိ ဖြစ်နေ၏။

ဟန်ကျိုန်းက မိုးကြိုးလုံ့ ဂိုဏ်းသားများဘက်သို့လှည့်ကာ....

'မင်းတို့ဘာလုပ်နေကြတာလဲ၊ အခုအထိမသွားကြသေးတာလဲ၊ သေချင်လို့ ထင်တယ်'

ဟု အော်ပြောလိုက်လေသည်။

သူ၏စကားကြားလျှင် မိုးကြိုးလုံ့ ဂိုဏ်းသားများ ဆက်၍ မနေဝံ့ ကြပါတော့ချေ။

မြေပေါ် လဲကျနေသူများကို ပွေ့ချီထမ်းပိုးကာ ကဆုတ်ကယက် ထွက်ပြေး သွားကြလေတော့သည်။

မိုးကြိုးလုံ့ဂိုဏ်းသားများ ဖနောင့်နှင့် တင်ပါး တသားတည်း ကျအောင် ထွက်ပြေးသွားကြသည်ကို ကြည့်ကာ ဟန်ကျိုန်း သဘောကျစွာ ရယ်မော လိုက်လေသည်။

'ဟား....ဟား....ဟား'

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ် လာသည်။

လုထင်းကား ရယ်မောခြင်း မပြုနိုင်ပါချေ။ တွေတွေကြီး ငေးကာရပ်နေ၏။

ဟန်ကျိုန်းက....

'သခင်လေး....အပြောင်းလဲကြီး ပြောင်းလဲ သွားပြီကိုး၊ သခင်လေး သိုင်းပညာတတ်နေပြီဆိုတာ သိရလို့ ကျုပ်ဝမ်းသာ

လိုက်တာ၊ ‘ကျုပ်တို့နှစ်ယောက် ပူးပေါင်းပြီး ဆရာကြီးဝမ်းတုကို ကယ်ထင်နိုင်ပြီပေါ့ဗျာ’

ဟုစမ်းသာအားရ ပြောလေသည်။

ထိုစကားကြားမှ လုထင်း သတိ ဝင်လာသည်။

ဦးခေါင်း ဆတ်ခနဲ ညိတ်ရင်း....

‘ကောင်းပါပြီ....ကျွန်တော်တို့ ဦးလေး ဝမ်းတုကို သွားပြီး ကယ်တင်ကြမယ်’

ဟု တစ်လုံးချင်းပြောလိုက်လေတော့သည်။

• • •

မိုးကြိုးလုံဂိုဏ်း ဌာနချုပ်....

မိုးကြိုးလုံဂိုဏ်းသားများ လှုပ်လှုပ်ရှားရှား ဖြစ်နေ၏။

မိုးကြိုးလုံ ဂိုဏ်းဌာနချုပ်သို့ အထူး ဧည့်သည်တော် တစ်ယောက် ရောက်ရှိလာပြီး ဂိုဏ်းချုပ် ကျင်းခုံးကိုယ်တိုင် အထူး ဂရုစိုက်ဧည့်ခံရန် တာဝန်ပေးခဲ့သည် မဟုတ်လား။

ရောက်ရှိလာသည့် ဧည့်သည်ကား အသက် နှစ်ဆယ်ကျော် ခန့်သာရှိသေးသည့် မိန်းကလေးတစ်ယောက် ဖြစ်လေသည်။



ထိုမိန်းကလေးမှာ သိုင်းဆရာကြီး နန်းကုန်းစိမ်း၏ သမီး နန်းကုန်းယန် ဖြစ်ပေတော့သည်။

နန်းကုန်းယန်အား အထူးဧည့်သည်တော်များ ကိုသာ ဧည့်ခံသည့်နေရာ၌ နေရာထိုင်ခင်းပေးကာ ဧည့်ခံခဲ့လေသည်။

နန်းကုန်းယန်က ကျင်းခုံးရောက်လာမည့်အချိန်ကို စောင့်မျှော်နေခဲ့လေသည်။

မကြာပါချေ။ ဂိုဏ်းချုပ်ကျင်းခုံး ရောက်ရှိလာလေသည်။

ကျင်းခုံးသည် ရောက်လျှင်ရောက်ချင်း ပြုံးရွှင်သောမျက်နှာထားဖြင့်....

‘အြော်....ဆရာကြီးနန်းကုန်းစိမ်းရဲ့သမီး ရောက်လာတာကိုး၊ ဝမ်းသာလိုက်တာဗျာ၊ ဆရာကြီးကော နေကောင်းရဲ့လား’

နန်းကုန်းစိမ်းအကြောင်းမေးလိုက်လျှင်နန်းကုန်းယန်မျက်နှာ ပျက်သွားလေသည်။ သို့သော် ချက်ချင်း အိနြွေဆည်ရင်း....

‘ဖေဖေ့ရဲ့ကျန်းမာရေး သိပ်မကောင်းလှပေမယ့် စိုးရိမ်စရာတော့ မရှိသေးပါဘူးရှင်၊ ဖေဖေနေမကောင်း ဖြစ်နေတာကို သိုင်းလောကတစ်ခုလုံး သိကြမှာပါ။ ဂိုဏ်းချုပ်ကြီးလဲ သိမယ် ထင်ပါတယ်’

ကျင်းခုံး ခေါင်းညိတ်လိုက်သည်။

‘ဟုတ်ပါတယ်ဗျာ၊ ဆရာကြီးအတွက် ကျုပ် စိတ်မကောင်းပါဘူး၊ ကျုပ်ကိုယ်တိုင် မလာအားလို့ ကျုပ်သားကိုတောင် လွှတ်ပြီး ဂါရဝပြုခိုင်းလိုက်ပါသေးတယ်၊ ဒါထက် မိန်းကလေး ဒီကိုလာခဲ့တာ အကြောင်းထူး ရှိမယ်ထင်ပါတယ်’

နန်းကုန်းယန်က....

'ဟုတ်ပါတယ်ရှင်၊ ဖေဖေဟာ ရှင်ပျော်ပျော်အဘိုးအိုကို နှိမ်နင်းလိုတဲ့ဆန္ဒ ပြင်းပျခဲ့ပါတယ်၊ သူဟာ မိတ်ဆွေတချို့နဲ့ လျှို့ဝှက်တိုင်ပင်ပြီးတော့....'

သူမ၏စကားမဆုံးမီ ကျင်းခုံး လက်ကာပြလိုက်သည်။

'ဒီလောက်ဆို ကျုပ် သဘောပေါက်ပါပြီ၊ ကျုပ် ဘာ ကူညီပေးရမလဲဆိုတာ ပြောပါ'

'ရှင်ပျော်ပျော်အဘိုးအိုအကြောင်း ကျွန်မသိချင်ပါတယ်'

ကျင်းခုံးမျက်နှာ တည်ကြည်လေးနက်လာသည်။ ထိုင်ရာမှ ထကာ လက်နှစ်ဘက်နောက်ပစ်၍ အခန်းထဲဝယ် ခေါက်တုံ့ ခေါက်ပြန် လျှောက်လိုက်သည်။

နန်းကုန်းယန်က ဘာမှမပြောဘဲ ကြည့်နေသည်။

အတော်လေးကြာမှ ကျင်းခုံး ခြေလှမ်းရပ်ကာ....

'အင်း....ဒီကိစ္စဟာ အထူးလျှို့ဝှက်ထားတဲ့ ကိစ္စတစ်ခုပါပဲ' ပြောပြီး လက်ဝှေ့ယမ်းပြလိုက်သည်။

အခန်းထဲ၌ သူ၏ကိုယ်ရံတော်များ အလိုရှိရာ အသင့်ဆောင်ရွက်ပေးရန် စောင့်ဆိုင်းနေသူများ ချက်ချင်းပင် အခန်းတွင်းမှ ထွက်သွားကြလေသည်။

အားလုံးထွက်သွားပြီး နှစ်ယောက်တည်းသာ ကျန်တော့မှ ကျင်းခုံးက....

'ဆရာကြီးနန်းကုန်းစိမ်း အခုလို မကျန်းမမာဖြစ်နေတာဟာ တကယ်ဆိုရင် ရှင်ပျော်ပျော်အဘိုးအိုရဲ့ လက်ချက်ကြောင့်ပါပဲ'

'ရှင်'

နန်းကုန်းယန် ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။



ကျင်းခုံးအား နားမလည်နိုင်စွာကြည့်ကာ....

'ဖေဖေ အခုလိုဖြစ်ရတာ ရှင်ပျော်ပျော်အဘိုးအိုရဲ့ လက်ချက်ကြောင့် ဟုတ်လား'

ဟု မေးလိုက်သည်။

ကျင်းခုံး ခေါင်းညိတ်ကာ ရှင်းပြလိုက်လေသည်။

'ဟုတ်တယ်၊ သူ့ရဲ့လက်ချက်ကြောင့်ပါပဲ၊ ဆရာကြီး အိပ်ရာထဲမလဲခင် ခရီးထွက်ခဲ့သေးတာ မိန်းကလေး မှတ်မိဦးမလား'

'ဟုတ်ကဲ့ မှတ်မိပါတယ်ရှင်'

'အဲဒါ ရှင်ပျော်ပျော်အဘိုးအိုနဲ့သွားပြီး ရင်ဆိုင်ခဲ့တာပေါ့'

နန်းကုန်းယန် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ကျင်းခုံးက ဆက်ပြောလိုက်လေသည်။

'သူဟာ ရှင်ပျော်ပျော်အဘိုးအိုနဲ့ သွားပြီး ရင်ဆိုင်တဲ့အခါ ကျုပ်တို့ လေးယောက်လဲ အဖော်အဖြစ် လိုက်သွားခဲ့ကြပါသေးတယ်'

'ဦးတို့လေးယောက်ဆိုတာ ဘယ်သူတွေလဲဟင်'

'ကျုပ်ရယ်၊ သမားတော် ဂန့်ဟန်ရယ်၊ ရွှေကျားပျံ ဟုတ်အိမ်းရယ်၊ အနောက်[illegible]ပုံ့ရယ် လေးယောက်ပေါ့'

'ဦးတို့က ဖေဖေ ကိုကူညီဖို့ လိုက်သွားခဲ့ကြတာလား'

ကျင်းခုံး ခေါင်းညိတ်ပြလေသည်။

'ဟုတ်တယ်'

'ဦးတို့ မျက်စိရှေ့မှာတင် ဖေဖေ ဒဏ်ရာရခဲ့တယ်ပေါ့ ဟုတ်လား'

သူမ၏စကားသည် ကျင်းခုံးအား သွယ်ဝိုက်ပြီး အပြစ်တင်လိုက်ခြင်း ဖြစ်လေသည်။ ကျင်းခုံး ပြုံးလိုက်သည်။

'အမှန်ပြောရရင် ကျုပ်တို့လေးယောက်က မိန်းကလေးရဲ့ အဖေနဲ့ ပူးပေါင်းတိုက်ခိုက်ခဲ့မယ်ဆိုရင် ရှင်ပျော်ပျော်အဘိုးအို ဆိုတာ လောကမှာ ရှိမနေနိုင်တော့ပါဘူး'

နန်းကုန်းယန် မျက်မှောင်ကုတ်သွား၏။

ကျင်းခုံးကို စိုက်ကြည့်ရင်း....

'ဦးတို့က မတိုက်ခိုက်ခဲ့ကြဘူးလား၊ ဘာကြောင့်လဲ'

'မိန်းကလေးရဲ့အဖေက လက်မခံလို့ပါ'

'ရှင်....'

'ရှင်ပျော်ပျော်တောင်ကြားကို ရောက်တဲ့အချိန်မှာ မိန်းကလေးအဖေဟာ ဘယ်လိုစိတ်ကူးကောတား ပြောင်းလဲသွားတယ် မဆိုနိုင်ဘူး၊ တိုက်ပွဲဖြစ်ခဲ့ရင် ကျုပ်တို့ ဝင်မကူဘဲ လက်ပိုက်ကြည့်နေကြဖို့ ကတိတောင်းခဲ့တယ်၊ ဒါကြောင့် ကျုပ်တို့လဲ ဘာမှ မတတ်နိုင်ခဲ့ကြပါဘူး၊ ဒီထက်ပိုပြီး ထူးဆန်းတဲ့ အချက်တစ်ချက်ကတော့ မိန်းကလေးရဲ့အဖေဟာ ရှင်ပျော်ပျော်အဘိုးအိုနဲ့ ရင်းရင်းနှီးနှီး သိကျွမ်းနေတယ်ဆိုတဲ့ အချက်ပါပဲ'

နန်းကုန်းယန် စိတ်ဝင်စားလာလေသည်။

ကျင်းခုံးကို စိုက်ကြည့်ရင်း....

'ရှင်ပျော်ပျော်အဘိုးအိုဟာ စိတ်နေသဘောထား ထူးဆန်းတယ်၊ သိုင်းပညာတော်တယ်၊ သိုင်းလောက ထိပ်သီး သိုင်းသမားတွေကို လိုက်လံယှဉ်ပြိုင်ပြီး အနိုင်ယူတယ်၊ သူက ဖေဖေနဲ့ ဘယ်လိုသိကျွမ်းနေတာလဲ'



'သိကျွမ်းရုံတင်မကဘူး၊ သူတို့နှစ်ယောက်ဟာ တစ်ဆရာတည်းမှာ ပညာအတူသင်ခဲ့ကြတဲ့ ပညာသင်ဘက် ညီအစ်ကိုတွေ ဖြစ်ခဲ့ကြတယ်ဆိုတာ နောက်မှ ကျုပ်တို့ သိခဲ့ကြရတယ်လေ'

'ရှင်....'

နန်းကုန်းယန်မှာ ကြားရသော စကားများကို မယုံကြည်နိုင်အောင် ဖြစ်နေရလေတော့သည်။

သူမ၏ဖခင်နှင့် ရှင်ပျော်ပျော်အဘိုးအိုတို့မှာ ပညာသင်ဘက် ညီအစ်ကိုများ ဖြစ်နေသည်ဆိုသည့် အချက်ကို မည်သို့မျှ မယုံကြည်နိုင်ပါချေ။

ကျင်းခုံးကို ငေးကြည့်နေမိလေတော့သည်။

ကျင်းခုံးက ဆက်ပြောလိုက်သည်။

'ရှင်ပျော်ပျော်အဘိုးအို၊ ပန်းပေါင်းစုံနန်းတော် တောင်ကြားပိုင်ရှင် ချီအင်းရှန်းနဲ့ မိန်းကလေးရဲ့အဖေတို့ဟာ သိုင်းဆရာကြီးတစ်ယောက်ဆီမှာ ပညာအတူတူသင်ခဲ့ကြတယ်၊ ဒါပေမယ့် သူတို့သုံးယောက် မတည့်ကြဘူး၊ အထူးသဖြင့် ချီအင်းရှန်းနဲ့ ပတ်သက်ပြီး စိတ်သဘောထား ကွဲလွဲခဲ့ကြတယ်၊ ရန်သူတွေလို ဖြစ်ခဲ့ကြတယ်၊ ဒါတွေကို နောက်ပိုင်းမှာ မိန်းကလေး အဖေ ရှင်းပြလို့ ကျုပ် သိခဲ့ရတယ်'

ထိုစကားကြားလျှင် ဖခင်ပေးလိုက်သော စာအုပ်ကလေးကို သတိရလာလေသည်။ ထိုစာအုပ်ကလေး၌ အကျိုးအကြောင်း စုံလင်စွာ ရှင်းလင်းရေးသားထားလိမ့်မည်ဟု ယုံကြည်လာသည်။

ယခုချက်ချင်း ထုတ်ယူ ဖတ်ကြည့်လိုသော်လည်း ကျင်းခုံး ရှိနေခြင်းကြောင့် စိတ်ကို ချုပ်တည်းထားလိုက်ရ၏။

ကျင်းခုံးက မေးလိုက်သည်။

‘ဒီအကြောင်းတွေကို သူ ပြောပြခဲ့မယ်လို့ ကျုပ်ထင်နေတာ၊ သူက မိန်းကလေးကို ဘာမှ မပြောမပြခဲ့ဖူးလား’

နန်းကုန်းယန် ခေါင်းခါယမ်းလိုက်ပြီး....

‘မပြောပြခဲ့ပါဘူးရှင်၊ ကျွန်မစိတ်ထင် ကျွန်မသိဖို့ မလိုအပ်ဘူးလို့ ဖေဖေ ယူဆခဲ့တာကြောင့် မပြောဘဲနေတာ ဖြစ်နိုင်ပါတယ်’

ကျင်းခုံး သက်ပြင်းချလိုက်သည်။

‘အင်း.... ဒါဆိုရင်တော့ ကျုပ်လဲ မတတ်နိုင်ဘူးပေါ့လေ၊ ရှင်ပျော်ပျော်အဘိုးအို ကြောက်စရာကောင်းတာ မှန်ပေမယ့် သူလဲ မိန်းကလေးအဖေ လက်ချက်ကြောင့် ဒဏ်ရာရသွားတာ သေချာတယ်’

‘သူလဲ ဒဏ်ရာရသွားတယ် ဟုတ်လား’

‘ဟုတ်တယ်၊ တိုက်ပွဲပြီးသွားတော့ သူတို့နှစ်ယောက်စလုံး ဒဏ်ရာရခဲ့ကြတယ်၊ ဒါပေမယ့် သူ့ရဲ့ဒဏ်ရာဟာ မိန်းကလေး အဖေလောက်တော့ ပြင်းထန်မှာ မဟုတ်ဘူး၊ အဲဒီအချိန်မှာ ကျုပ်တို့ဝိုင်းပြီး တိုက်ခိုက်ချင်ပေမယ့် မိန်းကလေးအဖေက တားမြစ်ခဲ့လို့ လက်ပိုက်ကြည့်နေခဲ့ရတယ်လေ’

နန်းကုန်းယန် ငိုင်နေ၏။

ကျင်းခုံးက....

‘ဒါထက် မိန်းကလေး ဒီကိုလာခဲ့တာ ရှင်ပျော်ပျော်အဘိုးအို အကြောင်း စုံစမ်းချင်လို့လား’

‘ဟုတ်ပါတယ်ရှင်’



‘ဒါဖြင့် ဒီမှာ တစ်ရက်နှစ်ရက်လောက် နေပါဦးလို့ ကျုပ် ပြောချင်တယ်’

နန်းကုန်းယန် လက်မခံပါချေ။

ဦးခေါင်းခါယမ်းရင်း....

‘ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မ သွားစရာရှိသေးလို့ ခွင့်ပြုစေချင်ပါတယ်’

‘နေပါဦး မိန်းကလေး၊ ဘယ်ကိုသွားမှာလဲ’

‘ရွှေကျားပျံ ဟုတ်အိမ်းဆီကို သွားမယ်လို့ စိတ်ကူးထားပါတယ်ရှင်’

‘ဟား.... ဟား.... ဟား....’

ကျင်းခုံး သဘောကျစွာ ရယ်မောလိုက်လေသည်။

နန်းကုန်းယန် ကြောင်အမ်းအမ်းဖြစ်သွား၏။ ကျင်းခုံးအား နားမလည်နိုင်စွာ ကြည့်ကာ....

‘ဦး ဘာကို သဘောကျလို့လဲဟင်’

‘ဪ.... ရွှေကျားပျံ ဟုတ်အိမ်းဆီကို သွားနေစရာမလို တော့ပါဘူး’

‘ဘာဖြစ်လို့လဲ’

‘သူ မကြာခင် ဒီကို ရောက်လာမှာမို့ပါ’

‘ဟင်....’

နန်းကုန်းယန် အံ့သြသွားလေသည်။

‘ရွှေကျားပျံ ဟုတ်အိမ်း ဒီကို ရောက်လာမယ် ဟုတ်လား’

'ဟုတ်တယ်၊ သူ့တပည့်တစ်ယောက် မနေ့ကပဲ လာပြီး သတင်းပို့သွားတယ်၊ ဒီတော့ မိန်းကလေး အန္တရာယ်ရှင်း ဒီမှာပဲ သူ့ကို စောင့်နေတာ ကောင်းမယ်ထင်ပါတယ်'

နန်းကုန်းယန် ငိုင်သွား၏။

မည်သို့ဆိုစေ သူမ၏စကားနှင့်သူမ ငြင်းမရနိုင်အောင်ဖြစ်နေချေပြီ။ မတတ်သာသည့်နောက်ဆုံး....

'ကောင်းပါပြီရှင်၊ ကျွန်မ သည်မှာပဲစောင့်ပါမယ်၊ ကျွန်မအတွက် ဦးမှာ တာဝန်ပိုမှာကို စိုးရိမ်မိပါတယ်'

'အို....ကိုယ့်လူအချင်းချင်း ဒါတွေ ပြောစရာမလိုပါဘူး၊ ဘာမှ အားနာစရာ မလိုပါဘူး'

စကားဆုံးလျှင် လက်ခုတ်တစ်ချက် တီးလိုက်လေသည်။

လက်ခုပ်သံမဆုံးမီ အခန်းဝသို့ ကျူးဟန်ကောင်း ပြေးဝင်လာလေသည်။

'အမိန့်ရှိပါ ဂိုဏ်းချုပ်ကြီး'

ကျင်းခုံးက....

'ဟောသည်မိန်းကလေးအတွက် နေရာထိုင်ခင်း ပြင်ဆင်ပေးလိုက်ပါ၊ သူကသည်မှာ တစ်ရက်နှစ်ရက်လောက် နေလိမ့်မယ်၊ ဘာမှ လိုလေသေးမရှိအောင် ဧည့်ခံထားလိုက်ပါ'

ဟု အမိန့်ပေးလိုက်သည်။

ကျူးဟန်ကောင်း ဦးညွှတ်လိုက်သည်။

'ကောင်းပါပြီ ဂိုဏ်းချုပ်'

နန်းကုန်းယန်ဘက်သို့ လှည့်ကာ....

'ကျေးဇူးပြုပြီး ကျုပ်နောက်လိုက်ခဲ့ဗျာ'



ကျင်းခုံးက နန်းကုန်းယန်အား ပြုံးပြလိုက်သည်။

နန်းကုန်းယန် မည်သို့မျှ မတတ်နိုင်ပါတော့ချေ။ ထိုင်နေရာမှ ထကာ ကျူးဟန်ကောင်းနောက်သို့ လိုက်သွားရလေတော့သည်။

* * *

ကျင်းခုံး၏မျက်နှာ ပြုံးရွှင်နေ၏။

သူ၏ရှေ့၌ ဒူးထောက်နေကြသည့် လူယုံတော်များကိုကြည့်လိုက်လေသည်။

ပြီးလျှင်....

'ယန်ခိုက်'

ဟု ခေါ်လိုက်၏။

ခန္ဓာကိုယ်ထွားကျိုင်းသန်မာသူ တစ်ယောက် ဒူးထောက်နေသူများကြားမှ ချက်ချင်းထရပ်လာလေသည်။

ကျင်းခုံးအား ဂါရဝပြုရင်း....

'အမိန့်ရှိပါ ဂိုဏ်းချုပ်'

'ရွှေကျားပျံဟုတ်အိမ်းကို မင်းသိတယ် မဟုတ်လား'

'ဟုတ်ကဲ့ သိပါတယ်'

'သူ့ဆီကိုသွားပြီး ဟောသည်စာကို ပေးလိုက်ပါ'

ကျင်းခုံးက ပြောပြောဆိုဆို စာတစ်စောင် ထုတ်မေးလိုက်လေသည်။ ယန်းခိုက်က ရိုရိုသေသေ လက်နှစ်ဘက်ဖြင့် ယူလိုက်၏။

ကျင်းခုံး လက်ဝေ့ယမ်းပြကာ....

'အခုချက်ချင်းပဲ သွားပေတော့'

ဟု ပြောလိုက်သည်။

ယန်းခိုက်လည်း ဦးညွှတ်ကာ ချက်ချင်း ထွက်သွားလေသည်။

ယန်းခိုက် ထွက်သွားပြီးမှ ကျင်းခုံးက....

'တာဝမ်း'

ဟု ခေါ်လိုက်၏။

မျက်နှာတွင် ကျောက်ပေါက်ရာ အမာရွတ်များပြည့်နေသူ တစ်ယောက် ထရပ်လာလေသည်။

'အမိန့်ရှိပါ ဂိုက်းချုပ်'

'ရှင်ပျော်ပျော်တောင်ကြားအနီးတစ်ဝိုက်မှာ စောင့်ကြည့်နေသူတွေဆီက ဘာသတင်းကြားသလဲ'

တာဝမ်းဆိုသူက....

'ရှင်ပျော်ပျော်အဘိုးအိုဟာ လွန်ခဲ့တဲ့သုံးရက်ကပဲ တောင်ကြားထဲက ထွက်သွားပြီလို့ သတင်းရပါတယ်'

'ဘာကွ'

ကျင်းခုံး၏စကားသံ ဟိန်းထွက်လာလေရာ တာဝမ်းမျက်နှာပျက်သွားလေသည်။ ကျင်းခုံးက တာဝမ်းကိုစိုက်ကြည့်ရင်း....



'လွန်ခဲ့တဲ့သုံးရက်က သူ့ထွက်လာခဲ့ပြီ ဟုတ်လား'

'ဟုတ်ပါတယ် ဂိုက်းချုပ်'

'ဒါကို ဘာကြောင့် ချက်ချင်း သတင်းမပို့တာလဲ'

'မကြာသေးခင်က သတင်းရောက်လာတာပါ၊ သည်နေရာဟာ ရှင်ပျော်ပျော်တောင်ကြားနဲ့ မိုင်ပေါင်း နှစ်ရာကျော် ကွာဝေးပါတယ်၊ မြင်းနဲ့ သွားမယ်ဆိုရင်တောင် လေးငါးရက်လောက် သွားရပါလိမ့်မယ်၊ အခု စာပို့ခိုလွှတ်ပြီး သတင်းပို့တာ သုံးရက်လောက်တော့ ကြာနိုင်ပါတယ်ခင်ဗျာ'

တာဝမ်းမှာ အပြစ်ပေးခံရမည်ကို စိုးရိမ်ပြီး ကပျာကယာ ရှင်းပြလိုက်လေသည်။

ကျင်းခုံး မကျေမနပ်ဖြင့်....

'ဒါဆို တို့က သုံးရက်လောက်နောက်ကျပြီးမှ သိရမှာပေါ့ ဟုတ်လား'

တာဝမ်း ပါးစပ်ပိတ်သွားလိုက်လေသည်။

ကျင်းခုံး သက်ပြင်းချလိုက်၏။

'အင်း....ရှင်ပျော်ပျော်အဘိုးအို တောင်ကြားထဲက ထွက်လာပြီဆိုရင် သူ့ရှေ့ဖက်ရာ သက်သာ ပျောက်ကင်းသွားပြီပဲ ဖြစ်ရမယ်၊ ဒါထက် သူက ဘယ်ကိုဦးတည်သွားသလဲ'

တာဝမ်း ရုတ်တရက် အဖြေမပေးနိုင်ဘဲ ဖြစ်နေ၏။

ကျင်းခုံးက....

'ဟေ ....မေးနေတာ မကြားဘူးလား၊ သူက ဘယ်ကိုဦးတည်သွားသလဲ'

တာဝမ်း ထစ်ထစ်ငေါ့ငေါ့ဖြင့်....

'ကျွန်တော့် လူတွေ နောက်ယောင်ခံ လိုက်သွားကြပေမယ့် သူ့ကို မျက်ခြေပြတ်သွားကြပါတယ်၊ ဒါကြောင့် ဘယ်ကို သွားတယ်ဆိုတာ မသိရတော့ပါဘူး ခင်ဗျာ'

'တောက်'

ကျင်းခုံး၏တက်ခေါက်သံ ကျယ်လောင်စွာ ဟိန်းထွက်လာလေသည်။

တာဝမ်း ခေါင်းငုံ့ထားလိုက်၏။

ကျင်းခုံးက....

'တာဝမ်း'

'အမိန့်ရှိပါ ဂိုဏ်းချုပ်'

'မင်းလူတွေ ပေါ့လျော့တယ်မဟုတ်လား'

'မှန်....မှန်ပါတယ် ဂိုဏ်းချုပ်'

'ကောင်းပြီ၊ သူတို့ပေါ့လျော့တာ ဘယ်သူ့မှာ တာဝန်ရှိသလဲ'

'ကျွန်....ကျွန်တော့်မှာ တာဝန်ရှိပါတယ်'

တာဝမ်း၏ လေသံ တိမ်ဝင်နေလေသည်။

ကျင်းခုံးက....

'ကောင်းပြီ၊ မင်းမှာတာဝန်ရှိတယ်ဆိုတော့ အပြစ်ပေးရမှာပေါ့၊ သွား....အနောက်ဘက် အဆောင်မှာ ကျုပ်ကို စောင့်နေ'

တာဝမ်း သက်ပြင်းချလိုက်သည်။

ကျင်းခုံးအား ဦးညွှတ်ပြီး အခန်းတွင်းမှ ခေါင်းငိုက်စိုက်ချကာ ထွက်သွားလေသည်။



တာဝမ်း ထွက်သွားပြီးမှ ကျင်းခုံးက....

'ကျင်းထို'

ဟု ခေါ်လိုက်သည်။

ခန္ဓာကိုယ် ပိန်ပိန်ရှည်ရှည်ရှိသူတစ်ယောက် ထရပ်လာလေသည်။

ကျင်းခုံးက....

'ပန်းပေါင်းစုံ တောင်ကြားအခြေအနေ ဘယ်လိုရှိသလဲ'

ဟု မေးလိုက်၏။

ကျင်းထိုက ဦးညွှတ်ဂါရဝပြုရင်း....

'ရှင်ပျော်ပျော် အတိုးအို့ရဲ့တပည့် ချင်းသက်ထင်းနဲ့ လုထင်းတို့ ပန်းပေါင်းစုံတောင်ကြားကို ရောက်သွားကြပါတယ်'

'လက်စသပ်တော့ လုထင်း ပျောက်နေတာ ပန်းပေါင်းစုံ တောင်ကြား ရောက်နေတာကိုး၊ ကဲ....ဆက်ပြောစမ်းပါဦး'

'ပန်းပေါင်းစုံ တောင်ကြားပိုင်ရှင်နဲ့ ကိုယ်ရံတော် ယဉ်မင်းဝါးဟာ လုထင်းရဲ့မိဘတွေကို သတ်ပစ်ခဲ့သူပါ၊ ဒါကြောင့် လုထင်းနဲ့ ချင်းသက်ထင်းတို့က တိုက်ခိုက်ခဲ့ကြပါတယ်'

ကျင်းခုံး ပြုံးလိုက်သည်။

'ချင်းသက်ထင်းက ရှင်ပျော်ပျော် အတိုးအို ကျိုသန်းရဲ့ တပည့်ပဲ၊ သူနဲ့ ချိုအင်းရှန်းရဲ့လူနဲ့ ယှဉ်ပြိုင်ကြမယ် ဆိုရင် အတော်ကြည့်ကောင်းမှာပဲ၊ ချိုအင်းရှန်း လက်ချက်ကြောင့် ချင်းသက်ထင်းလဲ သေသွားပါတယ်'

'ဒါဖြင့် လုထင်းကော....'

'သူတော့ ထွက်ပြေးလွတ်မြောက်သွားပါတယ်'

ကျင်းခုံး မကျေမနပ် ဖြစ်သွားသည်။

'သူ လွတ်သွားတယ် ဟုတ်လား'

'ဟုတ်ပါတယ်'

'သူ ဘယ်ရောက်သွားပြီလဲ'

'သူက ထွက်ပြေးလာရင်း ခြေရာခံလိုက်နေတဲ့ ကျွန်တော်တို့ လူတွေနဲ့တွေ့ပြီး တိုက်ပွဲဖြစ်ခဲ့ပါတယ်'

ကျင်းခုံးက....

'သူ့ကို တို့လူတွေက ဖမ်းမိထားပြီပေါ့'

ကျင်းထုံ ခေါင်းရမ်းလိုက်သည်။

'သူ့ကိုမမိတဲ့အပြင် ကျွန်တော်တို့လူတွေ ဒဏ်ရာကိုယ်စီနဲ့ ရှုံးနိမ့်ထွက်ပြေးလာခဲ့ကြရပါတယ်'

'ဟော....'

ကျင်းခုံး ပါးစပ်အဟောင်းသားဖြစ်သွားသည်။

ကျင်းထုံအား မယုံကြည်နိုင်စွာ ကြည့်ရင်း....

'နေစမ်းပါဦး လုထင်းက သိုင်းပညာ မတတ်ဘူးမဟုတ်လား'

'မှန်ပါတယ်၊ ကျွန်တော်တို့အားလုံး လုထင်း သိုင်းပညာ မတတ်ဘူးလို့ဘဲ သိထားကြပါတယ်၊ ဒါပေမယ့် လုထင်းရဲ့ လက်ချက်ကြောင့် 'ကိုယ်ရံတော်ယို' မရှုမလှခံလိုက်ရပါတယ်'

'သူ ဘယ်ကဘယ်လို သိုင်းပညာတတ်လာလဲ'

ကျင်းခုံး ပါးစပ်ပိတ်ထားလိုက်လေသည်။

ထိုအချက်ကို သူလည်း သိလိုစိတ်ရှိပေသည်။ သူမသိသဖြင့် မည်သို့မျှ အဖြေမပေးနိုင်ဘဲ ဖြစ်နေလေတော့သည်။

ကျင်းခုံးက ကြမ်းပြင်ပေါ် ခြေဆောင့်လိုက်သည်။



'တောက်....တောင်ဖြူချောင်း အနောက်ဘက်ကလာတဲ့ လူပဲ၊ ဒီလောက်တော့ ရှိရမှာပေါ့၊ အခု သူ ဘယ်ရောက်သွားပြီလဲ'

'ချန်အန်းမြို့ကို ဦးတည်သွားနေပါတယ်'

ကျင်းခုံး မျက်မှောင်ကုတ်ကာ အတန်ကြာ စဉ်းစားလိုက်သည်။

ပြီးမှ....

'ကောင်းပြီ၊ မင်းကိုယ်တိုင် လိုက်သွားပြီး လုထင်းကို ဖမ်းခေါ်ခဲ့ရမယ်'

ဟု အမိန့်ပေးလိုက်သည်။

ကျင်းထုံ ဦးညွှတ်ဂါရဝပြုလိုက်သည်။

'စိတ်ချပါ ဂိုဏ်းချုပ်ကြီး သူ့ကိုမမိဘဲ ကျွန်တော့်မျက်နှာကို မမြင်စေရပါဘူးလို့ ကတိပေးပါတယ်'

ဟု ပြောလိုက်သည်။

ကျင်းခုံး သဘောကျသွားသည်။

ကျင်းထုံသည် လုထင်းအား ဖမ်းမမိလျှင် မိုးကြိုးလှ ဂိုဏ်းသို့ ပြန်လာတော့မည်မဟုတ်ကြောင်း ကတိပြုသွားခြင်းဖြစ်၏။

ကျင်းခုံး ဦးခေါင်းတဆတ်ဆတ်ညိတ်ရင်း....

'ကောင်းပြီ၊ လုထင်းကို ဖမ်းမိခဲ့ရင် မင်းအလိုရှိရာ ဆုချီးမြှင့်မယ် ဟုတ်ပြီလား'

'ကျေးဇူးတင်ပါတယ် ဂိုဏ်းချုပ်'

'ကဲ....သွားပေတော့'

ကျင်းထုံက ချက်ချင်း ထွက်သွားလေသည်။

ကျင်းခုံးက ကျန်နေသူများကို ကြည့်ကာ....

'မင်းတို့အားလုံး ကိုယ့်တာဝန်ကိုယ် ကျေပြွန်အောင်ထမ်းဆောင်ကြပါ၊ တာဝန် မကျေတဲ့သူ အပြစ်ပေး ခံရလိမ့်မယ်၊ တာဝန် ကျေတဲ့လူအတွက်တော့ ဆုချီးမြှင့်ဖို့ ကျုပ်က ဝန်မလေးဘူးဆိုတာ မှတ်ထား၊ကဲ....သွားကြပေတော့'

ဟု ပြောလိုက်၏။

သူ၏စကား ဆုံးလျှင် လူယုံတော်များ ပြိုင်တူ ဂါရဝပြုလိုက်ကြပြီး အခန်းတွင်းမှ ထွက်သွားကြလေသည်။

အားလုံး ထွက်သွားပြီးမှ လူတစ်ယောက် လှမ်းဝင်လာသည်။

ထိုလူမှာ ကျူးဟန်ကောင်းဖြစ်လေသည်။

• • •

ကျူးဟန်ကောင်းက ဂါရဝ ပြုလိုက်သည်။

ကျင်းခုံးက....

'အခြေအနေ ဘယ်လိုလဲ'

ဟုမေးလိုက်လေသည်။



ကျူးဟန်ကောင်းက....

'အနောက်ဆောင်မှာ နေရာချထား ပေးလိုက်ပါပြီ'

'ကောင်းတယ်'

'တာဝမ်းက အနောက်ဘက် အဆောင်ကို ရောက်လာပါတယ်၊ ဂိုဏ်းချုပ်ကြီး လွှတ်လိုက်တာလို့ ပြောပါတယ်'

'ဟုတ်ဘယ်....အနောက်ဘက် အဆောင်မှာ သူ့ကို အသုံးချစရာရှိလို့ လွှတ်လိုက်တာ၊ ဒါထက် သူ့ကို ဗင်းဘယ်လို သဘောရသလဲ'

'သူကသိပ်မဆိုးပါဘူး'

'အေး....နန်းကုန်း ကရော'

'သူကတော့ ကြောက်စရာကောင်းတာ သေချာပါတယ်'

'သူနဲ့ ပေါင်းရင် ဘယ်လိုနေမလဲ'

မမျှော်လင့်သော စကား ကြားလိုက်ရလျှင် ကျူးဟန်ကောင်းရုတ်တရက် မည်သို့ အဖြေပေးရမှန်း မသိ ဖြစ်သွားလေသည်။

ကျင်းခုံးက....

'ငါ့မေးတာဖြေစမ်းပါဦး'

ကျူးဟန်ကောင်း သက်ပြင်းချလိုက်သည်။

'စိတ်မဆိုးပါနဲ့ ဂိုဏ်းချုပ်ကြီး....ကျွန်တော် မဝေခွဲတတ်ပါဘူး'

'ဟား....ဟား....ဟား'

ကျင်းခုံး သဘောကျစွာ ရယ်မောလိုက်လေသည်။

ကျူးဟန်ကောင်း မလှုပ်မယှက် ရပ်နေ၏။ ပြောရာဆိုရာ၌ အနည်းငယ် မှားယွင်းတိမ်းစောင်း သွားသည်နှင့် ဒုက္ခရောက်နိုင်ကြောင်း နားလည်ထားလေသည်။

ကျင်းခုံးက အတန်ကြာရယ်မောပြီးမှ....

'သူကဒီကို တစ်ယောက်တည်း လာရဲတယ်ဆိုတာ မင်းတွေ့တယ်မဟုတ်လား'

ကျူးဟန်ကောင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့'

'ဒီနေရာဟာ ဘယ်သူ့နေရာလဲ'

'ဂိုဏ်းချုပ်ကြီးရဲ့ နေရာပါ'

'ကျုပ်နေရာမှန်းသိလျက် သူက မကြောက်မရွံ့ ဒီကို လာရဲတယ်ဆိုတော့ အဖြေကရှင်းနေတာပဲ'

'ဂိုဏ်း....ဂိုဏ်းချုပ်ကြီးက....'

ကျင်းခုံး သက်ပြင်း ချလိုက်ပြီး....

'သူ့ကိုကျုပ်ယှဉ်နိုင်မယ် မထင်ဘူး'

'ဖော....မဖြစ်နိုင်တာ'

'ဘာလဲ....ငါက သူ့ကို နိုင်မယ်လို့ မင်းထင်လို့လား'

'ဂိုဏ်း....ဂိုဏ်းချုပ်ကြီး'

ကျင်းခုံး ခေါင်းယမ်းလိုက်သည်။

'ငါသူ့ကို ဘယ်နည်းနဲ့မှ မနိုင်နိုင်ဘူး၊ အဲ့ဒါဘာကြောင့်လဲ မင်းသိသလား'

'သူ....သူက ဆရာကြီးနန်းကုန်းစိမ်းရဲ့ သမီး ဖြစ်နေလို့လား ခင်ဗျာ'



ကျင်းခုံးက....

'ဟုတ်တယ်....နန်းကုန်းစိမ်းကလဲ ရှင်ပျော်ပျော် အဘိုးအိုနဲ့ တစ်တန်းတည်း ရှိတယ်ဆိုတာ မင်းသိတယ်မဟုတ်လား'

'ဒါဖြင့်နန်းကုန်းယင်ဟာ အဖေ့ဆီကပညာ....'

သူ၏စကားမဆုံးမီ ကျင်းခုံး လက်ကာပြလိုက်သည်။

'သူ့အဖေက ပညာစုံအောင် သင်မပေးနိုင်ရင်တောင် သူ သေဆုံးကာနီးမှာ သိုင်းသုံးကွက် သိုင်းကျမ်း ပေးခဲ့မှာပဲ မဟုတ်လား'

'ကျွန်တော် နားလည်ပါပြီ၊ သိုင်းသုံးကွက် သိုင်းကျမ်းဟာ သူ့ဆီမှာရှိနေမှာပေါ့'

'ဟုတ်တယ်....ဒါထက် ကာဒ္ဒားတော် တန့်ဟန်ရဲ့ သတင်း ဘာကြားသေးသလဲ'

'ဘာမှမကြားပါဘူး'

ကျူးဟန်ကောင်း ပါးစပ် ပိတ်ထားလိုက်ရပြန်လေသည်။

ကျင်းခုံးက....

'သူကကျုပ်နဲ့ ပူးပေါင်းချင်ကယ်၊ သိုင်းကွက် သိုင်းကျမ်း ကိုလဲလိုချင်နေတယ်၊ ဘာပဲဖြစ်ဖြစ် တစ်ချိန်ကျရင် သူ့ကိုရှင်းပစ်ရမှာပဲ၊ ပြီးတော့ ချိကန်းကို တွေ့ရင်လဲ မျက်ခြည်မပြတ် စောင့်ကြည့်ထား၊ နန်းကုန်းစိမ်း သေသွားတာနဲ့ မင်းတို့ဦးဆုံး ရှင်းပစ်ရမယ့်လူဟာချိကန်းပဲ'

ကျူးဟန်ကောင်း ခေါင်းညိတ်လိုက်သည်။

'စိတ်ချပါဂိုဏ်းချုပ်....ချိကန်းအတွက် ကျွန်တော် တာဝန်ယူပါတယ်'

‘ကောင်းပြီ…နန်းကုန်းယာန်မှာ သိုင်းသုံးကွက် သိုင်းကျမ်း ပါလာတယ် ဆိုရင် တို့တာဝန်က သူ့ကို ဒီက ပြန်ထွက်မသွားနိုင်အောင် တားဆီးထားမှ ဖြစ်လိမ့်မယ်’

‘ကျွန်တော် ကြိုးစားပါ့မယ်’

ကျင်းခုံ လက်ကာပြလိုက်သည်။

‘ဒီအတွက် ငါ့မှာ အကြံရှိပါတယ်ကွာ၊ ငါကိုယ်တိုင်စီစဉ်မှာပါ၊ မင်း ဘာမှမပူပါနဲ့၊ ကဲ… ကဲ… အနောက်ဘက် အဆောင်ကို သွားကြရအောင်’

စကားဆုံးလျှင် ရှေ့မှ လှမ်းထွက်သွားလေသည်။

ကျူးဟန်ကောင်းလည်း နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားလေတော့သည်။

ဆုံးရှုံးမှု

---

ချန်အန်းမြို့။

ချန်အန်းမြို့သည် လွန်စွာ စည်ကားသိုက်မြိုက်သော မြို့ကြီးတစ်မြို့ ဖြစ်လေသည်။

ချန်အန်းမြို့၏ မင်းလမ်းမှ ဈေးတစ်ဘက်တစ်ချက်တွင် စားသောက်ဆိုင်များ၊ တည်းခိုခန်းများ၊ အထည်အလိပ်ရောင်းချသည့်ဆိုင်၊ အပေါင်ဆိုင်၊ အရက်ဆိုင်၊ အာမခံဌာန စသည် စသည် စုံလင်စွာ တည်ရှိနေပြီး လမ်းပေါ်၌ လှုပ်ရှားသွားလာနေသူများ များပန်းခတ် စည်ကားသိုက်မြိုက်နေ၏။

အထူးသဖြင့် ညနေဆည်းဆာအချိန်၌ အစည်ကားဆုံးအချိန်ဟု ဆိုရမည် ဖြစ်လေသည်။

လူအစည်ကားဆုံး အချိန်၌ လုထင်းနှင့် ဟန်ကျိန်းတို့ ချန်အန်းမြို့သို့ ရောက်ရှိလာခဲ့ကြလေသည်။

ချန်အန်းမြို့သို့ ရောက်သည်နှင့် ဟန်ကျိန်းက....

'သခင်လေး၊ ကျုပ်တို့ တည်းခိုခန်းတစ်ခန်းဝင်ပြီး အနားယူကြရအောင်'

ဟု ပြောလိုက်လေသည်။

ခရီးပမ်းလာခြင်းကြောင့်၊ လုထင်း ခေါင်းညိတ် သဘောတူလိုက်သည်။

သူတို့နှစ်ယောက် တည်းခိုခန်းတစ်ခုသို့ဝင်ကာ အခန်းနှစ်ခန်းငှားရမ်းလိုက်ကြလေသည်။

ထို့နောက် ညစာ မှာကြား စားသောက်လိုက်ကြ၏။

လုထင်းက အခန်းတွင်းသို့ ဝင်ကာ အနားယူနေချိန်ဝယ် ဟန်ကျိန်းက သတင်းစုံစမ်းရန် မြို့ထဲ ထွက်သွားလေသည်။

လုထင်းသည် မိုးကြိုးလု ဂိုဏ်းသားများနှင့် ကြုံတွေ့ခဲ့ရသည့် ရင်ဆိုင်တိုက်ပွဲ၌ မမျှော်လင့်ဘဲ သိုင်းပညာ အသုံးပြုခဲ့ပုံများကို ပြန်လည် မြင်ယောင်လာ၏။

ထို့ကြောင့် အခန်းတံခါးပိတ်လိုက်ပြီး သိုင်းပညာ စတင် လေ့ကျင့်လိုက်လေတော့သည်။

သူသည် ချင်းသက်ထင်း ပေးလိုက်သည့် စာအုပ်ထဲမှ သိုင်းကွက်များကို သေသေချာချာ ဖတ်ရှုလေ့လာ မှတ်သားပြီးမှ လက်တွေ့ လေ့ကျင့်လိုက်ခြင်း ဖြစ်လေသည်။

အတန်ကြာ လေ့လာဖတ်ရှုပြီးလျှင် ပထမတစ်ကြိမ်ကထက် ပို၍ နားလည်သဘောပေါက်လာသည်။



သိုင်းကွက်များ တစ်ကွက်နှင့်တစ်ကွက် ဆက်စပ်နေပုံကိုလည်း နားလည်လာ၏။

ထို့ကြောင့် ပြင်းပြင်းထန်ထန် ကြိုးစား လေ့ကျင့်လိုက်ရာ သိုင်းကွက် ခုနစ်ဆယ်နှစ်ကွက် ရှိသော်လည်း တစ်ကွက်နှင့်တစ်ကွက် ဆက်စပ်ကာ အသုံးပြုလိုက်သောအခါ အလွန် ထူးခြားသည့် သိုင်းကွက်တစ်ကွက် ဖြစ်ပေါ်လာသည်ကို ကောင်းစွာ နားလည် သဘောပေါက်သွားလေတော့သည်။

လုထင်း ဝမ်းသာအားရဖြစ်ကာ ပြင်းပြင်းထန်ထန် လေ့ကျင့်လိုက်၏။ အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

လုထင်း လေ့ကျင့်မှုကို ရပ်လိုက်ချိန်ဝယ်....

'ဒေါက်.... ဒေါက်'

တံခါးခေါက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လုထင်း အံ့ဩသွားသည်။

'ညကြီးအချိန်မတော် ဘယ်သူများပါလိမ့်'

တွေးရင်း တံခါးအနီးသို့ လျှောက်သွားကာ မေးလိုက်လေသည်။

'ဘယ်သူလဲ'

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်....

'သခင်လေး.... ကျုပ်ပါ၊ တံခါးဖွင့်ပါဦး'

ဟန်ကျိန်း၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လုထင်းက ချက်ချင်းပင် တံခါးဖွင့်ပေးလိုက်လေသည်။

တံခါးပွင့်သွားလျှင် ဟန်ကျိန်း ရပ်နေသည်ကို တွေ့မြင်ရလေသည်။ ဟန်ကျိန်းက အတွင်းဘက်သို့ ခပ်သွက်သွက် ဝင်လာ၏။ လုထင်းက တံခါးပြန်ပိတ်ထားလိုက်သည်။

ဟန်ကျိန်း၏ အမူအရာ သုတ်သီးသုတ်ပျာ နိုင်လှခြင်းကြောင့် အံ့သြနေမိလေသည်။

ဟန်ကျိန်းကို ကြည့်ရင်း....

'ဦးလေး၊ ဘယ်လိုဖြစ်လာတာလဲ'

ဟု မေးလိုက်လေသည်။

ဟန်ကျိန်းက အသံတိုးတိုးဖြင့်....

'သခင်လေး၊ ကျုပ် မြို့ထဲသွားပြီး သတင်း စုံစမ်းခဲ့တာ ဆရာကြီးဝမ်းတုရဲ့သတင်း ကြားခဲ့ရပါတယ်'

'ဟုတ်လား၊ ဦးလေးဝမ်းတု ဘယ်မှာလဲ'

လုထင်း စိတ်ဝင်စားသွားပြီး မေးလေသည်။

ဟန်ကျိန်းက....

'ဆရာကြီးကို မြို့စားဂေဟာမှာ ချုပ်နှောင်ထားပါတယ်'

'မြို့စားဂေဟာ ဟုတ်လား'

'ဟုတ်ပါတယ်'

'မြို့စားဂေဟာ ဘယ်မှာလဲ၊ ဦးလေး သိလား'

'သိတယ်၊ မြို့လည်မှာ မြို့စားဂေဟာရဲ့ အခြေအနေ သွားကြည့်နေလို့ ကျုပ် နောက်ကျသွားတာပါ၊ အစောင့်အရှောက်တွေ ရှိပေမယ့် အချုပ်ဆောင်မှာတော့ အစောင့် ဒီလောက်မများဘူး၊ ဆရာကြီးကို ကယ်တင်မယ့်လူ မရှိသလောက် ဖြစ်နေပြီ၊ တောင်ဖြူချောင်း အနောက်ဘက်ကမ်းကလူတွေ သေသူ



သေ၊ အဖမ်းခံရသူခံရ၊ ထွက်ပြေးသူ ထွက်ပြေးကုန်ကြပြီမို့ ဆရာကြီးကို ဘယ်သူမှ အရေးစိုက်တော့မှာ မဟုတ်ဘူးဆိုပြီး ဖေါ့ပေါ့တန်တန် သဘောထားကြတယ်လေ၊ ဒါ ကျုပ်တို့ကံကောင်းတာပေါ့'

လုထင်း ဝမ်းသာသွားသည်။

'ကောင်းပြီလေ၊ ကျွန်တော်တို့ ဦးလေးဝမ်းတုကို သွားပြီး ကယ်တင်ကြမယ်'

'သခင်လေး၊ ဆိုင်ထဲက ဖြောင့်ကျကျ ထွက်သွားလို့တော့ မကောင်းဘူး'

'ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ'

'ဘယ်သူမှမသိအောင် ဆိုင်အနောက်ဘက်က ထွက်သွားကြရင် ပိုကောင်းမယ်'

'ဦးလေး သဘောပဲလေ'

ဟန်ကျိန်းက ပြတင်းပေါက်တံခါး သွားဖွင့်လိုက်သည်။ တစ်ဖန် ခေါင်းပြူ၍ အပြင်ဘက်ကြည့်လိုက်လေသည်။ အပြင်ဘက်၌ မသဲမကွဲ လရောင် ကျရောက်နေသော်လည်း အမှောင်ထုစိုးမိုးသည့်နေရာက များပြားလှသည်။

ဟန်ကျိန်း ကျေနပ်သွားသည်။

လုထင်းဘက်လှည့်ကာ လက်ယပ်ခေါ်ရင်း....

'သခင်လေး ကျုပ်တို့သွားရအောင်'

ပြောပြီး ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက် ခုန်ထွက်လိုက်သည်။

လုထင်းလည်း ကပျာကယာ ပြေးလိုက်သွားသည်။

ပြတင်းပေါက်မှကျော်ကာ ခုန်ထွက်လိုက်ရင်း....

'ဖြတ်'

မြေပေါ်သို့ ဖုတ်ခနဲကျသွားသည်။

'သခင်လေး ကျုပ်နောက်လိုက်ခဲ့'

ဟန်ကျိန်းက ရှေ့မှ လမ်းပြခေါ်ဆောင်သွား၏။

လုထင်း နောက်မှ ပြေးလွှားလိုက်ပါသွားလေတော့သည်။

* * *

'တုံ....တုံ....'

အဝေးမှ အုန်းမောင်းခေါက်သံများ ထွက်ပေါ်လာသည်။

ချမ်းအုန်းမြို့ တစ်မြို့လုံးကား အိပ်မောကျနေပြီ ဖြစ်လေ၏။

လမ်းပေါ်၌ လူသွားလူလာ ကင်းရှင်းနေသည်။

လေလွင့်ခွေး တစ်ကောင်တလေပင် မတွေ့မမြင်ရပေ။

စည်ကား သိုက်မြိုက်ခဲ့သောမြို့ကြီးမှာ တစပြင်သုသာန်တစ်ခုအလား ချောက်ခြားဖွယ်ကောင်းအောင် တိတ်ဆိတ် ငြိမ်သက်နေလေတော့သည်။

'ဝူး....ဝူး....ဝူး'

အဝေးမှ ခွေးအူသံများ ဆွဲဆွဲငင်ငင် ထွက်ပေါ်လာ၏။



လုထင်း ကြက်သီးမွေးညှင်း ထသွားသည်။

မလှမ်းမကမ်း၌ ရှိနေသည့်ဟန်ကျိန်းကို လှမ်းကြည့်မိလိုက်လေသည်။ ဟန်ကျိန်းကား အုတ်တံတိုင်းကာရံထားသော ခြံဝင်းဆီသို့ မျက်တောင်မခတ် ကြည့်နေပါ၏။

အတော်လေးကြာမှ....

'သခင်လေး ကျုပ်တို့သွားကြစို့၊ မကြာခင် သူတို့ ကင်းလဲတော့မယ်၊ အစောင့်ချင်း တာဝန်လဲတဲ့အချိန် အသွားအလာ ရှုပ်ထွေးသွားချိန်မှာ ကျုပ်တို့ဝင်သွားရင် ဘယ်သူမှ သတိထားမိကြမှာ မဟုတ်ဘူး'

ဟု ဟန်ကျိန်းပြောလာသည်။

လုထင်း ခေါင်းညိတ်လိုက်၏။ သိုင်းလောက၌ သိုင်းလောကသားအဖြစ် ပထမဦးဆုံး ကြုံတွေ့ရမည့်အတွေ့အကြုံ ဖြစ်လေရာ လုထင်း ရင်ခုန်နေမိသည်။

'ကဲ....သွားကြစို့'

ဟန်ကျိန်းက အုတ်နံရံပေါ် ခုန်တက်လိုက်သည်။ လုထင်းလည်း ခုန်တက်လိုက်သည်။

အုတ်နံရံပေါ်ရောက်လျှင် ခြံဝင်းအတွင်း၌ ကြီးမားခန့်ညားသော အဆောက်အအုံကြီးတစ်ခု ရှိနေသည်ကို တွေ့ရ၏။

အဆောက်အအုံကြီး၌ မီးရောင်များ ထိန်ထိန်လင်းအောင် ထွက်ပေါ်နေပြီး အစောင့်အကြပ်များ စောင့်ကြပ်နေသည်ကို တွေ့မြင်လိုက်ရသည်။

'သခင်လေး သတိထားပါ၊ ခြံဝင်းထဲဝင်မယ်'

ပြောပြီး ဟန်ကျိန်းက အတွင်းဘက် ခုန်ဆင်းလိုက်၏။

လုထင်းလည်း နောက်မှလိုက်သွားလေသည်။

သူတို့နှစ်ယောက် ပန်းဥယျာဉ်အတွင်းရှိ ပန်းပင်များကြား၌ တိုးဝင်ပုန်းကွယ် နေလိုက်ကြသည်။

ဟန်ကျိန်းပြောသလို အစောင့်များ တစ်ဝန်းချိန်ရဲလှည့် နေကြလည်ကို မြင်တွေ့ရလေသည်။

ဟန်ကျိန်းက....

'အဆောက်အအုံနောက်မှာ အချုပ်ဆောင် ရှိပါတယ်၊ အဲဒီမှာ ဆရာကြီးဝမ်းတုကို ချုပ်နှောင်ထားပါတယ်၊ ကျုပ်တို့ အနောက်ဘက်ရောက်အောင် သွားကြမယ့်လမ်းမှာ ဟန့်တား လာသူတွေရင် တိုက်ခိုက်ရမှာပဲ၊ ဒါပေမယ့် အတတ်နိုင်ဆုံး ရှောင်ကွင်းရပါလိမ့်မယ်'

'စိတ်ချပါ'

'ကဲ....သွားကြရအောင်၊ သတိထား၊ အသံမထွက်စေနဲ့'

ဟန်ကျိန်းက ရှေ့ဆုံးမှ လှမ်းထွက်သွားလေသည်။

လုထင်းက နောက်မှ လိုက်သွားသည်။

သူတို့နှစ်ယောက် သစ်ပင်ပန်းရုံများကို အကာအကွယ်ယူ ကာ အဆောက်အအုံကြီးအနီးသို့ချဉ်းကပ်သွားကြ၏။

အစောင့်များကား တစ်ဝန်းပြီးဆုံးသူနှင့်တစ်ဝန်းထမ်းဆောင် မည့်သူ နေရာချင်း လူချင်း လဲနေကြသည်ဖြစ်ရာ ရယ်ရယ် မောမော စကားပြောဆိုရင်း ပတ်ဝန်းကျင်ကို သတိမပြုမိဘဲ ဖြစ်နေကြလေသည်။

ဤသည်ကို အခွင့်ကောင်းယူကာ ဟန်ကျိန်းနှင့်လုထင်းတို့ အဆောက်အအုံသို့ ရောက်သည့်တိုင် ချဉ်းကပ်နိုင်ခဲ့လေသည်။



အဆောက်အအုံအနီးသို့ ရောက်လျှင်....

'သခင်လေး သည်မှာနေခဲ့ဦး၊ ကျုပ် သွားကြည့်လိုက်ဦး မယ်'

ဟန်ကျိန်းက အဆောက်အအုံကိုပတ်ကာ အနောက်ဘက် ထွက်သွားလေသည်။

လုထင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။ ဟန်ကျိန်း နောက်သို့ လိုက်သွားလျှင် ကောင်းနိုး၊ လိုက်မသွားဘဲနေလျှင် ကောင်းနိုး တွေဝေနေ၏။

ဟန်ကျိန်းက နေခဲ့ရန် ပြောခြင်းကြောင့် မတက်သာဘဲ အမှောင်ရိပ်ထဲ တိုးဝင်ပုန်းကွယ်ကာ နေရစ်ခဲ့လေသည်။

ဟန်ကျိန်းသည်လည်း အဆောက်အအုံ အနောက်ဘက်သို့ ကွေ့ပတ် ပြေးဝင်သွားပြီး မြင်ကွင်းမှ ကွယ်ပျောက်သွား ၏။

လုထင်း ရင်ထဲ တထိတ်ထိတ် ခုန်လာသည်။

'ငါ့ကို တစ်ယောက်ယောက် တွေ့သွားရင် ကျိန်းသေ ဒုက္ခ ရောက်တော့မှာပဲ'

တွေးပြီး ထိတ်လန့်လာသည်။

ထိုစဉ် အစောင့်နှစ်ယောက်မှာ သူ့အား မတွေ့မမြင်ဘဲ ဖြတ်ကျော် သွားကြ၏။ ထိုလူများသည် အဆောက်အအုံ အနောက်ဘက်သို့ သွားကြခြင်း ဖြစ်လေသည်။

'ဟင်....ဦးလေးဟန်ကျိန်းကို တွေ့သွားတော့မှာပဲ'

တွေးယင်း ဟန်ကျိန်းအတွက် စိုးရိမ်ပူပန်လာလေသည်။

ထိုအခိုက်မှာပင် အမှောင်ရိပ်ထဲမှ ဟန်ကျိန်း ပြန်လည် ပြေးလွှားလာနေသည်ကို တွေ့လိုက်ရ၏။

ဤအတိုင်းဆိုလျှင် အစောင့်နှစ်ယောက်နှင့် ဟန်ကျိန်း မျက်နှာချင်းဆိုင် တိုးမိကြမည် ဖြစ်သည်။

လုထင်း မနေနိုင်ပါတော့ချေ။

ပုန်းကွယ်ရာမှ ခုန်ထွက်ကာ အစောင့်နှစ်ယောက်နောက်သို့ ပြေးလိုက်သွား၏။ ရုတ်တရက် ထွက်ပေါ်လာသည့် ခြေသံကြောင့် အစောင့်နှစ်ယောက် နောက်လှည့်ကြည့်လိုက်၏။

ပြေးလာသည့် လုထင်းကိုမြင်လျှင် အံ့သြသွားကြပြီး....

'မင်းဘယ်သူ'

သူတို့စကားဆုံးအောင် မပြောလိုက်ရပါချေ။

လုထင်းက လက်သီးတစ်လုံး လျှပ်တစ်ပြက် ပစ်သွင်းလိုက်ရာ....

'ဝုန်း'

'အင့်....'

အစောင့်နှစ်ယောက် ပက်လက်လန် လဲကျသွားကြလေသည်။

မြေပေါ်ရောက်လျှင် မလှုပ်မရှားနိုင်တော့ဘဲ သတိလစ်မေ့မျောသွားကြလေတော့သည်။

ထိုအချိန်တွင် ဟန်ကျိန်းလည်း ရောက်လာပြီဖြစ်သည်။

ဟန်ကျိန်းက....

'တော်သေးတာပေါ့၊ သခင်လေး လက်ဦးသွားလို့၊ နို့မဟုတ်ရင် ကျုပ်တို့ ရောက်လာတာ သိကုန်ကြတော့မှာဘဲ'



ဟု ပြောလေသည်။

လုထင်းက....

'ဦးလေး ဝမ်းတုကို တွေ့သလား'

ဟု မေးလိုက်၏။

ဟန်ကျိန်း ခေါင်းညိတ်လိုက်သည်။

'တွေ့တယ်'

'သူ ဘယ်မှာလဲ'

'ကျုပ်နောက် လိုက်ခဲ့ပါ'

ဟန်ကျိန်းက အဆောက်အအုံအနောက်ဘက်သို့ ပြန်လည်ပြေးသွား၏။ လုထင်း နောက်မှ လိုက်သွားသည်။

မကြာပါချေ။

ကြီးမားသော အဆောက်အအုံ အနောက်ဘက်တွင် မီးရောင် ထိန်ထိန်လင်းနေသည့် အဆောက်အအုံငယ်တစ်ခု ရှိနေသည်ကို တွေ့မြင်လိုက်ရ၏။

လုထင်းရင်ထဲ လှုပ်ရှားလာသည်။

သူ့အတွက် တစ်ဦးတည်းသော အမျိုးဖြစ်သည့် ဦးလေး ဝမ်းတုအား တွေ့ရတော့မည် ဖြစ်သည်။

လုထင်းမှာ ဝမ်းတုအား မရမနေ ကယ်တင်မည်ဟု ခိုင်မာစွာ ဆုံးဖြတ်လိုက်၏။

* *

အဆောက်အအုံမှာ လေးဘက်လေးတန် အုတ်နံရံများ ကာရံထားသော အဆောက်အအုံတစ်ခု ဖြစ်သည်။

အဆောက်အအုံ၏ ပြတင်းပေါက်များမှာ တံခါးရွက်မရှိဘဲ သံတိုင်များ ကာရံထားသည်ကို တွေ့ရ၏။

အဆောက်အအုံအတွင်းသို့ဝင်ရန် တံခါးပေါက် ဘယ်ခုသာ ရှိပြီး တံခါးဝ၌ အစောင့်နှစ်ယောက် စောင့်ကြပ်နေသည်ကို တွေ့ရ၏။

လုထင်းနှင့် ဟန်ကျိုန်းတို့က အဆောက်အအုံ ထောင့် အမှောင်ရိပ်ထဲ၌ ပုန်းအောင်းရင်း အခြေအနေ အကဲခတ်ကြည့်လိုက်၏။

ဟန်ကျိုန်းက....

'အစောင့်တွေကို မတိုက်ခိုက်ဘဲနဲ့တော့ ဘယ်လိုမှ ဝင်လို့ရမှာမဟုတ်ဘူး အခင်လေး'

လုထင်း ခေါင်းညိတ်လိုက်သည်။

ဟန်ကျိုန်းက....

'သူတို့ကို ကျုပ်တာဝန်ယူနိုင်ပါတယ်၊ သခင်လေး ဒီမှာ စောင့်နေပါ'

ပြောပြီး ရှေ့သို့ ပြေးထွက်သွားရန် ဟန်ပြင်လိုက်၏။

ထိုစဉ်....

အစောင့်များထံမှ စကားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

တစ်ယောက်က....



'ဟေ့....ငါ အရင်အိပ်မယ်၊ အုန်းမောင်း လေးချက်တီး အချိန် ငါ့ကိုနှိုး၊ ဟုတ်ပြီလား'

ဟု ပြောလိုက်ရာ ကျန်တစ်ယောက်က....

'ကောင်းပြီ၊ မင်းအလှည့်ပြီးရင် ငါ့အလှည့်ပဲ၊ ငါက မိုးလင်းတဲ့အထိ အိပ်မယ်၊ ကင်းမှူးလာမှ ငါ့ကိုနှိုး'

'စိတ်ချ၊ ငါအိပ်တော့မယ်'

စကားဆုံးလျှင် အစောင့်တစ်ယောက်က အဆောက်အအုံ အတွင်းဘက် ဝင်သွားလေသည်။

အစောင့်တစ်ယောက်တည်း ကျန်ရစ်ခဲ့သဖြင့် ပို၍အဆင် ပြေသွားသည် ဆိုနိုင်၏။

ဟန်ကျိုန်းက ရှေ့သို့ လှစ်ခနဲ ပြေးထွက်သွား၏။

အစောင့်မှာ ဟန်ကျိုန်း ချဉ်းကပ်လာသည်ကို မသိလိုက်ပါချေ။

ဟန်ကျိုန်း၏ လက်ဝါးစောင်း သူ၏ လည်ကုတ်ပေါ်သို့ ကျရောက်သွားလျှင်....

'ဒုတ်'

'အင့်'

မသဲမကွဲညည်းညူရင်း မြေပေါ်လဲကျသွားသည်။

ဟန်ကျိုန်းက လုထင်းကို လက်ယပ်ခေါ်လိုက်သည်။

လုထင်း ပြေးသွား၏။

သူတို့နှစ်ယောက်တံခါးပေါက်ကိုဖြတ်ကျော်ကာ အဆောက် အအုံ အတွင်းဘက်သို့ ဝင်သွားကြ၏။

အဆောက်အအုံ အတွင်းဝယ် သံတိုင်များကာရံထားသည့် အခန်းများ ရှိနေ၏။

အစောင့်သည် အခန်းရှေ့ရှိ ကုလားထိုင်တစ်လုံး၌ထိုင်ကာ ငိုက်မျဉ်းနေသည်ကို တွေ့ရ၏။

လုထင်းနှင့် ဟန်ကျိန်းတို့ ပြေးဝင်လာသည့် ခြေသံကြားလျှင် သူ၏အဖော် ဝင်လာသည် ထင်မှတ်ကာ....

'ဟေ့....ဘာဖြစ်လို့လဲကွ'

ဟု မေးရင်း မျက်လုံးဖွင့်လိုက်၏။

ထိုအခါမှ လုထင်းနှင့် ဟန်ကျိန်းတို့အား တွေ့မြင်သွားသည်။

အစောင့် ကြောင်အမ်းအမ်း ဖြစ်သွား၏။

ထိုစဉ်မှာပင် ဟန်ကျိန်းက လျှပ်တပြက် ချဉ်းကပ်သွားပြီး လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်လေသည်။

'ဒုတ်'

'အင့်'

အစောင့်အသံ မသဲမကွဲ ညည်းညူရင်း သတိလစ်မေ့မျော သွားလေတော့သည်။

အစောင့်နှစ်ယောက်စလုံး ရှင်းပြီးပြီဖြစ်သည်။

လုထင်းက မီးအိမ်မှမီးစာကို မြှင့်တင်လိုက်၏။

အခန်းတွင်း၌ လင်းလင်းချင်းချင်း ဖြစ်လာသည်။ သံတိုင်များ ကာရံထားသည့် အခန်းတွင်း၌ လူတစ်ယောက် ရှိနေပါ၏။



ထိုလူမှာ ဒန္ဒာကိုယ်ပိန်လှီ ချုံးကျနေသည့်အဘိုးအို တစ်ယောက် ဖြစ်လေသည်။

လုထင်းရင်ထဲ ဆို့နင့်သွား၏။

'ဦးလေးဝမ်းတု'

ဟု ခေါ်လိုက်သည်။

ထိုလူ ခေါင်းမော့ကြည့်လာသည်။

လုထင်းကိုမြင်လျှင် မယုံကြည်နိုင်ဘဲ....

'မင်း....မင်း၊ လုထင်း'

'ဟုတ်ပါတယ်ဦးလေး၊ ကျွန်တော် ဦးလေးကို လာကယ်တာပါ၊ ဦးလေးဟန်ကျိန်းလဲပါလာပါတယ်'

ဟန်ကျိန်းက အခန်းတံခါးကို ဖွင့်ပေးလိုက်၏။

မကြာပါချေ၊ ဝမ်းတု အပြင်ဘက်ရောက်ရှိလာလေသည်။

ဝမ်းတု အားရပါးရ ပြုံးလိုက်သည်။

'ငါ့တူ မင်းက ဘယ်ဆိုးလို့တုန်း'

လုထင်းအား ချီးကျူးမ[illegible]း ပြောလိုက်လေသည်။

လုထင်းက....

'ဦးလေး၊ ကျွန်တော်တို့ သည်က မြန်မြန် ထွက်သွားကြရအောင်'

ဟု ပြောလေသည်။

ဝမ်းတု လက်ကာပြလိုက်ပြီး....

'နေဦး၊ မြို့စားကြီး လုံးကျင်းချန်းကို သွားပြီး သုံးမလိုက်ဦးမယ်'

'ဟာ....မဖြစ်ဘူးထင်တယ်၊ တော်ကြာ အစောင့်တွေသိသွားရင် ဒုက္ခရောက်နေပါဦးမယ်'

လုထင်းက တားဆီးလိုက်လေသည်။

ဝမ်းတုက....

'ငါ့ကိုဖမ်းပြီး အကျဉ်းချထားတာ ငါက ကျေနပ်မယ်ထင်သလား၊ သူ့ကို ရှင်းပစ်မယ်ကွ'

သူ၏စကားဆုံး ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

လုထင်းနှင့် ဟန်ကျိန်းတို့ ရင်ထိတ်သွားကြ၏။ အစောင့်အကြပ်များ ကြားသိသွားလျှင် သုံးယောက်စလုံး ဒုက္ခရောက်နိုင်သည်ဟု နားလည်ထားလေသည်။

ဟန်ကျိန်းက....

'ဆရာကြီးဝမ်းတု သူ့ကို ကျွန်တော် ဖမ်းခေါ်လာပါ့မယ်၊ ဆရာကြီး သွားနင့်ပါ'

ဟုကြားဝင်ပြောလိုက်လေသည်။

ဝမ်းတု မကျေမနပ်ဖြစ်သွားပြီး....

'ဘာလဲ၊ ငါက သူ့ကို မယှဉ်နိုင်ဘူး ထင်လို့လား'

စကားဆုံးလျှင် လက်ဝါးနှစ်ဘက် ဆန့်ထုတ် လိုက်လေသည်။

'ဝုန်း'

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာပြီး အဆောက်အအုံ တံခါးမှာ ကျိုးပဲ့ ပျက်စီး သွားလေတော့သည်။



လုထင်းနှင့် ဟန်ကျိန်းတို့ မျက်လုံးပြူးသွားကြသည်။

ဝမ်းတုက....

'သူတို့က ငါ့ကိုဖမ်းပြီး ချုပ်နှောင်ထားပေမယ့် ငါကအတ်ရာတွေ ပျောက်ကင်းသွားအောင် ကုသနိုင်ခဲ့သလို သိုင်းပညာ တိုးတက်အောင် လေ့ကျင့်နိုင်ခဲ့တယ်ဆိုတာ သူတို့မသိဘဲ'

လုထင်းနှင့်ဟန်ကျိန်းတို့ မည်သို့ပြောရမှန်းမသိ ဖြစ်နေကြလေသည်။

ဝမ်းတုက....

'ဘာမှမပူနဲ့၊ ငါ့နောက်လိုက်ခဲ့ကြ'

အောင်ပြောပြီး ပြေးထွက်သွားလေသည်။

လုထင်းနှင့်ဟန်ကျိန်းတို့ မတတ်နိုင်တော့ဘဲ နောက်မှလိုက်သွားကြ၏။

အပြင်ဘက်ရောက်သည်နှင့် အစောင့်အကြပ်များသည် မီးတုတ်များ ကိုင်ကာ ပြေးလွှားလာနေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

လုထင်း ရင်ထိတ်သွားပြီး....

'ဒုက္ခပဲ'

ဟု ညည်းညူလိုက်လေသည်။

ဟန်ကျိန်းက....

'သခင်လေး သတိထား'

ပြောရင်း လုထင်းရှေ့၌ အကာအကွယ် ပေးထားလိုက်လေသည်။

ဝမ်းတုက ဝမ်းခေါင်းသံကြီးဖြင့်....

'လုံးကျင်းချန်း၊ သတ္တိရှိရင် ထွက်လာခဲ့စမ်း'

ဟု အောင်ပြောလိုက်လေသည်။

အစောင့်အကြပ်များက သူတို့အား ဝိုင်းရံထားလိုက်ကြပြီ ဖြစ်လေသည်။

ဝမ်းတုက....

'သွားစမ်း'

အောင်ကေါက်ရင်း လက်ဝါးနှစ်ဘက် ဆန့်ထုတ်လိုက်သည်။

'ဝှန်း'

'အား'

'အမလေး'

စူးရှသော အော်ဟစ်သံများ ဆက်တိုက် ထွက်ပေါ်လာ အစောင့်အကြပ်များ အတုန်းအရုန်းလဲကျကုန်၏။

'ဟား....ဟား....ဟား'

ဝမ်းတု သဘောကျစွာ ရယ်မောလိုက်လေသည်။

အစောင့်အကြပ်များသည် ဝမ်းတု လွတ်မြောက်လာသည်ကို မြင်လျှင် လက်နက်ကိုယ်စီ စွဲကိုင်ကာ ညာသံပေးရင်း တိုက်ခိုက်လိုက်ကြလေသည်။

ဝမ်းတုကလည်း ပြန်လည်တိုက်ခိုက်လိုက်၏။

ဝမ်းတုတစ်ယောက်တည်း အစောင့်အကြပ်များနှင့် ယှဉ်ပြိုင် တိုက်ခိုက်နေသည်ကိုမြင်လျှင် ဟန်ကျိန်း မနေနိုင်တော့ပါချေ။

'သခင်လေး ဒီမှာနေခဲ့ပါ၊ ကျုပ်က ဆရာကြီးဝမ်းတုကို သွားပြီး ကူညီလိုက်ပါဦးမယ်'



ပြောပြီး ပြေးလွှားသွားလေသည်။

သူတို့နှစ်ယောက် တက်ညီလက်ညီ တိုက်ခိုက်လိုက်ကြလျှင် စူးရှသောအော်ဟစ်သံများ ဆက်တိုက် ထွက်ပေါ်လာလေ၏။

အစောင့်အကြပ်များ တစ်ယောက်ပြီးတစ်ယောက် မြေပေါ် လဲကျကုန်လေတော့သည်။

အစောင့်အကြပ်များ ဆက်ပြီး မတိုက်ဝံ့ကြပါတော့ချေ။ နောက်သို့ဆုတ်သွားကြပြီး ခပ်လှမ်းလှမ်းမှ ဝိုင်းရံထားလိုက်ကြသည်။

ဝမ်းတု သဘောကျစွာ ရယ်မောလိုက်ပြီး....

'လုံးကျင်းချန်း မင်းထွက်မလာသေးဘူးလား၊ မင်းလူတွေက ဘာမှမတတ်နိုင်ပါဘူးကွာ၊ မင်းထွက်မလာရင် မှိုစားဂေဟာကို ငါမီးရှို့ပစ်လိုက်မယ်'

ပြောပြောဆိုဆို အစောင့်တစ်ယောက်အား လက်ဝါးဖြင့် ရိုက်ချပြီး မီးတုတ်လုယူလိုက်သည်။

ပြီးလျှင် သူ့အားချုပ်နှောင်ထားခဲ့သည့် အဆောက်အအုံ ခေါင်မိုးပေါ်သို့ ပစ်တင်လိုက်လေသည်။

အဆောက်အအုံ ခေါင်မိုးမှာ ချက်ချင်း မီးစွဲလောင်သွားလေတော့သည်။

အစောင့်အကြပ်များ ကျယ်လောင်စွာညာသံပေးရင်း ရှေ့တိုးလာသည်။

ဝမ်းတုနှင့် ဟန်ကျိန်းတို့က တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်သည်။

ထိုစဉ်....

'အားလုံး ရပ်လိုက်ကြစမ်း'

ဟန့်တားသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အစောင့်အကြပ်များ ချက်ချင်း နောက်ဆုတ်သွားကြ၏။

ဝမ်းတုက ဟန့်တားသံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်၏။

ထိုအခါ လူတစ်ယောက် လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူမှာ မြို့စားကြီး လုံးကျင်းချန်း ဖြစ်လေသည်။

မြို့စားကြီး လုံးကျင်းချန်းထွက်လာသည်ကို မြင်လျှင် ဝမ်းတုသည်အားကျစွာ ရယ်မောလိုက်လေသည်။

'ဟား...ဟား...ဟား'

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေ၏။

လုံးကျင်းချန်းက ...

'ဝမ်းတု မင်း ပြေးလို့လွတ်မယ် ထင်သလား'

ပြောပြီး ရှေ့တိုးလာသည်။

ဝမ်းတု ပြုံးလိုက်သည်။

'ကျုပ် ထွက်ပြေးမယ်ဆိုရင် လွတ်သွားတာကြာပြီ၊ ခင်ဗျားကို ဆုံမချင်လို့ တမင်မပြေးဘဲနေတာယ်ဆိုတာ မှတ်ထားစမ်းပါ'

'ကောင်းပြီ၊ မင်းဘယ်လောက် တတ်နိုင်သလဲဆိုတာ ကြည့်ကြသေးတာပေါ့'

'ဟား...ဟား...ဟား...ကျုပ်ကလဲ စမ်းကြည့်ချင်ပါတယ်'

သူတို့နှစ်ယောက် မျက်နှာချင်း ဆိုင်လိုက်ကြသည်။



လုံးကျင်းချန်းက အသက်ပြင်းပြင်း ရှူရှိုက်လိုက်လေသ၏။

ပြီးလျှင်...

'ယား'

ညာသံပေးကာ စတင်တိုက်ခိုက်လေသည်။

ဝမ်းတု မဲ့ပြုံးပြုံးကာ ပြန်လည် တိုက်ခိုက်လိုက်လေ၏။

သူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်မိသည်နှင့်...

'ဒုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

နှစ်ယောက်စလုံး နောက်သို့ ပြိုင်တူ ဆုတ်လိုက်ကြရလေ၏။

ဝမ်းတု မျက်နှာပျက်သွားသည်။

လုံးကျင်းချန်းအား အနိုင်ရမည်ဟု ယုံကြည်ထားလေ၏။

သို့သော် လွယ်လွယ်ကူကူ အနိုင်မရရှိနိုင်ကြောင်း သက်တွေ့သိရှိလိုက်ရလျှင် စိတ်ပျက်သွားလေသည်။

လုံးကျင်းချန်းက....

'မင်းအဆိုးဘူး၊ဒါပေမယ့် ကျုပ်ကို အနိုင်လိုချင်ရင် နောက်ထပ် သယ်နှစ်လောက် ကြိုးစားလိုက်ပါဦး'

ဟု ခနဲ့လိုက်သေးသည်။

ဝမ်းတု ဒေါသူသွားသည်။

'ကိုယ့်ကိုကိုယ် ဒီလောက်လဲ အထင်ကြီးမနေစမ်းပါနဲ့ဗျာ၊ ကျုပ်ရဲ့တိုက်ကွက်ကို ကြည့်စမ်းပါဦး'

စကားဆုံးလျှင် ခြေလက်များ အသုံးပြုကာ တရကြမ်း တိုက်ခိုက်လိုက်သည်။

ယခုတစ်ကြိမ် ဝမ်းတု၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ် ကောင်းအောင် ပြင်းထန်နေတော့သည်။

မြို့စားကြီး လုံကျင်းချန်းကလည်း ပြင်းပြင်းထန်ထန် ပြန်လည် တိုက်ခိုက်လိုက်၏။

ဟန်ကျိုန်း ရင်ထိတ်သွား၏။

'ဒုက္ခပဲ၊ ဒီအတိုင်းဆိုရင် ဆရာကြီးဝမ်းတု ဒုက္ခရောက်တော့မှာပဲ၊ ငါဝင်ကူညီမှဖြစ်မယ်'

ထိုသို့တွေးပြီး မြေပေါ် ခြေဆောင့်ခုန်လိုက်၏။

လေထဲကျွမ်းပစ်လိုက်ပြီး မြို့စားကြီး လုံကျင်းချန်းအား တိုက်ခိုက်လိုက်၏။

လုံကျင်းချန်းမှာ နောက်ကျောဘက်မှ လေတိုးသံထွက်ပေါ်လာသည်ကို ကြားရလျှင် မျက်နှာပျက်သွားသည်။

သူ့အား အလစ်ဝင် တိုက်ခိုက်လာပြီဖြစ်ကြောင်း ရိပ်မိသွားပြီး ချက်ချင်း နောက်လှည့်ကာ လက်ဝါးဖြင့် ရိုက်ထုတ်လိုက်သည်။

ဟန်ကျိုန်းအား တိုက်ခိုက်လိုက်ခြင်းကြောင့် ဝမ်းတုအတွက် အခွင့်အရေး ရသွား၏။

ဝမ်းတု တိုက်ခိုက်လာသောအခါ လုံကျင်းချန်းမှာ ခုခံရန် နောက်ကျနေပြီ ဖြစ်သည်။

သူ၏လက်ဝါးသည် ဟန်ကျိုန်းအား တန်းတန်းမတ်မတ် ရိုက်ချမိလိုက်သလို ဝမ်းတု၏ တိုက်ခိုက်မှုမှာလည်း သူ့အား ထိမှန်သွားတော့၏။

'ဝုန်း'



'အား'

စူးရှသော အော်ဟစ်သံများ ဆက်တိုက် ထွက်ပေါ်လာသည်။

ဟန်ကျိုန်း၏ ခန္ဓာကိုယ် အဝေးသို့ လွင့်စင်သွားပြီး မြေပေါ် ဝုန်းခနဲ ပြုတ်ကျသွား၏။

မြေပေါ်ရောက်လျှင် ချက်ချင်း ခုန်ထလိုက်၏။

သို့သော် မဟန်နိုင်ဘဲ လဲကျသွား၏။

မြေပေါ်၌ တစ်ချက်နှစ်ချက် လူးလွန့်လှုပ်ရှားပြီးနောက် ငြိမ်ကျသွား၏။

'ဦးလေးဟန်ကျိုန်း'

လုထင်း အထိတ်တလန့် အော်ဟစ်ကာ ပြေးလွှားသွားပြီး ပွေ့ထူလိုက်၏။

ဟန်ကျိုန်း၏ နှုတ်ခမ်းထောင့်မှ သွေးများယိုစီးကျနေပါသည်။

ဟန်ကျိုန်းကား လုံကျင်းချန်းလက်ချက်ကြောင့် သေဆုံးသွားပြီ ဖြစ်သည်။

ဟန်ကျိုန်း သေဆုံးသွားရခြင်းကြောင့် လုံကျင်းချန်းအပေါ် အပြစ်မမြင်မိပါချေ။

ဝမ်းတုကိုသာ ဒေါသဖြစ်မိသည်။

ဝမ်းတုက လုပ်ချင်ရာလျှောက်လုပ်ခဲ့ခြင်းကြောင့် ဟန်ကျိုန်း သေဆုံးသွားရခြင်း ဖြစ်သည်ဟု နားလည်ထားသည်။

လုထင်း အံတင်းတင်းကြိတ်ကာ ဝမ်းတုကို လှမ်းကြည့်လိုက်၏။

ဝမ်းတုသဘောကျစွာ ပြုံးနေ၏။

ဟန်ကျိုန်း ကြားဝင်ကူညီခဲ့သဖြင့် သူက မြို့စားကြီး လုံကျင်းချန်အား အနိုင်တိုက်ခိုက်နိုင်ခဲ့ပြီ မဟုတ်ပါလား။

လုံကျင်းချန်းမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားပြီး ချောင်းတဟွတ်ဟွတ် ဆိုးနေလေသည်။

ချောင်းဆိုးရင်း သွေးများ ဝေါခနဲ အန်ထုတ်လိုက်သည်။

အစောင့်အကြပ်များသည် သူ့အား အတင်းဆွဲ ဝိုင်းရံ ကာကွယ်ထားလိုက်ကြ၏။

ဝမ်းတုက....

'ဟား...ဟား...ဟား...ခင်ဗျား ဘာ တက်နိုင်သေးသလဲ၊ ကျုပ်နဲ့ ယှဉ်ပြိုင်ချင်သေးသလား'

ဟု မေးလိုက်၏။

လုံကျင်းချန်း ဒေါသချောင်းချောင်း ထွက်သွားသည်။

'လူယုတ်မာ၊ မင်းလိုလူဆိုးမားပြဟာ ဘယ်တော့မှ အသက်ရှည်ရှည် မနေရဘူးဆိုတာ မှတ်ထားပါ'

'ဘယ်သူက အသက်ရှည်ရှည်မနေရမှာလဲ၊ ခင်ဗျားလား၊ ကျုပ်လား'

မြို့စားကြီး လုံကျင်းချန်းက ကိုယ်ရံတော်များအား သော ဖယ်ခိုင်းလိုက်သည်။

ဝမ်းတုနှင့်ယှဉ်ပြိုင်ရန် ရှေ့သို့ လှမ်းထွက်လာ၏။

သူ၏ခြေလှမ်းများ ဒယီးဒယိုင် ဖြစ်နေ၏။

ယှဉ်ပြိုင်တိုက်ခိုက်မည် ဆိုသော်လည်း ကိုယ့်ကိုယ်ကို မထိန်းနိုင်ပါချေ။



ရှေ့သို့လှမ်းထွက်လာစဉ် ဝမ်းတုက လှစ်ခနဲ ခုန်ဝင်သွားပြီး ခြေထောက်ဖြင့် ကန်ကျောက်လိုက်၏။

'ဝုန်း....'

မြို့စားကြီး လုံကျင်းချန်း အုန်နောက်ဆက် လွင့်စဉ်သွား၏။

ယခုတစ်ကြိမ် သူပြန်မထနိုင်ပါတော့ချေ။

ဝမ်းတု သဘောကျစွာ ရယ်မောလိုက်၏။

မလှမ်းမကမ်းရှိ လုထင်းအား လှမ်းကြည့်လိုက်ပြီး....

'လုထင်းလာဟေ့၊ တို့သွားကြမယ်'

ပြောလိုက်ပြီး လှမ်းထွက်သွားလေသည်။

သူက လုံးကျင်းချန်းအား သုတ်သင်ခဲ့ပြီဖြစ်၍ ထွက်သွားနိုင်ပြီဖြစ်သည်။ သို့သော် လုထင်းကား ထွက်မသွားနိုင်ပါချေ။

အကြောင်းကား ဟန်ကျိုန်း သေဆုံးသွားခဲ့သည် မဟုတ်ပါလား....

လုထင်း၏ မျက်လုံးများ နီရဲနေလေသည်။ ဟန်ကျိုန်း၏ အလောင်းကို မွေ့ပိုက်ထားရင်း ဝမ်းတုကို လှမ်းကြည့်နေ၏။

ဝမ်းတုက....

'တို့သွားကြမယ်လေ'

ဟု လှမ်းပြောလိုက်၏။

လုထင်း အံကြိတ်ကာ....

'သူ သေသွားပြီဗျ'

ဟန်ကျိုန်းအား ညွှန်ပြရင်း ပြောလိုက်သည်။

ဝမ်းတုု ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်လေ၊ ငါသည်ကကြည့်ရုံနဲ့သိတယ်၊ သူကိုထားခဲ့၊ ငါတို့သွားကြမယ်'

'ဦးလေး၊ သူသေသွားတာဟာ'

'အချိန်မရှိဘူး....မင်းပြောစရာရှိရင် နောက်မှပြော၊ အခုတော့ သည်က ထွက်သွားဖို့ အရေးကြီးတယ်'

လုထင်း မဲ့ပြုံး ပြုံးလိုက်သည်။

'ဦးလေး အချုပ်အနှောင်ထဲက လွတ်လွတ်ခြင်း အခုလိုထွက်သွားမယ်ဆိုရင် ဦးလေးဟန်ကျိန်း အခုလို သေသွားစရာ အကြောင်း မရှိဘူး'

ဟု လှမ်းပြောလိုက်၏။

လုထင်း မကျေမနပ်ဖြစ်နေသည်ကို ဝမ်းတုု ကောင်းစွာနားလည်သွားလေသည်။

'လက်စသတ်တော့ မင်းကငါ့ကို မကျေမနပ် ဖြစ်နေတာကိုး၊ အာပဲဖြစ်ဖြစ် မင်းနေချင်ရင် နေခဲ့ပေတော့၊ ငါသွားတော့မယ်'

စကားဆုံးလျှင် ခပ်သွက်သွက် ပြေးထွက်သွားလေသည်။

အစောင့်အကြပ်များသည် လုံးကျင်းချွန်းပင် ရင်မဆိုင်နိုင်သည်ကို တွေ့ရသဖြင့် ယန့်တားခြင်း မပြုဝံ့ကြပါတော့ချေ။

လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသော်လည်း ဘေးသို့ ရှိသွားကြ၏။

ဝမ်းတုုက ခပ်သွက်သွက် လှမ်းထွက်သွားလေသည်။



ဝမ်းတုု ထွက်သွားသည်နှင့် အစောင့်အကြပ်များမှာ လုထင်းဘက် မြွှားဦးလှည့်လာကြလေတော့သည်။

လုထင်းက ဟန်ကျိန်း၏အလောင်းကို ပခုံးပေါ် ထမ်းလိုက်သည်။

ထို့နောက် ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုအခါ အစောင့်အကြပ်များက....

'မလွတ်စေနဲ့ဟေ့'

'ဟေ့....ဘာလုပ်နေတာလဲ၊ ဝိုင်းပြီး တိုက်ခိုက်ကြပါတော့လား'

'သည်ကောင်ကို သတ်ပစ်'

တစ်ယောက်တစ်ပေါက် အော်ပြောရင်း လက်နက်ကိုယ်စီဖြင့် ဝိုင်း၍ တိုက်ခိုက်လိုက်ကြလေသည်။

လုထင်း ဒေါပွသွားသည်။

'ခင်ဗျားတို့ကို တကယ်တမ်း ဒုက္ခပေးတဲ့လူကိုတော့ တယ်သူမှ မတိုက်ခိုက်ဝံ့ခဲ့ကြဘူး၊ ဘာမှမလုပ်တဲ့ ကျုပ်ကိုတော့ဝိုင်းပြီး တိုက်ခိုက်ချင်ကြတယ်ပေါ့၊ ကောင်းပြီ'

စကားဆုံးလျှင် လက်ဆန့်တန်းထုတ်ကာ ပြန်လည်တိုက်ခိုက်လိုက်၏။

သူက ဒေါပွပွဖြင့် တရကြမ်း တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

သူ ပြန်လည်တိုက်ခိုက်လိုက်သည်နှင့်....

'ဝုန်း'

'အား'

'အမလေး'

စူးရှသော အော်ဟစ်သံများ ဆက်တိုက်ထွက်ပေါ်လာလေသည်။ အစောင့်အကြပ်များ ဖရိုဖရဲဖြင့် နောက်ဆုတ်သွားကြရ၏။

လုထင်း၏ ပြင်းထန်သော တိုက်ခိုက်မှုကြောင့် မည်သူမျှ အနားမကပ်ဝံ့ကြပါတော့ချေ။

လုထင်းက ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့ပေ၊'

ဟန်ကျိုန်း၏အလောင်းကို ထမ်းပိုးကာ ခပ်သွက်သွက် လှမ်းထွက်သွားလေတော့သည်။

* * *

မြို့ပြင်သင်းချိုင်း။

မြို့ပြင်သင်းချိုင်းသို့ လုထင်း ရောက်ရှိလာသောအခါ မိုးစင်စင်သင်းသွားပြီ ဖြစ်လေသည်။

လုထင်းက ဟန်ကျိုန်း၏ လောင်းကို မြေပေါ် ချလိုက်သည်။ သူ့ကိုယ်တစ်ကိုယ်လုံး ချွေးများ စိုရွှဲနေ၏။

သို့သော် သူက မောရမှန်း ပန်းရမှန်း မသိပါချေ။



ဝမ်းတုအား ဒေါသဖြစ်မိခြင်းကြောင့် မောပန်းနွမ်းနယ်မှုများကိုပင် မေ့လျော့နေခြင်း ဖြစ်ပေတော့သည်။

ဝမ်းတုသည် တစ်ကိုယ်ကောင်းဆန်လွန်းလှသည်။

သူတို့ လာရောက်ကယ်တင်ခဲ့သော်လည်း သူတို့အား ဥပေက္ခာပြုသွားခဲ့၏။ သူတို့အား အရေးမစိုက်ဘဲ စိတ်ထင်ရာလုပ်ခဲ့သည်။

ဝမ်းတုကဲ့သို့ ရက်စက်ကြမ်းကြုတ်သူများကြောင့် သူ့ကိုလည်း လူဆိုးဓားပြတစ်ယောက်အဖြစ် အများက သတ်မှတ်စွပ်စွဲကြခြင်းဖြစ်သည်ဟုလည်း ဆင်ခြင်မိလေသည်။

မည်သို့ဆိုစေ။ သူက လူကောင်းတစ်ယောက် ဖြစ်လိုသည်။

မည်သူ့ကိုမျှ ဒုက္ခမပေးလိုပါ။

သူ့အား ဒုက္ခပေးလာသည်ကိုလည်း လက်မခံနိုင်ပါ။

ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကြောင့် ထိပ်တန်းသိုင်းပညာများ လိုအပ်သည်ဟု တဖြည်းဖြည်း နားလည် သဘောပေါက်လာသည်။ လက်ခံယုံကြည်လာခဲ့လေသည်။

သိုင်းပညာ လေ့ကျင့်မည်ဆိုလျှင် ချင်းသက်ထင်း ပေးခဲ့သော စာအုပ်ထဲမှ သိုင်းကွက်များကို သတိရလာပြန်သည်။

ဤတွင် မရှင်းမလင်းဖြစ်နေသည့် အချက်များနှင့် လက်ရှိအခြေအနေ နှိုင်းယှဉ်ကာ နားလည် သဘောပေါက်လာသလိုဖြစ်လာ၏။

ချင်းသက်ထင်းနှင့် တွေ့ဆုံခဲ့စဉ်က သင်းချိုင်းမြေ၌ပင် ဖြစ်လေသည်။

ချင်းသက်ထင်းသည် ထူးဆန်းစွာ သေဆုံးဖြီးသူများနှင့် သိုင်းပညာ လေ့ကျင့်ခဲ့သည်ကို တွေ့ရ၏။

လုထင်းရင်ထဲ လှုပ်ရှားလာသည်။

မြေပေါ်၌ရှိနေသော ဟန်ကျိုန်း၏ အလောင်းကို အမှတ်မထင် ငုံ့ကြည့်မိ၏။

ဟန်ကျိုန်းမှာ လူဆိုးဓားပြဆိုသော်လည်း သေသည်အထိ သစ္စာရှိသွားသူ မဟုတ်ပါလား။

လုထင်း အံကြိတ်လိုက်သည်။

'ငါ သိုင်းပညာ ထပ်ပြီး လေ့ကျင့်မယ်'

သူက ချင်းသက်ထင်းကဲ့သို့ သေဆုံးပြီးသွားသူများနှင့် သိုင်းပညာလေ့ကျင့်ရန် ဆုံးဖြတ်လိုက်၏။

ထိုစဉ် သင်းချိုင်းမြေထဲသို့ လူတစ်ယောက် ဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။ လုထင်း ခေါင်းမော့ကြည့်လိုက်၏။

'ဟင်.... ဦးလေး ဝမ်းတု'

မှန်ပေသည်။ လှမ်းဝင်လာသူမှာ ဝမ်းတု ဖြစ်လေသည်။

ဝမ်းတုကိုမြင်လျှင် လုထင်းမျက်နှာ တင်းမာသွား၏။

ဝမ်းတု သဘောကျစွာ ပြုံးလိုက်လေသည်။

လုထင်းကို ကြည့်ရင်း....

'လုထင်း၊ မင်း ဒီမှာ ဘာလုပ်နေတာလဲ၊ မင်းရဲ့ ညီအစ်ကို တွေရယ်၊ မင်းအမေရယ် အားလုံး သေကုန်ပြီ မဟုတ်လား၊ ဒါကြောင့် ဘာမှ ရှည်ရှည်ဝေးဝေးစဉ်းစားမနေနဲ့၊ ငါ့နောက်သာ လိုက်ခဲ့ပေတော့၊ ငါ့မှာ မိတ်ဆွေကောင်း တစ်ယောက်



ရှိတယ်၊ သူနဲ့ ပူးပေါင်းလိုက်ရင် တို့တစ်တွေ ပြန်ပြီး လက်မထောင်လာနိုင်မှာပဲ'

ဟု ပြောလာလေသည်။

လုထင်း ပြုံးလိုက်သည်။

'သိုင်းလောကမှာ လက်မထောင်လာနိုင်မယ် ဟုတ်လား'

'ဟုတ်တယ်၊ ငါ့မိတ်ဆွေရဲ့ သိုင်းပညာ အဆင့်မနိမ့်ဘူး၊ သူနဲ့ ပေါင်းပြီး မင်းရဲ့အမေနဲ့ညီမတွေကို လုပ်ကြံသွားတဲ့ လူဆိုးတွေကို သုတ်သင် ရှင်းလင်းပစ်ရမယ်'

လုထင်း ခေါင်းယမ်းလိုက်သည်။

'မလိုတော့ပါဘူး ဦးလေး'

'ဘာကွ....'

'ကျွန်တော် သူတို့ကို ရှင်းပစ်လိုက်ပါပြီ'

'ဟေ.... မင်းဘာပြောတယ်၊ သူတို့ကို ရှင်းပစ်လိုက်ပြီ ဟုတ်လား'

'ဟုတ်တယ်'

'မင်း ရူးနေသလား၊ မေတ္တာခြံဝင်းကလူတွေ ကြောက်စရာကောင်းတယ်ဆိုတာ မင်းမသိဘူးလား'

'ကျွန်တော်သိပါတယ်၊ မေတ္တာခြံဝင်းပိုင်ရှင် ရှမ်းလုဟာ မေမေ့ လက်ချက်ကြောင့် သေဆုံးသွားပါတယ်၊ သူ့ရဲ့ ဇနီးယဉ်မင်းဝါးကိုတော့ အစ်ကိုကြီး ချင်းသက်ထင်းက သုတ်သင်ရှင်းလင်းပစ်လိုက်ပါပြီ'

'ဘယ်က ချင်းသက်ထင်းလဲ'

'ရှင်ပျော်ပျော်အတိုးအို့ရဲ့ တပည့်ပါ'

'ဟေ....'

ဝမ်းတု မျက်လုံးပြူးသွားလေသည်။

ရှင်ပျော်ပျော်အဘိုးအို၏ အမည်မှာ သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားနေသည် မဟုတ်ပါလား။

လုထင်းအား မယုံကြည်နိုင်စွာ ကြည့်လိုက်၏။

လုထင်းက....

'အစ်ကိုချင်းသက်ထင်းက ကျွန်တော့်ကို သိုင်းပညာ သင်ပေးခဲ့တာပါ'

'ဩော်.... ဒါကြောင့် မင်းက မခေတဲ့ဖြစ်နေတာကိုး၊ သိပ်ကောင်းတာပေါ့ကွာ၊ တို့တစ်တွေ တောင်ဖြူချောင်းအနောက်ဘက်ကို ပြန်သွားကြမယ်၊ ဒီတစ်ခါတော့ ဘယ်သူမှ တောင်ဖြူချောင်းအနောက်ဘက်ကို ကူညီ ဒုက္ခမပေးရဲအောင် လုပ်ကြရမယ်'

လုထင်း ခေါင်းယမ်းလိုက်သည်။

. . .

'ကျွန်တော် မပြန်တော့ဘူး ဦးလေး'

'ဟေ.... ဘာဖြစ်လို့လဲ'



'ကျွန်တော် အိမ်မပြန်တော့ဘူး၊ လူဆိုးဓားပြလို့လဲ အပြောမခံနိုင်ဘူး'

'ဟား.... ဟား.... ဟား'

ဝမ်းတု သဘောကျစွာ ရယ်မောလိုက်လေသည်။

လုထင်းက သူ့အား မျက်မှောင်ကုတ်ကာ ကြည့်နေလေ၏။

ဝမ်းတု အတန်ကြာ ရယ်မောပြီးမှ....

'မင်း တယ်ခက်ပါလား၊ ငါတို့ဟာ လူဆိုး ဓားပြတွေပဲ မဟုတ်လား၊ ဒီတော့ လူဆိုးဓားပြလို့ ပြောတာ ဘာနာစရာရှိသလဲ၊ သူတို့ ပြောချင်ရာ ပြောကြစမ်းပါစေ၊ အရေးကြီးတာက ကိုယ်လုပ်ချင်ရာ လုပ်နိုင်ဖို့ပဲ'

'ကျွန်တော် မလုပ်နိုင်ဘူး'

'လုထင်း....'

လုထင်း အံ့ကြိတ်ထားလိုက်လေသည်။

ဝမ်းတုက....

'မင်းအမေဟာ သံမဏိယပ်တောင် ဝမ်းလျှံဆိုပြီး သိုင်းလောကမှာ ကျော်ကြားခဲ့တယ်၊ မင်းက ဝမ်းလျှံရဲ့ သားပဲ၊ ဝမ်းလျှံက ဓားပြဆိုတော့ မင်းလဲ ဓားပြပဲဖြစ်ရမှာပေါ့'

'ကျွန်တော် ဘယ်တော့မှ ဓားပြဖြစ်မှာ မဟုတ်ဘူး'

'လုထင်း'

လုထင်း လက်ကာပြလိုက်သည်။

'ဦးလေး သွားပါတော့'

'ဘာကွ'

လုထင်း ပါးစပ်ပိတ်ထားလိုက်၏။

ဝမ်းတုံ ဒေါသထွက်လာ၏။

လုထင်းအား စိုက်ကြည့်လိုက်လျှင် သူ့အားမကြည့်ဘဲ မျက်နှာ လွှဲထားလိုက်သည်ကို တွေ့ရ၏။

ဝမ်းတု မဲ့ပြုံးပြုံးကာ....

'မင်းကို ငါ နောက်ဆုံးမေးမယ်၊ ငါနဲ့လိုက်မလား မလိုက်ဘူးလား'

'မလိုက်ဘူး'

'ကောင်းပြီ'

ဝမ်းတုက ရှေ့သို့ လျှပ်တပြက်တိုးကာ လုထင်း၏လက်ကို ဖမ်းဆွဲလိုက်သည်။

• • •

အမှတ်မထင် လုထင်းက လက်တစ်ဘက် ဝေ့ယမ်းကာ တိုက်ခိုက်လိုက်၏။

သူက တိုက်ခိုက်ရန် ရည်ရွယ်သည်မဟုတ်ပါချေ။

သူ့အား တိုက်ခိုက်လာသည် ထင်မှတ်ကာ ခုခံတိုက်ခိုက်ခြင်း ဖြစ်၏။

ထိုသို့ ပြန်လည်တိုက်ခိုက်လိုက်သည်နှင့်....



'ဂွန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာ၏။

ဝမ်းတုမှာ အနောက်ဘက်သို့ လွင့်စင်သွားရလေတော့သည်။

'ဦးလေး'

လုထင်း လွှတ်ခနဲ ခေါ်လိုက်မိ၏။

ဝမ်းတုက မြေပေါ်မှ ခုန်ထလာသည်။

သူ၏မျက်လုံးများ ရဲရဲနီနေ၏။

လုထင်းအား စိုက်ကြည့်ရင်း....

'မင်း....မင်း ငါ့ကိုတိုက်ခိုက်လိုက်တာ ပေါ့၊ ဟုတ်လား'

ဟု ခံပြင်းစွာ ပြောလေ၏။

လုထင်း ခေါင်းယမ်းလိုက်၏။

'မ....မဟုတ်ပါဘူး ဦးလေး၊ ကျွန်တော်....'

'တော်ပြီ၊ ငါ မင်းကို ဘယ်လောက်ချစ်ခဲ့တယ်ဆိုတာ မင်းသိပါတယ်၊ ဒါပေမယ့် မင်းကတော့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ပြီ ဆိုတာနဲ့ ငါ့ကို အရေးမစိုက်တော့ဘူးပေါ့၊ ကောင်းပြီ၊ အခုအချိန်ကစပြီး ငါ့ကို ဦးလေးလို့ မခေါ်နဲ့တော့'

စကားဆုံးလျှင် ချာခနဲလှည့်ကာ ထွက်သွား၏။

'ဦးလေး....ဦးလေး'

လုထင်း လှမ်းခေါ်လိုက်သည်။

ဝမ်းတုက လုံးဝလှည့်မကြည့်ပါချေ။

ဝမ်းတုအား တားရှုရနိုင်တော့မည် မဟုတ်ကြောင်း လုထင်းနားလည်လိုက်၏။

ဝမ်းနည်းကြေကွဲသော မျက်လုံးများဖြင့် ဝမ်းတုကို ငေးကြည့်နေမိ၏။

ဝမ်းတုမှာ တဖြည်းဖြည်း ဝေး၍ဝေး၍သွားကာ နောက်ဆုံး မြင်ကွင်းမှ ကွယ်ပျောက်သွားလေသည်။

၄၆ ကောင်

---

'ခွပ်...ခွပ်'

'ခွပ်...ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်။

မြင်းတစ်ကောင်သည် တောလမ်းကလေးအတိုင်း အရှေ့ဘက်ဆီသို့ ဦးတည်ကာ ဒုန်းစိုင်းပြေးလွှားနေသည်။

မြင်းပေါ်၌ အညိုရောင်အဝတ်အစားများ ဝတ်ဆင်ထားသူ တစ်ယောက် လိုက်ပါလာ၏။

ထိုလူ၏ အဝတ်အစားများ၌ ဖုန်များ သဲများ ပေကျံနေသည်။

ခရီးဝေး နှင်လာခဲ့သူဖြစ်ကြောင်း သိသာနိုင်ပေသည်။

ထိုလူမှာ ချီကန်း ဖြစ်၏။

ချိုကန်း၏လက်တစ်ဘက်မှ ချင်းသက်ထင်း၏ လက်ချက်ကြောင့် လုံးဝ အသုံးချ၍မရတော့ဘဲ ဖြစ်ခဲ့ရသည်။

သို့သော် သူသည် ကျန်နေသေးသော လက်တစ်ဘက်ဖြင့် သမားတော်တန့်ဟန်အား လုပ်ကြံနိုင်ခဲ့လေသည်။

သမားတော်တန့်ဟန်အား လုပ်ကြံပြီးလျှင် မိုးကြိုးလှ ဂိုဏ်းသို့ ဦးတည် ခရီးထွက်လာခဲ့ခြင်း ဖြစ်သည်။

ယနေ့ဆိုလျှင် မိုးကြိုးလှ ဂိုဏ်းပိုင်နက် နယ်မြေအတွင်းသို့ပင် ရောက်ရှိလာခဲ့ပြီဖြစ်၏။

မိုးကြိုးလှ ဂိုဏ်းချုပ်သည် နန်းကုန်းစိမ်းနှင့် ခင်မင်ရင်းနှီးသည့် မိတ်ဆွေဖြစ်ရကား တို့အား အန္တရာယ်ပြုမည်မဟုတ်ချေ။

ထို့အပြင် သူသည် သမားတော်တန့်ဟန်နှင့် ပူးပေါင်းခဲ့ပြီးနောက်ပိုင်း မိုးကြိုးလှ ဂိုဏ်းချုပ် ကျင်းခုံးသည်လည်း သိုင်းသုံးကွက်ကျမ်းအား လိုချင်မက်မောနေသူဖြစ်ကြောင်း သိခဲ့ရ၏။

ကျင်းခုံးနှင့် သမားတော်တန့်ဟန်မှာ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းဖြစ်ကြောင်း သိရလျှင် ကျင်းခုံအား နိုင်ကွက်ကိုင်နိုင်မည်ဟု ယူဆထားလေသည်။

မိုးကြိုးလှ ဂိုဏ်းသို့ နန်းကုန်းယန့်သွားခဲ့သဖြင့် သူကအချိန်မီ လိုက်လာခဲ့ခြင်း ဖြစ်လေသည်။

နန်းကုန်းယန်ထံ၌ သိုင်းသုံးကွက်ကျမ်း ပါသွားမည်ဟု တထစ်ချ ယုံကြည်ထား၏။

သူနောက်ကျသွားလျှင် ကျင်းခုံးရရှိသွားမည်ကို စိုးရိမ်မိသည်။



ချိုကန်းမှာ စိတ်လှုပ်ရှားနေပြီး ဒုန်းစိုင်း ပြေးနေသည့် မြင်းကိုပင် နှေးကွေးလှသည်ဟု ထင်မှတ်နေမိလေတော့သည်။

တောလမ်းကလေးကို လွန်မြောက်လျှင် ရှေ့ဆက် ဒုန်းစိုင်းနှင်သွားရန် မဖြစ်နိုင်တော့ကြောင်း နားလည်လိုက်လေသည်။

အကြောင်းမှာ လမ်းပေါ်၌ လူသုံးယောက်ထိုင်နေသည်ကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလား။

ချိုကန်း ရင်ထိတ်သွားပြီး မြင်းဇက်ကြိုး တင်းတင်းဆွဲကာ ရပ်တန့်လိုက်၏။

မြင်းညိုကြီးမှာ ရှည်လျားစွာဟီကာ ပဒပ်ရပ်လိုက်ပြီးမှ ရပ်တန့်နိုင်ခဲ့လေသည်။

ချိုကန်း မျက်မှောင်ကုတ်ကာ လမ်းပိတ်ထားသူအား ကြည့်လိုက်၏။

'ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ဘာကြောင့် လမ်းပိတ်ထားတာလဲ'

ဟု မေးလိုက်သည်။

လမ်းပိတ်ထားသူ သုံးယောက်အနက် အလယ်၌ထိုင်နေသူ ကျင်းထု ဖြစ်သည်။

ကျင်းထုက....

'မင်းကတော့ ဘယ်သွားမလို့လဲ'

ဟု မေးလိုက်လေသည်။

ချိုကန်းက မဲ့ပြုံးပြုံးလိုက်ပြီး....

'မိုးကြိုးလှ ဂိုဏ်းဌာနချုပ်ကို သွားမလို့'

'သြော်....မင်းက ကျုပ်တို့ဆီကိုလာတာကိုး

'ဟုတ်တယ်၊ မင်းတို့ကဘယ်သူတွေလဲ'

'ကျုပ်နာမည် တာဝမ်း'

တာဝမ်းဟူသည့်အမည်ကို ချီကန်း တောင်းစွာကြားဖူးထားလေသည်။

'လက်စသတ်တော့ ခင်ဗျားက ကျင်းထုံကိုး၊ ကျုပ်က ချီကန်းပါ'

တာဝမ်း ခေါင်းညိတ်လိုက်သည်။

'မင်းချီကန်းဆိုတာ ကျုပ်သိပါတယ်'

'ဘာ...'

ချီကန်း အံ့သြသွားလေသည်။

သူ့အားသိထားလျှင် အဘယ်ကြောင့် လမ်းပိတ်ထားဆီးထားရပါသနည်း။

အမှန်ဆိုလျှင် သူ့အား ဧည့်ခံကြိုဆိုဖို့ပင် ကောင်းသေးသည်ဟု ယူဆထားလေသည်။

တာဝမ်းအား နားမလည်နိုင်စွာကြည့်ကာ...

'ခင်ဗျားတို့က ကျုပ်ကိုသိလျက်နဲ့ ဘာကြောင့် လမ်းပိတ်ထားကြတာလဲဗျ၊ ပြောစမ်းပါဦး'

တာဝမ်း သဘောကျစွာ ရယ်မောလိုက်လေသဗျ။

'ဟား...ဟား...ဟား....လမ်းပိတ်ထားတယ် ဆိုကတည်းက ဂိုဏ်းချုပ်ကြီးဆီကို မင်း ရောက်မသွားစေချင်လို့ပေါ့ကွာ'

'ခင်ဗျားက ဘာသဘောလဲ၊ ဂိုဏ်းချုပ်ကျင်းခုံနဲ့ ကျုပ်ဆရာ မိတ်ဆွေတွေဆိုတာ မသိဘူးလား'



'မင်း ပြောချင်သလို ပြောနိုင်တယ်၊ ငါသိတာ မင်းကို ရှင်းပစ်ဖို့ပဲ'

စကားဆုံးလျှင် ချီကန်းထံ ခုန်ဝင် တိုက်ခိုက်လိုက်လေသည်။

ချီကန်းမှာ မည်သည့်နည်းနှင့်မျှ လွတ်မြောက်နိုင်တော့မည် မဟုတ်ကြောင်း နားလည်သဘောပေါက်ထား၏။

ဤတွင် ခံပြင်းနာကြည်းစိတ်များ ဖြစ်ပေါ်လာလေသည်။ အံတင်းတင်းကြိတ်ကာ တာဝမ်း၏ တိုက်ခိုက်မှုကို မရှောင်ဘဲ ပြန်လည် တိုက်ခိုက်လိုက်၏။

သူက လူချင်းပူးကာ တာဝမ်း၏ရင်ဝသို့ ဓားဖြင့် ထိုးစိုက်လိုက်ခြင်း ဖြစ်လေသည်။ ယခုတစ်ကြိမ် ထိတ်လန့်သွားသူမှာ တာဝမ်း ဖြစ်လေသည်။

အခြေအနေမဟန်မှန်း သိလျှင် ချက်ချင်း နောက်ပြန်ဆုတ်ရန် ဟန်ပြင်လိုက်၏။ သို့သော် ချီကန်းက အတင်းပင် လူချင်းပူးကာ တိုက်ခိုက်လိုက်ပြီဖြစ်၏။ နောက်ဆုတ်လျှင် ဒုက္ခရောက်တော့

မည်ကို တွေးမိကာ မျက်စိမှိတ်ပြီး ရှေ့သို့ စွပ်တိုး တိုက်ခိုက်လိုက်ရလေတော့သည်။

တာဝမ်း၏ဓားသည် ချိုကန်းအား ထိုးစိုက်မိသိုက်သည်၊

ထိုနည်းတူ ချိုကန်း၏ဓားသည်လည်း တာဝမ်း၏ ရင်ဝ၌ ဖောက်ထွင်း ဝင်ရောက်သွားလေတော့သည်။

'အား....'

'အမယ်လေး....'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

တာဝမ်းနှင့် ချိုကန်းတို့ ပြိုင်တူ နောက်ဆုတ်လိုက်ကြ၏။

နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်လိုက်ကြလေသည်။

* * *

တာဝမ်းက....

'မင်း.... မင်း'

စကားဆုံးအောင် မပြောနိုင်ပါချေ။ ပါးစပ်ထဲမှ သွေးများ စီးကျလာ၏။

ချိုကန်း ပြုံးလိုက်သည်။



'ကျုပ်ကို လွယ်လွယ်ကူကူ သတ်ပစ်လို့ ရမယ်ထင်ရင် ခင်ဗျား မှားသွားမှာပေါ့ဗျာ၊ ဟား....ဟား....ဟား'

တာဝမ်း၏ အပေါ်နှစ်ယောက်က တာဝမ်းအား ပြေး၍ ဖေးမရန် ဟန်ပြင်လိုက်၏။ ထိုစဉ်မှာပင် တာဝမ်းမှာ ဒူးများ ကွေးညွတ်ကာ မြေပေါ် လဲကျသွား၏။

'ဝုန်း....'

ချိုကန်းလည်း လဲကျသွားလေသည်။

သူတို့နှစ်ယောက် ဘယ်သောအခါမှ မြေပေါ်မှ ပြန်လည် ထလာနိုင်ကြမည် မဟုတ်တော့ချေ။

ကောက်ကျစ်သူများ

မီးရောင်များ ထိန်ထိန်လင်းနေသည်။

အခန်းတွင်းဝယ် စားပွဲရှည် တစ်လုံး ခင်းကျင်းထားပြီး စားပွဲပေါ်တွင် စားသောက်ဖွယ်ရာများ ပြည့်လျှံနေအောင် တင်ထားသည်ကို တွေ့နိုင်၏။

ဂိုဏ်းချုပ် ကျင်းခုံးက နန်းကုန်းယန်အား အထူး ညှော်ခံ ကျွေးမွေးခြင်း ဖြစ်ပေတော့သည်။

နန်းကုန်းယန့်ပင်လျှင် ကျင်းခုံး၏ ပြုစု ညှော်ခံမှုကြောင့် အားတုံ့အားနာ ဖြစ်နေရလေတော့သည်။

ညစာစားပွဲ၌ ကျင်းခုံး၊ မင်းသားလေးကျင်းစိန်နှင့် နန်းကုန်းယန်တို့ သုံးယောက်သာ ရှိကြလေသည်။

သို့သော် တည်ခင်းဧည့်ခံသောဟင်းလျာများမှာ လူသုံးဆယ်စား၍ပင် မကုန်နိုင်အောင် များပြားနေ၏။

ထမင်းစားပွဲ၌ နန်းကုန်းယန်က ကျင်းခုံး အား ဂါရဝပြုရင်း....

‘ကျွန်မကို အခုလို ကျွေးမွေးဧည့်ခံတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်၊ တကယ်လို့ မနက်ဖြန် ရွှေကျားပျံ ဟုတ်အိမ်းတို့ ရောက်မလာဘူးဆိုရင် ကျွန်မ ဒီကသွားမှ ဖြစ်ပါတော့မယ်’

ဟု ပြောလိုက်လေသည်။

ကျင်းခုံး ကပျာကယာ လက်ကာပြလိုက်သည်။

‘တူမကြီး၊ ဒီမှာ တစ်ရက်နှစ်ရက်လောက် နေပါဦး၊ သူတို့ မကြာခင် ရောက်လာတော့မှာပါ၊ ကျုပ်တောင် ကြိုဆိုဖို့လူလွှတ်လိုက်ပါပြီ’

‘မနက်ဖြန် သူတို့ရောက်လာနိုင်ပါ့မလား’

‘မနက်ဖြန် မဟုတ်ရင် သန်ဘက်ခါတော့ ရောက်လာမှာသေချာပါတယ်၊ ဒီထက်တော့ နောက်ကျမှာ မဟုတ်ပါဘူး’

ကျင်းခုံးက အနည်းငယ်စဉ်းစားပြီးမှ အဖြေပေးလိုက်ခြင်းဖြစ်သည်။

နန်းကုန်းယန် သက်ပြင်းချလိုက်သည်။

‘အင်းလေ....တစ်ရက်လောက် ပိုစောင့်ရလဲ ကိစ္စမရှိပါဘူး၊ ကျွန်မ စောင့်ပါ့မယ်ရှင်’

ထိုစကားကြားမှ ကျင်းခုံး စိတ်သက်သာရာ ရရှိသွားသည်။



‘ဒါပေါ့ကွယ်၊ တူမကြီး သွားမယ်ဆိုရင် ပင်ပန်းဦးမှာ၊ သူတို့နဲ့ လမ်းမှာ လွဲသွားနိုင်သေးတယ်၊ ဒီမှာ စောင့်နေတာ အကောင်းဆုံးပါပဲ’

သူတို့ စကားပြောပြီး စားသောက်ကြ၏။

စားသောက်ပြီးစီးသွားချိန်ဝယ် အတော်လေး မိုးချုပ်သွားပြီ ဖြစ်သည်။

နန်းကုန်းယန်မှာ အရသာထူးကဲလှသော စားသောက်ဖွယ်ရာများကို အားရပါးရ စားသောက်ခဲ့သည်။

သူမစားသောက်သည်ကို ကြည့်ကာ ကျင်းခုံးလည်း သဘောကျနေ၏။

ယခုမှ သူ၏သား ကျင်းစိန်နှင့် မိတ်ဆက်ပေးလိုက်သည်။

‘တူမကြီး သူကတော့ ကျုပ်ရဲ့သား ကျင်းစိန်ပါ၊ တူမကြီးရဲ့ ဖခင်ကို ကျုပ်ကိုယ်စား လာပြီး ဂါရဝပြုခဲ့တာ တူမကြီး မှတ်မိမယ်ထင်ပါတယ်’

ဟု ပြောလိုက်၏။

နန်းကုန်းယန် ခေါင်းညိတ်လိုက်၏။

‘ဟုတ်ကဲ့၊ မှတ်မိပါတယ်ရှင်’

‘ကျုပ်သားဟာ မကြာခင်က မိုးကြိုးလှံပညာကို လေ့ကျင့်တတ်မြောက်ခဲ့ပါတယ်၊ သူ့ရဲ့ပညာမှာ ဟာကွက် ပျော့ကွက်တွေရှိရင် ထောက်ပြပါလို့ ကျုပ်က တောင်းပန်ချင်ပါတယ်’

နန်းကုန်းယန် အားတုံ့အားနာ ဖြစ်သွား၏။

ကပျာကယာ လက်ကာပြလိုက်ပြီး....

'အို...ကျွန်မ ပညာ ဒီလောက်လဲ မဟုတ်သေးပါဘူးရှင်၊ မိုးကြိုးလွှဲပညာဟာ အစွမ်းထက်တယ်ဆိုတာ ကျွန်မ သိထားပါတယ်၊ ဒါကြောင့် မစေဖန်ရဲပါဘူးရှင်'

'အို...ဒီလိုတယ်ဟုတ်မလဲ၊ တူမကြီးရဲ့အဖေဟာ သိုင်း သုံးကွက် သိုင်းကျမ်း ရရှိထားတာ ကျုပ်သိပါတယ်၊ သိုင်းသုံးကွက် သိုင်းကျမ်းဟာ သိုင်းလောကမှာ ပြိုင်ဘက်ကင်းတဲ့ သိုင်းပညာ တစ်ရပ်ပါပဲ၊ တူမကြီးရဲ့ သိုင်းပညာဟာ ကျုပ်ထက်တောင် အဆင့်မြင့်တယ်ဆိုတာ ကျုပ်သိပါတယ်'

စကားဆုံးလျှင် နန်းကုန်းယန် ပြန်မပြောနိုင်မီ ကျင်းစိန်အား မျက်ရိပ်ပြလိုက်သည်။

ကျင်းစိန် ထိုင်ရာမှထလာသည်။

ခန်းမတစ်ဘက်သို့ လျှောက်သွားပြီး လှံတိုတစ်လက်ကို ထုတ်ယူကာ...

'ညီမလေး...ကျုပ်ကို စေဖန်ပါဗျာ'

ပြောပြီး စတင်ခြေကျင့် ကစားပြလိုက်သည်။

နန်းကုန်းယန် သက်ပြင်းချလိုက်၏။

မတတ်သာ၍ နောက်ဆုံး မင်းသားလေးကျင်းစိန် လှံကျင့်ပြသည်ကို မျက်တောင်မခတ် ကြည့်နေမိ၏။

မင်းသားလေးကျင်းစိန်၏ လှံကွက်များကား အံ့သြဖွယ်ကောင်းအောင် ထက်မြက်လှပေသည်။

လှံကြွေသိုင်းကွက်တွင် လှံကို စက်ဝိုင်းပုံ မွှတ်နေအောင် လှည့်လိုက်ရာ ကြည့်ရင်းကြည့်ရင်း နန်းကုန်းယန် ခေါင်းမူးလာသည်ဟု ခံစားရလေသည်။



အဖန်ဖန် ကြည့်ရင်း မျက်လုံးများ ပြာဝေလာ၏။

ဦးခေါင်းများ မူးနောက်ရီဝေလာသည်။

'ဟင်....ဘယ်လိုဖြစ်တာလဲ'

နန်းကုန်းယန် ညည်းညူလိုက်သည်။

သူမ ဟန်အမူအရာ ပျက်သွားသည်ကိုမြင်လျှင် ကျင်းခုံ မျက်မှောင်ကုတ်ကာ....

'တူမကြီး ဘာများဖြစ်လို့လဲ'

ဟု မေးလိုက်၏။

နန်းကုန်းယန် ခေါင်းယမ်းလိုက်၏။

'ဘာမှမဖြစ်ပါဘူးရှင်'

ဘာမှမဖြစ်ဟု ပြောလိုက်သော်လည်း ဦးခေါင်းများ မခံမရပ်နိုင်အောင် မူးနောက်လာပြီ ဖြစ်သည်။

သူမ၏ ခန္ဓာကိုယ် တုန်တုန်ယင်ယင် ဖြစ်လာသည်။

ကျင်းခုံ ပြုံးလိုက်၏။

'တူမကြီးကိုကြည့်ရတာ နေထိုင်မကောင်းများ ဖြစ်နေပြီနဲ့တူတယ်'

နန်းကုန်းယန်က နားထင်ကို လက်ဖြင့်ဖိထားရင်း....

'ဟုတ်ပါရဲ့၊ ကျွန်မဦးခေါင်း မူးနောက်လာသလိုပဲ'

'ဒါထက် တူမကြီး အစားမှားသွားလို့လား'

'ရှင်....'

'ခြွင်...တူမကြီးနဲ့ မတည့်တဲ့အစားအစာများ ရှိသလားလို့ပါ'

'ကျွန်မ...ကျွန်မ'

သူမ၏ရင်ထဲ သံသယစိတ်များ ဖြစ်ပေါ်လာသည်။
ထိုင်ရာမှ ဆတ်ခနဲထလိုက်၏။
ထလိုက်မှ ပိုပြီးမူးလာသည်။
ထိုစဉ်....
ကျင်းစိန်က လှ တိုက်ကိုပစ်ချပြီး ပြေးလာသည်။
ကျင်းခုံးက....
'သား....မင်းညီမလေးကို အိပ်ခန်းထဲရောက်အောင် လိုက်ပို့ပေးလိုက်ပါ'
ဟု ပြောလိုက်၏။
သူက မျက်မိတစ်ဘက် မှိတ်ပြလိုက်သည်ကို ကျင်းစိန် တွေ့မြင်သွားရာ သဘောကျစွာ ပြုံးလိုက်၏။
နန်းကုန်းယန်ကား ကောင်းစွာမဟန်နိုင်ပါတော့ချေ။
လဲကျမသွားအောင် ကုလားထိုင်ကို အားပြုကိုင်ထားလိုက်ရ၏။
ကျင်းစိန်က....
'ညီမလေးကို အစ်ကို လိုက်ပို့ပါရစေ၊ အခန်းထဲမှာ အနားယူနေလိုက်ပါ၊ သမားတော် ချက်ချင်း ပင့်ခေါ်လိုက်ပါမယ်'
ပြောပြီး နန်းကုန်းယန်အား စွေ့ခနဲ ပွေ့ချီလိုက်သည်။
'အို....မလုပ်ပါနဲ့'
သူမ ငြင်းဆန်လိုက်၏။
သို့သော်....
သူမ ရုန်းကန်နိုင်သည့်အင်အား လုံးဝမရှိပါချေ။
ကျင်းစိန်၏ ရင်ခွင်ထဲသို့ ရောက်ရှိသွားသည်။



ကျင်းစိန်က သူမအား ပွေ့ချီကာ ခန်းမဆောင်အတွင်းမှ ထွက်သွား၏။
ကျင်းခုံးမှာ သူတို့အားကြည့်ကာ....
'ဟား.... ဟား.... ဟား.... ငါက ချွေးမချောချောလေး ရတော့မှာပေါ့လေ....ဟား....ဟား....ဟား'
ပြောပြီး သဘောကျစွာ ရယ်မောလိုက်သည်။

• • •

နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာပြီ ဖြစ်သည်။
နေရောင်ခြည် ထွက်ပေါ်လာလျှင် နန်းကုန်းယန် အိပ်ရာမှ နိုးလာသည်။
မျက်လုံးဖွင့်ကြည့်လိုက်သည်နှင့် သူမ၏တစ်ကိုယ်လုံး ထူးထူးခြားခြား နာကျင်ကိုက်ခဲနေပြီး ယခင်ကနှင့် မတူသည်ကို သတိပြုမိလိုက်သည်။
'ဗုဒ္ဓေါ၊ ဘယ်လိုများ ဖြစ်တာပါလိမ့်'
တွေးတောရင်း လူးလိမ့်ထလိုက်၏။
ထိုအခါမှ သူမ၏ဘေး၌ လူတစ်ယောက် လဲလျောင်းနေသည်ကို တွေ့မြင်လိုက်ရ၏။

'ဟင်'

သူမ ထိတ်လန့်သွားပြီး ခုန်ထလိုက်သည်။

သူမ၏ဘေး၌ အိပ်စက်နေခဲ့သူကား မင်းသားလေးကျော်စိန် ပင် ဖြစ်သည်။

'သူ...သူက ဘယ်လိုလုပ် ငါ့ခုတင်ပေါ် ရောက်နေတာလဲ၊ ငါ...ငါက'

ယခုမှ အဖြစ်မှန်ကို သူမ နားလည်သဘောပေါက်သွားသည်။

သူမ၏ အပျိုစင်ဘဝကား ဆုံးရှုံးခဲ့ရချေပြီ။

မင်းသားလေးကျော်စိန်သည် ပန်းတောင်းအညွန့်ချိုး၍ သူမအား စော်ကားဖျက်ဆီးလိုက်ပြီ မဟုတ်ပါလား။

သူမသည် ညစာစားပွဲ၌ စားသောက်ပြီးသည်နှင့် ဦးခေါင်းများ မခံမရပ်နိုင်အောင် မူးနောက်လာသည်ကို သတိရလာသည်။

သူမအား အစားအစာများ၌ မေ့ဆေးခတ်လိုက်ကြောင်း နားလည်သဘောပေါက်လာသည်။

လူအများက လေးစား ကြည်ညိုသည့် အိုင်းလောက၌ သိင်းသမားကြီး တစ်ယောက်က ယခုကဲ့သို့ စောက်ကျစ်ခိုးလဲသည့်နည်းလမ်း အသုံးပြုမည်ဟု မည်သူကမျှ မှတ်ထင်ယုံကြည်ကြမည် မဟုတ်ပါ။

မမျော်လင့်ဘဲ သတိတစ်ချက် လစ်ဟင်းသွားသည်နှင့် သူမ၏ဘဝ ဆုံးရချေပြီ။

ဆုမွန်ကျော့


တွေးရင်း တွေးရင်း နန်းကုန်းယန်၏ မျက်ဝန်း အစုံမှ မျက်ရည်များ ကျဆင်းလာသည်။

ယခုအခြေအနေရောက်ပြီးမှ ရှေ့မည်သို့ ဆက်ရမည်နည်း။

သူမ၏ ဖခင်ထံ သူမ၏ အဖြစ်ကို ပြောပြနိုင်မည် မဟုတ်ချေ။

သူမ၏ဘဝမှာ ဆက်၍ အသက်ရှင်နေ၍လည်း အကြောင်းမထူးတော့ဟု ထင်မိသည်။

ထို့ကြောင့် ဓားငယ်တစ်လက် ကောက်ယူလိုက်၏။

ဓားငယ်ဖြင့် သူမ၏ရင်ဝကို ပြန်လည် ထိုးသွင်းရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်ကျော်စိန် လူးလွန့် လှုပ်ရှားလာလေသည်။

နန်းကုန်းယန်၏ အကြည့်မှာ ကျော်စိန်ထံ ရောက်ရှိသွား၏။

သူမ၏မျက်နှာ တင်းမာသွားသည်။

ဒေါသမီး ရင်ထဲ ဟုန်းခနဲ တောက်လောင် လာသည်။

တစ်ကိုယ်လုံးရှိ သွေးများ ဆူပွက်လာသည်။

'လူယုတ်မာ... အချောင်သမား'

ဒေါသမြားဦးသည် မင်းသားလေး ကျော်စိန်ထံ ရောက်ရှိသွားလေသည်။

နန်းကုန်းယန်က ဓားငယ်ကို တင်းကြပ်စွာ ဆုပ်ကိုင်ရင်း မင်းသားလေးကျော်စိန်ထံ လှမ်းသွားလေသည်။

မင်းသားလေးကျော်စိန် နိုးလာပြီဖြစ်သည်။

မျက်လုံး ဖွင့်ကြည့်လိုက်သောအခါ သူ့ထံသို့ ချဉ်းကပ်လာနေသည့် နန်းကုန်းယန်အား တွေ့မြင်လိုက်ရလေသည်။

မင်းသားလေးကျင်းစိန် မျက်လုံး ပြူးသွားသည်။

ခုတင်ပေါ်မှ ကပျာကယာ လူးလိမ့်ထလိုက်၏။

နန်းကုန်းယန်က....

'သေပေတော့'

အော်ဟောက်ရင်း ဓားငယ်ဖြင့် ထိုးစိုက်လိုက်လေသည်။

'မလုပ်နဲ့'

မင်းသားလေး ကျင်းစိန် အလန့်တကြား အော်ဟစ်ရင်း ဘေးသို့လှိမ့်ကာ ရှောင်တိမ်း လိုက်လေသည်။

သို့တိုင် ဒေါသတကြီး တိုက်ခိုက်လာသည့် နန်းကုန်းယန်၏ ဓားချက်မှ မလွတ်နိုင်ဘဲ ဖြစ်နေ၏။

သူမထိုးသွင်းလိုက်သည့် ဓားချက်မှာ မင်းသားလေး ကျင်းစိန်၏ ပခုံးတွင် စိုက်သွား၏။

'အမယ်လေးဗျ'

ကျင်းစိန်စူးရှစွာ အော်ဟစ်လိုက်လေသည်။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ကျင်းစိန်သည် ပြန်လည် တိုက်ခိုက်ခြင်း လုံးဝ မပြုဘဲ အော်ဟစ်ကာ အခန်းတွင်းမှ ထွက်ပြေးရန် ကြိုးစားလေသည်။

အမှန်တော့ နန်းကုန်းယန်မှာ အပျိုစင်ဘဝ ဆုံးရှုံးသွားပြီဖြစ်၍ လက်ထပ်ယူပါရန် ဒုံးဝေါက် တောင်းပန် လိမ့်မည်ဟု အထက်စီးမှ တွေးထားလေ၏။

ယခုလိုတိုက်ခိုက် လာမည် မထင်မိပါချေ။



အထင်နှင့် အမြင် တခြားစီ ဖြစ်နေသောအခါကြောက်၍ ထိတ်လန့်ကာ ထွက်ပြေးသွားခြင်း ဖြစ်လေသည်။

'လူယုတ်မာ၊ ပြေးလို့လွတ်မယ် ထင်သလား'

နန်းကုန်းယန်က အော်ဟောက်ကာ တရကြမ်း လိုက်လံ တိုက်ခိုက်လိုက် လေသည်။

ကျင်းစိန်လည်း စူးစူးဝါးဝါး အော်ဟစ်ကာ အခန်း တွင်းမှ ထွက်ပြေး၏။

နန်းကုန်းယန် ကလည်း ထက်ကြပ်မကွာ လိုက်လံတိုက် ခိုက်၏။

ထိုစဉ် အပြင်ဘက်မှ ပြေးလွှားလာသည့် ခြေသံများထွက် ပေါ်လာသည်ကို ကြားလိုက်ရ၏။

'သား....ဘာဖြစ်တာလဲ'

ကျင်းခုံး၏ စကားသံ ထွက်ပေါ်လာသည်။

ကျင်းစိန် အားတက်သွား၏။

'ဖေဖေ....ကျွန်တော့်ကို ကယ်ပါဦး'

ကျင်းစိန်က အော်ဟစ် အကူအညီတောင်းလိုက်လေသည်။

ထိုအခိုက်မှာပင်....

'ဝုန်း....'

ကျယ်လောင်သော အသံ ထွက်ပေါ်လာပြီး အခန်းတံခါး ပွင့်သွား၏။

အခန်းတွင်းသို့ ကျင်းခုံ ပြေးဝင်လာသည်ကို တွေ့လိုက်ရသည်။

ကျင်းခုံးကိုမြင်လျှင် ကျင်းစိန် ဝမ်းသာသွားလေသည်။

'ဖေဖေ....မြန်မြန်လာပါ'

ဟု အော်ခေါ်လိုက်သည်။

နန်းကုန်းယန်က....

'သေပေတော့'

ကျင်းစိန်ထံ တရကြမ်း ခုန်ဝင် တိုက်ခိုက်လိုက်သည်။

ကျင်းခုံးမျက်လုံးများ ပြာဝေသွားသည်။

'သား....သတိထား'

အော်ပြောရင်း ကျင်းစိန်နှင့် နန်းကုန်းယန်တို့ နှစ်ယောက်ကြားသို့ ပြေးဝင်လိုက်လေသည်။

သို့သော် သူ-နောက်ကျသွားချေပြီ။

ကျင်းစိန်မှာ ဖခင်ဖြစ်သူအား တွေ့မြင်လိုက်ရခြင်းကြောင့် ဝမ်းသာသွားပြီး နန်ကုန်းယန်ကို မေ့သွား၏။

ထိုအချိန်တွင် နန်းကုန်းယန်က သူ၏အနီးသို့ ရောက်ရှိလာပြီ ဖြစ်သည်။

ကျင်းစိန် လှည့်ကြည့်လိုက်ချိန်ဝယ် အလင်းရောင်တစ်ချက် ဝင်းလက်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျင်းစိန် ထိတ်လန့်သွားသည်။

ထွက်ပြေးရှောင်တိမ်းရန် ကြိုးစားလိုက်လေသည်။

သို့သော် ရှောင်၍ မလွတ်တော့ပါ။

နန်းကုန်းယန် ထိုးသွင်းလိုက်သောဓားမှာ သူ၏ရင်ဝတွင် တန်းတန်းမတ်မတ် စိုက်ဝင်သွားလေသည်။

'အား....'



ကျင်းစိန်၏ စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာလေသည်။

ကျင်းစိန်မှာ ဓားချက်မိသွားလျှင် ကြမ်းပြင်ပေါ် ခွေကျသွား၏။

'သား....'

ကျင်းခုံး အသံကုန် ဟစ်ခေါ်လိုက်တည်။

ကျင်းစိန်ကိုပြေး၍ ပွေ့ထူသည်။

ကျင်းစိန်၏တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲနေသည်။

ကျင်းခုံးမျက်လုံးများ ပြာဝေသွားသည်။

သူ့အချစ်ဆုံးသား အားထားသောသား၊ နောင်တစ်ချိန် သူ၏ခြေရာဆက်ခံပြီး မိုးကြိုးလှံဂိုဏ်းချုပ် ဖြစ်လာမည်ဟု ယုံကြည်ထားသော သူ၏သားကား မရှုမလှ သေဆုံးသွားချေပြီ။

ကျင်းခုံး ဒေါသချောင်းချောင်း ထွက်သွားလေတော့၏။

သူတစ်ပါး၏သားသမီးကို ဖျက်ဆီးပြီး သူတစ်ပါးပစ္စည်း မတရားယူခဲ့စဉ်က ဤသဘောမျိုးမဟုတ်။

ယခု ကိုယ့်သွေးသားထိမှ မခံချိအောင် နာနေမတော့၏။

နန်းကုန်းယန်အား လက်ညှိုးငေါက်ငေါက်ထိုးရင်း....

'နင်....နင့်ကြောင့် ငါ့သားသေရပြီ၊ နင့်ကို ငါအရှင်မထားဘူး'

ကျင်းစိန်၏အလောင်းကို ကြမ်းပြင်ပေါ် ချလိုက်သည်။

တစ်ဆက်တည်းပင် ခုန်ထကာ နန်းကုန်းယန်ထံ ပြေးဝင်တိုက်ခိုက်လေသည်။

နန်းကုန်းယန် အံတင်းတင်း ကြိတ်ထားသည်။

ကျင်းစိန်အားသတ်ပစ်လိုက်ရ၍ သူမ အတော်ကြီး ကျေနပ်သွားပြီ ဖြစ်သည်။

သူမဘာဝ ရေတိမ်နစ်ခဲ့ရသည်မှာ ကျင်းခုံး၏ စနက်ဖြစ်ကြောင်း ကောင်းစွာ နားလည်ထားပေသည်။

ထို့ကြောင့် မဲ့ပြုံးပြုံးရင်း....

'စိတ်ချ၊ ကျွန်မကလဲ ရှင့်ကို အရှင်မထားဘူး'

အော်ပြောရင်း ပြန်လည် တိုက်ခိုက်လိုက်လေသည်။

သူတို့နှစ်ယောက်စလုံး နာကျည်းချက်ကိုယ်စီဖြင့် တိုက်ခိုက်လိုက်ကြခြင်းဖြစ်ရကား တိုက်ပွဲမှာ ကြောက်ခမန်းလိလိ ပြင်းထန်လေတော့သည်။

နန်းကုန်းယန် တိုက်ခိုက်လာသည်ကို မြင်လျှင် ကျင်းခုံး၏ ကိုယ်ရံတော်များ ဖြစ်ကြသော ယန်းခိုက်နှင့် စုံမာကျင်းတို့လည်း မနေနိုင်ကြပါတော့ချေ။

လက်နက်ကိုယ်စီဆွဲထုတ်ကာ တိုက်ပွဲအတွင်းသို့ ခုန်ဝင်လာကြသည်။

သူတို့နှစ်ယောက် ကူညီ တိုက်ခိုက် လိုက်ကြခြင်းကြောင့် နန်းကုန်းယန်နောက်ဆုတ်နေရသည်။ ကျင်းခုံးမှာ ချက်ချင်းပင် အသာစီး ရသွားလေတော့သည်။

နန်းကုန်းယန်မှာလည်း ထိတ်လန့်တုန်လှုပ်ခြင်း အလျဉ်းမရှိဘဲ ပြန်လည်၍ တရကြမ်း တိုက်ခိုက်လိုက်လေသည်။

သူမက ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ခြင်းကြောင့် စုမာကျင်းနှင့် ယန်းခိုက်တို့ နောက်ဆုတ်သွားကြရ၏။



ထိုသို့ပင် နန်းကုန်းယန်မှာလည်း ဒဏ်ရာနှစ်ချက်သုံးချက် ရရှိသွားလေသည်။

သူမ၏တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲသွား၏။

သို့တိုင် သူမက အမှုမထားဘဲ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေဆဲ....

ကျင်းခုံးက....

'ဟေ့....ဘာလုပ်နေကြတာလဲ၊ ဝင်လာခဲ့ကြစမ်း'

ဟု အော်ပြောလိုက်၏။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် မိုးကြိုးလုံ ဂိုဏ်းသားများ အခန်းတွင်းသို့ စုရုံး ပြေးဝင်လာကြလေသည်။

ဂိုဏ်းသားများသည် လက်နက်ကိုယ်စီဆွဲကိုင်ရင်း နန်းကုန်းယန်အား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

ယင်းသားများ ရောက်ရှိလာခြင်းကြောင့် နန်းကုန်းယန် အခြေအနေ ပို၍ ဆိုးရွားသွားလေတော့သည်။

သူမ အံတင်းတင်းကြိတ်ကာ တိုက်ခိုက်လိုက်လေသည်။

'ဝုန်း'

'အား'

'အမလေး'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

မိုးကြိုးလုံဂိုဏ်းသားများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားလေတော့သည်။

ကျင်းခုံးက....

'သူ့ကို မလွှတ်စေနဲ့၊ တိုက်ကြစမ်း'

ဟု အောင်ပြောလိုက်ပြန်သည်။

ထိုအခါ နောက်ဆုတ်ရန် ဟန်ပြင်နေသည့် မိုးကြိုးလုံဂိုဏ်းသားများမှာ နောက်မဆုတ်ရဲကြတော့ဘဲ ရှေ့တိုး တိုက်ခိုက်လိုက်ကြပြန်လေသည်။

နန်းကုန်းယန်က ပြင်းပြင်း ထန်ထန် တိုက်ခိုက်လိုက်ပြန်သည်။

အများနှင့်တစ်ယောက် ရင်ဆိုင်တိုက်ခိုက်နေရခြင်း ဖြစ်ရာ မိုးကြိုးလုံဂိုဏ်းသားများ အတုံးအရုံး လဲကျသွားသလို နန်းကုန်းယန်၏ ခန္ဓာကိုယ်ပေါ်၌လည်း ဒဏ်ရာဒဏ်ချက်များ ရရှိသွားလေသည်။

တိုက်ခိုက်ယင်း ကျင်းခုံး နောက်ဆုတ်သွားသည်ကိုမြင်လျှင် ခုံပြင်းသွား၏။

'ကျင်းခုံး၊ ရှင် ဘာကြောင့်ကွက်ပြေးချင်ရတာလဲ'

အောင်ပြောရင်း မိုးကြိုးလုံဂိုဏ်းသားများ၏ ခေါင်းပေါ်မှ ခုန်ကျော်ကာ ကျင်းခုံးထံ ခုန်ဝင်သွားလေသည်။

ကျင်းခုံးက ဆီးကြိုတိုက်ခိုက်လိုက်၏။

စုမာချန်းနှင့် ယန်းခိုက်တို့ကလည်း ပြိုင်တူ ဝင်ရောက် တိုက်ခိုက်လိုက်ကြလေသည်။

နန်းကုန်းယန်မှာ ကျင်းခုံးအား တိုက်ခိုက်လိုစိတ် ပြင်းပျနေသည်ဖြစ်ရကား ဝိုင်းရံတိုက်ခိုက်မှုကို အလေးမထားခဲ့ပါချေ။

ထို့ကြောင့် ကျင်းခုံးအားထိအောင် မတိုက်ခိုက်ရသေးမီ စုမာကျင်းနှင့် ယန်းခိုက်တို့၏ တိုက်ခိုက်မှု ခံလိုက်ရသည်။

'အမလေး'



နန်းကုန်းယန် မြည်စွာ အော်ဟစ်လိုက်သည်။

မဟန်နိုင်ဘဲ ကြမ်းပြင်ပေါ် ဝုန်းခနဲ ပြုတ်ကျသွားသည်။

ကျင်းခုံးက....

'သေပေတော့'

အော်ပြောရင်း ပြေးဝင်တိုက်ခိုက်လိုက်သည်။

နန်းကုန်းယန်မှာ အခြေအနေမဟန်မှန်း နားလည်လိုက်လေသည်။

ကပျာကယာ လူးလိမ့်ထပြီး ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက် ခုန်ထွက်လိုက်လေသည်။

'ပြေးပြီဟေ့ မလွတ်စေနဲ့'

ကျင်းခုံးကိုယ်တိုင် ပြေးလိုက်သွားလေသည်။

နန်းကုန်းယန်မှာ အပြင်ဘက် ရောက်သွားပြီဖြစ်သည်။

သူမသည် ကျင်းခုံးအား အကြီးအကျယ် မုန်းတီးသွားပြီဖြစ်သည်။

ထို့ကြောင့် အသက်သေဆုံးသွားမည်ကို မလိုလားပါတော့ချေ။

သူမအသက်ရှင်နေသမျှ ကျင်းခုံးအား လက်တုန့်ပြန်ရန် အခွင့်အရေး ရရှိနိုင်မည် မဟုတ်ပါလား။

ကျင်းခုံးအား သုတ်သင်ရှင်းလင်းပြီးမှ မိမိကိုယ်ကို အဆုံးစီရင်ရန် ဆုံးဖြတ်လိုက်၏။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်လျှင် ခပ်လှမ်းလှမ်း၌ မြင်းစောင်းတစ်ခု ရှိနေသည်ကို တွေ့ရလေသည်။

နန်းကုန်းယန်အံကြိတ်ကာ မြင်းစောင်းဆီသို့ ပြေးသွား၏။

မြင်းစောင်းသို့ရောက်သွားလျှင် မြင်းတစ်ကောင်ပေါ် ခုန်တက်လိုက်လေသည်။

ကျန်မြင်းများကိုလည်း မောင်းထုတ်ပစ်လိုက်သည်။

ထို့နောက် ဝရုန်းသုန်းကား ပြေးထွက်သွားသော မြင်းအုပ်ကြားမှ ရောနှောကာ ထွက်လာခဲ့လေသည်။

မိုးကြိုးလုံဂိုဏ်းသားများ ပြေးလိုက်လာကြ၏။

သို့သော် တခဏအကြာတွင် နန်းကုန်းယန်က သူတို့အားနောက်ချန်ထား နိုင်ခဲ့လေသည်။

'ခွပ်ခွပ်….ခွပ်ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

နန်းကုန်းယန် လွတ်မြောက်သွားချေပြီ။

ကျင်းခုံး ဒေါသချောင်းချောင်း ထွက်သွား၏။

မြေပေါ်ခြေဆောင့်ရင်း….

'တောက်….မင်းဘယ်လောက်ပြေးနိုင်မလဲ၊ တစ်နေ့ ငါ့လက်ထဲရောက်လာရစေမယ်'

ဟု ကြုံးဝါးလိုက်လေသည်။

## သားကောင်

ချန်အန်းမြို့….

ချန်အန်းမြို့မှာ လွန်စွာ စည်ကား သိုက်မြိုက်လှသော မြို့တစ်မြို့ ဖြစ်၏။

ချန်အန်းမြို့တစ်မြို့လုံး စည်ကားသိုက်မြိုက်သည် မှန်သော်လည်း စည်ကားသိုက်မြိုက်မှု ကင်းမဲ့ပြီး လူသွားလူလာ ပြတ်လှသော နေရာတစ်ခု ရှိပေသည်။

ထိုနေရာမှာ မြို့ပြင် သင်္ချိုင်းမြေ ဖြစ်သည်။

မြို့ပြင်သင်္ချိုင်း၌ အစောင့်တစ်ယောက် ရှိခဲ့၏။

ထိုအစောင့်သည် အသုဘကိစ္စများတွင် မြေတွင်းတူးခြင်း၊ အုတ်ဂူဖို့ပြုလုပ်ခြင်း စသည့်ကိစ္စအဝဝ တာဝန်ယူရသည်။

ယခုတော့ သချိုင်းစောင့်ကြီး၌ အဖော်တစ်ယောက် ရနေပြီ ဖြစ်၏။

သူ၏အဖော်မှာ လုထင်း ဖြစ်သည်။

လုထင်းသည် သုဘရာဇာ လုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်ခြင်း မရှိပါချေ။

သူသည် အစောင့် အဘိုးအိုအား ငွေများပေးကာ စားသောက်ဖွယ်ရာများ မှာယူသည်။

ထိုအဘိုးအို၏ အိပ်စက်ရာ ဇရပ်ပျက်၌ အိပ်စက်လေသည်။

စားရေး သောက်ရေး နေထိုင်ရေးအတွက် အဘိုးအိုကို မိတ်ဆွေဖွဲ့ထားခြင်း ဖြစ်သည်။

မိုးစင်စင် လင်းလာပြီ ဖြစ်သည်။

မိုးလင်းလာသည်နှင့် လုထင်းက လူရှင်းသော သချိုင်းမြေတစ်နေရာသို့ ထွက်လာခဲ့သည်။

သူရွေးချယ်ထားသော နေရာမှာ သချိုင်းမြေ မြောက်ဘက်ရှိ ဝါးရုံတောအတွင်း၌ တည်ရှိပေသည်။

ဝါးတောအတွင်းရှိ မြေကွက်လပ်သို့ရောက်လျှင် လုထင်းက သိုင်းပညာ စတင်လေ့ကျင့်လေသည်။

သူသည် ချင်းသက်ထင်းထံမှ ရရှိခဲ့သည့် သိုင်းကျမ်း စာအုပ်ပါ သိုင်းကွက်များကို အလွတ်ရနေပြီ ဖြစ်သည်။

သိုင်းကွက် အနေအထား သဘောတရားများလည်း ကောင်းစွာ နားလည်နေပြီ ဖြစ်သည်။

နေ့ညမပြတ်တမ်း ပြင်းပြင်းထန်ထန် လေ့ကျင့်ခဲ့ရာ တတ်ကျွမ်းနေခဲ့ပြီ ဖြစ်သည်။



သို့တိုင် အစွမ်းထက်သည်ထက် ထက်မြက်လာအောင် ကြိုးစား လေ့ကျင့်နေခြင်း ဖြစ်၏။

လုထင်းက မြေကွက်လပ်အလယ်၌ ရပ်လိုက်သည်။

ပထမဦးစွာ အသက်ပြင်းပြင်း ရှူရှိုက်လိုက်ပြီးမှ သိုင်းကွက်များကို စတင်လေ့ကျင့်၏။

ထိုသို့လေ့ကျင့်လိုက်သည်နှင့် သိုင်းပညာရပ်များတွင် စိတ်အာရုံ နစ်မြုပ်သွားပြီး ပတ်ဝန်းကျင်ကို မေ့လျော့သွားလေသည်။

ခန္ဓာကိုယ်ပေါ်၌ ချွေးသီးချွေးပေါက်များ ရွှဲရွှဲစိုလာသည်အထိ လေ့ကျင့်လိုက်၏။

လုထင်းမှာ သွယ်သွယ်ပျောင်းပျောင်း လုထင်း မဟုတ်တော့ပါ။

ခန္ဓာကိုယ် ကျစ်လစ်တောင့်တင်းသန်မာသည့် လုထင်း ဖြစ်လာချေပြီ။

သိုင်းလောကသားတိုင်း မက်မောသည့် သိုင်းသုံးကွက် သိုင်းကျမ်းမှ ပထမသိုင်းကွက် ရေးထားသည့် သိုင်းကျမ်းကို လေ့ကျင့်တတ်မြောက်ခဲ့ပြီ ဖြစ်သည်။

လုထင်းမှာ သိုင်းလေ့ကျင့်ပြီး နေမွန်းတည့်ချိန်ရောက်မှ ရပ်တန့်လိုက်၏။

ထို့နောက် ခေတ္တအမောဖြေလိုက်ပြီး သချိုင်းစောင့် အဘိုးအို နေထိုင်သည့် ဇရပ်ပျက်သို့ ရောက်လာခဲ့သည်။

အဘိုးအိုကား နံနက်ပိုင်းအချိန်ကပင် မြို့ထဲသွားနေခဲ့၏။

သူသည် နေ့စဉ် မြို့ထဲသို့သွားပြီး သူတစ်ပါးခိုင်းစေသော အလုပ်မျိုးစုံကို မညည်းမညူ လုပ်ကိုင်ဆောင်ရွက်ပြီး ပေးကမ်းစွန့်ကြဲသမျှ လက်ခံယူတတ်သူ ဖြစ်သည်။

လုထင်းက ဇရပ်ပျက်ပေါ် ခုန်တက်လိုက်သည်။

ထိုစဉ်မှာပင် သချိုင်းမြေထဲသို့ လူနှစ်ယောက် လှမ်းဝင်လာနေကြသည်ကို တွေ့မြင်လိုက်ရသည်။

ထိုလူနှစ်ယောက်အနက် တစ်ယောက်မှာ သင်းချိုင်းစောင့် အဘိုးအို ဖြစ်၏။

ကျန်တစ်ယောက်မှာ မည်သူမည်ဝါဖြစ်ကြောင်း လုထင်း မသိပါချေ။

ထို့ကြောင့် အခြေအနေကို အကဲခတ်ကြည့်နေလိုက်မိလေသည်။

မကြာပါချေ။

သင်းချိုင်းစောင့်အဘိုးအိုနှင့် လူစိမ်းမှာ ဇရပ်ပျက်အနီးသို့ ရောက်ရှိလာကြသည်။

အဘိုးအိုက လုထင်းကိုမြင်လျှင် ဝမ်းသာအားရ နှုတ်ဆက်လိုက်၏။

'ဟော....မင်းတောင်ပြန်ရောက်နေပြီကိုး'

လုထင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် ဘဘ'

'အေး....ဟောဒီမှာ မင်းကိုတွေ့ချင်တဲ့ ဧည့်သည်တစ်ယောက် တွေ့လို့ ခေါ်လာခဲ့တယ်'

'ဗျာ'



လုထင်း ပါးစပ်အဟောင်းသား ဖြစ်သွား၏။

အဘိုးအိုကို နားမလည်နိုင်စွာ ကြည့်လိုက်၏။

တစ်ဖန် လူစိမ်းကို ကြည့်လိုက်၏။

လူစိမ်းက သူ့အား ပြုံးပြသည်။

လုထင်း မျက်မှောင်ကုတ်သွားပြီ....

'ကျွန်တော့်ကို တွေ့ချင်တယ်၊ ဟုတ်လား'

ဟု မေးလိုက်၏။

လူစိမ်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ မင်းက လုထင်း မဟုတ်လား'

'ဟုတ်တယ်၊ ခင်ဗျားက ကျုပ်ကိုသိနေလို့လား'

'သိတာပေါ့၊ မင်းဟာ စာပေပညာရှင် လုယုဖုံးနဲ့ သံမဏိယပ်တောင် ဝမ်းလျန်တို့ရဲ့ သားဖြစ်တယ်ဆိုတာလဲ သိတယ်'

လုထင်း အကြီးအကျယ် အံ့ဩသွား၏။

ထိုလူကို မယုံကြည်နိုင်စွာ ကြည့်နေမိ၏။

ထိုလူက ဘာမှမပြောတော့ဘဲ သူ့အား ပြုံးကြည့်နေလေသည်။

လုထင်းက နားမလည်နိုင်စွာဖြင့်....

'ခင်ဗျားက ကျုပ်ကိုသိပေမယ့် ကျုပ်က ခင်ဗျားကို မသိပါလား'

ထိုလူ ခေါင်းညိတ်လိုက်သည်။

'မှန်တယ်၊ မင်းက ကျုပ်ကို ဘယ်သိပါ့မလဲ'

'ခင်ဗျားက ကျုပ်မိဘတွေရဲ့ မိတ်ဆွေလား'

'မဟုတ်ဘူး'

'ကျုပ်က မင်းရဲ့အကြောင်း လေ့လာထားလို့ပါ'

'ဪ....'

'ကျုပ်က ဘာကြောင့် မင်းရဲ့အကြောင်း လေ့လာရတယ် ဆိုတာကော မင်းသိချင်သေးသလား'

လုထင်း ပါးစပ်ပိတ်ထားလိုက်၏။

ထိုလူက သူမမေးဘဲ ပြောလာလိမ့်မည်ဟု နားလည်ထားသည်။

သူတွေးထင်ထားသည့် အတိုင်းပင် ထိုလူက ပြောပြလာ၏။

'ကျုပ်ရဲ့သခင်က မင်းကိုတွေ့ချင်နေတယ်လေ၊ မင်းကို ရှာပြီး ခေါ်လာခဲ့ဖို့ အမိန့်ပေးလိုက်တယ်၊ ဒါကြောင့် ကျုပ်က မင်းအကြောင်းစုံစမ်းပြီး လိုက်ရှာနေတာပေါ့'

လုထင်း စိတ်ဝင်စားသွား၏။

'ခင်ဗျားရဲ့သခင်က ဘယ်သူလဲ'

'မိုးကြိုးလှံ့ဂိုဏ်းချုပ် ကျင့်ခုံးပါ'

'ဘာ....'

လုထင်း ရင်ထိတ်သွား၏။

မိုးကြိုးလှံ့ဂိုဏ်းသည် လုဝမ်းဝမ်းနှင့်ပတ်သက်ပြီး သူ့အား ဒုက္ခပေးခဲ့သည် မဟုတ်ပါလား။

လုထင်းမှာ သတိကြီးစွာ ထားနေလိုက်သည်။

ထိုလူက ဆက်ပြောလိုက်၏။

'ကျုပ်နာမည် ကျင်းထုံ့လို့ ခေါ်ပါတယ်၊ မှတ်ထားပါ'

လုထင်းက ခေါင်းလည်းမညိတ်၊ ခေါင်းလည်းမခါဘဲ သူ့ကိုသာ မျက်တောင်မခတ် စိုက်ကြည့်နေ၏။



ကျင်းထုံ့မှာ မိုးကြိုးလှံ့ဂိုဏ်းချုပ် ကျင်းခုံး၏ အမိန့်အရ လုထင်းအား လိုက်လံရှာဖွေခဲ့ခြင်း ဖြစ်၏။

ယခုတော့ လုထင်းနှင့် ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ဆုံနေရပြီ ဖြစ်သည်။

ကျင်းထုံ့က....

'မိုးကြိုးလှံ့ ဂိုဏ်းသားတွေဟာ မင်းကို အထင်လွဲမှားပြီး တိုက်ခိုက်ခဲ့ကြသေးတယ် မဟုတ်လား၊ ဒီကိစ္စကို ဖြေရှင်းချင်လို့ ဂိုဏ်းချုပ်ကြီးက မင်းကို လိုက်ရှာခိုင်းခဲ့တာပါ'

လုထင်း ခေါင်းယမ်းလိုက်၏။

'ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ်က ခင်ဗျားတို့နဲ့ ဘယ်လို သဘောမျိုးမှ မဖြစ်ချင်ပါဘူး၊ ပြီးခဲ့တာတွေလဲ မေ့ပစ်လိုက်ပါပြီ၊ ကျုပ်မလိုက်နိုင်ပါဘူး၊ ဂိုဏ်းချုပ်ကြီးကို ပြောပြလိုက်ပါဗျာ'

'မဟုတ်သေးဘူး၊ မင်းကိုဒုက္ခပေးဖို့ မဟုတ်ပါဘူး၊ အထင်မှားပြီး တိုက်ခိုက်ခဲ့တာတွေအတွက် တောင်းပန်ချင်လို့ ခေါ်ခိုင်းလိုက်တာပါ'

'ဗျာ'

'ဂိုဏ်းချုပ်ကိုယ်တိုင် မင်းကို တောင်းပန်ချင်စိတ် ရှိပါတယ်'

လုထင်း သက်ပြင်းချလိုက်သည်။

မိုးကြိုးလှံ့ဂိုဏ်းသားများ ဒုက္ခပေးခဲ့၍ အသက်သေရမလို ဖြစ်ခဲ့ရ၏။

ကံကောင်းထောက်မ၍ ချင်းသက်ထင်နှင့် တွေ့ရှိသော အသက်ဘေးမှ လွတ်မြောက်ခဲ့ရခြင်း ဖြစ်လေသည်။

မိုးကြိုးလို့ ဂိုဏ်းအပေါ် အကြီးအကျယ် စိတ်နာခဲ့သည်။

ယခုတော့ မိုးကြိုးလို့ ဂိုဏ်းချုပ်ကိုယ်တိုင် သူ့အား တောင်းပန်လိုသည်ဟု ဆိုနေပြီ မဟုတ်ပါလား။

လုထင်း အတန်ကြာ တွေးတော စဉ်းစားပြီးမှ....

'ကျေးဇူးတင်ပါတယ်ဗျာ၊ ပြီးခဲ့တဲ့ကိစ္စတွေကို ကျုပ် ဘယ်လိုမှ သဘောမထားဘဲ မေ့ပစ်လိုက်ပါပြီ၊ ခင်ဗျား ဂိုဏ်းချုပ်ကြီးကို ပြန်ပြီးပြောပြလိုက်ပါ'

ကျင်းထု၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

လုထင်းအား စိုက်ကြည့်လိုက်ပြီး....

'မင်း လိုက်မလာဘူးဆိုရင် ဂိုဏ်းချုပ်ကြီးက ကျုပ်ကို အပြစ်ပေးလိမ့်မယ်၊ ဒါကြောင့် လိုက်ခဲ့ပါလို့ တောင်းပန်ချင်ပါတယ်'

'ဗျာ....ကျုပ်မလိုက်ဘူးဆိုရင် ခင်ဗျား အပြစ်ပေးခံရမယ် ဟုတ်လား'

'ဟုတ်ပါတယ်'

'ဘာဆိုင်လို့လဲဗျ'

'ကျုပ်က ဂိုဏ်းချုပ်ပေးတဲ့ တာဝန်အတိုင်း မဆောင်ရွက်နိုင်ဘူးဆိုရင် အပြစ်ရှိနေပါလိမ့်မယ်'

'ဟာ....ဒါတော့ မတရားတာဘဲ'

ကျင်းထု တောင်းပန်လိုက်လေသည်။



'ကျေးဇူးပြုပြီး လိုက်ခဲ့ပါလား၊ ဘာမှ ကြာမှာမဟုတ်ပါဘူး၊ ဂိုဏ်းချုပ်က မင်းကိုတောင်းပန်ပြီးရင် မင်းသွားချင်ရာ သွားနိုင်ပါပြီ၊ မင်းမလိုက်ခဲ့ရင် ကျုပ် ဒုက္ခရောက်မှာပါ'

ထိုစကားကြားလျှင် သနားတတ်သည့် သင်းချိုင်းစောင့် အဘိုးအိုကလည်း ကြားဝင် တိုက်တွန်းလိုက်လေသည်။

'ဟုတ်သားပဲကွာ၊ မင်းလိုက်သွားပါလား၊ သွားတွေ့ပြီး ပြန်လာခဲ့လို့ ရသားပဲမဟုတ်လား၊ လူတစ်ဘက်သား ဒုက္ခရောက်ရမှာ မကောင်းပါဘူးကွာ'

လုထင်း သက်ပြင်းချလိုက်သည်။

လူအများအထင်ကြီးသည့် ကျော်ကြားသူများသည် တစ်ခါတစ်ရံ လူယုတ်မာများ ဖြစ်နေတတ်ကြသည်။

လူအများအထင်သေးသည့် သင်းချိုင်းစောင့် အဘိုးအို၏ စိတ်သဘောထားသည် ထိုလူယုတ်မာများထက် အဆပေါင်းများစွာ မြင့်မြတ်နေသည် မဟုတ်ပါလား။

လူတော်လူကောင်းဟူသည် မည်သည့်ပေတံဖြင့် သတ်မှတ်ပါသနည်း။

လူဆိုး လူယုတ်မာ ဆိုသည်ကိုလည်း မည်သို့သောပေတံဖြင့် တိုင်းတာ သတ်မှတ်ပါသနည်း။

လုထင်းက ကျင်းထုကို စိုက်ကြည့်လိုက်သည်။

ကျင်းထု၏ ပြောစကားမှန်လျှင် သူ ငြင်းဆန်လိုက်ပါက ကျိန်းသေ ဒုက္ခရောက်တော့မည် ဖြစ်သည်။

လုထင်းက....

'ကောင်းပြီလေ၊ ကျုပ်လိုက်ခဲ့ပါ့မယ်၊ ဒါပေမယ့် ခင်ဗျား ဒုက္ခရောက်မှာ စိုးရိမ်လို့ လိုက်လာတာနော်၊ ကျုပ်ကို ထောင်းပန်တာခံချင်လို့ လိုက်လာတာမဟုတ်ဘူး'

ဟု ပြောလိုက်သည်။

ကျင်းထုက သွားများပေါ်အောင် ပြုံးပြလိုက်လေ၏။

လက်နှစ်ဘက်ဆုပ်ကာ ဂါရဝပြုလိုက်ရင်း....

'ဝမ်းသာလိုက်တာဗျာ၊ ကဲ ကျုပ်တို့အချိန်ရှိတုန်း သွားကြရအောင်'

'ကောင်းပြီလေ'

လုထင်းက သင်းချိုင်းစောင်အဘိုးအိုကို နှုတ်ဆက်လိုက်၏။

ထို့နောက် ကျင်းထု ခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားလေတော့သည်။

* *

မြင်းလှည်းတလှုပ်လှုပ် သွားနေသည်။

မြင်းလှည်းအတွင်း၌ လိုက်ပါလာသည့်လုထင်းမှာ တဖြည်းဖြည်း ငိုက်မျဉ်းလာပြီး နောက်ဆုံး၌ အိပ်ပျော်သွားလေ၏။

ကျင်းထုက မြင်းလှည်းမောင်းနေသည်။



လုထင်းတစ်ယောက် သူ၏အကြံအစည်ကိုမသိဘဲ လွယ်လင့်တကူ လိုက်လာခဲ့သည်ကို တွေးမိတိုင်း သဘောကျစွာ ပြုံးမိသည်။

လုထင်းအား အလွယ်တကူ သုတ်သင် ရှင်းလင်းပစ်နိုင်မည်ဟု သူ ယုံကြည်ထားသည်။

သို့သော် လုပ်ကြံခြင်းမပြုဘဲ လက်ရဖမ်းဆီး ခေါ်ဆောင်လာနိုင်လျှင် ဂိုဏ်းချုပ်ကျင်းခုံး ပိုပြီး သဘောကျသွားပေမည်။

ထို့အပြင် သူနှင့် တန်းတူရှယ်တူ အဆင့်ရှိသည့်အခြား ကိုယ်ရံတော်များ သူ့အား လေးစားလာကြမည် မဟုတ်ပါလား။

ကျင်းထုသည် ကျူးဟန်ကောင်းကဲ့သို့ ကျင်းခုံး၏ အားထားရသော ညာလက်ရုံးတစ်ဆူ ဖြစ်လိုသည့်ဆန္ဒ ရှိ၏။

အခါအခွင့်သင့်တိုင်း သူ၏အစွမ်းကို ဖော်ထုတ်ပြသရန် ကြိုးစားခဲ့၏။

ယခုတော့ သူ၏ အစွမ်းသတ္တိကို အားလုံးအံ့သြသွားအောင် ဖော်ထုတ်ပြသနိုင်ခွင့်ရပြီ ဖြစ်သည်။

သူသည် ထူးခြားထက်မြက်သူ မဟုတ်ဟု မည်သူမျှ ပြောဝံ့ကြတော့မည် မဟုတ်ပါချေ။

တွေးရင်း မြင်းလှည်းမောင်းနှင်လာရာ အတော်ကလေး ခရီးပေါက်လာသည်။

မိုးကြိုးလု ဂိုဏ်း ဌာနချုပ်သို့ သုံးရက်ခန့် ခရီးနှင်ပြီးမှ ရောက်ရှိသွားနိုင်မည် ဖြစ်၏။

လုထင်းပါလာပြီးမှ သုံးရက်ဟူသော အချိန်ကို မဆိုထား နှင့် ရက်ပေါင်းသုံးဆယ်ကြာမှ ရောက်မည်ဆိုလျှင်လည်း သူ မမှုတော့ပါ။

• • •

'ခွပ်...ခွပ်'

'ခွပ်...ခွပ်'

မြင်းခွာသံများ စည်းချက် ဝါးချက် ညီညီ ထွက်ပေါ်လာသည်။

ကျင်းထု မောင်းနှင်လာသည့် မြင်းလှည်းမှာ တောအုပ်ကလေး တစ်ခုရှေ့သို့ ရောက်ရှိလာ၏။

တောအုပ်ရှေ့သို့ ရောက်သည်နှင့် သစ်ပင်တစ်ပင်အောက်၌ လူတစ်ယောက် ထိုင်နေသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူမှာ အသက်ခြောက်ဆယ်ခန့်ရှိ အဘိုးအို တစ်ယောက်ဖြစ်သည်။

ထိုအဘိုးအိုသည် မြင်းလှည်းလာနေသည်ကိုတွေ့လျှင် ကမျာကယာ ပြေးထွက်လာပြီး လက်ဝေ့ယမ်းပြကာ ဟန့်တားလိုက်သည်။



'ဟိုး...ရပ်ပါဦး'

ကျင်းထု မကျေမနပ် ဖြစ်သွားသည်။

မြင်းလှည်းမရပ်ဘဲ ဆက်ပြီးမောင်းနှင်သွားလျှင် လမ်းပိတ်ဟန့်တားနေသည့် ထိုအဘိုးအိုကို ဝင်တိုက်မိသွားမည် ဖြစ်၏။

သူ၏သဘောအတိုင်းဆိုလျှင် အဘိုးအိုအား အရေးမစိုက်ဘဲ ဝင်တိုက်သွားမည် ဖြစ်သည်။

သို့သော် မြင်းလှည်းပေါ်၌ လုထင်းပါလာ၏။

လုထင်းက သူ၏လုပ်ရပ်ကို သဘောကျနိုင်မည် မဟုတ်ချေ။

လုထင်း မကျေမနပ်ဖြစ်လျှင် မိုးကြိုးလု ဂိုဏ်း ဌာနချုပ်သို့ ရောက်သည့်တိုင် အေးအေးဆေးဆေး ခေါ်သွား၍ ရနိုင်တော့မည် မဟုတ်ပါ။

ဤသို့ဆိုလျှင် သူ၏အကြံအစည်များ ပျက်စီးသွားတော့မည် ဖြစ်သည်။

ကျင်းထု ပင့်သက်ရှိုက်လိုက်သည်။

မြင်းဇက်ကြိုး တင်းတင်းဆွဲကာ မြင်းလှည်းကို ရပ်တန့်လိုက်၏။

မြင်းနှစ်ကောင်မှာ ရှည်လျားစွာဟီရင်း ရပ်တန့်သွားကြသည်။

မြင်းလှည်းရပ်လိုက်ခြင်းကြောင့် အဘိုးအို ဝမ်းသာပျော်ရွှင်သွား၏။

'ဟေး...ကျေးဇူးတင်လိုက်တာကွယ်'

ပြောပြောဆိုဆို မြင်းလှည်းပေါ်တက်ရန် ဟန်ပြင်လိုက်သည်။

ကျင်းထု မကျေမနပ် ဖြစ်သွား၏။
အဘိုးအိုကိုစိုက်ကြည့်ရင်း....
'ခင်ဗျား ဘာလုပ်မလို့လဲ'
'ကျုပ် လမ်းကြုံလိုက်မလို့လေ'
'ဘာဗျ'
'ဟဲ...ဟဲ...လိုက်ပါရစေကွာ'
'ခင်...ခင်ဗျား အေးဖယ်လိုက်စမ်း'
အဘိုးအိုက ရယ်ကျဲကျဲဖြင့်....
'မင်းရဲ့ကျောကုန်းပေါ် ငါက ခွစီးပြီး လိုက်မှာမဟုတ်ပါဘူးကွ၊ ဘာဖြစ်လို့ ငါ့ကိုမောင်းထုတ်ချင်ရတာလဲ'
သူ၏စကားကြားလျှင် ကျင်းထု ပိုဖြီး ဒေါသထွက်သွားသည်။
'ခင်ဗျား ထွက်ဆိုရင် ထွက်သွားဗျာ၊ မြင်းလှည်းပေါ် လုံးဝမတက်နဲ့'
ဟု အော်ပြောလိုက်၏။
အဘိုးအို ပခုံးတွန့်လိုက်ပြီး....
'မင်း တော်တော် ကပ်စေးနှည်းတာပဲ၊ ငါက မြင်းလှည်း အလကား မစီးပါဘူးကွာ၊ တန်ရာတန်ကြေး ပေးမယ်ဆိုရင်ကော'
'ဘာပဲဖြစ်ဖြစ် ကျုပ်လက်မခံနိုင်ဘူး'
'နေပါဦး၊ မင်းက ဘာကြောင့် ဒီလောက်တောင် ခါးခါးသီးသီး ငြင်းဆန်နေရတာလဲ'



သူတို့နှစ်ယောက် အချီအချ ပြောနေကြသော စကားများကြောင့် လုထင်း လန့်နိုးလာသည်။
သူက မြင်းလှည်းအိမ်ထဲမှ ခေါင်းပြူကြည့်လိုက်သည်။
ထိုစဉ် အဘိုးအို၏စကားသံ ထွက်ပေါ်လာပြန်သည်ကို ကြားလိုက်ရ၏။
'ခရီးကြုံလိုက်ပါရစေဆိုတော့လဲ မဟုတ်ဘူး၊ ပိုက်ဆံပေးပြီး လိုက်ပါရစေဆိုတော့လဲ မဟုတ်ဘူး၊ မင်းက ဘယ်လိုသဘောလဲ ကျုပ်ကို တင်ခေါ်သွားဖို့ ဘာဖြစ်လို့ ဒီလောက်တောင် ဝန်လေးနေတာလဲ၊ ကျုပ်တစ်ယောက်တည်း ခရီးသွားရတာ ခရီးပျင်းလွန်းလို့ လမ်းကြုံလိုက်ခွင့် တောင်းတာပါကွ'
လုထင်း မျက်မှောင်ကြုတ်သွားသည်။
ကျင်းထု၏စကားသံ ထွက်ပေါ်လာပြန်သည်။
'ခင်ဗျား နောက်ဆုတ်လိုက်ရင်ကောင်းမယ်၊ ကျုပ် သည်းမခံနိုင်တော့ဘူး'
'ဟာကွာ မင်းကလဲ စိတ်တိုလိုက်တာ'
'ခင်ဗျား သေချင်ပြီထင်တယ်'
ကျင်းထုက တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။
လုထင်း သက်ပြင်းချလိုက်လေသည်။
မြင်းလှည်းတံခါးဖွင့်ကာ အောက်ဘက်ဆင်းလိုက်ပြီး....
'ခဏနေကြပါဦးဗျာ'
ဟု ဟန့်တားလိုက်သည်။
အဘိုးအိုနှင့်ကျင်းထု ပြိုင်တူ လှည့်ကြည့်လာကြသည်။
လုထင်းကိုမြင်လျှင် ကျင်းထု စိတ်ပျက်သွားလေသည်။

‘လမ်းပိတ်ပြီး ဟန့်တားနေလို့ ကျုပ်က လမ်းဖယ်ပေးဖို့ ပြောနေတာပါ’

ဟု အလျင်ဦးအောင် လှမ်းပြောလိုက်လေသည်။

အဘိုးအိုက....

‘ကျုပ်က အနှောင့်အယှက်ပေးတာ မဟုတ်ပါဘူး၊ လမ်းကြုံလိုက်ချင်လို့ ခွင့်တောင်းနေတာပါ’

ဟု ရှင်းပြလေသည်။

လုထင်း သက်ပြင်းချလိုက်သည်။

သူ့အားကြည့်နေသည့် အဘိုးအိုကို ပြုံးပြရင်း....

‘ဘဘက ဘယ်ကိုသွားမလို့လဲ’

ဟု မေးလိုက်သည်။

အဘိုးအိုက....

‘အင်းထရန်မြို့ သွားမလို့ပါ’

လုထင်းက ကျင်းထုံကို ကြည့်လိုက်သည်။

ကျင်းထုံက ခေါင်းယမ်းပြလိုက်သည်။

‘ကျုပ်တို့ အင်းထရန်မြို့ကို ရောက်မှာမဟုတ်ဘူး’

‘လမ်းကော မကြုံဘူးလား’

‘ဘာဖြစ်လို့လဲ’

‘ကျွန်တော်မေးတာ ဖြေပါဦးဗျာ’

‘လမ်းတော့ကြုံတယ်၊ ဒါပေမယ့် ကျုပ်တို့ ခရီးမဆုံးခင် သူ ထွက်သွားရလိမ့်မယ်’

‘ဘာဖြစ်လို့လဲ’



‘ကျုပ်တို့က အင်းထရန်မြို့မရောက်ခင် ဆယ်မိုင်လောက်အကွာမှာ မြောက်ဘက်ကို လမ်းခွဲထွက်ရမှာမို့ လမ်းဆုံမြို့ရောက်ရင် သူ့ဘာသာသူ ဆက်သွားမှ ဖြစ်မှာပေါ့’

‘ဟုတ်တယ်’

ကျင်းထုံ မျက်နှာ သုန်မှုန်သွားလေသည်။

လုထင်းက အဘိုးအိုအား လက်ခံ ခေါ်ဆောင်သွားလိုစိတ်ရှိကြောင်း နားလည် သဘောပေါက်ထားလေသည်။

လုထင်းက အဘိုးအိုဘက်သို့လှည့်ကာ....

‘ဦးက လမ်းဆုံမြို့အထိလိုက်ပြီး ဦးဘာသာ သွားမယ်ဆိုရင်ကော ဖြစ်ပါမလား’

ဟု မေးလိုက်သည်။

အဘိုးအို ခေါင်းညိတ်လိုက်သည်။

‘သိပ်ဖြစ်တာပေါ့ကွာ’

လုထင်းက ကျင်းထုံဘက် ပြန်လှည့်ကြည့်လိုက်သည်။

‘ကျွန်တော်တို့ သူ့ကို ခေါ်သွားဖို့ အပန်းမကြီးနိုင်ပါဘူးထင်ပါတယ်’

ကျင်းထုံ မကျေမနပ်ဖြင့်....

‘သူက ဘယ်သူဘယ်ဝါဆိုတာ မသိဘဲလက်ခံလို့ ဖြစ်ပါ့မလား’

‘ကိစ္စမရှိပါဘူး၊ သူက ကျွန်တော်တို့ကို ဒုက္ခပေးမှာ မဟုတ်ဘူးလို့ ယုံကြည်ပါတယ်’

‘ဟာ....မဖြစ်ဘူးထင်တယ်’

‘ဘာဖြစ်လို့လဲ’

'ကျုပ်…'

ကျင်းထုံ မည်သို့ပြောရမည်မှန်းမသိ ဖြစ်နေလေသည်။

လုထင်း ပြုံးလိုက်သည်။

'ကိစ္စမရှိပါဘူး၊ ကျွန်တော်တို့ အဖော်တောင်ရသေးတာပဲ'

စကားဆုံးလျှင် အဘိုးအိုဘက်လှည့်ကာ…

'ဘဘ မြင်းလှည်းပေါ် တက်ပါခင်ဗျာ'

ဟု ယောင်းကောင်းမွန်မွန် ဖိတ်ခေါ်လိုက်သည်။

အဘိုးအို သဘောကျစွာ ပြုံးလိုက်၏။

'ကျေးဇူးပဲ၊ မင်းက တကယ့်ကို စိတ်ကောင်းရှိတာပဲ'

အဘိုးအိုက မြင်းလှည်းပေါ်သို့ လှမ်းတက်လိုက်သည်။

လုထင်းလည်း လှမ်းတက်လိုက်၏။

သူတို့နှစ်ယောက် မြင်းလှည်းပေါ်ရောက်လျှင် ကျင်းထုံက မြင်းလှည်းမောင်းသူနေရာသို့ ပြန်လည်ခုန်တက်လိုက်၏။

ထို့နောက် ကြာပွတ်ကို ဝေ့ယမ်းကာ မြင်းလှည်း မောင်းနှင်လိုက်သည်။

မြင်းနှစ်ကောင် ရှည်လျားစွာဟီကာ ဒုန်းစိုင်းပြေးသွားကြလေသည်။



ကျင်းထုံက ဒေါပွပွဖြင့် မြင်းလှည်းကို ဒုန်းစိုင်းမောင်းနှင်နေသည်။

မြင်းနှစ်ကောင်မှာ အားကုန်ပြေးသွား၏။

လမ်းမှာ မညီညာသဖြင့် မြင်းလှည်းအိမ် လှုပ်ခုန်နေလေသည်။

မြင်းလှည်းအိမ်အတွင်း၌ လိုက်ပါလာကြသည့် လုထင်းနှင့် အဘိုးအိုတို့မှာ မြင်းလှည်းဆောင့်သည့်ဒဏ် ခံနေကြရ၏။

လုထင်းနှင့် အဘိုးအိုတို့ မျက်နှာချင်းဆိုင် ထိုင်နေ၏။

အဘိုးအိုက ပြုံးပြရင်း…

'မင်းရဲ့ မြင်းလှည်းမောင်းသမားကတော့ စိတ်ဆိုးသွားပြီထင်တယ်၊ ကျုပ်တို့ကို ပညာပြနေပြီကွ'

ဟု ပြော၏။

လုထင်း အားတုံ့အားနာ ဖြစ်သွား၏။

သို့သော် ဘာမှပြန်မပြောဘဲ နေလိုက်၏။

အဘိုးအိုက…

'မင်းက သဘောကောင်းတယ်၊ မင်းရဲ့ မြင်းလှည်းမောင်းသမားကတော့ လုံးဝစိတ်ကောင်းမရှိဘူးကွ'

'ဒါ ကျွန်တော့် မြင်းလှည်း မဟုတ်ပါဘူး၊ သူက ကျွန်တော့် မြင်းလှည်းမောင်းသမားလဲ မဟုတ်ပါဘူး'

'ဟေ'

အဘိုးအို အံ့ဩသွားသည်။

လုထင်းကို နားမလည်နိုင်စွာကြည့်ကာ…

'မင်းဆိုလိုတာ ငါလဲ နားမလည်ပါလား'

'ဒီမြင်းလှည်းဟာ သူ့ရဲ့မြင်းလှည်းပါ'

'ဒါ...ဒါဖြင့် မင်းကလဲ ကျုပ်လို လမ်းကြုံလိုက်လာတာ ပေါ့ ဟုတ်လား'

လုထင်း ခေါင်းယမ်းလိုက်၏။

'ကျွန်တော်က လမ်းကြုံလိုက်တာ မဟုတ်ပါဘူး'

'မင်းဟာက ဘယ်လိုသဘောလဲကွ၊ ရှင်းရှင်းပြောစမ်းပါဦး'

'ဒီမြင်းလှည်းဟာ သူ့မြင်းလှည်းပါ၊ သူ့ဆရာက ကျွန်တော့်ကို ခေါ်ခိုင်းလိုက်လို့ သူလာခေါ်တာပါ'

'ဩော်...ဒီလိုကိုး၊ မင်းကို မြင်းလှည်းနဲ့ ကြိုဆိုခေါ်ဆောင်လာတာပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်'

'ဒါကြောင့် လူပိုလိုက်တာ မကြိုက်တာဘဲ ဖြစ်ရမယ်'

လုထင်း ပြုံးနေလိုက်၏။

အဘိုးအိုက....

'ကောင်းတာပေါ့၊ မင်းသာ ဝင်မပြောရင် ကျုပ်တော့ လမ်းကြုံလိုက်ရဖို့ မလွယ်ဘူး၊ ဘာပဲဖြစ်ဖြစ် မင်းကို ကျေးဇူးတင်ပါတယ်၊ ဒါထက် သူ့ဆရာက ဘယ်သူလဲ၊ ဘာကြောင့် မင်းကို ကြိုခိုင်းရတာလဲ'

'ဩော်....သူ့ဆရာဟာ....'

လုထင်း ပြောပြရန် ဟန်ပြင်ပြီးမှ စကား တစ်ပိုင်းတစ်စ ဖြင့် ရပ်တန့်လိုက်၏။

အဘိုးအို မှည့်သူမည်ဝါဖြစ်ကြောင်း သူမသိပါ။



အဘိုးအိုအကြောင်း မသိရဘဲ သူ့အကြောင်း ခရေစေ့ တွင်းကျ ပြောပြရန် မသင့်ဟု ယူဆမိသည်။

အဘိုးအို ပခုံးတွန့်လိုက်၏။

'မင်း ပြောမပြနိုင်ဘူးဆိုရင်လဲ မပြောဘဲ နေနိုင်ပါတယ်၊ ကျုပ်က စပ်စပ်စုစု လုပ်တတ်တဲ့ ဝါသနာရှိလို့ မေးကြည့်တာပါ၊ အင်ထရန်မြို့ မြောက်ဘက်ကို ဆက်သွားမယ်ဆိုတော့ မဟုတ်မှလွဲရော မင်းတို့တတွေ မိုးကြိုးလှ ဂိုဏ်းကို သွားကြမလို့ ပဲ ဖြစ်ရမယ်'

လုထင်း ပါးစပ်အဟောင်းသား ဖြစ်သွား၏။

ထို တဒင်္ဂအချိန်ကလေးအတွင်း အဘိုးအိုမှာ ခေသူမဟုတ် ကြောင်း နားလည် သဘောပေါက်သွားလေသည်။

အဘိုးအိုက တည်ကြည်သော မျက်နှာထားဖြင့်....

'မိုးကြိုးလှ ဂိုဏ်းဟာ သိုင်းလောကမှာ ထင်ရှားကျော်ကြား ပေမယ့် ကျုပ်တော့ သဘောမကျဘူး၊ အထင်လဲမကြီးဘူး၊ ဘာကြောင့်လဲ သိလား၊ သူတို့က လူကြီးလူကောင်းဟန်ဆောင် မျက်နှာဖုံးစွပ်ထားပြီးတော့ မကောင်းမှု ဒုစရိုက်လုပ်ငန်းတွေ နောက်ကွယ်မှာ လုပ်နေကြလို့ပေါ့'

လုထင်း သက်ပြင်းချလိုက်သည်။

မိုးကြိုးလှ ဂိုဏ်းနှင့်ပတ်သက်ပြီး သူလည်း ကြားသိထားပြီး ဖြစ်၏။

ထို့ကြောင့် ဘာမှမပြောဘဲ နေလိုက်၏။

အဘိုးအိုက ဆက်ပြောသည်။

'သူတို့ကြောင့် ဒုက္ခရောက်ရတဲ့လူတွေ မရေနိုင်တော့ဘူး၊ တစ်ခါတစ်လေတော့ သူတို့ကို ဆုံးမဦးမယ်လို့ စိတ်ကူးမိတယ်၊ ဒါပေမယ့်ကျုပ်က ဟိုဆိုဒီရောက် ဒီဆိုဟိုရောက်နဲ့မို့ တစ်ခါမှ မဆုံမဖြစ်ခဲ့ဖူးဘူး'

လုထင်း သက်ပြင်းချကာ....

'မိုးကြီးလှ ဂိုဏ်းဟာ အင်အားတောင့်တင်းပြီး မိတ်ဆွေ အပေါင်းအသင်း ပေါများလှပါတယ်၊ ဒါကြောင့် သူတို့ကို ဝေးဝေးကရှောင်ရင် ကောင်းပါလိမ့်မယ်ခင်ဗျား'

အဘိုးအို ဒုက္ခရောက်သွားမည်ကို စိုးရိမ်ကာ သတိပေးလိုက်လေသည်။

သူ၏စကားကြားလျှင် အဘိုးအို သဘောကျစွာ ရယ်မောလိုက်လေသည်။

'ဟား....ဟား....ဟား'

ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မြင်းလှည်းအိမ်သည်ပင် တုန်ခါသွားသည် ထင်မှတ်ရလေသည်။

လုထင်းက အဘိုးအိုအား မျက်တောင်မခတ် စိုက်ကြည့်နေမိလေတော့၏။

အဘိုးအို အတန်ကြာရယ်မောပြီးမှ....

'ရယ်စရာကောင်းလိုက်တာ၊ လူဆိုးသူခိုးဆိုတာ လူကောင်းတွေကိုကြောက်ရမှာကွ၊ လူကောင်းတွေက သူတို့ကို ကြောက်စရာမလိုပါဘူး၊ ကျုပ်က ဘာဖြစ်လို့ ကြောက်ရမှာလဲ'



'မဟုတ်သေးဘူးလေ ဘဘက....'

'မင်း ဘာပြောချင်သလဲ၊ ငါ့ဒုက္ခရောက်သွားမယ်လို့ ထင်နေတယ်ဟုတ်လား ကောင်းပြီ'

စကားဆုံးလျှင် သူက မြင်းလှည်းအိမ်ကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာပြီး မြင်းလှည်းအိမ် ကျိုးပဲ့သွားကာ အပေါက်ကြီးတစ်ခု ဖြစ်ပေါ်လာသည်။

လုထင်း မျက်လုံးပြူးသွားသည်။

အဘိုးအို၏ လက်ဝါးရိုက်ချက် ဤမျှပြင်းထန်နေမည်ဟု မထင်မိပါချေ။

အဘိုးအို ပြုံးလိုက်သည်။

'ဘယ့်နှယ်လဲ ကျုပ်ကသူတို့ကို ကြောက်နေရမှာလား'

လုထင်း ဘာမှမပြောနိုင်မီ မြင်းလှည်း တုံ့ခနဲ ရပ်တန့်သွားလေတော့၏။

အဘိုးအိုက....

'အတော်ပဲ လမ်းကြုံလိုက်တဲ့အရသာ ဘယ်လိုရှိတယ်ဆိုတာ သူနားလည် သဘောပေါက်အောင် လုပ်ပေးလိုက်ရဦးမယ်'

စကားဆုံးလျှင် မြင်းလှည်းတံခါးတွန်းဖွင့်ကာ အပြင်ဘက် ခုန်ထွက်လိုက်၏။

သူ၏လက်တစ်ဘက်က လုထင်းအား ဆွဲထားခြင်းကြောင့် လုထင်းလည်း အပြင်ဘက်သို့ ခုန်ဆင်းပြီးသား ဖြစ်သွားလေသည်။

သူတို့နှစ်ယောက် အပြင်ဘက်ရောက်ရှိသွားလျှင် ကျင်းထု က မြင်းလှည်းပေါ်မှ ခုန်ဆင်းလာသည်ကို တွေ့ရ၏။

ကျင်းထု သည် အဘိုးအိုအား တွေ့လျှင်တွေ့ချင်း ဒေါသတကြီး အော်ပြောလိုက်လေသည်။

'ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ၊ တမင်သက်သက် ရန်စချင်တဲ့သဘောမဟုတ်လား'

အဘိုးအို ပြုံးလိုက်သည်။

ဦးခေါင်း ဆတ်ခနဲညိတ်ကာ....

'သိပ်မှန်တာပေါ့ကွာ၊ လမ်းကြုံလိုက်ရတဲ့အရသာ ဘယ်လိုရှိတယ်ဆိုတာ မင်းသိရအောင် ကျုပ်က လုပ်ပြချင်တယ်လေ'

'ဘာဗျ'

'မင်း နားမလည်ဘူးလား၊ ကောင်းပြီ အခုသိရစေ့မယ်'

စကားဆုံးလျှင် လက်တစ်ဘက် ဆန့်ထုတ်ကာ ကျင်းထု အား တိုက်ခိုက်လိုက်လေသည်။

ရုတ်တရက်မို့ ကျင်းထု ရင်ထိတ်သွား၏။

လက်ဝါးတစ်ဘက် ကပျာကယာဆန့်ထုတ်ကာ ခုခံပေးလိုက်သည်။

'ဝုန်း....'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။



ကျင်းထု ၏ခန္ဓာကိုယ်အပေါ်သို့ မြောက်သွားပြီး မြေပေါ် ဖင်ထိုင် ကျသွားလေသည်။

ကျင်းထု မှာ တစ်ကိုယ်လုံး နာကျင်သွားသဖြင့် မှတ်တရက် ပြန်မထနိုင်ပါချေ။

အဘိုးအိုက လုထင်းအားပြုံးမြဲပြီး....

'ကဲ....လာတို့သွားကြစို့'

ပြောကာလုထင်း၏ လက်ကိုဆွဲပြီး မြင်းလှည်း မောင်းသူ နေရာသို့ ခုန်တက် လိုက်လေသည်။

လုထင်းမှာရုန်းကန်လိုက်သော်လည်းအဘိုးအို၏လက်များက ပုတ်တူသဖွယ် တင်းကြပ်စွာ ဆုပ်ကိုင်ထားခြင်းကြောင့် ရုန်းမရပါချေ။

အဘိုးအိုနောက်မှ စွေ့ခနဲပါသွားသည်။

မြင်းလှည်းမောင်းသူနေရာ ရောက်သည်နှင့်....

'ဟဲ့ မြင်း....ပြေးလိုက်စမ်း'

အဘိုးအိုက မြင်းများကို အော်ငေါက် မောင်းနှင်လိုက်လေသည်။

မြင်းနှစ်ကောင် ရှည်လျားစွာ ဟီလိုက်ကြပြီး ဒုန်းစိုင်း ပြေးသွားကြလေတော့သည်။

လုထင်း ရင်ထိတ်သွားသည်။

'ဘာ.... ဘယ်လို လုပ်လိုက်တာလဲ၊ ကျင်းထု တော့ ဒုက္ခပဲ'

အဘိုးအိုပြုံးလိုက်သည်။

'မပူပါနဲ့ကွာ၊ သူက ခမ်းကြူ လိုက်ပြီး မိုးကြိုးလှ ဂိုဏ်းကို ရောက်အောင် ပြန်သွားပါလိမ့်မယ်'

'ဟာ....မဟုတ်တာ သူ့ကိုထား ခဲ့လို့ ဘယ်ဖြစ်မလဲ'

'ဘာလဲ မင်းက သူ့ကို သနားနေလို့လား၊ . သူတို့ ဘယ်လောက် ရက်စက်ကြမ်းကြုတ်တယ်၊ ဘယ်လောက် ယုတ်မာတယ်ဆိုတာ မင်းကို ငါ လက်တွေ့ပြမယ်၊ ငါ့နောက် လိုက်ခဲ့'

အဘိုးအိုက မြင်းလှည်းကို ဒုန်းစိုင်း မောင်းနှင် လိုက်လေလေသည်။

ကျင်းထဲမှာ တဖြည်းဖြည်း ဝေး၍ဝေး၍ ကျန်ရစ်ခဲ့၏။

လုသင်းမည်သို့မျှ မတက်နိုင်တော့ပါချေ။

နောက်ဆုံး ကျင်းထဲ မြင်ကွင်းမှ ပျောက်ကွယ် သွားသည် အထိ စိတ်မကောင်းစွာ ငေးဖော ကြည့်နေ ခဲ့ရလေတော့သည်။

• • •

နှစ်ရက်....

နှစ်ရက်ဟူသောအချိန် ကုန်ဆုံးသွားပြီးနောက် လုထင်းနှင့် အဘိုးအိုမှာ လမ်းဆုံးမြို့ကလေးသို့ ရောက်ရှိလာကြလေသည်၊



လမ်းဆုံး မြို့ကလေးသို့ ရောက်သည်နှင့် စားသောက်ဆိုင် တစ်ဆိုင်ရှေ့၌ အဘိုးအိုက မြင်းလှည်းကို ရပ်တန့် လိုက်လေသည်။

မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်ပြီး ပြုံးပြုံးရွှင်ရွှင်ဖြင့်....

'လာလေကွာ ပထမဆုံး တို့တစ်တွေ စားသောက်ကြမယ်၊ ပြီးတော့ သူတို့ ဘာတွေ လုပ်တယ်ဆိုတာ လျှောက်ကြည့်ကြမယ်'

ဟုလုထင်းအား လှမ်းပြောလိုက်သည်။

လုထင်း သက်ပြင်း ချလိုက်သည်။

မြို့အဝင်လမ်းဘက်သို့ လှမ်းမျှော်ကြည့်လိုက်သည်။

အဘိုးအိုက...

'ဘာလဲ မြင်းလှည်း မောင်း သမား အတွက် စိတ်ပူနေလို့ သူ့ဘာမှ မဖြစ်နိုင်ပါဘူးကွာ၊ ကျုပ် အာမခံပါတယ်၊ လာမှာ သာလာစမ်းပါ'

ဟုလှမ်းပြောလိုက်၏။

လုထင်းက အဘိုးအိုကို ကြည့်လိုက်သည်။

အဘိုးအိုမှာ အမြဲတစေ ပြုံးရွှင်နေပြီး ရယ်ရယ်မောမော စကားဆိုတတ်သူ ဖြစ်လေသည်။

သဘောမနော ကောင်းသလို သိုင်းပညာ ထက်မြက်သူ ဖြစ်ပုံရ၏။

ချင်းဆက်ထင် သေဆုံးသွားပြီးနောက် သူလည်း အဖော်ကွဲ အထီးကျန်ဖြစ်နေပုံရ၏။

သူ၏မိဘညီအစ်ကို မောင်နှမများ မရှိတော့သလို ဦးလေးဖြစ်သူဝမ်းတုမှာလည်း လမ်းခွဲသွားခဲ့ပြီဖြစ်သည်။

သူ၏ရန်သူများလည်း သေဆုံးသွားကြပြီဖြစ်သည်။

လောက အလယ်တွင် အဖော်မဲ့ တစ်ယောက်တည်း အထီးကျန်ဘဝမျိုးဖြစ်နေခဲ့ရာ ဘဝဆိုတာ ဘာမှ အဓိပ္ပာယ်မရှိတော့ချေ။

ယခုအဘိုးအိုနှင့် တွေ့မှပျော်ရွှင်သလို ဖြစ်လာရသည်။

အဘိုးအိုနှင့် အတူလိုက်သွားလျှင် အတွေ့အကြုံ ဗဟုသုတရလာနိုင်သည်ဟု တွက်ဆမိလေသည်။

မိုးကြိုးလှ ဂိုဏ်းချုပ်နှင့် မတွေ့ရ၍လည်း သူ့အတွက် အကြောင်းထူးမည် မဟုတ်ပါချေ။

ထိုသို့တွေးမိလျှင်....

'ကောင်းပြီလေအဘပြောစကားသာမှန်ပါစေ'

ပြောပြီး မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်သည်။

အဘိုးအို သဘောကျစွာ ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား....ကဲ....လာ၊ ဆိုင်ထဲဝင်ကြရအောင်'

သူတို့နှစ်ယောက် ပခုံးချင်းယှဉ်ကာ စားသောက်ဆိုင်ထဲသို့ လှမ်းဝင်သွားကြ၏။

ဆိုင်လုလင်များက ပျာပျာသလဲ ကြိုဆိုကာ နေရာထိုင်ခင်းပေး၏။

အဘိုးအိုက အကောင်းဆုံး ဟင်းလျာငါးခွက်ကို မှာကြားလိုက်၏။



စားသောက်ဖွယ်ရာများ ရောက်ရှိလာလျှင် သူတို့ အားရပါးရ စားသောက်လိုက်ကြ၏။

သူတို့ စားသောက်နေစဉ်မှာပင် ဆိုင်ထဲသို့ လူသုံးယောက် လှမ်းဝင်လာကြသည်ကို တွေ့မြင်လိုက်ရ၏။

အဘိုးအိုက....

'အတော်ပဲ၊ မင်း လက်တွေ့မြင်ရတော့မယ်'

ဟု ပြောလိုက်၏။

လုထင်း ကြောင့်အမ်းအမ်းဖြစ်သွားပြီး....

'ဘယ်လို လက်တွေ့မြင်ရမှာလဲ'

'မင်း တော်တော်ညံ့တာပဲ၊ မိုးကြိုး လှ ဂိုဏ်းက လူတွေမတရားလုပ်တာကို လက်တွေ့မြင်ရမယ်လို့ ပြောတာကွ'

လုထင်းက ဝင်လာသူ သုံးယောက်အား လှမ်းကြည့်လိုက်ပြီး....

'သူတို့ဟာ မိုးကြိုးလှ ဂိုဏ်းက လူတွေ ဟုတ်လား'

ဟု မေးလိုက်၏။

အဘိုးအို ခေါင်းညိတ်လိုက်သည်။

'သိပ်ဟုတ်တာပေါ့'

လုထင်းလည်း ဝင်လာသူ သုံးယောက်အား သတိပြုကြည့်လိုက်၏။

ဝင်လာသူသုံးယောက်မှာ ခန္ဓာကိုယ် ထွားကျိုင်းသန်မာသည့် လူသန်ကြီးများ ဖြစ်ကြ၏။

သုံးယောက်စလုံး ကျားသစ်ရေဖြင့် ချုပ်ထားသည့် ချိုင်းဖြတ် အင်္ကျီများ ဝတ်ဆင်ထားကြပြီး လှ တိုက်ဘစ်လက်စီ ကိုင်ဆောင်ထားကြ၏။

သူတို့သည် စားသောက်ဆိုင်ထဲ ရောက်သည်နှင့် စားပွဲတစ်လုံးတွင် ဝိုင်းဖွဲ့ထိုင်လိုက်ကြ၏။

တစ်ယောက်က....

'ဟေ့....အကောင်းဆုံး အရက်သုံးအိုးနဲ့ ဟင်းလျာဆယ်မျိုး ယူလာခဲ့စမ်း၊ မြန်မြန်လုပ်'

ဟု အသံဝကြီးဖြင့် အော်ပြောလိုက်သည်။

ဆိုင်လုလင်များ ပျာပျာသလဲ ဖြစ်ကုန်ကြ၏။

ချက်ချင်းပင် အရက်နှင့် စားသောက်ဖွယ်ရာများ ချပေးလိုက်၏။

ထိုသုံးယောက်မှာ အခြားသော စားသောက်သူများကို ဝေ့ကြည့်လိုက်ပြီး တစ်ယောက်က....

'အားလုံး နားထောင်ကြစမ်း၊ ကျုပ်တို့ စားသောက်လို့ကျသင့်တဲ့ငွေကို ဆိုင်ထဲမှာရှိတဲ့လူတွေ စုပေါင်းပြီး ရှင်းပေးကြရမယ်၊ ပါတဲ့ငွေတွေ အကုန်ထုတ်ပြီး စားပွဲပေါ်တင်ထားလိုက်ကြ'

ဟု အော်ပြောလိုက်၏။

အခြားသော စားသောက်သူများ ထိတ်လန့်တုန်လှုပ်နေကြသည်။

မိမိတို့ထံ ပါသမျှငွေများကို စားပွဲအသီးသီးပေါ် တင်လိုက်ကြသည်ကို တွေ့မြင်လိုက်ရ၏။



ထိုအခါမှ ထိုလူသုံးယောက် မြိန်ရည်ယှက်ရည် စားသောက်ကြလေသည်။

စားသောက်ရင်း မည်သူ့ကိုမှ အရေးမစိုက်သည့် သဘောဖြင့် တွေ့ရာလေးပါး ပြောဆိုရင်း တဟားဟား တဝါးဝါး ရယ်မောလိုက်ကြသေး၏။

အခြားသော စားသောက်သူများမှာ ထိုလူ သုံးယောက်အား မကြည့်ရဲသလို စားသောက်ဆိုင်ထဲမှလည်း ထွက်မသွားရဲဘဲ ခေါင်းကလေးများငုံ့ကာ ထိုင်နေကြ၏။

လုထင်း သက်ပြင်းချလိုက်၏။

အဘိုးအိုဘက် လှည့်ကြည့်သောအခါ အဘိုးအို ပြုံးနေသည်ကို တွေ့ရ၏။

အဘိုးအိုက....

'ဒါ ပဏ္ဍာမအအင့်လောက်ပဲ ရှိသေးတယ်၊ ကျုပ်ပြောတာ အမှန်ပဲမဟုတ်လား'

လုထင်းမည်သို့မျှ မတတ်သာဘဲ ခေါင်းညိတ်လိုက်ရ၏။

'ဟုတ်ပါတယ်ဗျာ'

အဘိုးအိုက..

'သူတို့က လုပ်ချင်ရာလုပ်မယ်၊ နေချင်သလိုနေမယ်၊ စားချင် သောက်ချင်တယ်ဆိုရင် ကြိုက်တဲ့ဆိုင်ကိုဝင်၊ ဆိုင်ထဲရှိတဲ့လူတွေအပေါ် ခေါင်းပုံဖြတ်ပြီး တဝတပြ 'စားလိုက်ကြတာပဲ၊ အခြား ဘာလုပ်ချင်သေးသလဲ၊ ဒီလိုလုပ်လိုက်တာနဲ့ သူတို့ဆန္ဒ ပြည့်ဝသွားကြတာချည်းပဲပေါ့'

လုထင်းက ကျားသစ်ရေအင်္ကျီ ဝတ်ဆင်ထားသူသုံးယောက်အား လှမ်းကြည့်လိုက်မိပြန်၏။

လုထင်းက မကြာခဏ ကွက်ကြည့်ကွက်ကြည့် လုပ်နေသဖြင့် ထိုလူသုံးယောက် သတိပြုမိသွားကြ၏။

သုံးယောက်သား ခေါင်းချင်းဆိုင်ကာ တီးတိုးတိုင်ပင်လိုက်ပြီးလျှင် တစ်ယောက်က ထိုင်ရာမှထကာ လှမ်းလာလေသည်။

အဘိုးအိုက...

'ကဲ....ကြည့်စမ်း၊ သူတို့အကြောင်း တို့ပြောနေတာ သူတို့ရိပ်မိသွားကြပြီ၊ တို့ကို ဒုက္ခပေးတော့မယ်'

ဟု ပြောလိုက်၏။

သူ၏စကားသံနှင့် မရှေးမနှောင်းတွင် ကျားသစ်ရေ ဝတ်ဆင်ထားသူမှာ သူတို့အနီးသို့ ရောက်ရှိလာ၏။

ထိုလူက အဘိုးအိုနှင့် လုထင်းအား အကဲခတ်ကြည့်လိုက်ပြီး....

'မင်းတို့ကို ဒီမြို့မှာ တစ်ခါမှ မတွေ့ဖူးပါဘူး၊ အခုမှ ရောက်လာကြတဲ့ ဧည့်သည်တွေ ဟုတ်လား'

ဟု မေးလိုက်၏။

လုထင်း ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်'

ထိုလူ ပြုံးလိုက်သည်။

'ဟဲ....ဟဲ....ဧည့်သည်တွေဆိုတော့ အခွင့်အရေး ပေးလိုက်ရမှာပေါ့လေ၊ ကဲ....ကျုပ်ပြောခဲ့တာ ကြားတယ်မဟုတ်လား၊ မင်းတို့ပါလာတဲ့ ငွေတွေ ထုတ်စမ်း'



လုထင်း ခေါင်းယမ်းလိုက်၏။

'ကျုပ်မှာ တစ်ပြားတစ်ချပ်မှ မရှိဘူး'

'ဘာ'

ထိုလူ၏အကြည့်မှာ အဘိုးအိုထံ ရောက်ရှိသွားသည်။ အဘိုးအို ပခုံးတွန့်လိုက်၏။

ထိုလူက....

'ခင်ဗျားကော'

'ကျုပ်မှာလဲ မရှိဘူး'

'ဘာဗျ'

'ကျုပ်တို့လဲ မင်းတို့လိုပဲလေ၊ ဘယ်နေရာရောက်ရောက် စားဖို့သောက်ဖို့ ကိုန်ကျစရာမှ မလိုတာ'

ထိုလူ မဲ့ပြုံးပြုံးလိုက်၏။

'ခင်ဗျားတို့ကို ကျွေးမွေးဧည့်ခံမယ့်လူတွေ နေရာတိုင်းမှာ ရှိနေတယ်ဆိုပါတော့'

'မှန်လိုက်လေကွာ၊ ဥပမာ ဒီမြို့မှာဆိုရင် မင်းတို့ပေါ့'

'ဘာ'

'တို့စားသောက်ခကို မင်းတို့ ရှင်းပေးရမယ်လေ'

အဘိုးအို၏စကားကြောင့် ထိုလူ ဒေါသ ထွက်သွားလေသည်။

'ကောင်းပြီလေ၊ ဘယ်သူက ရှင်းပေးရမလဲ ကြည့်ကြသေးတာပေါ့'

စကားဆုံးလျှင် တိုက်ခိုက်ရန် လက်တစ်ဘက်မြှောက်လိုက်၏။ လုထင်း ရင်ထိတ်သွား၏။

ပြန်လည် ခုခံတိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်လေသည်။ သို့သော် ထိုလူအုပ်တိုက်ခိုက်လာခြင်း မရှိပါချေ။

လှတင်းကား ကြောင်အမ်းအမ်း ဖြစ်သွား၏။

'ဘယ်ကိုဖြစ်တာပါလိမ့်'

ထိုလူမှာ လက်တစ်ဖက်မြှောက်လျက် မလှုပ်မယှက် ရပ်နေ၏။ အတန်ကြာသည့်တိုင် ကျောက်ရုပ်ပမာ မလှုပ်မယှက် ရပ်နေခြင်း ဖြစ်လေသည်။

အဘိုးအို ရယ်မောလိုက်သည်။

'ဟား...ဟား...ဟား'

သူတို့အား စောင့်ကြည့်နေသည့် ကျားသစ်ရေ ဝတ်ဆင်ထားသူ နှစ်ယောက်က သူတို့အဖော်၏ ထူးခြားသောအပြုအမူကို အံ့ဩသွားကြပြီး ခပ်သွက်သွက် လှမ်းလာကြလေသည်။

'ဟေ့...မင်းဘယ်လို ဖြစ်နေတာလဲ'

တစ်ယောက်က ပုခုံးပုတ်ကာ ပြောလိုက်သော်လည်း လက်တစ်ဖက် မြှောက်ကာ ရပ်နေသူမှာ ကျောက်ရုပ်ပမာ မလှုပ်မယှက် ဖြစ်နေ၏။

ထိုလူနှစ်ယောက် အခြေအနေကို ချက်ချင်းနားလည်သွားကြ၏။

'လက်စသတ်တော့ ခင်ဗျားက သွေးကြော ပိတ်လိုက်တာကိုး'

တစ်ယောက်က မကျေမနပ် ပြောပြီး တိုက်ခိုက်လိုက်၏။ ကျန်တစ်ယောက်ကလည်း ပြိုင်တူတိုက်ခိုက်လိုက်လေသည်။



သူတို့နှစ်ယောက်သည် လှံတိုကလေးများကိုယ်စီထုတ်ကာ အဘိုးအိုအား ထိုးသွင်းရန် ချိန်ရွယ်လိုက်၏။

သို့သော် ဆက်လက်တိုက်ခိုက်ခြင်း မပြုကြပဲ ကျောက်ရုပ်ပမာ ရပ်နေကြ၏။

သူတို့သုံးယောက်သည် တိုက်ခိုက်တော့မည့် အနေအထားဖြင့် မလှုပ်မယှက် ရပ်နေကြသည်ကိုမြင်မှ လှတင်းလည်း နားလည် သဘောပေါက်သွားတော့၏။

'ဒီအဘိုးကြီးဟာ အတော့်ကိုကြောက်စရာကောင်းတာပဲ၊ လူဆိုးသုံးယောက် ဘာမှမလုပ်နိုင်ခင် လက်ဦးအောင် သွေးကြော ပိတ်ပစ်လိုက်တယ်၊ သူ ဘယ်လို သွေးကြောပိတ်လိုက်တယ်ဆိုတာ လုံးဝ မတွေ့သိလိုက်ရဘူး၊ အံ့သြစရာပဲ'

ဟု ကြိတ်ပြီး မှတ်ချက်ချလိုက်မိလေသည်။ အဘိုးအိုက သူ့အား မြုံ့ပြုံးလိုက်၏။

'မင်းတွေ့ပြီလား၊ သူတို့က သူများအပေါ် အနိုင်ကျင့်စော်ကားတယ်၊ သူများအပေါ် နှိပ်စက်ဖို့ပဲ စဉ်းစားနေကြတယ်၊ ကဲ...မင်း စားလို့ဝပြီလား၊ စားလို့ဝပြီဆိုရင် သွားကြမယ်'

ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်လေသည်။ လှတင်းမှာ အစားအသောက်တွင် စိတ်မဝင်စားတော့ချေ။

သူပျာကယာ ထလိုက်လေသည်။ အဘိုးအိုက ဆိုင်လုလင် တစ်ယောက်အား လက်ယပ်ခေါ်လိုက်ပြီး...

'ကျုပ်တို့စားသောက်ထားတာတွေ သူတို့သုံးယောက် ရှင်းပေးပါလိမ့်မယ်'

ဟု ခပ်တည်တည် ပြောလိုက်သည်။

ထို့နောက် လုထင်း၏လက်ကိုဆွဲကာ ဆိုင်အပြင်သို့ ထွက်လာခဲ့သည်။ ဆိုင်လုလင်မှာ ဟန့်တားခြင်း မပြုဝံ့ဘဲ လက်ပိုက်ကြည့်နေရလေသည်။

ဆိုင်အပြင်ဘက်သို့ ရောက်လျှင် အဘိုးအိုက....

'ကဲလာ၊ မင်းကို နောက်ထပ် လက်တွေ့ပြစရာတွေ ရှိသေးတယ်၊ အရင်ဦးဆုံး သူတို့ဖွင့်ထားတဲ့ တိတ်တိတ်ပုန်း လောင်းကစား ဂေဟာကို သွားကြမယ်'

စကားဆုံးလျှင် လုထင်း၏လက်ကိုဆွဲကာ ပြေးလွှားသွားလေသည်။ လုထင်းလည်း ဘုမသိဘမသိ လိုက်ပါသွားရလေတော့သည်။

* * *

လမ်းဆုံမြို့ကလေး၏ တောင်ဘက်တွင် ကြီးမားကျယ်ဝန်းသောခြံဝင်းကြီးတစ်ခုက တည်ရှိလေသည်။

ခြံဝင်းပိုင်ရှင်မှာ မြို့မှ မျက်နှာဖုံး သဌေးကြီးလျှံ ဖြစ်၏၊ သဌေးကြီးလျှံသည် လွန်စွာသဘောကောင်းပြီး ဆင်းရဲသူများ



အခက်အခဲ ဒုက္ခရောက်နေသူများကို ရှေ့ဆုံးမှ အကူအညီပေးလေ့ရှိသူ ဖြစ်၏။

ထို့ကြောင့်လည်း သဌေးကြီးလျှံအား တစ်မြို့လုံးကကြည့်ညို လေးစားကြပေတော့၏။

သူဌေးကြီးလျှံ၏ ခြံဝင်းအတွင်း၌ အထည်အလိပ်များ အသုံးအဆောင်ပစ္စည်းများ ရောင်းချသည့် ဆိုင်ကြီးတစ်ဆိုင် ဖွင့်လှစ်ထားလေသည်။

ယခု ထိုဆိုင်သို့ အဘိုးအိုနှင့်လုထင်းတို့ ရောက်လာခဲ့ကြပြီ ဖြစ်လေသည်။

သူတို့နှစ်ယောက် ရောက်လာလျှင် ဆိုင်လုလင်များ ပျာပျာ ငှာငှာ ကြိုဆိုနှုတ်ဆက်ကြလေသည်။

ဆိုင်ထဲမှပစ္စည်းများ လိုက်လံပြသပြီး ပစ္စည်းမှန် ဈေးမှန်ဖြစ်ကြောင်း အခြားဆိုင်များထက် အပိုးနှုန်းချိုသာကြောင်း ရှင်းပြလေသည်။

အမှန်တကယ် ပစ္စည်းဝယ်ယူမည်ဆိုပါက ဆိုင်လုလင်များ၏ ချိုသာယဉ်ကျေးမှု ပြောဆိုဆက်ဆံမှုကြောင့် ကျိန်းသေ ဝယ်ယူမည်သာ ဖြစ်၏။

အဘိုးအိုနှင့်လုထင်းတို့မှာ ပစ္စည်းဝယ်ယူရန် မဟုတ်လေရကား၊ အဘိုးအိုက အင်္ကျီအိတ်ထဲမှ အိတ်ရှုံ့ကလေးတစ်ခု နှိုက်ယူလိုက်၏။

တစ်ဖန် အိတ်ရှုံ့ကလေးကိုဖွင့်ကာ လက်ဝါးပေါ် သွန်ချလိုက်သည်။

ထိုအခါ အရောင်တဖိတ်ဖိတ် တောက်ပနေသည့် ကျောက်စိမ်းတစ်လုံးကို ဆိုင်လုလင် မြင်သာအောင် ပြလိုက်ပြီး....

'ကျုပ်ရဲ့ကျောက်စိမ်း ဘယ်လောက် အရည်အသွေးကောင်းတယ်ဆိုတာ မင်းသိမှာပါ၊ ကျုပ်ကပစ္စည်းကို တခဏအတွင်း တန်ဖိုးနှစ်ဆရအောင် လုပ်ချင်တယ်၊ ကံမကောင်းလို့ ဒီပစ္စည်း ပေးလိုက်ရမယ်ဆိုရင်လဲ မနှမြောပါဘူးကွာ'

ဟု ပြောလိုက်လေသည်။

ဆိုင်လုလင် မျက်မှောင်ကုတ်သွား၏။

ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်ကြည့်လိုက်ပြီးမှ အဘိုးအိုဘက်သို့ ပြန်လှည့်ကာ....

'တခဏအတွင်း တန်းဖိုးနှစ်ဆလောက် ရအောင်လုပ်ဖို့ နည်းလမ်းမရှိနိုင်ပါဘူး'

ဟု ပြောလိုက်၏။

အဘိုးအို သဘောကျစွာ ပြုံးလိုက်သည်။

'ကောင်းပြီလေ နည်းလမ်းမရှာဘူးဆိုရင်လဲ ဘယ်တတ်နိုင်ပါ့မလဲ၊ ကျုပ်ကတော့ ဖောက်သည်တစ်ယောက်ကို လက်လွှတ်မခံဘူးလို့ ထင်နေတာ'

ဆိုင်လုလင် သက်ပြင်းချလိုက်သည်။

'ကောင်းပါပြီ၊ ကျုပ်နောက်လိုက်ခဲ့ပါ'

'အဲလိုမှပေါ့ကွာ'

အဘိုးအိုက လုထင်းအား မျက်စိမှိတ်ပြလိုက်သည်။



လုထင်းက ဘာမှမပြောဘဲ အဘိုးအိုပြုလုပ်သမျှ ငေးကြည့်နေ၏။

အဘိုးအိုက ဆိုင်လုလင်နောက်သို့ လိုက်သွားသည့်အခါ သူကလည်း ထက်ကြပ်မကွာ လိုက်ပါသွားသည်။

ဆိုင်လုလင်သည် အနောက်ဘက်သို့ထွက်သည့် မလှော်ပေါက်တံခါးတစ်ခုမှ ဖြတ်ကျော် ခေါ်ဆောင်သွားခြင်း ဖြစ်၏။

မလှော်ပေါက်တစ်ခုဆင့် စင်္ကြံလမ်းတစ်ခုအား ဖြတ်ကျော်ပြီးလျှင် ကျယ်ဝန်းသော အခန်းကြီးတစ်ခုရှေ့သို့ ရောက်ရှိသွားသည်။

အခန်းတံခါးဝ၌ လူသန်ကြီးနှစ်ယောက် စောင့်ကြပ်နေသည်ကို တွေ့ရ၏။

ဆိုင်လုလင်က....

'ဖောက်သည်နှစ်ယောက် ပါလာတယ်'

ဟု ပြောလိုက်သည်။

လူသန်ကြီးနှစ်ယောက်က လုထင်းနှင့်အဘိုးအိုတို့အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ပြီးမှ ဝင်ခွင့်ပြုလိုက်လေသည်။

အတွင်းဘက်ရောက်လျှင် လူအများ ကြိတ်ကြိတ်တိုး စည်ကား သိုက်မြိုက်နေသည်ကို တွေ့မြင်လိုက်ရသည်။

လုထင်းပင် ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်သွား၏။

ခန်းမအတွင်း၌ စုရုံး ရောက်ရှိနေသူများသည် သူတို့နှစ်ယောက် ဝင်လာသည်ကို လုံးဝအရေးမစိုက်ကြပါချေ။

ကျယ်လောင်စွာ အော်ဟစ်ပြောဆိုရင်း သဲသဲမဲမဲ လောင်းကစားနေကြလေသည်။

အလူမင်္ဂလာပွဲပမာ စည်ကားသိုက်မြိုက်နေသည့် ရှလောင်းကစားဝိုင်းကြီးကိုကြည့်ကာ လုထင်း စိတ်မချမ်းမသာ ဖြစ်လာရသည်။

အဘိုးအိုကမူ လောင်းကစားဝိုင်း အတွင်းသို့ဝင်ကာ ကစားနေ၏။

သူ့၏ကောသံ ရယ်မောသံ ကျွက်ကျွက်ညံနေ၏။

လုထင်း စိတ်ပျက်သွား၏။

အဘိုးအိုသည်လည်းတကယ့်ကြေးကြီး လောင်းကစားသမား တစ်ယောက်ဟု ထင်မှတ်မိလာလေသည်။

ထိုသို့တွေးမိလျှင် လောင်းကစားခန်းမအခန်းမှ ချက်ချင်း ထွက်သွားလိုစိတ်များ ဖြစ်ပေါ်လာလေသည်။

ထိုစဉ် ဆူဆူညံညံအသံများ ကြားလိုက်ရ၏။

လုထင်း လှမ်းကြည့်လိုက်သောအခါ အဘိုးအိုနှင့် လောင်းကစားဝိုင်း ဒိုင်လုပ်သူ ငြင်းခုန်ကာ စကားများနေကြသည်ကို တွေ့ရ၏။

အဘိုးအိုမှာ တကယ့်လောင်းကစားရန် မဟုတ်ဘဲ လောင်းကစားဝိုင်းအား ဖျက်ဆီးနှောင့်ယှက်ရန် လာခဲ့ခြင်းဖြစ်ကြောင်း နားလည်သွား၏။



လုထင်း ဝမ်းသာသွားသည်။

အမှန်တော့ အဘိုးအိုမှာ ငွေအတော်များများ အနိုင်ရထားပြီးဒိုင်လုပ်သူက မလျော်နိုင်ေ ဖြစ်နေ၏။

ဒိုင်လုပ်သူက အဘိုးအိုမှာ လိမ်ညာ ကစားသည်ဟု စွပ်စွဲသည်။

အဘိုးအိုကလည်း လိမ်ညာခြင်း မဟုတ်ဘဲ ကံတရားအရ အနိုင်ရကြောင်း၊ းမိမိအား ပေးလျော်ရမည် ဖြစ်ကြောင်း၊ ပြန်လှန်ငြင်းခုန်သည်။

တစ်ယောက်တစ်ခွန်း စကားများရာမှ ထိုးကြိတ် တိုက်ခိုက်ကြသည်အထိ ဖြစ်လာတော့သည်။

လုထင်း မနေနိုင်ပါတော့ချေ။

အဘိုးအိုအား ကူညီရန် ခပ်သွက်သွက် ပြေးဝင်သွားလေသည်။

ထိုစဉ်....

'မီး....မီး'

ကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

အဘိုးအိုက မှန်အိမ်များ ရိုက်ခွဲပစ်လိုက်ရာမှ လောင်းကစားခန်းမအတွင်း မီးများ စွဲလောင်လာသည်ကို တွေ့ရ၏။

လုထင်း ရင်ထိတ်သွား၏။

လောင်းကစား ခန်းမအတွင်း အော်ဟစ်သံ တိုက်ခိုက်သံများ ဆူညံနေပြီးအဘိုးအိုအား မတွေ့ရတော့ချေ။

လုထင်း မျက်လုံးပြူးသွားသည်။

'ဒုက္ခပဲ။ သူဘယ်ရောက်သွားပါလိမ့်'

ပါးစပ်မှ ညည်းညူမိသည်။

သူ၏စကားသံနှင့်မရှေးမနှောင်းတွင်....

'မင်းက ဘာတွေ ညည်းညူနေတာလဲ'

နောက်ကျောဘက်မှ စကားသံ တစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

လုထင်း ထိတ်လန့်သွားသည်။

ချာခနဲ လှည့်ကြည့်လိုက်သောအခါ အဘိုးအိုကို အနောက်ဘက်၌ပြုံး၍ရပ်နေသည်ကို တွေ့မြင်ရလေသည်။

ချာခနဲလှည့်ကြည့်လိုက်သောအခါ အဘိုးအိုက အနောက်ဘက်၌ပြုံး၍ရပ်နေသည်ကို တွေ့မြင် ရလေသည်။

'လက်စသတ်တော့ အဘ ဒီမှာ ရောက်နေတာကိုး'

'အဘ သူတို့ကို'

'သူတို့ကို နောက်တော့မှကျုပ် ဆုံးမလိုက်ပါ့မယ်၊ မင်းကို စုံစေ့အောင် လိုက်ပြချင်သေးသို့ တခြားနေရာ သွားကြရအောင်'

ပြောပြီးခန်းမအတွင်းမှ ထွက်လာခဲ့၏။

အပြန်လမ်း၌မိုးကြိုးလှ ဂိုဏ်းသားများ ခြံရံလျက်သူဌေးကြီးလျှလာနေသည်ကို တွေ့ရလေသည်။

လုထင်းနှင့်အဘိုးအိုက သူဌေးလျှကို လုံးဝအရေးမထားကြပါချေ။

နှစ်ယောက်သားခပ်သွက်သွက် ထွက်လာကြ၏။



သဌေးကြီးလျှ၏ခြံဝင်းမှ ထွက်ခွာသွားချိန်ဝယ် သဌေးကြီးလျှသည်မိုးကြိုးလှ ဂိုဏ်း၏ အထောက်အကူဖြင့် ရပ်တည်နေသူဖြစ်ကြောင်း လုထင်း ကောင်းကောင်း သိရှိသွားလေသည်။

• • •

အဘိုးအိုသည် လုထင်းအား နေရာအနှံ့ လိုက်၍ ပြသခဲ့ခဲ့လေသည်။

လောင်း ကစား ဝိုင်းများ၊ ပျော်မယ် ဂေဟာများ၊ မတရား ခေါင်းပုံဖြတ်သည့် အပေါင်ဆိုင်များ၊ စားသောက်ဆိုင်များ၊ စသည့်စသည့် ဆိုင်များသည် မိုးကြိုးလှ ဂိုဏ်းမှဦးစီးဖွင့်လှစ်ထားခြင်းကြောင့် သိခဲ့ရလေသည်။

မိုးကြိုးလှ ဂိုဏ်းသားများ အဘယ့်ကြောင့် ဤမျှတွင်ကျယ်နေရသည်ကိုလည်း နားလည် သဘောပေါက် သွား၏။

ပထမပိုင်း၌ အဘိုးအိုသာလျှင် မိုးကြိုးလှ ဂိုဏ်းသားများအခက်အခဲ ဒုက္ခရောက်အောင် ပြုလုပ်ခဲ့၏။

နောက်ပိုင်းတွင် လုထင်း ပါဝင်ကူညီလေတော့သည်။

သူတို့နှစ်ယောက်၏ လုပ်ရပ်ကြောင့် တစ်မြို့လုံး ပြောင်းဆန်သွားသည် ဆိုရပေတော့မည်။

စိတ်တိုင်းကျ မေ့နှောက် ဒုက္ခပေးပြီးမှ နှစ်ယောက်သား မြို့ကလေးမှ ထွက်လာခဲ့ကြလေသည်။

လုထင်းမှာ အဘိုးအိုကို ခင်မင်ရင်းနှီး နေမိပြီ ဖြစ်လေသည်။

သူတို့နှစ်ယောက် လမ်းခုံမြို့ကလေး အပြင်ဘက် လမ်းဆုံ လမ်းခွနေရာသို့တိုင် ထွက်သွားကြပြီးမှ တစ်ယောက်ကို တစ်ယောက် စိုက်ကြည့် လိုက်မိကြလေသည်။

ပြီးလျှင်နှစ်ယောက်သား ပြိုင်တူ ရယ်မော လိုက်ကြလေသည်။

'ဟား....ဟား....ဟား'

နှစ်ယောက်သား လွတ်လွတ်လပ်လပ် ရယ်မောလိုက်ကြ၏။

ရင်ထဲပေါ့ပေါ့ပါးပါး လန်းဆန်း သွားကြသည်။

ပြီးမှအဘိုးအိုကစကား စလိုက်လေသည်။

'မိုးကြိုးလှ ဂိုဏ်းဟာ ဘယ်လို အဖွဲ့အစည်း တစ်ခုဆိုတာ မင်းကောင်းကောင်း သဘောပေါက် နားလည် သွားပြီထင်တယ်'

ဟုမေးလိုက်သည်။

လုထင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ကျွန်တော်နားလည်ပါပြီ'

'မင်းကသူတို့နဲ့ ပတ်သက် ချင်သေးသလား'



လုထင်းက....

'သူတို့နဲ့ ပတ်သက်စရာ အကြောင်း မရှိတော့ပါဘူး'

'ဟဲ....ဟဲ....ဒီလိုမှပေါ့၊ မိုးကြိုးလှ ဂိုဏ်းချုပ် ကျင်းခုံးကို ကျုပ် တစ်နေ့ ဆုံးမလိုက်ပါမယ်'

အဘိုးအို၏ စကားသည် လမ်းခွဲတော့မည့်အသွင် ဆောင်နေ၏။

လုထင်း မျက်မှောင်ကုတ်သွား၏။

အဘိုးအိုက....

'ကျုပ်စိတ်ထင် ပြောရရင် မကြာခင် မင်းကိုခေါ်လာတဲ့ မြင်းလှည်းသမား ရောက်လာလိမ့်မယ်၊ မင်း ဒီမှာပဲ စောင့်နေမလား၊ ဒါမှမဟုတ် မိုးကြိုးလှ ဂိုဏ်းကို သွားနှင့်မလား'

လုထင်း ခေါင်းယမ်းလိုက်၏။

'ကျွန်တော် မိုးကြိုးလှ ဂိုဏ်းကို သွားစရာမလိုပါဘူး'

'ဒါဖြင့် ဒီမှာပဲ စောင့်နေမယ်ပေါ့ ဟုတ်လား'

'ဒီမှာလဲ စောင့်စရာမလိုတော့ပါဘူး'

'ဟေ....'

အဘိုးအို ကြောင်အမ်းအမ်း ဖြစ်သွား၏။

လုထင်းကို နားမလည်နိုင်စွာကြည့်ကာ....

'မင်း ဘာကိုဆိုလိုတာလဲ'

'သူတို့ဟာ ဘယ်လိုလူစားတွေဆိုတာ ကျွန်တော် သိခဲ့ပါပြီ၊ ဒါကြောင့် သူတို့နဲ့ ပတ်သက်စရာ မလိုတော့ဘူးလို့ ထင်ပါတယ်'

'အင်း...ဒါတော့ မင်းမဆိုးဘူး၊ ဒါထက် မင်းက အိမ်ပြန်မယ်ပေါ့'

'ကျွန်တော့်မှာ ပြန်စရာအိမ်လဲ မရှိပါဘူး'

'ဟုတ်...ဒုက္ခပဲ'

အဘိုးအို ခေါင်းကုတ်လိုက်၏။

လုထင်းက....

'ကျွန်တော်ဟာ တစ်ကောင်ကြွက် တစ်ယောက်ပါ၊ ဒါ့ကြောင့် ခြေဦးတည့်ရာ လျှောက်သွားနေတာပါ'

အဘိုးအိုက သူ့အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်၏။

အတန်ကြာသည်အထိ အကဲခတ်ကြည့်လိုက်ပြီးမှ...

'အင်း...မင်းကို ကျုပ် တစ်ခုတော့ အကြံပေးချင်တယ်'

'ပြောပါခင်ဗျာ'

'မင်း အခုလို ခြေသလုံးအိမ်တိုင် လျှောက်သွားနေမယ့်အစား အများအကျိုးဆောင်ရွက်တဲ့ လူတစ်ယောက်အဖြစ် ဘဝကို အကျိုးရှိရှိ အသုံးချရင် ကောင်းမယ်'

လုထင်း ခေါင်းညိတ်လိုက်၏။

'စိတ်ချပါ၊ ကျွန်တော်လဲ ဒီလိုပဲ စိတ်ကူးထားပါတယ်'

'ကောင်းတယ်၊ မင်းဟာ လူတော်လူကောင်းလေး တစ်ယောက် ဆိုတာ ငါယုံကြည်ပါတယ်'

ထိုစကားကြားလျှင် လုထင်း၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်ခံစားလာရ၏။



သူဘဝတစ်လျှောက်၌ ကြုံတွေ့ခဲ့သူတိုင်းက သူ့အား လူဆိုးဓားပြသားဟု ဆိုကာ လူရာမသွင်းဘဲ ပစ်ပယ်ထားခဲ့ကြသည်။

သူ့အား ဒုက္ခပေးရန် နည်းမျိုးစုံဖြင့် ကြံစည်ခဲ့ကြ၏။

ယခု အဘိုးအိုက သူ့အား လူတော်လူကောင်း တစ်ယောက်ဟု ပြောလာခြင်း ဖြစ်၏။

အဘိုးအိုသည် လူကဲခတ်တော်သူ၊ လူဆိုးကိုလူဆိုးမှန်း လူကောင်းကို လူကောင်းမှန်း မှန်ကန်စွာ ခွဲခြားနိုင်သူ ဆိုလျှင် အဘိုးအိုက သူ့အား လူတော်လူကောင်းဟု ပြောလိုက်သည် ဖြစ်ရကား သူသည် ကျိန်းသေ လူတော်လူကောင်းတစ်ယောက် ဖြစ်နေတော့မည် မဟုတ်ပါလား။

သူ့အား အမျိုးမျိုး စွပ်စွဲပြောဆိုခဲ့သူများသာ အဘိုးအို၏ စကား ကြားသွားပါလျှင်...

လုထင်း၏ မျက်ဝန်းအစုံ၌ မျက်ရည်ရစ်ဝိုင်းလာ၏။

စိတ်လှုပ်ရှားမှု၊ ဝမ်းသာမှုတို့ကြောင့် မျက်ရည်စ အနည်းငယ် ကျဆင်းလာ၏။

အဘိုးအို ရင်ထိတ်သွား၏။

လုထင်း၏လက်ကိုဆွဲကာ ပျာပျာသလဲ မေးလိုက်၏။

'ဟေ့...မင်း ဘယ်လိုဖြစ်သွားတာလဲ'

လုထင်း ခေါင်းခါယမ်းလိုက်သည်။

မျက်ရည်စများကို သုတ်ပစ်ရင်း...

'ကျွန်တော် ဝမ်းသာလို့ပါ'

'ဟေ'

‘ဟုတ်ပါတယ်၊ ကျွန်တော့်အဝ အစ်လျှောက်လုံးမှာ တွေ့ဆုံခဲ့ရသူတိုင်းက ကျွန်တော့်ကို လူဆိုးဓားပြ လူယုတ်မာလို့ သတ်မှတ်ပြောဆိုခဲ့ကြတာချည်းပါပဲ၊ ဘာဘာနဲ့ တွေ့တော့မှ လူတော် လူကောင်းလို့ အပြောခံရတာပါ၊ ကျွန်တော် ဝမ်းသာလို့ မဆုံးပါဘူး’

အဘိုးအို မျက်မှောင်ကုတ်သွား၏။ လုထင်းအား ထပ်မံ အကဲခတ်ကြည့်လိုက်ပြီး....

‘နေစမ်းပါဦး၊ မင်းကိုဘာကြောင့် လူဆိုးဓားပြ လူယုတ်မာလို့ ပြောကြတာလဲ၊ မင်းက ဘာတွေများ လုပ်ခဲ့လို့လဲ’

‘ကျွန်တော် ဘာမှ မလုပ်ခဲ့ပါဘူး’

‘ဒါနဲ့များ မင်းကို ဘာကြောင့် ဒီလိုပြောရတာလဲ’

လုထင်း သက်ပြင်းချရင်း....

‘ကျွန်တော့်မေမေဟာ သံမဏိယပ်တောင် ဝမ်းလျှပါ၊ မေမေဟာ တောင်ဖြူချောင်း အနောက်ဘက်ကမ်းမှာ နေထိုင်ပြီး တပည့်တပန်းတွေနဲ့အတူ တိုက်ခိုက်လုယက်မှုတွေ မကြာခဏ ကျူးလွန်ခဲ့တယ်၊ သူ့စကား နားမထောင်တဲ့ အပြစ်ရှိသူတွေကို သုတ်သင်ခဲ့ဖူးတယ်ဆိုပြီး နာမည် ပျက်နေပါတယ်၊ တကယ်တော့ ကျွန်တော်ဟာ ကိုယ့်မိခင်ဆိုတာလောက်ပဲ သိတယ်၊ မိခင်ကြီး ဘာလုပ်သလဲဆိုတာ မသိခဲ့ပါဘူး၊ မကောင်းမှု ဒုစရိုက်လုပ်ငန်းတွေကိုလဲ မလုပ်ခဲ့ဖူးပါဘူးခင်ဗျာ’

အဘိုးအို ခေါင်းတညိတ်ညိတ်ဖြင့်....



‘လက်စသပ်တော့ မင်၊အမေကြောင့် မင်းကိုပါ လူဆိုးဓားပြလို့ သတ်မှတ်လိုက်ကြတာကိုး၊ တော်တော်ခက်တဲ့ လူတွေပဲ၊ ဘာပဲဖြစ်ဖြစ် မပူပါနဲ့ကွာ၊ ကိုယ်ကောင်းရင် ခေါင်းဘယ်မှ မရွှေ့ပါဘူး၊ မင်းကသာ မဟုတ်တာ မတရားတာဘယ်တော့မှ မလုပ်မိစေနဲ့ လူတွေဟာ အလိုလို မင်းအပေါ် နားလည်သဘောပေါက်လာကြလိမ့်မယ်’

လုထင်း ပါးစပ်ပိတ်ထားလိုက်လေသည်။ အဘိုးအိုက ...

‘ကဲ....ငါသွားဦးမယ်၊ နောက်မှ ပြန်တွေ့ကြတာပေါ့၊ တကယ်လို့ ငါ့ကိုတွေ့ချင်တယ်ဆိုရင် အခုအချိန်ကစပြီး တစ်လပြည့်တဲ့နေ့ ဒီနေရာမှာပဲ လာစောင့်နေပါ၊ မိုးကြိုးလှံ ဂိုဏ်းချုပ်ကျင်းခုံးကို ဆုံးမဖို့ ငါပြန်လာခဲ့မယ်’

‘ကောင်းပါပြီခင်ဗျာ’

လုထင်းက အဘိုးအိုကို ငေးကြည့်နေ၏။ အဘိုးအိုကလက်ဝှေ့ယမ်းပြလိုက်ပြီး ချာခနဲလှည့်ကာ ထွက်ခွာသွားလေတော့သည်။

လုထင်းနောက်မှ လိုက်သွားရန် ခြေလှမ်းပြင်လိုက်သည်။ သို့သော် တကယ်တမ်း လိုက်မသွားဖြစ်ခဲ့ပါချေ။

အကြောင်းမှာ အဘိုးအိုက သူ့အား လိုက်လာရန်မခေါ်ပဲ ထွက်သွားခြင်းကြောင့် ဖြစ်လေသည်။

လုထင်း ငေးကြည့်နေ၏။ အဘိုးအိုမှာ အင်ထရန်းမြို့ဘက်သို့ ဦးတည် ထွက်ခွာသွားသည်။

လူသင်း ကြည့်နေစဉ်မှာပင် တဖြည်းဖြည်း ဝေး၍ဝေး၍ သွားကာ နောက်ဆုံးမြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

မင်းသားလေးကျောင်းစိန်းကား သေဆုံးသွားချေပြီ။ မင်းသားလေး ကျောင်းစိန်း၏ ဈာပနကို ဂိုဏ်းချုပ်ကျောင်းခုံးက အကျဉ်းရုံး စီစဉ်လိုက်၏။

ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား ပြုလုပ်မည်ဆိုလျှင် သိုင်းလောကသားများက မင်းသားလေးကျောင်းစိန်း အဘယ့်ကြောင့် သေဆုံးသွားရသည်ကို စုံစမ်းမေးမြန်းလာကြမည် ဖြစ်သည်။

ဤသို့ဆိုလျှင် သူက အဖြေပေးနိုင်တော့မည် မဟုတ်ပါချေ။ ထို့အပြင် မင်းသားလေး ကျောင်းစိန်း၏အသက်နှင့်လဲပြီး ရယူခဲ့ရသည့် သိုင်းသုံးကွက်သိုင်းကျမ်းမှာ သူ၏လက်ထဲ ရောက်ရှိနေပြီ မဟုတ်ပါလား။



သိုင်းသုံးကွက်သိုင်းကျမ်းပါ သိုင်းကွက်များကို လေ့ကျင့်တတ်မြောက်ခြင်း မရှိသေးမီ သူ့အား လူအများ အာရုံစိုက်လာမည်ကို မလိုလားပါချေ။

ထို့ကြောင့် မင်းသားလေးကျောင်းစိန်း၏ အသုဘမှာ တိတ်တိတ်ဆိတ်ဆိတ်နှင့်ပင် ပြီးဆုံးခဲ့ရလေသည်။

မင်းသားလေးကျောင်းစိန်းအား မြေချပြီးသည့်နေ့မှစ၍ ကျောင်းခုံးက သိုင်းပညာရပ်များ စတင်လေ့ကျင့်လေတော့သည်။

သိုင်းသုံးကွက်သိုင်းကျမ်းကို လေ့ကျင့်လိုက်မှ သိုင်းကွက်စုစုပေါင်း ခုနစ်ဆယ့်နှစ်ကွက် ရှိနေသော်လည်း ထိုသိုင်းကွက်များကို ပေါင်းစပ်လိုက်လျှင် သိုင်းကွက် တစ်ကွက်တည်းသာ ကျန်တော့ကြောင်း တွေ့ရှိရ၏။

ကျောင်းခုံး အလွန်ပင် ဝမ်းသာသွားသည်။ သိုင်းဆရာကြီး နန်းကျုံးမင်းတစ်ယောက် သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သည်မှာ ဤသိုင်းကွက်များကြောင့် မဟုတ်ပါလား။

သသာ လေ့ကျင့်တတ်မြောက်သွားမည်ဆိုလျှင် မိုးကြိုးလှ ဂိုဏ်း၏အမည်မှာ သိုင်းလောကတစ်ခုလုံး၌ လျှမ်းလျှမ်းတောက် ကျော်ကြားသွားမည် ဖြစ်လေသည်။

ရှောင်လင်၊ ဝူတန်၊ ငိုမီစသော သိုင်းအဖွဲ့အစည်းကြီးများနှင့်ပင် ရင်ဘောင်တန်းနိုင်မည်ဟု ယုံကြည်မိ၏။

ထို့ကြောင့် ကျောင်းခုံးက နေ့မနားညမနား ပြင်းပြင်း ထန်ထန် လေ့ကျင့်လိုက်လေသည်။

ယနေ့....

ယနေ့သည် မင်းသားလေး ကျောင်းစိန်း သေဆုံးသွားပြီးခုနစ်ရက် ပြည့်မြောက်သောနေ့ ဖြစ်လေသည်။

ကျောင်းခုံးက သိုင်းပညာ လေ့ကျင့်ပြီး အခန်းတွင်းမှထွက်လာခဲ့သည်။ အပြင်ဘက်ရောက်လျှင် ကျူးဟန်ကောင်းက သူ့ထံ လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျောင်းခုံး ပြုံးလိုက်သည်။

'အကြောင်းကိစ္စတစ်ခုခုပေါ်ပေါက်လာပြန်ပြီမဟုတ်လား' ဟု ဆီးကြိုမေးလိုက်သည်။

ကျူးဟန်ကောင်းက ဒူးထောက် ဂါရဝပြုလိုက်၏။

'ဂိုဏ်းချုပ်ကြီးခင်ဗျား၊ မနက်ပိုင်းကပဲ အထောက်တော် တစ်ယောက်လာပြီး သတင်းပို့သွားပါတယ်၊ ဆရာကြီးနန်းကုန်းစိမ်း သေဆုံးသွားတာ ရက်အတော်ကြာပါပြီတဲ့၊ သမားတော်တန့်ဟန်လဲ သေဆုံးသွားပါတယ်တဲ့၊ ကျုပ်မယုံကြည်လို့ လိုက်သွားကြည့်တော့လဲ အမှန်တကယ် ဖြစ်နေတာကို တွေ့ခဲ့ရတာပဲ'

ထိုစကားကြားလျှင် ကျောင်းခုံး ငိုင်ကျသွားလေသည်။ သမားတော် တန့်ဟန်နှင့် နန်းကုန်းစိမ်းတို့အား တစ်နေ့မဟုတ် တစ်နေ့ သုတ်သင်ရှင်းလင်းပစ်ရန် စိတ်ကူးထားလေသည်။

ယခုတော့ သေဆုံးသွားချေပြီ။ သိုင်းကျမ်းနှင့်ပတ်သက်ပြီး ပြိုင်ဘက်များ လျော့ပါးသွားခြင်းကြောင့် ဝမ်းသာရမည် ဖြစ်သော်လည်း သူက ဝမ်းမသာနိုင်သည်မှာ ထူးခြားလှပေ၏။

အကြောင်းကား သမားတော်ကြီးတန့်ဟန်၊ နန်းကုန်းစိမ်းတို့ကဲ့သို့ မိမိလည်း သေဆုံးသွားရမည်ဟုတွေးကာ ကြောက်ရွံ့ထိတ်လန့်သွားခြင်း ဖြစ်ပေတော့သည်။



နန်းကုန်းစိမ်းမှာ သူ့ထက် အသက်ပေါင်းများစွာ ပို၍ ကျော်ကြားခဲ့သည်။ သမားတော်တန့်ဟန်မှာလည်း သူနှင့်သက်ရည်တူ အဆင့်ရှိသည်။

သူတို့သည်ပင် သေဆုံးသွားကြသည်ဆိုလျှင် ကျောင်းခုံးငိုင်နေမိတော့၏။ ထိုစဉ် ကျူးဟန်ကောင်းက....

'ဆရာကြီးနန်းစိမ်းနဲ့ သမားတော်တန့်ဟန်တို့ဟာ တစ်စုံတစ်ယောက်ရဲ့ လုပ်ကြံမှုခံလိုက်ရတယ်ဆိုတာ စစ်ဆေးတွေ့ရှိခဲ့ပါတယ်၊ ထူးခြားတာက အဲဒီမှာ သခင်မလေးနန်းကုန်းယန် ပြန်ရောက်နေတာပါပဲ'

'ဘာ....'

ကျောင်းခုံး၏ စကားသံ ဟိန်း၍ ထွက်သွားသည်။ ကျူးဟန်ကောင်းကို စိုက်ကြည့်ရင်း....

'နန်းကုန်းယန် သူ့အိမ် ပြန်ရောက်သွားပြီမဟုတ်လား'

'ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး'

'တောက်.... သိကြသေးတာပေါ့'

ကျောင်းခုံးက လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ပြီး ပြောလိုက်အည်။ ကျောင်းစိန်မှာ နန်းကုန်းယန်လက်ချက်ကြောင့် သေဆုံးသွားရသည်ကို သူ ဘယ်တော့မှ မေ့နိုင်မည် မဟုတ်ပါ။

'ကျူးဟန်ကောင်း'

'အမိန့်ရှိပါ ဂိုဏ်းချုပ်'

'နန်းကုန်းယန်ကို မျက်ခြည်မပြတ်စောင့်ကြည့်ထားပေတော့၊ အချိန်ကျရင် ကျုပ်ကိုယ်တိုင် သူ့ကို ရှင်းပစ်မယ်'

'စိတ်ချပါခင်ဗျာ'

‘ဒါထက် ရှင်ပျော်ပျော် အဘိုးအိုအကြောင်း သတင်းကြားရတယ်ဆို’

ကျူးဟန်ကောင်း ခေါင်းညိတ်လိုက်သည်။

‘ဟုတ်ပါတယ်’

‘ကဲ.... ပြောစမ်းပါဦး’

‘ရှင်ပျော်ပျော်အဘိုးအိုဟာ ခြေရာပျောက်သွားရာက ပန်းပေါင်းစုံတောင်ကြားကိုသွားတဲ့ လမ်းမှာ ပြန်ပေါ်လာပါတယ်’

‘ဘာ.... သူက ပန်းပေါင်းစုံတောင်ကြားကို သွားနေတယ် ဟုတ်လား’

‘ဖြစ်နိုင်ပါတယ် ခင်ဗျာ’

‘ပန်းပေါင်းစုံတောင်ကြားပိုင်ရှင် ချီအင်းရှန့်၊ နန်းကျန်းစိမ်းနဲ့ ရှင်ပျော်ပျော် အဘိုးအိုဟာ ပညာသင်ဘက်တွေပဲ၊ သူတို့အချင်းချင်း ပညာပြိုင်ကြတာ နန်းစိမ်း ဒဏ်ရာရသွားတယ်၊ အခုလဲ ရှင်ပျော်ပျော် အဘိုးအိုက ပန်းပေါင်းစုံတောင်ကြားပိုင်ရှင်နဲ့သွားပြီး ပညာပြိုင်ဦးမယ်ထင်တယ်’

ကျူးဟန်ကောင်း ပါးစပ်ပိတ်ထားလိုက်သည်။ သူလည်း ထိုသို့ပင် တွေးမိထားသည် မဟုတ်လား။

ကျင်းခုံး....

‘ဒီလိုဆိုရင်တော့ ပွဲကြီးပွဲကောင်းပဲ၊ တို့တစ်တွေပန်းပေါင်းစုံတောင်ကြားကို သွားကြရင် ကောင်းမယ်’

‘ဗျာ....’

ကျူးဟန်ကောင်း ထိတ်လန့်သွားလေသည်။ ကျင်းခုံးက...



‘သူတို့နှစ်ယောက် ပညာပြိုင်ကြမယ်ဆိုရင် တို့တစ်တွေအသစ်ဝင်တိုက်ပြီး သုတ်သင်ပစ်နိုင်တယ် မဟုတ်လား’

ကျူးဟန်ကောင်းက....

‘ဂိုဏ်းချုပ်ကြီး၊ ကျွန်တော် တစ်ခု ပြောပါရစေ’

ဟု မဝံ့မရဲ ပြောလိုက်သည်။ ကျင်းခုံးက....

‘မင်း ဘာပြောမလို့လဲ’

‘ပန်းပေါင်းစုံနန်းတော်ကို ကျွန်တော်တို့ လိုက်သွားရင် အန္တရာယ်များပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ကိုယ်စား တခြားလူတွေ လိုက်သွားအောင် အကွက်ဆင်လိုက်ရင်ပိုကောင်းမယ်ထင်ပါတယ်’

ကျင်းခုံး စိတ်ဝင်စားသွား၏။

‘ပြောစမ်းပါဦး၊ မင်းက ဘယ်သူတွေကို လိုက်သွားစေချင်ရတာလဲ’

‘ရွှေကျားပျံ ဟုယ်အိမ်းနဲ့ အနေ့ဘက်နဂါး ကျိုလုံတို့ကို သတင်းပေးလိုက်ရင် သူတို့ လိုက်သွားကြမှာ သေချာပါတယ်’

‘သူတို့က ရှင်ပျော်ပျော်အဘိုးအိုနဲ့ ချီအင်းရှန်းတို့ဆီက သိုင်းကျမ်းတွေ ရသွားရင် ဘယ်လိုလုပ်မလဲ’

‘သူတို့ဟာ ဂိုဏ်းချုပ်ကြီးလို အရည်အချင်း မရှိကြပါဘူး၊ ဒါကြောင့် ဘယ်နည်းနဲ့မှ မရနိုင်ဘူးဆိုတာ သေချာပါတယ်’

ကျင်းခုံး တွေဝေသွားလေသည်။

ကျူးဟန်ကောင်းက ဆက်ပြောလိုက်သည်။

'သူတို့နှစ်ယောက်ဟာ ရှင်ပျော်ပျော်အဘိုးအိုကို သိုင်းပညာယှဉ်ပြိုင်နေတဲ့အချိန်မှာ အလစ်ဝင်တိုက်နိုင်တယ်ပဲထားဦး၊ အနိုင်ရဖို့ မလွယ်ပါဘူး'

ကျင်းခုံး လက်ဝှေ့ယမ်းပြလိုက်သည်။

'မင်းဆိုလိုတဲ့ အဓိပ္ပာယ်ကို ငါနားလည်ပြီ၊ မင်းအကြံကောင်းတယ်၊ ဒီအစီအစဉ်ဖြစ်အောင် မင်းပဲ ကြိုးစားလုပ်ဆောင်ရလိမ့်မယ်'

ကျူးဟာန်ကောင်းက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

'စိတ်ချပါ သခင်ကြီး၊ ကျွန်တော် ဆောင်ရွက်လိုက်ပါ့မယ်'

'ကောင်းပြီ၊ မင်းကို တစ်ခုမေးရဦးမယ်'

'မေးပါခင်ဗျာ'

'ရွှေကျားပျံ ဟုတ်အိမ်းနဲ့ အနောက်နဂါးကျော်လုံတို့ကို လွှတ်လိုက်ပြီပဲ ထားပါဦး၊ တို့က ဘာများ အကျိုးကျေးဇူး ခံစားရမှာလဲ'

ကျူးဟာန်ကောင်း ပြုံးလိုက်သည်။

'ဂိုဏ်းချုပ်ကြီး ခံစားရမယ့် အကျိုးကျေးဇူးကတော့ မမျှော်မှန်းနိုင်လောက်အောင်ပါပဲ၊ ပထမဆုံး ပြိုင်ဘက်နှစ်ယောက်ဖြစ်တဲ့ ရွှေကျားပျံ ဟုတ်အိမ်းနဲ့ ကနေ့အနောက်နဂါးကျော်လုံတို့ကို သုတ်သင်ရှင်းလင်းပစ်နိုင်ပါလိမ့်မယ်'

ကျင်းခုံး ရယ်မောလိုက်၏။

'ဟား....ဟား....ဟား....မင်းအကြံ ဘယ်ဆိုးလို့လဲကွ'

ကျူးဟာန်ကောင်းက ဆက်ပြောလိုက်၏။



'ဒုတိယအချက်က ရှင်ပျော်ပျော်အဘိုးအိုနဲ့ ချီအင်းရှန်းတို့ကို လွယ်လင့်တကူ ရှင်းပစ်နိုင်ပါလိမ့်မယ်'

'သေချာရဲ့လား'

'သေချာပါတယ်၊ ရှင်ပျော်ပျော်အဘိုးအိုနဲ့ ဆရာကြီးနန်းကုန်းစိမ်းတို့ရဲ့ ယှဉ်ပြိုင်ပွဲက သက်သေရှိပါတယ်၊ သူတို့ယှဉ်ပြိုင်တဲ့အခါ တစ်ယောက်ကိုတစ်ယောက် အနိုင်ရဖို့ မလွယ်တဲ့ အပြင် နှစ်ယောက်စလုံး ဒုက္ခရောက်နိုင်တာ ဂိုဏ်းချုပ်ကြီးအသိပါပဲ'

ကျင်းခုံး ကျေနပ်သွား၏။

'ဟုတ်တယ်၊ သူတို့ရဲ့ပညာက မတိမ်းမယိမ်းဆိုတော့ အနိုင်ရအောင် ကြိုးစားရင်း နှစ်ယောက်စလုံး ထိခိုက်ကုန်တာပဲ'

ကျူးဟာန်ကောင်းက ရှင်းပြလိုက်ပြန်၏။

'သူတို့နှစ်ယောက် ယှဉ်ပြိုင်နေတုန်း ဟုတ်အိမ်းနဲ့ ကျိုလုံတို့က ဝင်ရှုပ်နေကြဦးမှာပဲ၊ ဒါဆိုရင် ပိုပြီး ထိခိုက်နစ်နာသွားနိုင်ပါတယ်'

'ကောင်းကွာ၊ ဆက်ပြောစမ်းပါဦး'

'သူတို့နှစ်ယောက် ခြေကုန်လက်ပန်းကျသွားတဲ့အချိန်၊ ဒါမှမဟုတ် နှစ်ယောက်စလုံး ထိခိုက်နစ်နာသွားတဲ့ အချိန်ကျမှ ဆရာကြီးက ဝင်ပြီးတိုက်ခိုက်မယ်ဆိုရင်....'

ကျူးဟာန်ကောင်းက စကားဆုံးအောင် မပြောဘဲ ကျင်းခုံးအား လှမ်းကြည့်လိုက်၏။

ကျင်းခုံး ဝမ်းသာအားရ ဖြစ်သွား၏။

လက်တစ်ဘက်ဝှေ့ကာ လေထဲဖမ်းဆုပ်ရင်း....

'သူတို့နှစ်ယောက်ရဲ့ သိုင်းကျမ်းတွေဟာ ကျုပ်လက်ထဲကို လွယ်လွယ်ကလေး ရောက်လာတော့မှာပေါ့'

'မှန်ပါတယ်ခင်ဗျာ၊ သိုင်းကျမ်းတစ်ခု ရထားရုံနဲ့ သိုင်းလောကမှာ လက်မထောင်နိုင်တယ်ဆိုတော့ သိုင်းကျမ်း သုံးခုစလုံး ရရှိတဲ့လူဟာ ပြိုင်ဘက်မရှိတဲ့ သိုင်းသမားတွေ ဖြစ်မှာပါပဲ'

'ကျူးဟန်ကောင်း'

'အမိန့်ရှိပါ ဆရာကြီး'

'မင်းရဲ့အစီအစဉ်ကို အခုချက်ချင်း ဆောင်ရွက်ပေတော့။ နည်းနည်းကလေးမှ နောက်မကျစေနဲ့နော်'

'စိတ်ချပါ ဆရာကြီး'

ကျင်းခုံးက လက်ဝှေ့ယမ်းပြလိုက်၏။

'ကဲ....မင်းသွားတော့'

ကျူးဟန်ကောင်းက ဂါရဝပြုပြီး အခန်းတွင်းမှ ထွက်သွား၏။

ကျူးဟန်ကောင်း ထွက်သွားလျှင် ကျင်းခုံးက ခေါင်းမော့ကာ အားရပါးရ ရယ်မောလိုက်၏။

'ဟား....ဟား....ဟား'

သူ၏ရယ်မောသံမှာ ကျယ်လောင်စွာ ဟိန်းထွက်လာလေသည်။

• • •



လမ်းဆုံမြို့ကလေး....။

လမ်းဆုံမြို့ကလေးတွင် တစ်လပြည့်လျှင် ပြန်လည်တွေ့ဆုံမည်ဟု အဘိုးအိုက ချိန်းဆိုခဲ့သည်။

လုထင်းမှာ ဘယ်ရပ်ဘယ်ဝယ် သွားရမည် မသိပါ။

ထို့ကြောင့် အဘိုးအို ပြန်ရောက်လာသည်အထိ လမ်းဆုံမြို့ကလေး၌ပင် စောင့်နေရန် ဆုံးဖြတ်လိုက်၏။

သူသည် တည်းခိုခန်းတစ်ခန်း ငှားရမ်းလိုက်သည်။

ထို့နောက် အားသည့်အချိန်များ၌ သိုင်းပညာ လေ့ကျင့်ခြင်းဖြင့် အချိန်ကုန်စေခဲ့သည်။

တစ်ယောက်တည်း အခန်းအောင်းကာ သိုင်းပညာ လေ့ကျင့်နေခဲ့ရာ ဆယ်ရက်ခန့်ကြာသော် ပျင်းရိလာသည်။

ထို့ကြောင့် ညနေဆည်းဆာအချိန်တွင် မြို့ထဲသို့ ထွက်ခဲ့သည်။

လမ်းဆုံမြို့ကလေးမှာ မြို့ငယ်ကလေးတစ်ခု ဖြစ်သော်လည်း မြို့ကြီးပြကြီးများနှင့် မခြား စည်ကားသိုက်မြိုက်လှ၏။

လုထင်းသည် မင်းလမ်းမအတိုင်း ငေးမောကြည့်ရှုရင်း လျှောက်သွားရာ အဘိုးအိုနှင့် အတူ စားသောက်ခဲ့သည့် စားသောက်ဆိုင်ကလေးရှေ့သို့ ရောက်ရှိသွား၏။

အဘိုးအိုကို သတိရသဖြင့် စားသောက်ဆိုင်ထဲ လှမ်းဝင်လိုက်မိသည်။

စားသောက်ဆိုင်ထဲ၌ လူရှင်းနေပါ၏။

ဆိုင်ထဲရောက်မှ မထူးဟု သဘောပိုက်ကာ အဘိုးအိုနှင့်အတူ ထိုင်ခဲ့သည့် စားပွဲ၌ပင်ထိုင်ကာ စားသောက်ဖွယ်ရာများ မှာကြားလိုက်လေသည်။

တစ်ယောက်တည်း စားသောက်ရသောအခါ အဘိုးအိုနှင့် အတူစားသောက်ရသလို အရသာ မရှိလှဟု ထင်မိသည်။

စားသောက်နေစဉ်မှာပင်....

'ဝုန်း'

ကျယ်လောင်သောအသံတစ်ချက်ထွက်ပေါ်ပြီး စားသောက်ဆိုင်ထဲသို့ လူတစ်ယောက် ဝရုန်းသုန်းကား ရောက်ရှိလာသည်ကို တွေ့ရ၏။

လူထင်း အံ့သြသွားပြီး လှမ်းကြည့်လိုက်သည်။

ထိုအခါ ဆိုင်ထဲရောက်လာသူမှာ လဲကျနေရာမှ ကမန်းကတန်း လူးလိမ့်ထပြီး ဆိုင်အပြင်ဘက်သို့ ပြန်လည် ပြေးထွက်သွားသည်ကို တွေ့မြင်လိုက်ရသည်။

သို့သော် အပြင်ဘက်သို့မရောက်မီ လူတစ်ယောက် လှမ်းဝင်လာပြီး ခြေထောက်ဖြင့်ကန်ကျောက်လိုက်ရာ....

'ဝုန်း'

အတွင်းဘက်သို့ပြန်လည် လွင့်စဉ်လာပြန်တော့သည်။

ယခုတစ်ကြိမ် ထိုလူသည် လူထင်းထိုင်နေသည့် စားပွဲအနီးသို့ ရောက်လာပြီး လူထင်း၏ခြေရင်း၌ လဲကျသွားလေသည်။

လူထင်း ကပျာကယာ မထူပေးလိုက်သည်။

ထိုလူ၏မျက်နှာတစ်ခုလုံး သွေးချင်းချင်း နီရဲနေ၏။



လူထင်းထူပေးသည်ကို မြင်လျှင် ထိုလူက အားကိုးတကြီးဖြင့်....

'မိတ်....မိတ်ဆွေ၊ ကျုပ်ကို ကယ်ပါဦးဗျာ'

ဟု တိုးလျှိုးတောင်းပန်လေသည်။

လူထင်းက ဘာမှမပြောဘဲ တံခါးပေါက်ဆီသို့ လှမ်းကြည့်လိုက်သည်။

ထိုအခါ ကျားသစ်ရေအင်္ကျီ ဝတ်ဆင်ထားသူသုံးယောက် ဟန်ပါပါ လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရသည်။

လူထင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ထိုလူသုံးယောက်မှာ အဘိုးအိုက သွေးကြောပိတ်ဆုံးမခဲ့သူသုံးယောက် မဟုတ်ပါလား။

ထိုလူသုံးယောက်ကို လူထင်း ကြည့်မရပါချေ။

သိုင်းပညာအားဖြင့် မောက်မာခက်ထန်လှသည်ဟု ယူဆမိသည်။

ကျားသစ်ရေအင်္ကျီ ဝတ်ဆင်ထားသူသုံးယောက်မှာ မိုးကြိုးဂိုဏ်းမှ ဌာနခွဲမှူးသုံးယောက်ဖြစ်၏။

သူတို့သုံးယောက်မှာ ညီအစ်ကိုများဖြစ်ကြပြီး အကြီးမှာ ကျန်းပေါင် အလတ်မှာ ကျန်းကျူတ်နှင့် အငယ်ဆုံးမှာ ကျန်းစုဖြစ်လေသည်။

သူတို့သုံးယောက် အတွင်းဘက်သို့ လှမ်းဝင်လာကြသည်။

ကျန်းပေါင်က....

'ဘယ်လိုလဲ၊ ငါတို့ကို အာခံချင်သေးလား'

ဟု အော်ငေါက်လိုက်၏။

လုထင်းက သူ ဖေးမကူညီထားသူအား မေးလိုက်လေသည်။

'သူတို့က ဘာကြောင့် ခင်ဗျားကို နှိပ်စက်ကြရတာလဲဗျာ'

'သူ....သူတို့က ကျုပ်ဆီမှာ ငွေတောင်းပါတယ်၊ ကျုပ်က မပေးနိုင်လို့ အခုလို နှိပ်စက်ကြတာပါဗျာ'

လုထင်း နားလည် သဘောပေါက်သွားပြီ ဖြစ်လေသည်။ ထိုလူအား ပြုံးပြရင်း....

'ဘာမှမပူနဲ့ ဟုတ်လား၊ သူတို့ နောက်ထပ် မနှိပ်စက်အောင် ကျုပ် တာဝန်ယူမယ်'

ဟု ပြောလိုက်သည်။

ထိုလူမှာ လုထင်းအား နားမလည်နိုင်သော မျက်လုံးများဖြင့် ကြည့်နေ၏။

ဤမြို့ကလေး၌ မိုးကြိုးလု ဂိုဏ်းသားများကို အာခံသူဆိုလျှင် ကြက်ပျောက်ငှက်ပျောက် ပျောက်ဆုံးသွားတတ်ကြောင်း သတိပေးလို၏။

သို့သော်....ဘာမှမပြောဘဲ နေလိုက်လေသည်။

ကျန်းပေါင်က....

'လာခဲ့စမ်း'

အော်ဟောက်ရင်း ရှေ့တိုးလာသည်။ လက်တစ်ဘက် ဆန့်ထုတ်ကာ ဆောင့်ဆွဲလိုက်၏။ လုထင်းက ထိုလူအား ဘေးသို့ ထုတ်လိုက်ပြီး ကျန်းပေါင်၏လက်ထဲသို့ ပန်းကန်လုံး တစ်လုံး ထည့်ပေးလိုက်လေသည်။



ကျန်းပေါင် ကြောင်အမ်းအမ်း ဖြစ်သွား၏။ နောက်မှ အဖြစ်မှန်ကို သိသွားပြီး ပန်းကန်လုံးကို ဒေါသတကြီးပေါက်ခွဲပစ်လိုက်လေသည်။

'ခွမ်း'

ပန်းကန်လုံး အစိတ်စိတ်အမွှာမွှာ ကွဲသွား၏။

ကျန်းပေါင်က....

'မဆီမဆိုင် ကြားကဝင်ရှုပ်တာ သေချင်ပြီထင်တယ်'

ပြောရင်း လုထင်းထံ ချဉ်းကပ်လာလေသည်။

လုထင်း ပြုံးရုံသာပြုံးနေပြီး ဘာမှပြန်မပြောချေ။ ကျန်းပေါင် ပို၍ ဒေါပွသွားလေသည်။

'ကောင်းပြီ၊ ငါ့အကြောင်း မင်း အခုသိရစေမယ်'

စကားဆုံးလျှင်လုထင်း၏မျက်နှာဆီသို့ ချိန်ရွယ်ကာလက်သီး တစ်လုံး ပစ်သွင်းလိုက်လေသည်။

သူ၏လက်သီး ထိမှန်ကာ လုထင်း လဲကျသွားမည်ဟု မှတ်ထင် ယုံကြည်ထားလေသည်။ သို့သော် လက်တွေ့၌ အထင်နှင့် အမြင် လွဲမှားသွားရလေသည်။

လုထင်းက ခေါင်းငုံ့ကာ ရှောင်ပေးလိုက်လျှင် ကျန်းပေါင်မှာ အားလွန်ကာ ကြမ်းပြင်ပေါ် လဲကျသွားလေသည်။

'ဝုန်း'

ကျန်းပေါင် ဒေါသထွက်သွား၏။ ကြမ်းပြင်ပေါ်မှလူးလိမ့်ထလာပြီး....

'ယား'

ညာသံပေးကာ ထပ်မံတိုက်ခိုက်လိုက်လေသည်။

လုထင်းက ထိုင်ရာမှထကာ ဝဲဘက်သို့ လှမ်းထွက်လိုက်၏။ ထိုအခါ ကျန်းပေါင်မှာ လုထင်းထိုင်နေသည့် ကုလားထိုင်အား ခုန်အုပ်မိလျက်သား ဖြစ်သွားတော့သည်။

'ဝုန်း'

လူနှင့်ကုလားထိုင် လုံးထွေးကာ ကြမ်းပြင်ပေါ် လဲကျသွား၏။

'ဟား....ဟား....ဟား'

ကျန်းကျုတ်နှင့် ကျန်းစုတို့ သဘောကျစွာ ရယ်မောလိုက်ကြလေသည်။ ကျန်းပေါင်၏မျက်နှာကြီး နီရဲသွားသည်။

'ခွေးကောင်... မင်းကို ငါသတ်ပစ်မယ်'

အော်ပြောကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင်....

'ရပ်လိုက်စမ်း'

ဟန့်တားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ ဟန့်တားသံမှာ တံခါးပေါက်မှ ထွက်ပေါ်လာခြင်း ဖြစ်၏။

ကျန်းပေါင်၊ ကျန်းကျုတ်၊ ကျန်းစုနှင့် လုထင်းတို့ ပြိုင်တူ လှမ်းကြည့်လိုက်ကြလေသည်။

ထိုအခါ တံခါးဝ၌ လူတစ်ယောက် ရပ်နေသည်ကို တွေ့မြင်လိုက်ရ၏။ ထိုလူကိုမြင်လျှင် ကျန်းကျုတ်တို့ ချက်ချင်း ဦးညွှတ် ဂါရဝပြုလိုက်ကြလေသည်။

'ဆရာ ယန်းခိုက်'

မှန်ပေသည်။ တံခါးဝမှလူမှာ ယန်းခိုက်ဖြစ်လေသည်။



ယန်းခိုက်က....

'မင်းတို့က ဒီမှာလာပြီး သောင်းကျန်းနေတာကို၊ အခု ချက်ချင်း ပြန်လိုက်ခဲ့ကြစမ်း၊ ငါတို့တတွေ အလုပ်ကြီး တစ်ခု လုပ်ကြရမယ်ဆိုတာ မင်းတို့ မသိဘူးလား၊ တော်ကြာ သာဝန် မကျေလို့ ဂိုဏ်းချုပ်ကြီးက အပြစ်ပေးနေလိမ့်မယ်'

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွားလေသည်။ ကျန်းပေါင်၊ ကျန်းကျုတ်နှင့် ကျန်းစုတို့က လုထင်းအား လှမ်းကြည့်လိုက်သည်။

ကျန်းပေါင်က....

'မင်း ကံကောင်းသွားတယ် မှတ်ပါ'

စကားဆုံးလျှင် ခပ်သွက်သွက် ထွက်သွား၏။ ကျန်းကျုတ်နှင့် ကျန်းစုတို့လည်း လိုက်ပါသွားကြ၏။

သူတို့ ထွက်သွားကြသော်လည်း လုထင်း ဝမ်းမသာနိုင်ပါချေ။ အကြောင်းမှာ ယန်းခိုက် ပြောလိုက်သည့် စကားများက စိတ်အနှောင့်အယှက် ဖြစ်စေခဲ့ခြင်းကြောင့်တည်း။

'အင်း.... သူတို့က အလုပ်ကြီးတစ်ခုလုပ်မယ်ဆိုတာကောင်းတဲ့ အလုပ်တော့ မဖြစ်နိုင်ဘူး၊ ဘာများ လုပ်ကြမလို့ လဲမသိဘူး'

ဟု တွေးမိလေသည်။

မိုးကြိုးလှံဂိုဏ်းမှာ နာမည်ကျော်ကြားမှုနှင့် လားလားမှ မဆိုင်အောင် အကျင့်ပျက် ဆိုးသွမ်းနေသော သိုင်းအဖွဲ့ တစ်ခု ဖြစ်ကြောင်း နားလည်ထားပြီဖြစ်သည်။

အဘိုးအိုက လမ်းခွဲကာနီး၌ အများအကျိုး ဆောင်ရွက်ခြင်းဖြင့် ဘဝအာမိပ္ပာယ် ရှိပါစေဟု မှာကြားသွားခဲ့သည်ကို ပြန်လည် ကြားယောင်လာသည်။

မိုးကြိုးလှ ဂိုဏ်း လှုပ်ရှားမည်ဆိုလျှင် ဒုက္ခရောက်ရမည့်သူများ ရှိလာပေမည်။ ထိုသူများမှာ အပြစ်မဲ့သော လူကောင်းများသာ ဖြစ်ပေလိမ့်မည်။

'ငါ ဘယ်လိုလုပ်မလဲ၊ သူတို့ထင်တိုင်းကျဲနေတာကို လက်ပိုက်ကြည့်နေတော့မှာလား'

ထိုသို့တွေးရင်း ရင်ထဲ လှုပ်ရှားလာသည်။

နောက်ဆုံး....

'ဘာပဲဖြစ်ဖြစ် သူတို့နောက်ကို ငါ လိုက်သွားမယ်၊ သူတို့တစ်တွေ မတရားတာလုပ်ရင် ငါ တတ်နိုင်သလောက် ဝင်ပြီး တားဆီးမယ်၊ မတရားခံရတဲ့ဘက်က ဝင်ပြီး ကူညီမယ်'

ဟု ဆုံးဖြတ်လိုက်၏။

ထိုသို့ ဆုံးဖြတ်ပြီးသည်နှင့် စားသောက်ခ ကျသင့်ငွေ ပေးချေပြီး စားသောက်ဆိုင်ထဲမှ ပြေးထွက်ခဲ့လေသည်။

ဆိုင်အပြင်ဘက်ရောက်လျှင် မလှမ်းမကမ်း၌ ခပ်သုတ်သုတ် သွားနေကြသည့် ကျန်းပေါင်တို့အား တွေ့မြင်လိုက်ရ၏။

လုထင်း သဘောကျစွာ ပြုံးလိုက်သည်။ ကျန်းပေါင်တို့ နောက်သို့ လိုက်သွားရန် ဟန်ပြင်လိုက်စဉ်...

'လက်စသတ်တော့ မင်းက ဒီမှာလာပြီး ပုန်းနေတာကိုး'



စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ လုထင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တွန့်သွား၏။

ချက်ချင်း လှည့်ကြည့်လိုက်၏။ ထိုအခါ လူတစ်ယောက်က သူ့ထံ တန်းတန်းမတ်မတ် လှမ်းလာနေသည်ကို တွေ့မြင်ရလေသည်။

ထိုလူ၏ မျက်နှာကို မြင်လျှင် လုထင်း ရင်ထိတ်သွားလေသည်။

'ဟင်.... ကျင်းထုံ'

မှန်ပေသည်။ သူ့ထံ လှမ်းလာနေသူမှာ သူ့အား လိမ်ညာခေါ်လာခဲ့သည့် ကျင်းထုံ ဖြစ်လေသည်။

လုထင်း အကြပ်ရိုက်သွားသည်။ ကျင်းထုံက....

'ဟိုအဘိုးကြီးကော ဘယ်မှာလဲ'

ဟု မေးလိုက်လေသည်။

လုထင်းမှာ အမှန်အတိုင်းပြောလျှင်ကောင်းနိုး၊ မပြောဘဲနေလျှင်ကောင်းနိုး ရုတ်တရက် ဝေခွဲမရ ဖြစ်နေ၏။

အဘိုးအိုသည် ကျင်းထုံအား ဒုက္ခပေးခဲ့သည်မဟုတ်လား။ ကျင်းထုံကို အားနာမိသော်လည်း မိုးကြိုးလှ ဂိုဏ်းအကြောင်းကောင်းစွာ သိထားပြီဖြစ်ရကား သူ မလိုက်နိုင်ပါတော့ချေ။

ကျင်းထုံကမူ သူ့အား အတင်းအကြပ် ခေါ်မည်ဖြစ်သည်။ သူမလိုက်လျှင် ကျင်းထုံ မည်သို့ တုန့်ပြန်လာမည်နည်း။

လုထင်း တွေးတောစဉ်းစားနေစဉ်....

'ဟိုအဘိုးကြီး ဘယ်မှာလဲ'

ကျင်းထု၏ စကားသံ ထွက်ပေါ်လာပြန်သည်။ အသိုးအိုအပေါ် မကျေမနပ်ဖြစ်နေဟန် ရှိလေသည်။

ရုတ်တရက် လုထင်း အကြံတစ်ခု ရလာသည်။

'သူက ဟိုမှာဗျ'

ကျင်းထု၏ အနောက်ဘက်သို့ လက်ညှိုးညွှန်ပြကာ ပြောလိုက်လေသည်။ ကျင်းထု ရင်ထိတ်သွားသည်။

ချက်ချင်း အနောက်ဘက်သို့ ချာခနဲ လှည့်ကြည့်လိုက်၏။ ထိုအခါ ရရှိလာသည့် အခွင့်အရေးကို လက်လွှတ်မခံသဲ လုထင်းက ကျင်းထု၏ရှေ့မှောက်မှ ထွက်ပြေးလာခဲ့လေသည်။

ကျင်းထု က အသိုးအိုအား ရှာဖွေနေ၏။

အသိုးအိုမှာ ခေသူမဟုတ်မှန်းသိရှိ၍ သတိကြီးစွာထားကာ ရှာဖွေလိုက်ခြင်းဖြစ်၏။

လုထင်းကိုပင် သတိမပြုနိုင်အားခဲ့ချေ။ သို့သော်အတန်ကြာ ရှာဖွေကြည့်ပြီးသော်လည်း မည်သူ့ကိုမှ မတွေ့ရသည့် နောက်ဆုံး....

'ဘယ်မှာလဲကွ၊ ငါ့ကို လိမ်ပြောလို့ရမလား'

မကျေမနပ်ပြောရင်း လုထင်းဘက် ပြန်လှည့်လိုက်၏။

'ဟင်း....'

ကျင်းထု ပါးစပ်အဟောင်းသား ဖြစ်သွား၏။ လုထင်းကား ပျောက်ချင်းမလှ ပျောက်ဆုံးသွားပြီဖြစ်၏။

အလိမ်ခံလိုက်ရကြောင်း တွေးမိသည်နှင့် ကျင်းထု ဒေါသချောင်းချောင်း ထွက်သွားလေတော့သည်။



'တောက်....'

တက်ခေါက်ရင်း မြေကြီးကို ခြေထောက်ဖြင့် သုံးလေးချက်မက ဆက်တိုက်ဆောင့်ချရင်း ဒေါသစိတ်ကို ဖြေဖျောက်လိုက်ရလေတော့သည်။

သုံးရက်။

သုံးရက်ဟူသောအချိန် ကုန်ဆုံးသွားပြီဖြစ်လေသည်။ သုံးရက်လုံးလုံး မိုးကြိုးလှ ဂိုဏ်းသား သုံးဆယ်ခန့်သည် ခရီးပြင်းနှင်ခဲ့ကြလေသည်။

သုံးရက်မြောက်သောနေ့တွင် စိမ်းလန်းစိုပြည်သော တောအုပ်တစ်ခုရှေ့သို့ ရောက်ရှိလာခဲ့ကြလေသည်။

လုထင်းက မိုးကြိုးလှ ဂိုဏ်းသားများနောက်မှ ခြေရာခံ၍ လိုက်ပါလာခဲ့လေသည်။

မိုးကြိုးလှ ဂိုဏ်းသားများသည် တောအုပ်အတွင်း၌ ညမှောင်သည်အထိ စခန်းချနေလိုက်ကြ၏။

သူတို့သည် ရှေ့ခရီးဆက်တော့မည်မဟုတ်ကြောင်း လုထင်း ရိပ်မိသဖြင့် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ရာ မလှမ်းမကမ်း၌ ခြံဝင်းကြီးတစ်ခု ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ညအမှောင်ထုချဉ်းနင်းဝင်ရောက်လာပြီဖြစ်၍ ပတ်ဝန်းကျင်ကို သဲသဲကွဲကွဲ မတွေ့မြင်ရပါချေ။

ခြံဝင်းကို အမှောင်ရိပ်ကြား၌ တွေ့လိုက်ရသဖြင့် လုထင်း စိတ်ထဲ ရောက်ဖူးသည်ဟု ထင်မိသည်။

ထင်မိရုံသာရှိပြီး မည်သည့်နေရာဖြစ်ကြောင်း မမှတ်မိချေ။

ထိုခြံဝင်းသို့ မိုးကြိုးလှ ဂိုဏ်းသားများ ချဉ်းနင်းဝင်ရောက်လိမ့်မည်ဟု တွက်ဆမိသည်။

ထို့ကြောင့် ခြံဝင်းပိုင်ရှင်အား ကြိုတင်၍အကျိုးအကြောင်း ပြောပြထားလျှင် အကောင်းဆုံးဖြစ်မည်ဟု တွေးမိပြန်သည်။

ထိုသို့တွေးမိသည်နှင့် တုန့်ဆိုင်းမနေတော့ဘဲ သစ်ပင် ချုံနွယ်များကို အကာအကွယ်ယူကာ ခြံဝင်းကြီးရှိရာသို့ ပြေးလွှားသွား၏။

မိုးကြိုးလှ ဂိုဏ်းသားများကား ညဥ့်နက်မှ ညဥ့်အမှောင်ကို အကာအကွယ်ယူကာ တိုက်ခိုက်လာကြမည်ဟု ထင်ရ၏။

လုထင်းသည် ခြံဝင်းကြီးဆီသို့ ဦးတည်ပြေးသွားပြီး ခြံဝင်းအတွင်း ခုန်ဝင်လိုက်၏။

ခြံဝင်းအတွင်း၌ ကြီးမားခန့်ညားသော အဆောက်အအုံကြီး တစ်လုံး ရှိနေ၏။



အဆောက်အအုံ၏ တစ်ခုသော အခန်း၌ မီးလင်းနေသည်မှအပ အဆောက်အအုံတစ်ခုလုံး မှောင်အတိကျနေ၏။

လုထင်းက အဆောက်အအုံအနီးသို့ တိတ်တဆိတ် ချဉ်းကပ်သွား၏။

အဆောက်အအုံမှာ တိတ်ဆိတ်ငြိမ်သက်နေ၏။

လုထင်းက အဆောက်အအုံ ပိုင်ရှင်အား သတိပေးမည်ဆိုလျှင် မီးလင်းနေသည့် အခန်းဆီသို့ သွားရမည်ဖြစ်ကြောင်း နားလည်ထား၏။

မီးလင်းနေသော အခန်းရှိရာသို့ ချဉ်းကပ်သွားပြီး အတွင်းဘက်သို့ ချောင်းကြည့်လိုက်၏။

ထိုအခါ မိန်းကလေးတစ်ယောက် ခုတင်တစ်လုံးပေါ်၌ ပြတင်းပေါက်အား ကျောပေးကာ အိပ်စက်နေသည်ကို တွေ့မြင်ရ၏။

လုထင်း ရင်ထိတ်သွား၏။

'ဟိုက်....'

လွှတ်ခနဲ ညည်းညူလိုက်ပြီး ပြတင်းပေါက်အနီးမှ မြန်ခွာလိုက်၏။

မိန်းကလေးတစ်ယောက် အိပ်စက်နေသည်ကို မကြည့်သင့်ဟု ယူဆထားသည်။

တခြားအခန်းများမှာ မီးရောင်မရှိဘဲ မှောင်မည်းနေသည်။

'ဒုက္ခပဲ၊ ငါဘယ်လို သတိပေးရမလဲ'

သူတွေးနေစဉ် အဝေးမှ ငှက်အော်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ထိုငှက်အော်သံမှာ မိုးကြိုးလှ ဂိုဏ်းသားများ၏ အချက်ပေးသံများဖြစ်ကြောင်း သုံးရက်လုံးလုံး နောက်ယောင်ခံလိုက်ပြီးသည့်နောက် ကောင်းစွာ သိထားခဲ့ပြီ ဖြစ်သည်။

'ဟော သူတို့တောင်လာနေကြပြီ၊ သေချာပါပြီ၊ ဒီနေရာကို လာပြီး ဒုက္ခပေးကြမှာပါ၊ အိမ်ရှင်တွေကို ငါ ဘယ်လိုလုပ် အသိပေးရမလဲ'

တွေးတောရင်း ဗျာများသွား၏။

မီးလင်းနေသော အခန်းကို တစ်ချက်ကြည့်လိုက်သည်။

အတွင်းဘက်၌ အိပ်ပျော်နေသည့် မိန်းကလေးတစ်ယောက် ရှိနေ၏။

သူက သွားကြည့်ရန် မသင့်တော်ပါချေ။

ကြံရာမရသည့်အဆုံး မြေပေါ်မှ ကျောက်ခဲတစ်လုံးယူကာ ပြတင်းပေါက်အား ပစ်ပေါက်လိုက်၏။

ပြတင်းပေါက်မှန် ကွဲသွား၏။

'ခွမ်း'

တိတ်ဆိတ်နေသည့် ညအချိန်ဖြစ်သည့်အတိုင်း ပြတင်းမှန်ကွဲသွားသည့်အသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

မရှေးမနှောင်းမှာပင်....

'ဘယ်သူလဲ'

ခြောက်သွေ့အက်ကွဲနေသည့် စကားသံ ထွက်ပေါ်လာ၏။

အတွင်းဘက်၌ အိပ်ပျော်နေသည့် မိန်းကလေး လန့်နိုးသွားပြီ ဖြစ်သည်။



လုဆင်း ဝမ်းသာသွားပြီး နောက်ထပ် ကျောက်ခဲတစ်လုံးယူကာ ပစ်ပေါက်လိုက်၏။

ယခုတစ်ကြိမ်....

'ထောက်'

ကျောက်ခဲမှာ အခန်းတွင်းသို့ ကျသွား၏။

မရှေးမနှောင်းမှာပင်....

'ဘယ်သူလဲ'

အော်ဟစ်သံနှင့်အတူ ပြတင်းပေါက်တံခါး ပွင့်သွားပြီး လူရိပ်တစ်ခု အတွင်းဘက်မှ ခုန်ထွက်လာသည်ကို တွေ့မြင်လိုက်ရ၏။

လုဆင်း ကပျာကယာ ပြေးထွက်သွားပြီး လူယောင်ပြလိုက်၏။

အတွင်းဘက်မှ ခုန်ထွက်လာသည့် မိန်းကလေး အပြင်ဘက်ရောက်လျှင် လုဆင်းအား တွေ့မြင်သွား၏။

'သေပေတော့'

အော်ဟစ်ရင်း လျှပ်တပြက် တိုက်ခိုက်လိုက်၏။

လုဆင်း ထိတ်လန့်သွားသည်။

'မလုပ်နဲ့၊ မှားမယ်'

အော်ပြောရင်း နောက်ဆုတ်ရှောင်တိမ်းလိုက်သည်။

မိန်းကလေးက တရကြမ်း တိုက်ခိုက်လိုက်၏။

လုဆင်း နောက်ဆုတ်ရင်း....

'မိန်းကလေး မှားမယ်၊ ကျုပ်က စေတနာနဲ့ လာပြီး သတိပေးတာ၊ ရန်သူတွေ လာနေကြပြီ'

ဟု ပြောလိုက်၏။

သူ၏စကား ကြားလျှင် မိန်းကလေး တိုက်ခိုက်ရာမှ ရပ်တန့်သွား၏။

လုထင်းကို စိုက်ကြည့်ရင်း....

'ရှင် ဘယ်သူလဲ၊ ဘယ်ကရန်သူတွေလဲ'

ဟု မေးလာ၏။

လုထင်းက

'မိုးကြိုးလှ ဂိုဏ်းသားတွေ ဒီနေရာကို လာနေကြတယ်၊ မကြာခင် ရောက်လာတော့မယ်၊ မြန်မြန် ရှောင်တိမ်းသွားပေတော့'

'ဘာ....'

'မိုးကြိုးလှ ဂိုဏ်းသားတွေ လာနေပြီ'

'ဟား....ဟား....ဟား'

မိန်းကလေး သဘောကျစွာ ရယ်မောလိုက်၏။

လုထင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

မိန်းကလေးက....

'မိုးကြိုးလှ ဂိုဏ်းသားတွေ ဟုတ်လား၊ သိကြသေးတာပေါ့၊ သူတို့ကို ကျွန်မ သတ်ပစ်မယ်ရှင့်'

'ဗျာ'

'ရှင်ကော မိုးကြိုးလှ ဂိုဏ်းသားပဲ မဟုတ်လား'

'ဟာ....မ....မဟုတ်ပါဘူး'

'ဒါဖြင့် ရှင်က ဘယ်သူလဲ'

'ကျုပ်က လုထင်းပါ'



'ဘာ....'

မိန်းကလေး၏ စကားသံ ဟိန်းထွက်လာ၏။

သူမ၏ ခန္ဓာကိုယ် တုန်တုန်ယင်ယင် ဖြစ်သွား၏။

လုထင်း မျက်မှောင်ကုတ်သွား၏။

'မိန်းကလေး ခင်ဗျား ဘယ်လိုဖြစ်တာလဲ၊ နေမကောင်းဘူးလား'

ဟု မေးလိုက်၏။

ထိုအချိန်တွင် ကောင်းကင်ပေါ်၌ လဝန်းထွက်ပေါ်လာပြီ ဖြစ်သည်။

လရောင်ကြောင့် သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် တွေ့မြင်လိုက်ရ၏။

မိန်းကလေးမှာ တစ်ကိုယ်လုံး အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ထား၏။

ဆံပင်များ ဖားလျားချထားပြီး သူမ၏မျက်နှာ ကြောက်မက်ဖွယ်ကောင်းအောင် ခက်ထန်နေသည်။

သို့သော် မိန်းကလေး၏မျက်နှာကို တွေ့မြင်လိုက်သည်နှင့် လုထင်း ချက်ချင်း မှတ်မိသွား၏။

'ဟင်....မင်း....မင်း နန်းကုန်းယန်'

မှန်ပေသည်။

မိန်းကလေးမှာ နန်းကုန်းယန် ဖြစ်၏။

သူမသည် မိုးကြိုးလှ ဂိုဏ်းမှ ထွက်လာပြီး ခြေဦးတည့်ရာ လျှောက်သွားနေခဲ့သည်။

ဤသို့ဖြင့် ရက်ပေါင်း အတန်ကြာသောအခါ သူမ၏ ဖခင် သေဆုံးသွားသည့်သတင်း ကြားလိုက်ရ၏။

ထို့ကြောင့် အိမ်ပြန်လာခဲ့ခြင်း ဖြစ်သည်။

သူမသည် ဒဏ်ရာဒဏ်ချက်များ ရရှိခဲ့၍လည်းကောင်း၊ နှလုံးကြေပျက်ခဲ့ရခြင်းကြောင့် လည်းကောင်း စိတ်များရှုပ်ထွေးကာ တစ်ခါတစ်ရံ မှုမမှန်ဘဲ စိတ်ဖောက်ပြန်သွားသည်။

သူမ၏ အဆောက်အအုံ၌ သူမ တစ်ယောက်တည်းသာ ကျန်ရစ်ခဲ့၏။

အားလုံးသောလူများမှာ သူမအား စွန့်ခွာသွားခဲ့ကြပြီ ဖြစ်သည်။

နန်းကုန်းယန်မှာ လုထင်း၏အမည် ကြားလျှင် ပြန်လည် အမှတ်ရလာ၏။

လုထင်းအား သူမ မေတ္တာသက်ဝင်မိခဲ့သည် မဟုတ်ပါလား။

လုထင်းနှင့် တွေ့ဆုံရလျှင် မင်းသားလေးကျင်းစိန် သူမ၏ ဘဝ ဖျက်ဆီးခဲ့ပုံများကို ပြန်လည်တွေးတောမိသည်။

ခံပြင်းနာကျည်းစိတ်ကြောင့် စိတ်ဖောက်ပြန်လာပြန်သည်။

'ဟား....ဟား....ဟား'

နန်းကုန်းယန် ရယ်မောလိုက်၏။

လုထင်းမှာ သူမကိုကြည့်ရင်း အလိုလို စိတ်မကောင်းဖြစ်လာသည်။

'ညီမ....ညီမ....ဘယ်လိုဖြစ်ရတာလဲ ညီမရယ်'

ဟု မချိတင်ကဲ ရေရွတ်လိုက်၏။

နန်းကုန်းယန်က....



'လူယုတ်မာ ကျင်းစိန်၊ ရှင့်ကိုသတ်ပစ်မယ်'

အော်ငေါက်ရင်း လုထင်းအား တိုက်ခိုက်လိုက်သည်။

'ညီမ မလုပ်နဲ့'

လုထင်း အထိတ်တလန့် အော်လိုက်သည်။

ချက်ချင်း နောက်ဆုတ် ရှောင်တိမ်းလိုက်လေသည်။

နန်းကုန်းယန်က....

'ရှင်ပြေးလို့ လွတ်မလား'

အော်ငေါက်ရင်း လိုက်လံ တိုက်ခိုက်လေသည်။

လုထင်း အခက်ကြုံသွားသည်။

နန်းကုန်းယန် စိတ်ဖောက်ပြန်သွားသည်ကိုလည်း သတိပြုမိလိုက်သည်။

ထို့ကြောင့် ခုခံတိုက်ခိုက်ခြင်းမပြုဘဲ ရှောင်တိမ်းနေလိုက်သည်။

နန်းကုန်းယန်က လိုက်လံ တိုက်ခိုက်နေရာမှ ရုတ်ခြည်း ရပ်တန့်လိုက်သည်။

တစ်ဖန် မြေပေါ်လဲကျကာ....

'အင့်....ဟီး....ဟီး'

ဝမ်းနည်းပက်လက် ငိုကြွေးလိုက်သည်။

လုထင်း ခေါင်းကုတ်လိုက်သည်။

'ဒုက္ခပါပဲ၊ ငါဘယ်လိုလုပ်ရမလဲ၊ သူက ဘယ်လိုလုပ် စိတ်ဖောက်ပြန်သွားတာလဲ၊ အကြောင်းတစ်ခုခုတော့ ရှိလိမ့်မယ်၊ မင်းသားလေး ကျင်းစိန်ကြောင့်များလား'

သူတွေးတောနေစဉ် နန်းကုန်းယန်ကား ရှိုက်ကြီးတငင် ငို ကြွေးနေ၏။

'ဖေဖေ....မေမေ သမီးတော့ ဘဝဆုံးပြီးဖေဖေ၊ လူယုတ်မာ သားအဖက သမီးကိုဒမ့်ဆေးခတ်ပြီး ဖျက်ဆီးလိုက်ကြတယ်၊ သမီး ဘယ်တော့မှမကျေဘူး၊ သူတို့ကို သတ်ပစ်မယ်'

ဟုလည်း တတွတ်တွတ် ပြောနေသည်။

လုထင်းရင်ထဲ တင်းကြပ်လာသည်။

'ဟုတ်ပါပြီ သူ့ကို မင်းသားလေးကျင်းစိန်က ဒုက္ခပေးလိုက် တာ သေချာပြီ၊ တောက် လူမဆန်လိုက်တာ'

တွေးရင်း ဒေါသထွက်လာသည်။

ထိုစဉ် နန်းကုန်းယန်က ခုန်ထလာပြီး....

'အစ်ကိုလုထင်း ရှင်ရောက်လာတယ်နော်၊ ရှင် ကျွန်မဆီကို လိုက်လာတယ်နော်'

ပြောရင်း လုထင်းထံ လှမ်းလာသည်။

လုထင်း စမ်းသာသွားသည်။

နန်းကုန်းယန် စိတ်ပြန်လည်လာပြီဟု ထင်မှတ်မိသည်။

ထို့ကြောင့်....

'ညီမလေး'

ခေါ်ရင်း နန်းကုန်းယန်ကို ဖေးမလိုက်သည်။

နန်းကုန်းယန်က လုထင်း၏ရင်ခွင်ထဲ တိုးဝင်လိုက်သည်။

'အစ်ကို'

'ပြောပါ ညီမ'

'အစ်ကို ကျွန်မနဲ့ ခွဲမသွားရဘူးနော်'



လုထင်း သက်ပြင်းချလိုက်သည်။

'စိတ်ချပါ ညီမရယ်'

'အစ်ကို'

'ပြောပါ ညီမ'

'အစ်ကို ကျွန်မကို လက်ထပ်ယူမယ် မဟုတ်လားဟင်'

'ကျုပ်....ကျုပ်'

'ပြောပါဦး အစ်ကိုရဲ့'

လုထင်း မည်သို့ပြောရမှန်းမသိ ဖြစ်နေသည်။

နန်းကုန်းယန်က မော့ကြည့်လိုက်ပြီး....

'အစ်ကို့ကို ကျွန်မလိုက်ရှာနေတယ်ဆိုတာ အစ်ကိုသိရဲ့လား၊ အစ်ကိုဒုက္ခရောက်မှာ စိုးရိမ်လို့၊ ကူညီဖို့၊ အမြဲ စဉ်းစားနေခဲ့ပါ တယ်ရှင်'

'ကျုပ်....ကျုပ်ယုံပါတယ် ညီမရယ်'

မှန်ပေသည်။

နန်းကုန်းယန်သည် သူ့အား ကူညီခဲ့လေသည်။

သူမ ကူညီခဲ့ခြင်းကြောင့် ယခုတိုင် အသက်ရှင်နေခြင်း ဖြစ်၏။

သို့မဟုတ်လျှင် သုံးလေးကြိမ်မက သေဆုံးခဲ့ပြီ ဆိုနိုင်ပေ သည်။

လုထင်းမှာ နန်းကုန်းယန်အား ထွေးပိုက်ထားလိုက်မိ၏။

ထိုစဉ် နန်းကုန်းယန်ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွားပြီး....

'ဟင်....ရှင်....ရှင်'

လုထင်း၏ရင်ခွင်မှ ရုန်းထွက်လိုက်လေသည်။

လုထင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

နန်းကုန်းယန်က....

'လု...လုယုတ်မာ၊ ရှင်က ကျွန်မဘဝကို ဖျက်ဆီးခဲ့တာ၊ ကျွန်မကျေနပ်မယ် ထင်သလား၊ သေပေတော့'

အော်ငေါက်ရင်း လျှပ်တပြက် တိုက်ခိုက်လေသည်။

ရုတ်တရက်မို့ လုထင်းမရှောင်နိုင်ပါတော့ချေ။

'မလုပ်နဲ့'

အော်ပြော လိုက်သော်လည်း နောက်ကျသွားချေပြီ။

'ဝုန်း....'

ကျယ်လောင်သော အသံတစ်ချက်ထွက်ပေါ်လာသည်။

လုထင်း၏ ခန္ဓာကိုယ် အပေါ်သို့ မြောက်တက် သွားပြီးမှ မြေပေါ်သို့အရှိန်ပြင်းစွာ ကျသွားလေသည်။

လုထင်း၏ မျက်လုံးများတွင် ကြယ်များ လများပင် မြင်ရောင်လာသည်။

ဦးခေါင်းတစ်ခုလုံး မူးနောက် ရီဝေလာသည်။

မြေပေါ်မှ လူးလိမ့်ထရန် ကြိုးစားလိုက်၏။

'ဟား....ဟား....ဟား'

နန်းကုန်းယန်၏ ရယ်မောသံ နံဘေးမှ ကပ်လျက် ထွက်ပေါ် လာသည်

လုထင်း ခေါင်းနပန်း ကြီးသွားသည်။

လှည့်ကြည့်လိုက်လျှင် အားရပါးရ ရယ်မော နေသော နန်းကုန်းယန်ကို တွေ့မြင်လိုက်ရ၏။

'ညီမ'



'ဘာညီမလဲ သေပေတော့'

နန်းကုန်းယန်က လက်ဝါးဖြင့် ရိုက်ချလိုက်၏။

လုထင်းမှာ တစ်ကိုယ်လုံး နာကျင်နေပြီး ဦးခေါင်းများ မူးနောက် ရီဝေနေခြင်းကြောင့် နန်းကုန်းယန် တိုက်ခိုက်မှုကို လွတ်အောင် မရှောင်နိုင်ပါတော့ချေ။

'ဝုန်း....'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာ၏။

လုထင်း ခပ်အုပ်အုပ် အော်ဟစ်လိုက်သည်။

ယခုတစ်ကြိမ် ကြိုးစားတောင့်ခံထားသည့် ကြားမှ ပြင်းပျသော နာကျင်မှုဝေဒနာကြောင့် အမှောင်ထုကြီး တစ်ခုက သူ့အား ဖုံးလွှမ်းသွားသည်ဟု ခံစားလိုက်ရပြီး သတိလစ်မေ့မျော သွားလေတော့သည်။

* * *

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

အချိန်သည် မည်မျှ ကြာသွားမှန်းမသိ။

'အား....ကျွတ်....ကျွတ်'

ညည်းညူသံနှင့်အတူ လုထင်း သတိရလာလေ၏။

သူ၏တစ်ကိုယ်လုံး အပြင်းအထန် နာကျင်ကိုက်ခဲနေ၏။
ဦးခေါင်းများ မူးနောက်နေ၏။
ကြိုးစားပြီး မျက်လုံး ဖွင့်ကြည့်လိုက်သည်။
ကြယ်ကလေးများနှင့် လမင်း ထွန်းလင်း တောက်ပနေသည့် ကောင်းကင်ပြာပြာကို တွေ့မြင်နေရ၏။
ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။
တစ်ခါတရံ ပိုးကောင် ကလေးများ၊ ပုရစ် ကလေးများ အော်မြည်သံ ထွက်ပေါ်လာ၏။
လူသံ ဆူသံ တိုက်ခိုက်သံ မကြားရပါချေ။
နန်းကုန်းယန်၏ ရယ်မောသံကိုလည်း မကြား ရတော့ပါ။
လုထင်း အားယူ ထလိုက်သည်။
'ညီမ....ညီမ'
ခပ်အုပ်အုပ် ခေါ်လိုက်သည်။
နန်းကုန်းယန်၏ အသံ မကြားရချေ။
လုထင်း ဒယီးဒယိုင်ဖြင့် လျှောက်သွားပြီး ရှာဖွေကြည့်လိုက်၏။
ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေပြီး သက်ရှိတစ်စုံတစ်ရာမျှမရှိဟုထင်ရ၏။
'ဒုက္ခပဲမိုးကြိုးလု ဂိုဏ်းသားတွေ ရောက်လာပြီးနန်းကုန်းယန်တော့ ဒုက္ခရောက်ပြီ ထင်တယ်'
လုထင်း ညည်းညူ လိုက်သည်။
နန်းကုန်းယန်က သူ့အား တိုက်ခိုက်ခဲ့သော်လည်း သူက စိတ်မနာနိုင်ပါချေ။



သူမအတွက်ပင် စိုးရိမ် ပူပန်နေသေး၏။
သူမအား ကူညီရမည်ဟု တွေးမိလျှင် ခွန်အားများ ဖြစ်ပေါ်လာသည်ဟုခံစားလိုက်ရသည်။
ပတ်ဝန်းကျင်၌ ရှာဖွေကြည့်၏။
အဆောက် အအုံကြီးကား မကောင်းဆိုးဝါးကြီး တစ်ကောင်ပမာ အမှောင်ထုထဲဝယ် ထီးထီးကြီးရှိနေ၏။
နန်းကုန်းယန်၏ အခန်းမှ မီးရောင်များ ကွယ်ပျောက်နေပြီဖြစ်သည်။
လုထင်းကား အဆောက်အအုံဆီသို့ လှမ်းသွားရန် ခြေလှမ်းပြင်လိုက်သည်။
ထိုစဉ်ကြမ်းခင်းပြင်၌ ထူးခြားသော မြင်ကွင်းတစ်ခု တွေ့မြင်လိုက်ရသည် မဟုတ်ပါလား။
လုထင်း ခြေလှမ်းများ တုန့်ခနဲရပ်သွား၏။
'ဟင်....ဒီနေရာမှာ တိုက်ပွဲ ဖြစ်ခဲ့ပြီပဲ'
ဟုလည်း လွှတ်ခနဲရေရွတ်လိုက်၏။
မှန်ပေသည်။
မြေပေါ်၌ လက်နက်များ လူသေအလောင်းများ ပြန့်ကျဲနေ၏။
တစ်ဘက်နှင့်တစ်ဘက် ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ကြပုံရသည်။
'ဒုက္ခပဲ၊ ညီမတော့ ရန်သူလက်ချက် မိသွားပြီထင်တယ်'
နန်းကုန်းယန်အတွက် စိုးရိမ်ပူပန်သွားသည်။

ဒယီးဒယိုင်ဖြင့် လှမ်းသွားပြီး နန်းကုန်းယန်အား ရှာဖွေလိုက်၏။

နန်းကုန်းယန်ကို မတွေ့ရပါ။

မြေပေါ်၌ လဲကျသေဆုံးနေသူများမှာ မိုးကြိုးလှ ဂိုဏ်းသားများသာ ဖြစ်ကြသည်။

တစ်နေရာတွင် ကျန်းထင်၊ ကျန်းကျုတ်နှင့် ကျန်းစုတို့၏ အလောင်းများကို တွေ့မြင်ရ၏။

လုထင်းမှာ လိုက်လံရှာဖွေရင်း ခေါင်းများ မူးနောက်လာသည်။

နောက်ဆုံး မခံမရပ်နိုင်အောင် ဖြစ်လာ၍ မြေပေါ်ထိုင်ချလိုက်ရသည်။

သူ၏နှုတ်ဖျားမှမူ....

'ညီမလေး....နန်းကုန်းယန်'

ဟု အတွတ်တွတ် ရေရွတ်နေမိသည်။

* * *

ပန်းပေါင်းစုံတောင်ကြား....

ရောင်စုံပန်းများ ဖူးပွင့်နေသည့် ပန်းခင်းကြားမှ လမ်းကလေးအတိုင်း အဘိုးအိုတစ်ယောက် လျှောက်လာ၏။



ထိုအဘိုးအိုမှာ လမ်းဆုံမြို့ကလေး၌ လုထင်းနှင့် လမ်းခွဲသွားသည့် အဘိုးအို ဖြစ်၏။

အဘိုးအိုသည် တောင်ကုန်းထိပ်သို့ရောက်လျှင် ခြေလှမ်းရပ်လိုက်သည်။

'တယ်လဲ သာယာလှပပါလား'

ဟုလည်း ရေရွတ်လိုက်၏။

ထိုစဉ်မှာပင် ပန်းခင်းများကြားမှ အဖြူရောင် ဝတ်ဆင်ထားသည့် မိန်းကလေးများ ဘွားခနဲ ပေါ်လာသည်။

အဘိုးအို ပြုံးလိုက်သည်။

'ချီအင်းရှန်းကိုယ်တိုင် လာခဲ့ဖို့ ပြောလိုက်စမ်းပါ၊ မင်းတို့က ငါ့ကို ဘာမှတတ်နိုင်ကြမှာ မဟုတ်ပါဘူး'

ဟု ပြောလိုက်၏။

အဖြူရောင် မိန်းကလေးတစ်ယောက်က....

'ရှင်ဘယ်သူလဲ၊ ဒီကို ဘာကိစ္စ လာတာလဲ'

'ဟဲ....ဟဲ....ကျုပ် ဘယ်သူ ဘယ်ဝါဆိုတာ ချီအင်းရှန်း သိပါတယ်'

'ရှင့်နာမည်ပြောပါ'

'ကောင်းပြီလေ၊ မင်းသိချင်ရင်လဲ ပြောပြရမှာပေါ့၊ ကျုပ်နာမည် ကျိုသန်း၊ သိုင်းလောကသားတွေကတော့ ရှင်ပျော်ပျော် အဘိုးအိုလို့ ခေါ်ကြတယ်'

အဖြူရောင် မိန်းကလေးများ ထိတ်လန့်သွားကြ၏။

မိန်းကလေးတစ်ယောက်က ချက်ချင်းပင် ပြေးထွက်သွားသည်။

'ဟား....ဟား....ဟား'

ကျီသန်း သဘောကျစွာ ရယ်မောလိုက်သည်။

မကြာပါချေ။

လူရိပ်များ ပြေးလွှားလာနေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျီသန်းက လှမ်းကြည့်လိုက်၏။

ရှေ့ဆုံးမှ ပြေးလွှားလာသူမှာ ပန်းပေါင်းစုံနန်းတော်ပိုင်ရှင် ချီအင်းရှန်း ဖြစ်နေသည်ကို တွေ့ရ၏။

ကျီသန်းက....

'ကျုပ်နာမည် ကြားတာနဲ့ မင်း မနေနိုင်ဘဲ ကိုယ်တိုင်ထွက်လာရတာ မဟုတ်လား....ဟား....ဟား....ဟား'

ချီအင်းရှန်း နှုတ်ခမ်းမဲ့လိုက်၏။

'ဟင်....ရှင်က သေတဲ့အထိ သူများကို နောက်ပြောင်ချင်တဲ့အကျင့် ပျောက်မှာ မဟုတ်ပါဘူး၊ ဒါကြောင့်လဲ အခုလို ဖြစ်ခဲ့ရတာပေါ့၊ ရှင့်လက်ချက်နဲ့ နန်းကုန်းစိမ်း သေသွားရပြီ မဟုတ်လား'

ကျီသန်း ပခုံးတွန့်လိုက်သည်။

'သူက သဝန်တိုတယ်လေ၊ မင်းကို ကျုပ်ရသွားမှာ လက်မခံနိုင်ဘူး၊ ဒီအသက် ဒီအရွယ် ရောက်လာတာတောင် ကျုပ်ကို ရှင်းပစ်ဖို့ ကြိုးစားသေးတယ်'

ချီအင်းရှန်း အံကြိတ်လိုက်သည်။

'သူ့အတွက် ကျွန်မ လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး'



'ဒါဆိုရင် လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်ကတည်းက မင်းက ပြတ်သွားဖို့ကောင်းတယ်'

ချီအင်းရှန်း ပါးစပ်ပိတ်ထားလိုက်သည်။

ကျီသန်း သက်ပြင်းချလိုက်သည်။

'တို့တတွေဟာ ဆရာတစ်ဦးတည်းဆီက ပညာသင်ကြားခဲ့ကြတယ်၊ ကျုပ်က ပထမသိုင်းကွက်၊ နန်းကုန်းစိမ်းက ဒုတိယသိုင်းကွက်၊ မင်းက တတိယသိုင်းကွက်ဆိုပြီး သိုင်းသုံးကွက်သိုင်းကျမ်းကို တစ်ယောက် တစ်ပိုင်းစီ သင်ကြားခဲ့ရတယ်၊ ကျုပ်တို့ သုံးယောက်စလုံး သိုင်းလောကမှာ ပြိုင်ဘက်ကင်းသိုင်းသမားတွေ ဖြစ်ခဲ့ကြရတယ်၊ ဒါပေမယ့်....တို့ဆရာ စိတ်ထား ထူးဆန်းသလို တို့သုံးယောက်ဟာလဲ စိတ်နေသဘောထားထူးဆန်းသူတွေ ဖြစ်ခဲ့ကြတယ်၊ တစ်ယောက်ဆီက ပညာကို ကျန်တစ်ယောက်က လိုချင်ကြတယ်၊ ရှင်းရှင်းပြောရရင် မင်းကို ကျုပ်နဲ့နန်းကုန်းစိမ်းက လိုချင်ခဲ့ကြတယ်လေ'

ချီအင်းရှန်း၏မျက်နှာ နီရဲသွားလေသည်။ ကျီသန်းက ဆက်ပြောလိုက်သည်။

'မင်းက မပြတ်သွားဘူး၊ ဒါကြောင့် နန်းကုန်းစိမ်းနဲ့ငါဟာ မဟာရန်သူတွေ ဖြစ်ခဲ့ကြတာပဲ'

'ဘာပဲဖြစ်ဖြစ် ရှင်က သူ့ကို ပြင်းပြင်းထန်ထန် ဒဏ်ရာရအောင် မလုပ်သင့်ဘူး'

'တစ်ယောက်နဲ့တစ်ယောက် ယှဉ်ပြိုင်တဲ့အခါ သူက ငါ့ကို မညှာနိုင်ခဲ့လို့ ငါ့အနေနဲ့လဲ သူ့ကို ညှာလို့ မဖြစ်ပါဘူး'

ချီအင်းရှန်း အံကြိတ်လိုက်သည်။

'ရှင်က သူ့ကို ဒဏ်ရာရအောင် တိုက်ခိုက်လိုက်တယ်၊ အဲဒီ ဒဏ်ရာနဲ့ပဲ သူသေသွားရတယ်၊ ဆရာသာရှိဦးမယ်ဆိုရင် ဘယ်လို ပြောမလဲ၊ ရှင့်ကို အပြစ်ပေးမှာပဲ၊ ဒီတော့ ဆရာကိုယ်စား ကျွန်မပဲ တာဝန်ယူရလိမ့်မယ်'

ကျိုသန်း ခေါင်းယမ်းလိုက်သည်။

'ငါက မင်းဆီကိုလာလည်တာ၊ မင်းကငါ့ကို ရန်သူလို သဘောထားတယ်ဆိုရင် ငါမနေချင်တော့ဘူး ပြန်တော့မယ် ကိုင်းသွားပြီဟေ့'

စကားဆုံးလျှင် ကျောခိုင်း ထွက်သွားလေသည်။

'ရပ်လိုက်'

ချီအင်းရှန်းက ဟန့်တားလိုက်လေသည်။ ကျိုသန်းက ဂရုမစိုက်ဘဲ ရှေ့ဆက် လှမ်းသွား၏၊

ချီအင်းရှန်းက မဲ့ပြုံးပြုံးပြလိုက်သည်။

'ရှင် ထွက်သွားလို့ရမလား'

အော်ငေါက်ရင်း ပြေးဝင် တိုက်ခိုက်လေသည်။

ကျိုသန်း ရှောင်တိမ်းလိုက်ပြီး............

မင်းနဲ့ငါ မတိုက်ခိုက်ချင်ဘူး'

သူက ထွက်သွားရန် ကြိုးစားလေသည်။

ချီအင်းရှန်းက အလွတ်မပေးဘဲ၊ တရကြမ်း တိုက်ခိုက်လိုက်၏။

'ဝုန်း'



ကျိုသန်းမှာ လက်ဝါးတစ်ချက်မိသွားပြီး ခန္ဓာကိုယ် ယိမ်းယိုင်သွား၏။ ချီအင်းရှန်းက ထပ်မံ တိုက်ခိုက်လိုက်လေသည်။

ကျိုသန်း မတတ်သာပဲ ပြန်လည်တိုက်ခိုက်လိုက်ရ၏။ သူတို့နှစ်ယောက် ရင်ဆိုင်မိလျှင် မဆုံးနိုင်သောတိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

* * *

"ဆုမွန်ကျော်"

ကျင်းခုံး ပြုံးလိုက်သည်။

ကျူးတန်ကောင်းကို လှည့်ကြည့်ရင်း....

'မင်းခေါ်လာတဲ့လူနှစ်ယောက်က အားကိုးလို့ရ

ဟု မေးလိုက်၏။

ကျူးဟန်ကောင်း ခေါင်းညိတ်လိုက်သည်။

'စိတ်ချပါ၊ အားကိုးရတာ သေချာပါတယ်'

'သူတို့အကြောင်း ငါ့ကို ပြောပြစမ်းပါဦး'

'တစ်ယောက်ကတော့ ဝမ်းတူပါ၊ တစ်ချိန်က သိုင်းလောက ကျော်ကြားခဲ့တဲ့ သံမဏိယပ်တောင် ဝမ်းလျှံရဲ့ အစ်ကိုပါ၊ သူဟာ မြို့စားကြီး လုံကျင်းချန်းကို လုပ်ကြံနိုင်ခဲ့ပါတယ်'

'အင်း၊ ဒါဆိုရင် ခေမှာမဟုတ်ဘူး။ နောက်တစ်ယောက်ကကော'

'ရမဲကျင်းလို့ခေါ်ပါတယ်၊ သူဟာ မိန်းမ ပေလွန်းလို့ နာမည် ပျက်နေပေမယ့် သူ့ရဲ့သိုင်းပညာ မခေပါဘူး'

ကျင်းခုံး ခေါင်းညိတ်လိုက်သည်။

'မဆိုးဘူး၊ တစ်ခုပဲပြောစရာရှိတယ်၊ ငါတို့မိုးကြိုးလှံဂိုဏ်းက သိုင်းလောကမှာ ထင်ရှားတယ်၊ ဒီလိုလူမျိုးတွေကိုလက်ခံတယ်ဆိုရင် သူများပြောစရာ ဖြစ်သွားလိမ့်မယ်'

'ဒီအတွက် မပူပါနဲ့၊ သူတို့နှစ်ယောက်ကို ရှေ့ကလွှတ်လိုက်ပါမယ်'

'မင်း မဆိုးဘူး၊ ဒါပေမယ့် တို့စောင့်ရဦးမယ်'

'ဟုတ်ကဲ့'

သူတို့နှစ်ယောက် စကားပြောနေစဉ်....

'ဝုန်း....'

အောင်လောင်သော အသံတစ်ချက် ထွက်ပေါ်လာလေသည်။

ကျူးဟန်ကောင်းတို့ ပြိုင်တူလှမ်းကြည့်လိုက်ကြ၏။ ကျိုသန်းတောင်ကုန်းထိပ်၌ တိုက်ခိုက်နေသည့် ကျိုသန်းနှင့် မင်းနွဲ့ဟူ၍ နောက်သို့ ပြိုင်တူဆုတ်သွားကြသည်ကို တွေ့မြင်

ကျင်းခုံးက ပတ်ဝန်းကျင်ကို ဝှေ့ကြည့်လိုက်၏။ ထိုအခါ မိုးကြိုးလှံဂိုဏ်းသားများသည် လက်နက်ကိုယ်စီဖြင့် သစ်ပင်များအား အကာအကွယ်ယူကာ တောင်ကုန်းပေါ်သို့ ကြည့်နေကြသည်ကို တွေ့ရ၏။



ကျင်းခုံး ပြုံးလိုက်သည်။ သူသည် တပည့်တပန်းများ ခေါ်ဆောင်ကာ ပန်းပေါင်းစုံတောင်ကြားသို့ တိတ်တဆိတ်ဝင်လာခဲ့၏။

မကြာမီ သိုင်းလောကသားတိုင်း ကြောက်ရွံ့ထိတ်လန့်ကြရသည့် ရှင်းပျော်ပျော်အတိုးအိုနှင့် ပန်းပေါင်းစုံ တောင်ကြားပိုင်ရှင်အား သုတ်သင်ရှင်းလင်းနိုင်တော့မည် ဖြစ်ပေသည်။

ထို့နောက်တွင်ကား သူသည် သိုင်းလောက၌ လူတိုင်းကြည်ညိုလေးစားရသူ ဖြစ်လာပေမည်။

နန်းကုန်းယန့်ထံမှ ရရှိခဲ့သော သိုင်းကျမ်းကို လေ့ကျင့်ပြီးနောက် ပြိုင်ဖက်ကင်း သိုင်းသမားကြီး ဖြစ်လာရပေမည်။

ကျင်းခုံး သဘောကျစွာ ပြုံးလိုက်သည်။ ကျိုသန်းနှင့် ချိုအင်းရှန်းတို့အား သုတ်သင်ရှင်းလင်းနိုင်မည့် အချိန်ကောင်းကို စောင့်မျှော်နေလေတော့သည်။

* * *

ချိုအင်းရှန်း ပြုံးလိုက်သည်။ ကျိုသန်းကို ကြည့်လိုက်၏။ ကျိုသန်းမှာ နန်းကုန်းစိမ်းနှင့် ယှဉ်ပြိုင် တိုက်ခိုက်ပြီးနောက် သိုင်းအား သုံးပုံတစ်ပုံခန့် လျော့ကျသွားခဲ့၏။

ထို့ကြောင့် ချီအင်းရှန်းနှင့် ရင်ဆိုင်တိုက်ခိုက်လိုက်သည့်အခါ မသိမသာ အရေးနိမ့်သွားလေသည်။

ကျီသန်း သက်ပြင်းချလိုက်သည်။

'မင်း အနိုင်ရပါပြီကွာ၊ ရှေ့ဆက် တိုက်ခိုက်စရာမလိုပါဘူး၊ ကျုပ် အရှုံးပေးပါပြီ'

ပြောပြီး လှည့်ထွက်သွားရန် ခြေလှမ်းပြင်လိုက်၏။

ချီအင်းရှန်းက....

'ရှင် ထွက်သွားလို့ ရမလား'

အော်ဟစ်ရင်း ဟန့်တား တိုက်ခိုက်လိုက် လေသည်။ ကျီသန်း မည်သို့မျှ မတတ်သာတော့ပါချေ။

'ဒီအတိုင်းဆို ငါတို့ နှစ်ယောက်စလုံး ဒုက္ခရောက်ရတော့မှာပဲ'

ညည်းညူရင်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ချီအင်းရှန်း၏အင်အား အပြည့်အဝ အသုံးချကာ တိုက်ခိုက်လိုက်ခြင်းဖြစ်၏။ သူမ၏ တိုက်ခိုက်မှုမှာ ကြောက်ခမန်းလိလိ ပြင်းထန်လှ၏။

ကျီသန်း မည်သို့မျှ မတတ်သာတော့ဘဲ အင်အား ထုတ်ဖော်ကာ ပြန်လည် တိုက်ခိုက်လိုက်လေသည်။

ယခုတစ်ကြိမ် သူတို့နှစ်ယောက်၏ တိုက်ခိုက်မှု အလွန်ပြင်းထန်နေပြီး အနည်းငယ် မှားယွင်းသွားပါက အသက်မသေသည့်တိုင် ဒဏ်ရာပြင်းထန်စွာ ရရှိသွားကြတော့မည် ဖြစ်လေသည်။



ကျင်းခုံး အလိုရှိသည့် အနေအထား ရောက်ရှိလာခြင်းဖြစ်ပေတော့သည်။ ကျင်းခုံးက တိုက်ပွဲကို မျက်တောင်မခတ် စိုက်ကြည့်နေ၏။

မကြာမီ သူတို့ ပုန်းကွယ်ရာမှထွက်ကာ တိုက်ပွဲဝင်ရတော့မည်ဖြစ်ကြောင်း နားလည်ထားသည်။

ကျူးဟန်ကောင်းဘက် လှည့်ကာ....

'မင်းလူနှစ်ယောက်ကို အသင့်ပြင်ထားခိုင်းလိုက်'

ဟု ပြောလိုက်၏။

ကျူးဟန်ကောင်း ခေါင်းညိတ်လိုက်သည်။

စုမာကျင်းနှင့် ဝမ်းတုတို့ဘက်သို့လှည့်ကာ လက်ဝှေ့ယမ်းပြလိုက်လေသည်။ စုမာကျင်းနှင့် ဝမ်းတုတို့ သစ်ပင်နောက်ကွယ်မှ လှမ်းထွက်လိုက်ကြ၏။

ထိုစဉ်....

'ဂုန်း....'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။ ချီအင်းရှန်းနှင့် ကျီသန်းတို့ နောက်သို့ ပြိုင်တူ ဆုတ်သွားကြ၏။

သို့သော်....

'ယား....'

ညာသံပြိုင်တူပေးကာ ရှေ့သို့ခုန်တိုးပြီး လက်ဝါးနှစ်ဖက်ဆန့်ကာ ရိုက်ချလိုက်ကြလေသည်။

သူတို့နှစ်ယောက်၏ လက်ဝါး လေးဖက် ပူးကပ်သွား၏။ သိုင်းပညာ ယှဉ်ပြိုင်ခြင်း၏ အထွတ်အထိပ်ဖြစ်သော အတွင်းအားချင်း ယှဉ်ပြိုင်တိုက်ခိုက်လိုက်ကြခြင်း ဖြစ်လေသည်။

ကျင်းခုံး ပြုံးလိုက်သည်။ လက်ဝှေ့ယမ်းပြလိုက်ပြီး....

'သွားတော့'

ဟု ပြောလိုက်၏။

ကျူးဟန်ကောင်းက ခေါင်းညိတ်ပြလိုက်သည်။ စုမာကျင်းနှင့် ဝမ်းတုတို့ ရှေ့သို့ ခုန်ထွက်သွားကြလေသည်။

သူတို့သည် ချူအင်းရှန်းနှင့် ကျိုသန်းတို့ထံသို့ လျှင်မြန်စွာ ပြေးဝင်သွားပြီး အလစ်တိုက်ခိုက်လိုက်ကြခြင်း ဖြစ်လေသည်။

ဝမ်းတုကား လုထင်း၏ဦးလေး ဖြစ်သည်။ စုမာကျင်းမှာ ချင်းသက်ထင်း၏ဇနီးအား ဖျက်ဆီးခဲ့သူ ဖြစ်လေသည်။

သူတို့ ပြေးဝင်သွားကြသည်ကိုမြင်လျှင် အဖြူရောင် မိန်းကလေးများ ဟန့်တားလိုက်ကြ၏။

သို့သော် ဝမ်းတု လက်ဝှေ့ယမ်းလိုက်လျှင်....

'အား....'

'အ ....'

'အမယ်လေး....'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာပြီး မိန်းကလေး တစ်ယောက်ပြီးတစ်ယောက် မြေပေါ် လဲကျသွားကြလေသည်။

ဝမ်းတုနှင့် စုမာကျင်းတို့က ဆက်၍ ပြေးဝင်သွားကြ၏။ ချူအင်းရှန်းနှင့် ကျိုသန်းတို့ကား အတွင်းအားချင်း ယှဉ်ပြိုင်နေကြသည်ဖြစ်ရာ ရန်သူများ အလစ်ဝင်တိုက်ခိုက်လာသည်ကို သိလိုက်ကြသော်လည်း မည်သို့မျှ မတတ်သာပါချေ။

ထိုစဉ် ဝမ်းတုနှင့် စုမာကျင်းတို့မှာ သူတို့အနီးသို့ ရောက်လာကြပြီ ဖြစ်လေသည်။



သူတို့သည် ကောင်းသော အကြံနှင့် လာကြခြင်းမဟုတ်ကြောင်း နားလည်ထားကြ၏။ ထို့ကြောင့် ကျိုသန်းက ပြတ်သားစွာ ဆုံးဖြတ်လိုက်သည်။

ချူအင်းရှန်းကိုကြည့်ကာ....

'ညီမ၊ မြန်မြန်နောက်ဆုတ်လိုက်'

ဟု ပြောလိုက်၏။

ချူအင်းရှန်းက လုံးဝ နောက်မဆုတ်ပါချေ။

အံတင်းတင်းကြိတ်ရင်း....

'ရှင်က အဖော်တွေ ခေါ်လာတာကိုး၊ ကျွန်မကြောက်မယ်များ ထင်နေသလား'

'မဟုတ်ဘူး၊ သူတို့ဟာ ကျုပ်လူတွေမဟုတ်ဘူး'

ထိုစဉ် ဝမ်းတုနှင့်စုမာကျင်းတို့ ရောက်ရှိလာပြီ ဖြစ်သည်။

သူတို့သည် လက်နက်ကိုယ်စီဖြင့် အလစ်ဝင်တိုက်လိုက်လေသည်။

ချူအင်းရှန်းနှင့် ကျိုသန်းတို့ မရှောင်နိုင်ပါတော့ချေ။

'ဝုန်း'

'အား'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ကျိုသန်းသည် ချူအင်းရှန်း ဒဏ်ရာရမည်ကို စိုးရိမ်ကာ တအား တွန်းထုတ်ပစ်လိုက်သလို။

တစ်ဆက်တည်းပင် ဝမ်းတုနှင့် စုမာကျင်းတို့၏ တိုက်ခိုက်မှုကို ခုခံပေးလိုက်လေသည်။

စမာကျင်း၏ခါးချက်နှင့် ဝမ်းတု၏လက်သီးက သူ၏ခန္ဓာကိုယ်ပေါ် ကျရောက်သွားသည်။

သူ၏လက်သီးမှာလည်း စမာကျင်းအား ထိုးချလိုက်မိလေသည်။

စမာကျင်း မသဲမကွဲညည်းညူကာ အနောက်ဘက် လွင့်စဉ်သွား၏။

ဝမ်းတုလည်းထိတ်လန့်ကာ နောက်ဆုတ်လိုက်သည်။

ဝမ်းတုနှင့်စမာကျင်းတို့ အခြေအနေမဟန်သည်ကို မြင်လျှင် ကျင်းခုံးက....

'ကျူးဟန်ကောင်း မင်းသွားပြီး ကူညီလိုက်ပါ'

ဟု အမိန့်ပေးလိုက်သည်။

ကျူးဟန်ကောင်း ဦးညွှတ်ကာ မိုးကြိုးလုံ့ဂိုဏ်းသားများကို ခေါ်ဆောင်၍ ပြေးလွှားသွားလေသည်။

ချီအင်းရှန်းက....

'ဟော့ ဘာလုပ်နေတာလဲ တိုက်ကြပါတော့လား'

ဟု အော်ပြောလိုက်သည်။

ထိုအခါ ပန်းပေါင်းစုံနန်းတော်မှ မိန်းကလေးမှာ ရှေ့သို့ ခုန်ထွက်လာကြပြီး ဟန့်တား တိုက်ခိုက်လိုက်ကြသည်။

တောင်ကုန်းကလေးပေါ်၌ ပြင်းထန်သော တိုက်ပွဲကြီး ဖြစ်ပေါ်လာလေသည်။

မိုးကြိုးလုံ့ဂိုဏ်းသားများက အင်အားများလှသည်။

ထို့ကြောင့်....



ပန်းပေါင်းစုံနန်းတော်မှ မိန်းကလေးများ တစ်ခဏအတွင်း ရှုံးနိမ့်သွားကြလေသည်။

ထိုအချိန်တွင် စမာကျင်း ခုန်ထလာသည်။

ဝမ်းတုနှင့်လက်တွဲကာ ကျိုသန်းအား တိုက်ခိုက်၏။

ကျိုသန်းမှာ အလစ်တိုက်ခိုက်ခြင်း ခံခဲ့ရသဖြင့် ဒဏ်ရာပြင်းထန်စွာ ရရှိထားချေပြီ။

သို့သော် သူကအံတင်းတင်းကြိတ်ကာ ပြန်လည် တိုက်ခိုက်လိုက်သည်။

ချီအင်းရှန်းလည်း ဒဏ်ရာရနေ၏။

ကျိုသန်းက တအား တွန်းထုတ်လိုက်ခြင်းကြောင့် အတွင်းဒဏ် ရရှိသွားခြင်း ဖြစ်လေသည်။

သူတို့သည် ထိပ်သီးသိုင်းသမားများ ဖြစ်ကြသော်လည်းကောင်းစွာ ခုခံနိုင်ခြင်း မရှိတော့ချေ။

'အား'

'အင့်'

'အမလေး'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

မိုးကြိုးလုံ့ဂိုဏ်းသားများ လဲကျသွားကြသလို ကျိုသန်းနှင့်ချီအင်းရှန်းတို့လည်း ဒဏ်ရာများ ထပ်မံရရှိသွား၏။

ယခု သူတို့နှစ်ယောက် ပူးပေါင်း တိုက်ခိုက်လိုက်ကြခြင်းဖြစ်၏။

သို့တိုင် များပြားလှသည့် ရန်သူများကို အနိုင်မရဘဲ ဖြစ်နေ၏။

ကျင်ခုံး ပြုံးလိုက်သည်။

အခြေအနေအရ သူစိတ်ပျော်သည့် အတိုင်း ဖြစ်လာနေပြီ မဟုတ်ပါလား။

ကျိုသန်းနှင့် ချိုအင်းရှန်းတို့ မကြာမီ သေဆုံးကြရတော့မည်။ ကျင်ခုံးက လှံတိုကို ဆွဲထုတ်လိုက်သည်။

ကျန်ရှိနေသေးသော မိုးကြိုးလှံဂိုဏ်းသားများကို လက်ဖြင့် ယမ်းပြလိုက်ပြီး တောင်ကုန်းပေါ် ပြေးတက်သွားလေသည်။

ကျင်ခုံးရောက်ရှိလာသည့်အခါ တိုက်ပွဲအခြေအနေ သိသိသာသာ ပြောင်းလဲသွားလေတော့သည်။

ပန်းပေါင်းဖုန်းတော်မှ မိန်းကလေးများ တစ်ယောက်ပြီး တစ်ယောက် မြေပေါ် ကျလဲသွားကြသည်။

မိုးကြိုးလှံဂိုဏ်းသားများလည်း ကျဆုံးကုန်သည်။

နှစ်ဘက် ယော်သားများ မြေပေါ် အတုံးအရုံး လဲကျသွားကြသော်လည်း သုမာချန်း၊ ဝမ်းကု၊ ကျူးဟန်ကောင်းနှင့် ယော်သား အချို့က ချိုအင်းရှန်းနှင့် ကျိုသန်းတို့အား ဝိုင်း၍ တိုက်ခိုက်နေကြလေသည်။

ကျိုသန်းနှင့် ချိုအင်းရှန်းတို့ ဒဏ်ရာ ပြင်းထန်စွာ ရထားကြသော်လည်း ထိပ်သီး သိုင်းပညာရှင်များပီပီ ပြန်လည် တိုက်ခိုက်နိုင်ကြသေး၏။

သို့သော်....

ကျင်ခုံး ဝင်ရောက်လာသည့်အခါ အခြေအနေကတစ်မျိုးတဖုံ ပြောင်းလဲ သွားလေတော့သည်။



ကျင်ခုံး၏ မိုးကြိုးလှံ သိုင်းပညာသည်လည်း အစွမ်းထက်မြက်နေသည် မဟုတ်ပါလား။

ကျင်ခုံးက လှံတိုကို ကျင်လည်စွာအသုံးပြုရင်း ဝင်ရောက် တိုက်ခိုက်လိုက်၏။

ချိုအင်းရှန်းက ကျင်ခုံးလှံဖြင့် ထိုးချလာလျှင် သူမအား တိုက်ခိုက်နေသည့် သုမာကျောင်းအနီးသို့ လျှပ်တစ်ပြက် တိုးကပ် သွားပြီးလက်ကို ဖမ်းဆွဲလိုက်သည်။

ထို့နောက် ကျင်ခုံးထံ တွန်းထုတ်လိုက်၏။

ကျင်ခုံးမှာ ရုတ်ခြည်း ရှေ့သို့ ရောက်ရှိလာသည့် သုမာကျောင်းအား မရှောင်နိုင်ပါတော့ချေ။

သူ၏လှံတံသည် သုမာကျောင်း၏ ရင်ဝ၌ စိုက်ပင်သွား၏။

'အား....'

သုမာကျောင်းစုးရှုစွာ အော်ဟစ် လိုက်သည်။

ကျင်ခုံး ဒေါသူသွား၏။

အံတင်းတင်း ကြိတ်ရင်း သုမာကျောင်း၏ ရင်ဝ၌ စိုက်ဝင်နေသည့်လှံတံ၏ အရင်းပိုင်းကို ခြေထောက်ဖြင့် ကန်ကျောက် လိုက်သေးသည်။

လှံတံမှာ သုမာကျောင်း၏ ရင်ဝမှ နောက်ကျောသို့တိုင် ဖောက်ထွက်သွားပြီး အနောက်ဖက်၌ ရပ်နေသည့်ချိုအင်းရှန်း၏ ရင်ဝ၌ စိုက်ဝင်သွားတော့၏။

ထိုသို့ဖြစ်လာမည်ဟု မည်သူမျှ မမျှော်လင့်ပါချေ။

ချိုအင်းရှန် ထိတ်လန့်သွား၏။

ကပျာကယာ နောက်ဆုတ် ရှောင်တိမ်းရန် ကြိုးစား လိုက်၏။

သို့သော် သူမနောက်ကျသွားပြီ ဖြစ်လေသည်။

'အား....'

စူးရှစွာအော်ဟစ်ပြီး ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွား လေသည်။

'ညီမ'

ကျိုသန်း ထိတ်လန့်သွား၏။

ချီအင်းရှန်းအား ဖေးမကူညီဖို့ ပြေးသွားရန် ဟန်ပြင် လိုက်လေသည်။

ထိုစဉ်ဝမ်းတုနှင့် ကျူးဟန်ကောင်းတို့က ကြားဖြတ် တိုက် ခိုက်လိုက်ကြ၏။

ကျိုသန်း ဒေါသ ထွက်သွားသည်။

'သွားစမ်း'

အော်ဟောက်ရင်း ဖြန့်လည် တိုက်ခိုက်လိုက်ခြင်း ဖြစ်လေ သည်။

ကျူးဟန်ကောင်းနှင့် ဝမ်းတုတို့ ရင်ထိတ်သွားကြ၏။

တိုက်ခိုက်မှုကို ရပ်သိမ်းကာ နောက်ဆုတ် ရှောင်တိမ်းရန် ဟန်ပြင်လိုက်ကြလေသည်။

သို့သော်သူတို့ နောက်ကျသွားကြပြီ ဖြစ်သည်။

ဝမ်းတု၏ ဓားသည် ကျိုသန်း၏ ရင်ဝ၌ စိုက်ဝင်သွားပြီး ကျူးဟန်ကောင်း၏ လှံသည် ကျိုသန်း၏ ယာဘက်ပေါင်ကို ထိုးမိသွား၏။



ကျိုသန်း၏ လက်သီး တစ်လုံးမှာ ဝမ်းတု၏ မျက်နှာအား တည့်မတ်စွာ ထိသွားပြီး ခြေထောက် ကန်ချက်မှာမူ ကျူးဟန် ကောင်း၏ ဦးခေါင်းကို ထိမှန်သွားလေသည်။

'ဝုန်း....'

'အား....'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများ ဆက်တိုက် ထွက်ပေါ်လာ သည်။

ကျူးဟန်ကောင်း၊ ဝမ်းတုနှင့် ကျိုသန်းတို့ သုံးယောက် မြေပေါ် ပြိုင်တူ လဲကျသွားလေတော့သည်။

• • •

တောင်ကုန်းပေါ်မှ တိုက်ပွဲကား ပြီးဆုံးသွားပြီ ဖြစ်လေ သည်။

ပန်းပေါင်းစုံ နန်းတော်မှ မိန်းကလေးများ မြေပေါ် လဲကျနေ၏။

မိုးကြိုးလှ ဂိုဏ်းသားများလဲ အတုံးအရုံး လဲကျ နေ သည်။

ကျင်းခုံးမှာ အနိုင်ရရှိခဲ့သော်လည်း သူ၏လူပေါင်းများစွာ ဆုံးရှုံးသွားရလေသည်။

မိုးကြိုးလှ ဂိုဏ်းသား သုံးယောက် သာလျှင် မြေပေါ်၌ မားမားမတ်မတ်ရပ်လျက် ကျန်ရစ်ခဲ့၏။

ဝမ်းတု၊ စုမာကျင်းနှင့် ကျူးဟန်ကောင်းတို့ကား လဲကျနေပြီဖြစ်သည်။

ထို့နည်းတူကျိုသန်းနှင့် ချီအင်းရှန်းတို့လည်း လဲကျနေပြီဖြစ်လေသည်။

ကျိုသန်း၏ တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲနေ၏။

သို့သော် သူမသေသေးပါချေ။

ချီအင်းရှန်းအနီးသို့ ရောက်အောင် ကြိုးစားပြီးသွား၏။

ချီအင်းရှန်း ညည်းညူနေ၏။

သူမရရှိထားသော ဒဏ်ရာကို ကြည့်ရုံဖြင့် မကြာမီ သေဆုံးသွားတော့မည် ဖြစ်ကြောင်း ထင်ရှားပေသည်။

ကျိုသန်းက....

'ညီမ နောက်ဆုံးတော့ တို့လဲ့ သေကြရတော့မှာပါလား'

ဟု ပြောလိုက်၏။

ချီအင်းရှန်း ပြုံးလိုက်သည်။

'လူဆိုတာ မွေးလာပြီးမှတော့ တစ်ချိန် သေရမှာပေါ့၊ ဒါပေမယ့် ကျွန်မဟာ ဒီလိုအဖြစ်မျိုး ကြုံတွေ့ပြီး သေဆုံးသွားရမယ်လို့ ဘယ်တုန်းကမှ မတွေးမိခဲ့ဘူးရှင့်'

'ကျုပ်လဲ မတွေးမိပါဘူးဗျာ'



'မိုးကြိုးလှ ဂိုဏ်းချုပ်က ဘာကြောင့် ကျွန်မတို့ကို သတ်ပစ် ချင်ရတာလဲ'

ကျိုသန်းက....

'ဒါတော့ သူပဲသိမှာပေါ့'

သူတို့နှစ်ယောက်အား စိုက်ကြည့်နေသည့် ကျင်းခုံး သဘောကျစွာ ရယ်မောလိုက်၏။

'ဟား....ဟား....ဟား'

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ကျိုသန်းနှင့် ချီအင်းရှန်းတို့က ကျင်းခုံးကို ကြည့်လိုက်ကြသည်။

ကျင်းခုံးက အတန်ကြာ ရယ်မောလိုက်ပြီးမှ....

'ဘာကြောင့် ခင်ဗျားတို့ကို သတ်ပစ်ချင်ရတယ် ဆိုတာ ခင်ဗျားတို့ သိချင်ကြတယ်ပေါ့၊ ဟုတ်လား'

ဟု မေးလိုက်၏။

ကျိုသန်းက....

'ဟုတ်တယ်၊ မင်းက ဘာကြောင့် ငါတို့ကို သတ်ပစ်ချင်ရတာလဲ၊ ငါက မိုးကြိုးလှ ဂိုဏ်းကို အနှောင့်အယှက်ပေးခဲ့တာကို မင်းက မကျေနပ်ဘူးပေါ့၊ ဟုတ်လား'

ကျင်းခုံး ခေါင်းယမ်းလိုက်၏။

'မဆိုင်ဘူး'

'ဘာကွ'

'ကျုပ်က မိုးကြိုးလှ တစ်ဖွဲ့လုံး သေဆုံးသွားလဲ အရေးမစိုက်ဘူး၊ ကျုပ်လိုချင်တာ သိုင်းသုံးကွက် သိုင်းကျမ်းပါပဲ'

'ဘာ...'

ချီအင်းရှန်းက....

'သိုင်းသုံးကွက် သိုင်းကျမ်း၊ ဟုတ်လား'

'ဟုတ်တယ်'

'ဟား....ဟား....ဟား'

ကျိုသန်း သဘောကျစွာ ရယ်မောလိုက်၏။

ချီအင်းရှန်းလည်း ပြုံးလိုက်သည်။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ...

'သူနဲ့ သိုင်းသုံးကွက်ကျမ်းနဲ့ တန်သလား'

'ဘယ်တန်မလဲ၊ သူက လူယုတ်မာပဲ'

'သိုင်းသုံးကွက် သိုင်းကျမ်းကို သူကလိုချင်တယ်တဲ့'

'သူမရနိုင်တော့ပါဘူး'

'ဘာဖြစ်လို့လဲ'

'ကျုပ်ရထားတဲ့သိုင်းကျမ်း ပျောက်သွားပြီ'

'ဟောဘော့....ဒါဖြင့် ဘယ်လိုလုပ်မလဲ'

'ဘာလုပ်ရမလဲ၊ ကျုပ်က အလွတ်ကျက်မှတ်မိထားတာပဲ၊ သူလိုချင်တယ်ဆိုရင် ကျုပ်ရဲ့ဦးခေါင်းကို ခွဲခြမ်းစိတ်ဖြာပြီး ယူမှ ရမယ်၊ ဟား....ဟား....ဟား'

ချီအင်းရှိန်းက....

'ကျွန်မလဲ အလွတ်ကျက်မှတ်ပြီး မီးရှို့ဖျက်စီးပစ်လိုက်တယ်လေ'

သူတို့နှစ်ယောက် ရယ်မောလိုက်ကြ၏။

ကျင်းခုံး ဒေါပွသွားသည်။



'တောက်....ခင်ဗျားတို့နှစ်ယောက် ခေသရမှာ မကြောက်ဘူးထင်တယ်'

'မင်းက ရယ်စရာကြီးပြောတာကိုး၊ တို့တွေ ဘယ်နည်းနဲ့မှ အသက်မရှင်နိုင်တော့ဘူးဆိုတာ သိထားပြီးသားပါကွာ'

'သိုင်းသုံးကွက် သိုင်းကျမ်း ပေးပါ'

'မင်း တော်တော်ခက်ပါလား၊ ငါတို့ဆီမှာ မရှိဘူးလို့ ဘယ်နှစ်ခါပြောရမလဲ'

'ကောင်းပြီ'

ကျင်းခုံက လှံတို့နှစ်ချက်ဘက်ယူကာ ပစ်ပေါက်ရန် ဟန်ပြင်လိုက်၏။

အမှန်တော့ ကျိုသန်းနှင့် ချီအင်းရှန်းတို့က ကျင်းခုံး အနီးသို့ ချဉ်းကပ်လာပါလျှင် ရှိသမျှအားအင် ဖျစ်ညှစ်ထုတ်ကာ တိုက်ခိုက်ရန် ကြံစည်ထား၏။

သို့သော် ကျင်းခုံးက အနီးသို့ ချဉ်းကပ်မလာဘဲ အဝေးမှ လှံဖြင့် ပစ်ပေါက်တိုက်ခိုက်ရန် ဟန်ပြင်နေခြင်းကြောင့် သေရတော့မည်ဟုတွေးကာ မျက်လုံးမှိတ်ထားလိုက်ကြလေသည်။

ထိုစဉ်မှာပင်....

'ရပ်လိုက်....'

ကျယ်လောင်သော ဟန့်တားသံတစ်ချက် ထွက်ပေါ်လာသည်ကို မမျှော်လင့်ဘဲ ကြားလိုက်ရလေသည်။

ကျင်းခုံး ကြောင်အမ်းအမ်း ဖြစ်သွားသည်။ ဟန့်တားသံ ထွက်ပေါ်လာရာသို့ လှည့်ကြည့်လိုက်၏။

ထိုအခါ လူတစ်ယောက် ပြေးလွှားလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျင်းခုံး မျက်မှောင်ကြုတ်သွား၏။

ပြေးလွှားလာသူကား လုထင်းဖြစ်လေသည်။ လုထင်းသည် နန်းကုန်းယန့်အား လိုက်လံရှာဖွေရင်း မိုးကြိုးလှ ဂိုဏ်းသားများ၏ ဖမ်းဆီးခေါ်ဆောင်သွားသည်ဟု ထင်မှတ်ကာ မိုးကြိုးလှ ဂိုဏ်းသို့ လိုက်သွားလေသည်။

မိုးကြိုးလှ ဂိုဏ်းသို့ ရောက်သောအခါ ကျင်းခုံးကိုယ်တိုင် ဂိုဏ်းသားများကို ဦးဆောင်ပြီး ပန်းပေါင်းစုံတောင်ကြားသို့ ထွက်ခွာသွားကြောင်း သိလိုက်ရလေသည်။

ထို့ကြောင့် ပန်းပေါင်းစုံတောင်ကြားသို့ လိုက်လာခဲ့ခြင်း ဖြစ်၏။ ကျင်းခုံးက....

'ဟော .... သူ့ကို တားထားလိုက်ကြစမ်း'

ဟု ပြောလိုက်၏။

ထိုအခါ မိုးကြိုးလှ ဂိုဏ်းသားသုံးယောက် လှုံ့ကိုယ်စီဆွဲကာ လုထင်းထံ ပြေးဝင်သွားကြလေသည်။

လုထင်းမှာလည်း နန်းကုန်းယန့်အား ဖမ်းဆီးထားသည် ထင်မှတ်ကာ ဒေါပွပွဖြင့် တိုက်ခိုက်ပစ်လိုက်လေသည်။

'ဝုန်း....'

'အား....'

'အမယ်လေး....'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။



မိုးကြိုးလှ ဂိုဏ်းသားသုံးယောက်မှာ လုထင်း၏ တိုက်ခိုက်မှုကြောင့် မြေပေါ် အတုန်းအရှုန်း လဲကျသွားကြလေတော့သည်။

ကျင်းခုံး အံ့ဩသွားသည်။

'မင်း ဘယ်သူလဲ'

ဟု လှမ်းမေးလိုက်သည်။

လုထင်းက....

'နန်းကုန်းယန့် ဘယ်မှာလဲ'

'ဘာကွ....'

'နန်းကုန်းယန့် ဘယ်မှာလဲ'

ကျင်းခုံး မျက်နှာပျက်သွားသည်။ နန်းကုန်းယန့်မှာ ကျင်းစိန်အား လုပ်ကြံကာ ထွက်ပြေးသွား၏။

တစ်နေ့ နန်းကုန်းယန့်အား သုတ်သင်ပေးရန် ဆုံးဖြတ်ထား၏။ သူ၏တပည့်များကို စေလွှတ်ကာ သုတ်သင်ခိုင်းခဲ့သော်လည်း သူ၏တပည့်များသာလျှင် မရှုမလှ ရှုံးနိမ့်သွားခဲ့ကြသည်။

နန်းကုန်းယန် ထွက်ပြေး လွတ်မြောက်သွားသည်ဟု သိခဲ့ရသည်။

ကျင်းခုံး တွေးတောနေစဉ် လုထင်းက....

'သူဘယ်မှာလဲ ပြောပါ၊ ခင်ဗျား သူ့ကိုဒုက္ခပေးရင် ခင်ဗျားကို ကျုပ်က သတ်ပစ်လိုက်မယ်'

ဟု အော်ပြောလိုက်သည်။

ကျင်းခုံး မဲ့ပြုံးပြုံးကာ....

'ဘာကွ' ငါက မင်းကိုကြောက်မယ်များ ထင်နေသလား'

'သူဘယ်မှာလဲ'

'သေပြီ'

'ဘာ...'

ကျင်းခုံးက တမင် အရွဲ့တိုက်ကာ ပြောလိုက်ခြင်း ဖြစ်သည်။

လုထင်း မျက်လုံး ပြာတေ့သွား၏။

'ခင်....ခင်ဗျား လူယုတ်မာကြီး'

ဒေါသကြီးစွာဖြင့် ကျင်းခုံးထံ ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ကျင်းခုံးကလည်း ပြန်လည်တိုက်ခိုက်လိုက်၏။

သူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်မိလိုက်လျှင်....

'ဝုန်း....'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

လုထင်းမှာ နောက်သို့ ခြေသုံးလှမ်းမျှ ဆုတ်လိုက်ရ၏။

'ဟား....ဟား....ဟား'

ကျင်းခုံး သဘောကျစွာ ရယ်မောလိုက်သည်။

လုထင်း အံကြိတ်လိုက်ပြီး...

တပ်မံ၍ ပြေးဝင်တိုက်ခိုက်လိုက်ပြန်သည်။

ကျင်းခုံးကလည်း ဆီးကြိုတိုက်ခိုက်လိုက်၏။

နှစ်ယောက်သား ရင်ဆိုင်မိလျှင်....

'ဝုန်း....'

'အား....'

လုထင်းမှာ အနောက်ဘက်သို့ လွင့်စဉ်သွားသည်။



ကျင်းခုံးက....

'မင်း ဘယ်သူလဲ၊ နန်းကုန်းယန်နဲ့ ဘယ်လို ပတ်သက်နေသလဲ'

ဟု မေးလိုက်၏။

လုထင်း မြေပေါ်မှ လူးလိမ့်ထလိုက်သည်။

နှုတ်ခမ်းထောင့်မှ စီးကျလာသည့် သွေးများကို လက်ခုံဖြင့် သုတ်ရင်း...

'နန်းကုန်းယန် ဘယ်မှာလဲ'

ဟု ပြန်မေးလိုက်၏။

ကျင်းခုံးက....

'မင်းဘယ်သူလဲ'

လုထင်း ဘာမှမပြောဘဲ ပြေးဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် မြေပေါ်၌ လဲကျနေသတို့ ကျိုသန်းကို တွေ့မြင်သွားပြီး...

'ဟင်....ဘာဘာ'

သူက ကျိုသန်းအား ပြေး၍ ပွေ့ထူလိုက်သည်။

ကျိုသန်း ဝမ်းသာသွားသည်။

'မင်း ဘယ်လိုလုပ် ဒီကိုရောက်လာတာလဲ'

'ကျွန်တော် နန်းကုန်းယန်ကို လိုက်ရှာနေတာပါ'

'နန်းကုန်းစိမ်းရဲ့သမီး မဟုတ်လား'

'ဟုတ်ပါတယ်၊ ဘာဘာ သူ့ကို တွေ့မိသလား'

ကျိုသန်း ခေါင်းယမ်းလိုက်သည်။

'မတွေ့ဘူးကွ'

'ဒါထက် ဘဘ ဘယ်လိုဖြစ်တာလဲ'

'ဘယ်လိုဖြစ်ရမလဲ၊ လူယုတ်မာ အကောက်ကြံလို့ပေါ့'

ကျင်းခုံး အကောက်ကြံခဲ့သည့် အကြောင်းစုံကို ရှင်းလင်းပြောပြလိုက်သည်။

ကျင်းခုံး အကောက်ကြံခဲ့သည့် အကြောင်းစုံကို ရှင်းလင်းပြောပြလိုက်လေသည်။

လုထင်း အံ့ဩသွားသည့်။

'ဒါဖြင့် ဘဘက ရှင်ပျော်ပျော်အတိုးအိုပေါ့'

'သိပ်မှန်တာပေါ့ကွာ'

လုထင်းက မြေပေါ် ဒူးထောက်ကာ ဦးသုံးကြိမ်ချပြီး ဂါရဝပြုလိုက်လေသည်။

ကျိုသန်း အံ့ဩသွားသည်။

'မင်းက ငါ့ကိုဘာကြောင့် ဦးချရတာလဲ'

'အစ်ကိုကြီးချင်းသက်ထင်းကို ဘဘသိတယ် မဟုတ်လား'

'ချင်းသက်ထင်း ဟုတ်လား၊ သိပ်သိတာပေါ့ကွာ၊ ငါ့တပည့်ပေါ့၊ ငါ့ဆီက သိုင်းသုံးကွက်ကျမ်းခိုးပြီး ထွက်ပြေးသွားတယ်လေ'

'ဟုတ်ပါတယ်၊ အစ်ကိုကြီးချင်းသက်ထင်းက ကျွန်တော့်ရဲ့ အသက်သခင် ကျေးဇူးရှင်ပါ၊ ဘဘရဲ့သိုင်းကျမ်း ကျွန်တော့်ကို ပေးခဲ့ပါတယ်၊ ဒါကြောင့် ကျွန်တော်ဦးချတာပါ'

လုထင်းက အကျိုးအကြောင်း ရှင်းပြလိုက်သည်။

ယခုမှ ကျိုသန်း သဘောပေါက်သွားသည်။



'လက်စသတ်တော့ မင်းက ချင်းသက်ထင်းဆီက ပညာဆင့်ပွား ယူခဲ့တယ်ဆိုတော့ ငါ့တပည့် ဖြစ်နေပြီပေါ့'

'ဟုတ်ပါတယ်ခင်ဗျာ'

'ကောင်းလိုက်လေကွာ၊ မင်း ရောက်လာတာနဲ့ အတော်ပဲ၊ မင်းကို ငါခိုင်းစရာရှိတယ်'

'အမိန့်ရှိပါခင်ဗျာ'

ကျိုသန်းက ကျင်းခုံးအား ညွှန်ပြလိုက်ပြီး....

'သူ့ကို ဆုံးမလိုက်ပါ'

'ကောင်းပါပြီ'

လုထင်း ဒူးထောက်နေရာမှ ထရန်ပြင်လိုက်သည်။

'နေဦး'

ကျိုသန်းက ဟန့်တားလိုက်သည်။

လုထင်းအား သူ့အနီးသို့ချဉ်းကပ်ရန် စေခိုင်းလိုက်သည်။

လုထင်း ချဉ်းကပ်လိုက်သောအခါ သိုင်းကွက်အချို့ သင်ကြားပေးလိုက်သည်။

လုထင်းမှာ သိုင်းပညာနှင့်ပတ်သက်ပြီး တတ်ကျွမ်းနားလည်လွယ်သူဖြစ်ရကား ကျိုသန်းရှင်းပြသည့် သိုင်းကွက်များကို တစ်ခဏအတွင်း မှတ်မိနားလည် သွားလေသည်။

ကျိုသန်းက....

'ကဲ....မင်းသွားပြီး ယှဉ်ပြိုင်ပေတော့'

ဟု ပြောလိုက်၏။

လုထင်းလည်း ကျင်းခုံးထံသို့ ခပ်သွက်သွက် လှမ်းသွားလေသည်။

ကျင်းခုံး မဲ့ပြုံးပြုံးကာ....

'ငါသိပြီ၊ မင်းဟာ သံမဏိယပ်တောင် ဝမ်းလျှန်ရဲ့သား လုထင်း မဟုတ်လား'

'ဟုတ်တယ်'

'မင်း အသက်မသေချင်ရင် ဒီကမြန်မြန် ထွက်သွားတာ ကောင်းမယ်၊ ကျုပ်က မင်းရဲ့ ဦးလေးမျက်နှာထောက်ပြီး ခွင့်လွှတ်လိုက်မယ်'

'ဘာဗျ'

'မင်းရဲ့ဦးလေးက ငါ့အတွက် အသက်စွန့် ဆောင်ရွက်သွားတာကြောင့် ငါကမင်းကို ချမ်းသာပေးလိုက်မယ်'

'ကျုပ်ဦးလေး ဘယ်မှာလဲ'

လုထင်း ထိတ်လန့်သွားသည်။

ဝမ်းတုက အသက်ပေး၍ တာဝန်ထမ်းဆောင်သွားသည်ဆိုလျှင် ဝမ်းတုသေဆုံးသွားကြောင်း ထင်ရှားနေသည်မဟုတ်ပါလား။

ကျင်းခုံးက တစ်နေရာဆီသို့ ညွှန်ပြရင်း....

'ဟိုမှာ မင်းဦးလေး၊ သူဟာ ကျိုသန်း လက်ချက်ကြောင့် သေဆုံးသွားရတာပဲ'

ဟု ပြောလိုက်သည်။

လုထင်း ကြည့်လိုက်သောအခါ မြေပေါ် လဲကျသေဆုံးနေသည့် ဝမ်းတုအား တွေ့မြင်လိုက်ရလေသည်။

'ဦးလေး'

လုထင်း အထိတ်တလန့် ခေါ်လိုက်သည်။



ကျင်းခုံးက....

'ကျိုသန်းက သူ့ကို သတ်ပစ်လိုက်တာပဲ'

ဟု ပြောလိုက်သည်။

သူက လုထင်းနှင့်ကျိုသန်းအား ရန်တိုက်ပေးလိုက်ခြင်းဖြစ်လေသည်။ လုထင်းက ကျိုသန်းကိုကြည့်ကာ....

'အဘလက်ချက်ကြောင့်ဆိုတာ အမှန်ပဲလား'

ဟု ဟမ်းမေးလိုက်သည်။

ကျိုသန်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူ့လက်ချက်ကြောင့် ငါ့အဖြစ်ကိုလဲကြည့်ဦး၊ ချိုအင်းရှန်းလဲ သူတို့ကြောင့် ဒုက္ခရောက်ရတာ၊ ကျုပ်ပြောတာ ဟုတ်တယ် မဟုတ်လား'

သူက ချိုအင်းရှန်းဘက်လှည့်ကာ မေးလိုက်လေသည်။

ချိုအင်းရှန်းကို ကြည့်မိသည်ဆိုလျှင်....

'ဟင်'

လွှတ်ခနဲ အသံထွက်သွားသည်။

အကြောင်းကား ချိုအင်းရှန်း သေဆုံးသွားပြီဖြစ်ကြောင်း တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်ပေသည်။

လုထင်း သက်ပြင်းချလိုက်သည်။

ကျင်းခုံးဘက် ပြန်လှည့်ကာ....

'ကျုပ်ဦးလေးက လူဆိုးကြီးတစ်ယောက်ပါဗျာ၊ တစ်နေ့ အဖြစ်ဆိုးနဲ့ ကြုံမှာကို သူကိုယ်တိုင်သိသားသလို ကျုပ်လဲ သိထားပါတယ်၊ မဆန်းတော့ပါဘူးဗျာ'

ဟု ပြောလိုက်သည်။

ကျောင်းခုံးမှာ သူ၏အကြံအစည် မအောင်မြင်သဖြင့်....

'ကောင်းပြီလေ၊ မင်းဘာလုပ်ချင်သလဲ၊ ငါကတော့ မမှုဘူး ဆိုတာ မှတ်ထား'

'စိတ်ချ၊ ခင်ဗျားကို ကျုပ် သုတ်သင် ရှင်းလင်းပစ်မှာပ''

စကားဆုံးလျှင် လုထင်းက စတင်တိုက်ခိုက်လေတည်။

ကျောင်းခုံးလည်း ချက်ချင်း ပြန်လည် တိုက်ခိုက်လိုက်သည်။

ယခုတစ်ကြိမ် လုထင်းက ကျွိသန်း သင်ကြားပေးသည့် အတိုင်း တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

ထိုသို့ တိုက်ခိုက်လိုက်သည်နှင့်....

'ငုန်း

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာပြီး ကျောင်းခုံး နောက်ဆုတ်သွားလေသည်။

ကျောင်းခုံး မျက်လုံးပြူးသွားသည်။

လုထင်းကို စိုက်ကြည့်ရင်း....

'မင်း ဘယ်ဆိုးလို့တုန်း၊ ကဲ-ဒီတစ်ခါ ကြည့်ပါဦး'

လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းကာ ပြင်းစွာ တိုက်ခိုက်လိုက်လေသည်။

လုထင်းလည်း သတိကြီးစွာထားပြီး ပြန်လည် ခုခံလိုက်သည်။

ထိုစဉ်....

'လူယုတ်မာကြီး'

အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာသည်။



လူရိပ်တစ်ခုမှာ လုထင်းနှင့် ကျောင်းခုံးတို့ နှစ်ယောက်ထံသို့ ပြေးဝင်လာသည်။

ထိုလူရိပ်က ကျောင်းခုံးအား တိုက်ခိုက်လိုက်၏။

ကျောင်းခုံး ကြောင်အမ်းအမ်း ဖြစ်သွား၏။

'ဟေ....ဘာလုပ်တာလဲ'

အော်ပြောရင်း ဘေးသို့ ခုန်ရှောင်လိုက်၏။

သို့သော် ပြေးဝင်လာသည့် လူရိပ်က အလွတ်မပေးဘဲ ထက်ကြပ်မကွာ လိုက်လံတိုက်ခိုက်လိုက်၏။

လုထင်း အံ့ဩနေ၏။

ပြေးဝင်တိုက်ခိုက်လာသူအား လှမ်းကြည့်လိုက်ရာ....

'ဟင်....ညီမ နန်းကုန်းယန်'

လွတ်ခနဲခေါ်မိသည်။

မှန်ပေသည်။

ပြေးဝင်တိုက်ခိုက်လာသူမှာ နန်းကုန်းယန် ဖြစ်သည်။

နန်းကုန်းယန်က ကျောင်းခုံးအား တရကြမ်း တိုက်ခိုက်နေ၏။

ကျောင်းခုံး ဒေါသထွက်သွားသည်။

'အေ့တော်ပဲ၊ ငါ့သားအတွက် မင်းကိုသတ်ပစ်မယ်'

အော်ဟစ်ရင်း ပြန်လည်တိုက်ခိုက်လိုက်သည်။

သူတို့နှစ်ယောက်စလုံး နာကျည်းချက်ကိုယ်စီဖြင့် နောက်မဆုတ်စတမ်း ပြင်းထန်စွာ တိုက်ခိုက်နေကြ၏။

လုထင်းမှာ ငေးငိုင်ကြည့်နေမိသည်။

ထိုစဉ် ကျွိသန်း၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

'လုထင်း....မင်း ဘာငိုင်နေတာလဲ၊ ဝင်ပြီးကိုက်ခိုက်ပါတော့လား'

လုထင်း၏ခန္ဓာကိုယ် ဆတ်ခနဲတုန်သွား၏။

ချက်ချင်း သတိဝင်လာပြီး....

'ယား....'

ညာသံပေးကာ ကျင်းခုံးထံ ပြေးဝင်တိုက်ခိုက်လိုက်၏။

ကျင်းခုံးသည် နန်းကုန်းယန်နှင့် ယှဉ်ပြိုင်တိုက်ခိုက်နေစဉ် လုထင်း ပြေးဝင်လာခြင်းကြောင့် ထိတ်လန့်သွား၏။

အခြေအနေမဟန်မှန်းသိလျှင် နောက်ဆုတ်ရန် ဟန်ပြင်လိုက်၏။

'မပြေးနဲ့'

နန်းကုန်းယန်က အလွတ်မပေးဘဲ ပြေးဝင်သွား၏။

ကျင်းခုံးက လက်ဝါးဖြင့် ဆီးကြိုရိုက်ချလိုက်၏။

နန်းကုန်းယန်သည်း လက်ဝါးဆန့်ထုတ်လိုက်သည်။

လုထင်းက....

'ညီမ သတိထား'

အော်ဟစ်သတိပေးလိုက်၏။

သို့သော်....

နန်းကုန်းယန်နှင့် ကျင်းခုံးတို့ကား....

'ဝုန်း'

'အား....'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။



နန်းကုန်းယန် မသဲမကွဲညည်းညူရင်း မြေပေါ်လဲကျသွားသည်။

ကျင်းခုံး သည်လည်း အရုပ်ကြိုးပြတ် လဲကျသွားသည်။

'ညီမ'

လုထင်းက စိုးရိမ်ထိတ်လန့်စွာခေါ်ရင်း သူမထံ ပြေးသွားသည်။

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးကွယ်ပျောက်သွားတော့မည် ဖြစ်၏။

ကောင်းကင်တစ်ခုလုံး ပန်းနုဆီရောင် တောက်ပနေ၏။

အိမ်တန်းပျံဗျိုင်းတစ်အုပ်ကို တွေ့နေရ၏။

ဗျိုင်းဖြူများကြည့်ရသည်မှာ ကြည်နူးဖွယ်ကောင်းလှ၏။

ဗျိုင်းများကား အဖြူရောင် အမွေးအမျှင်ရှိကြလေသည်။ ကျီးကန်းကဲ့သို့ အနက်ရောင် အမည်းရောင် အမွေးအမျှင် ရှိသည်ဟု မကြားဖူးပါ။

ဗျိုင်းမှာ အဖြူ၊ ကျီးမှာ အမည်း။

ထိုသို့ပင်....

လောကလူသားများ၏ စိတ်နှလုံးသားများ ဖြူစင်သိမ်မွေ့ကြ၏။

ဘဝအတွေ့အကြုံအရ ခါးသီးသော ဒဏ်ရာဒဏ်ချက်များကြောင့် ဖြူစင်သောနှလုံးသားများ စွန်းထင်းပေကျံသွားတတ်ကြသည့် အရောင် ပြောင်းလဲသွားတတ်ကြသည်။

ဗျိုင်းဖြူတစ်ကောင် အရောင်ပြောင်းလဲကာ ဗျိုင်းမည်း ဖြစ်သွားလျှင် တွေ့သူမြင်သူတိုင်းက အသွေးအရောင်ပြောင်းလဲ သွားသည်ကို သိရှိနိုင်ကြမည် ဖြစ်သည်။

သို့သော်....

လူသားတို့၏ ရင်ထဲ အသည်းနှလုံး အရောင်ပြောင်းလဲသွား လျှင်ကား မည်သို့မျှ တွေ့မြင်နိုင်မည် မဟုတ်ချေ။

လူဆိုးထင်ရသူသည် လူကောင်း ဖြစ်နေတတ်သည်။

လူကောင်းထင်ရသူမှာ လူဆိုး ဖြစ်နေတတ်သည် မဟုတ်ပါ လား။

လူထင်းကား မြင်သာထင်သာသည့် ဗျိုင်းမည်းတစ်ကောင် ဟုဆိုလျှင် မှားနိုင်မည် မဟုတ်ပါချေ။

တော်ဝင်ကုန်းကလေးကစ်ခုလုံး တိတ်ဆိတ်နေ၏။

လူထင်းက နန်းကုန်းယံ၏ အလောင်းကို ပွေ့ပိုက်ရင်း ငိုင်နေ၏။

မည်မျှကြာသည်အထိ ငေးငိုင်နေမိသည် မသိပါ။

တစ်သက်လုံးပင် ငေးငိုင်သွားတော့မည်ဟု မှတ်ထင်ယုံကြည် ထားလေတော့သည်။

**ပြီး၏။**

**မိုးကျော်သူ**